ပဏ္ဍိတာရာမ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

# ပြည်တွင်းပြည်ပ သာသနာ့ရောင်ခြည်

သာမဏေကျော်

# ပုံနှိပ်မှတ်တမ်း -


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | (၄၅/၉၇) (၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ( ၅ /၉၇) (၅) |
| ထုတ်ဝေသည့်ကာလ | - | ၁၉၉၇ ခုနှစ်၊ ဇွန်လ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ပုံနှိပ်သူ | - | ဦးသိန်းထွန်း၊ (သိန်းထွန်းပုံနှိပ်တိုက်) (၅၀/၅၂)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း |
| ထုတ်ဝေသူ | - | ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ၊ ၅/တင့်ဆန်းလမ်း၊ ဝတ္တလစ်၊ တာမွေ။ |
| မူပိုင်ဖြန့်ချိရေး | - | ဦးမြင့်သိန်း ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ အမှတ် (၈၀-က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၃၁၄၄၈။ |

# ဖြည့်တွင်းဖြည့်ဖ
# ဂသနှာရောင်ခြည်

[illegible]

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာနှင့်မြန်မာ့ဗုဒ္ဓသာသနာအပေါ် သူတို့အမြင် | ၁ |
| ၂။ | သူတို့တသသနှင့် တဖွဖွပြောနေကြသည့်မြန်မာ့အလှ | ၁၅ |
| ၃။ | မြန်မာ့ရုပ်မြင်သံကြားနှင့် ဂျာမန်ရဟန်းတော် | ၂၉ |
| ၄။ | ပြည်ပယောဂီတို့ပြောပြသော ကျောက်တန်းရွာနှင့် မဟာဇောခိတောရကျောင်း | ၃၈ |
| ၅။ | ပြည်ပသားတို့အကြိုက်များနေသော ရတနာအိမ် | ၆၃ |
| ၆။ | သမီးချစ်၏ သမီးချစ်လေးများ | ၇၃ |
| ၇။ | အစိုးရပထမငယ်တန်း ပထမ "မဝိမလဉာဏီ" | ၈၀ |
| ၈။ | အမေရိကန်သီလရှင် "မဝဇိရဉာဏီ" | ၉၀ |
| ၉။ | အမေရိကန်ကျောင်းသားယောဂီ | ၉၆ |
| ၁၀။ | ကနေဒါဆရာဝန်ယောဂီမလေး | ၁၀၁ |
| ၁၁။ | ဆွစ်ဇာလန်ဆရာဝန်ယောဂီမလေး | ၁၀၆ |
| ၁၂။ | ဆွစ်ဇာလန်အမျိုးသမီးယောဂီ "ဝှန်းဒိုးထီးတော်" | ၁၁၀ |
| ၁၃။ | ဂျာမဏီမှ ဆယ်ကျော်သက်အမျိုးသမီးယောဂီလေး | ၁၁၅ |
| ၁၄။ | အမေရိကန်အမျိုးသမီးယောဂီ "နန်စီ" | ၁၂၂ |
| ၁၅။ | အမေရိကန်အမျိုးသမီးယောဂီ ကာလီဖောက်နီးယား ကာလိချိ | ၁၃၀ |
| ၁၆။ | တန်ဖိုးရှိသော ဘဝပိုင်ရှင် | ၁၃၇ |
| ၁၇။ | ဩစတြေးလျအမျိုးသမီးယောဂီ | ၁၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ဩစတြေးလျ အမျိုးသမီးယောဂီ | ၁၅၃ |
| ၁၉။ | မလေးရှားအမျိုးသမီးယောဂီ "လင်ချိဟောင်" | ၁၅၉ |
| ၂၀။ | မလေးရှားအမျိုးသမီးယောဂီ "ကသိကွက်ယီမိန်း" | ၁၆၅ |
| ၂၁။ | ပြင်သစ်အမျိုးသမီးယောဂီ | ၁၇၁ |
| ၂၂။ | သိန်း (၂၀) ကျော်တန်မလေးရှားတို့၏ ကထိန်အလှူ | ၁၇၇ |
| ၂၃။ | သူတို့အပြော | ၁၈၅ |
| ၂၄။ | ပို၍ လှလာနိုင်ကြပါစေ | ၂၀၀ |
| ၂၅။ | ရှပ်ဝါဒသမားနှင့်တရားဘာဝနာ | ၂၁၃ |
| ၂၆။ | မွန်ပြည်နယ်မှာ သာသနာ့လင်းရောင်ခြည်ဖြာ | ၂၂၇ |
| ၂၇။ | ဆရာ | ၂၃၇ |
| ၂၈။ | ကြားယောင်ကာ ကျင့်ဆောင်နိုင်ကြပါစေ | ၂၄၇ |
| ၂၉။ | သူတို့လမ်းမှန်ပေါ်ရောက်လာနိုင်ကြပါစေ | ၂၅၉ |
| ၃၀။ | ရတနာသုံးပါးစဉ်၍ထားကြောင်းကား ဘယ်သို့နည်း | ၂၆၅ |
| ၃၁။ | ရွှေတောင်ကုန်းက ပန်းရွှေကြာ | ၂၇၃ |
| ၃၂။ | ဝတ်ကြောင်ကို လွတ်အောင်ရှုန်းခဲ့သောဆရာဝန်မလေး | ၂၈၅ |
| ၃၃။ | (၁၀) မိုင်ကုန်းအနီးက ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီး | ၂၉၇ |
| ၃၄။ | ဖြည့်စွက်စရာ ကွက်လပ်တစ်ခု | ၃၀၅ |
| ၃၅။ | ပိုမိုကာ အောင်မြင်လိုပါလျှင် | ၃၁၃ |


❖ ❖ ❖ ❖ ❖

# နိဒါန်း

ဤစာအုပ်တွင် နိုင်ငံတကာမှ ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ လာရောက်၍ တရားဓမ္မ အားထုတ်ကြသော ယောဂီများနှင့် ၎င်းတို့၏ မြန်မာအပေါ် ဝေဖန်သုံးသပ်ချက်များကို တင်ပြထားပါသည်၊ အားကျဖွယ်ရာ ပုဂ္ဂိုလ်များနှင့် ထိုပုဂ္ဂိုလ်များ၏ ဝေဖန်သုံးသပ်ချက်များသည် ကျွန်ုပ်တို့အတွက် စိတ်ဝင်စားစရာ ဖြစ်သလို ကျွန်ုပ်တို့၏ အောင်စိတ်အတွက် လောင်စာဆီနှင့်လည်း တူပါသည်။

ဘုရားရှင် လက်ထက်တော်က ထေရ၀ါဒ ထေရီ, ထေရာ များသည် အရင့်အရင် ရှေးဘုရားရှင်များ လက်ထက်တော်က ထေရ၀ါဒ ထေရီ, ထေရာများကို အားကျဆုပန်ကာ ပါရမီဖြည့်ခဲ့ သူများ ဖြစ်ပါသည်၊ ထို့ကြောင့် အားကျဖွယ် ပုဂ္ဂိုလ်များ အကြောင်းကို ဖတ်ရခြင်းသည် ကျွန်ုပ်တို့ အောင်မြင်ရေးအတွက် တွန်းအားတစ်ခု ဖြစ်ပါသည်၊ ထို့ပြင် ထိုပုဂ္ဂိုလ်များ၏ ကျွန်ုပ်တို့ အပေါ် ဝေဖန်ချက်များကိုလည်း ကျွန်ုပ်တို့မျက်နှာပေါ်မှ ကောင်း

ဆိုးများကို ဝေဖန်ပြောပြသော ကြည့်မှန်တစ်ချပ်ကဲ့သို့ နားလည်အလေးထားရမည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ သာမဏေကျော်၏ တင်ပြချက်များသည် ကျမ်းကိုး ကျမ်းကား မပါသော်လည်း သူ၏ ထူးချွန်ထက်မြက်သော ပရိယတ်, ပဋိပတ် အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားသောကြောင့် ခိုင်ခံ့ပါသည်။

ဤ သာမဏေကျော်၏ အရေးအသားသည် ရိုးစင်းကောင်း ရိုးစင်းနေမည် ဖြစ်သော်လည်း ဖြူစင်ဖြောင့်စင်းသော သူ့နှလုံးသား၏ စည်းချက်များဖြစ်သောကြောင့် လူတိုင်းအဖို့ သာယာငြိမ့်ညောင်းသော သုတိမင်္ဂလာတစ်ပါး ဖြစ်ပါလိမ့်မည်။

**လှမြင့်ကျော် (ဓမ္မာစရိယ)**

**E F L (England)**

## မြန်မာနှင့် မြန်မာ့ ဗုဒ္ဓသာသနာအပေါ် သူတို့အမြင်

မြန်မာနိုင်ငံကြီးကို ပန်းမျိုးစုံ ပွင့်လန်းနေသည့် ဥယျာဉ်ကြီး အဖြစ် ရှုမြင်မိပါသည်၊ ထိုဥယျာဉ်ကြီးထဲမှ ပွင့်လန်းနေသည့် ပန်းမျိုးစုံတို့တွင် အချို့ပန်းတို့ကား အလွန်ပင် မွှေးကြိုင်ပေ၏၊ အချို့ပန်းတို့ကား အတော်အသင့် မွှေးကြိုင်ကြ၏၊ အချို့ပန်းတို့ ကား ထူးထူးခြားခြား မမွှေးနိုင်ကြ၊ ထိုပန်းတို့အဖြစ် ပရိယတ္တိပန်း, ပဋိပတ္တိပန်းတို့ကို ရည်ရွယ်ပါ၏၊ မြန်မာနိုင်ငံမှ ပရိယတ္တိပန်း ရနံ့သည် ပြည်ပနိုင်ငံတို့သို့ပင် ပျံ့လှိုင်နေပါသည်၊ ထို့ကြောင့် ပင် ပြည်ပနိုင်ငံတို့မှ ဗုဒ္ဓစာပေ(ပရိယတ်) တတ်မြောက်လိုကြသူ တို့ မြန်မာပြည်သို့ ရောက်လာကာ သင်ယူနေကြပေသည်၊ စာရေး သူ အနီးကပ် မြင်တွေ့နေရသည့် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာမှာပင် ဗုဒ္ဓစာပေတွေ သင်ယူနေကြသည့် ဂျာမန်ရဟန်း တော် အရှင်ဝိဝေကာနန္ဒ, နီပေါနိုင်ငံမှ မအဂ္ဂဉာဏီ (အကြီးတန်း), မဝိသိဋ္ဌဉာဏီ (အလတ်တန်း), မဝိမလဉာဏီ (အငယ်တန်း)နှင့် မလေးရှားနိုင်ငံမှ မဝိဝေကာနန္ဒီတို့ကို တွေ့ရှိနေရပါသည်၊ ပြည်ပ နိုင်ငံတို့မှ မြန်မာနိုင်ငံရှိ အခြားကျောင်းတိုက်တို့သို့လည်း လာ ရောက်သင်ယူနေကြသည်ကို ကြားသိနေရပါသည်။

ပြည်ပနိုင်ငံများတွင် မြန်မာနိုင်ငံမှ ပရိယတ်ပန်းရနံ့ထက် ပဋိပတ်ပန်းရနံ့က ပို၍ ကြိုင်လှိုင်နေသည်ဟုဆိုလျှင် မှားမည် မထင်ပါ၊ အချို့ပြည်ပသားတို့ကမူ "ပြည်ပနိုင်ငံတို့အတွက် မြန်မာနိုင်ငံမှ အကောင်းဆုံး ထွက်ကုန်ဟာ သတိပဋ္ဌာန်ပဲ"ဟုပင် ဆိုကြလေ၏၊ မြန်မာနိုင်ငံမှ သူတို့နှစ်ခြိုက်ရာ နှစ်ခြိုက်ရာ ဆရာတော်တို့ကို ပြည်ပသို့ ပင့်ဆောင်၍ ထိုဆရာတော်တို့ ပေးသနားအပ်သော ပဋိပတ်ပန်းရနံ့ကို မြတ်မြတ်နိုးနိုး လိုလိုလားလား နမ်းရှုနေကြလေ၏၊ အချို့လည်း သူတို့ပြည်ပတွင် အားရပါးရနမ်းရှုခွင့် မရကြသဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ အားရပါးရ နမ်းရှုနေကြလေ၏၊ မြန်မာနိုင်ငံ၏ ပဋိပတ်ရနံ့ကို နမ်းရှုလိုကြသူ ပြည်ပသားတို့ကို နမ်းရှုခွင့် ပေးနေကြသည့် နေရာတွေ မြန်မာနိုင်ငံ၌ အတော်ကလေး များပါလိမ့်မည်၊ စာရေးသူ အနီးကပ် မြင်တွေ့နေရသည့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ တစ်နေရာအခြေအနေကိုတော့ ရေးပြနိုင်ပါသည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပေါ်ပေါက်လာသည်မှာ (၃)နှစ်ကျော်မျှသာ ရှိပါသေးသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ပဋိပတ်ရနံ့ကို နမ်းရှုလိုကြသဖြင့် ပြည်ပမှ လာရောက် နမ်းရှုကြသူတို့ကား(၁၂၅)ယောက်ပင် ရှိသွားပေပြီ၊ ယခုလောလောဆယ် ရှိနေကြသူတို့ကား ဂျာမဏီရဟန်း (၁)ပါး၊ စင်ကာပူရဟန်း (၁)ပါး၊ အမေရိကန်(ဗီယက်နမ်)ရဟန်း (၂)ပါး၊

ကိုရီးယားရဟန်း (၃)ပါး၊ သီရိလင်္ကာရဟန်း (၃)ပါး၊ စုစုပေါင်း ရဟန်း (၁၁)ပါး၊ နီပေါသီလရှင် (၃)ပါး၊ မလေးရှားသီလရှင် (၃) ပါး၊ ဗီယက်နမ်သီလရှင် (၃)ပါး၊ အမေရိကန်သီလရှင် (၁)ပါး၊ စုစုပေါင်း သီလရှင်(၁၀)ပါး၊ မလေးရှားအမျိုးသမီး ယောဂီ (၇) ယောက်၊ ကိုရီးယားအမျိုးသမီး ယောဂီ (၂)ယောက်၊ ဗီယက်နမ် အမျိုးသမီးယောဂီ (၁)ယောက်၊ စုစုပေါင်း အမျိုးသမီးယောဂီ (၁၀)ယောက်၊ အမေရိကန်အမျိုးသားယောဂီ (၂)ယောက်၊ မလေး ရှား အမျိုးသားယောဂီ (၁)ယောက်၊ အမျိုးသား ယောဂီ စုစု ပေါင်း (၃)ယောက်၊ လက်ရှိယောဂီအားလုံး စုစုပေါင်း (၃၄) ယောက် ရှိပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာ ရောက် တရားအားထုတ်ကြသည့် နိုင်ငံများမှာ ဂျာမဏီ, ပြင်သစ်, သြစတြေးလျ, ဆွစ်ဇာလန်, အမေရိကန်, အင်္ဂလန်, ကိုရီးယား, ဗီယက်နမ်, မကာအို, အင်ဒိုနီးရှား, မလေးရှား, စင်ကာပူ, သီရိလင်္ကာ, နီပေါ, ထိုင်းနိုင်ငံအားဖြင့် (၁၅)နိုင်ငံတို့ ဖြစ် ပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ လာရောက် တရားအားထုတ်ပြီး သူတို့နိုင်ငံအသီးသီးသို့ ပြန်ခါနီးတွင် မြန်မာ နှင့် မြန်မာ့ဗုဒ္ဓသာသနာအပေါ် ထင်မြင်ချက်, သုံးသပ်ချက်တွေ ပေးသွားကြသော ပြည်ပယောဂီတွေထဲမှ ပြည်ပယောဂီ တစ်ချို့ ၏ ထင်မြင်ချက်, သုံးသပ်ချက်များကို ရေးသားတင်ပြလိုက်ပါ သည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် (၉)လ တိတိ သတိပဋ္ဌာန်တရားအားထုတ်သွားသည့် အသက် (၄၈)နှစ် အရွယ်ရှိ အမေရိကန်အမျိုးသမီးယောဂီ "ဘာဘရာဂျင်းနပ်(စ်)" က မြန်မာနှင့် မြန်မာ့ဗုဒ္ဓသာသနာအကြောင်းကို ဤသို့ ပြောပြသွားပါ၏။

"မြန်မာနိုင်ငံဟာ တရားအားထုတ်ဖို့ အကောင်းဆုံး ပတ်ဝန်းကျင်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်၊ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေဟာ ကမ္ဘာမှာ ခင်မင်စရာ အကောင်းဆုံးလူမျိုး ဖြစ်ပါတယ်၊ ပြီးတော့ သူတို့ အသိုင်းအဝိုင်းမှာ တရားရှုမှတ်ရန် အကောင်းဆုံး ဖြစ်ပါတယ်၊ ကျမ သိရသလောက်မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသာလျှင် ဗုဒ္ဓ၏ မှန်ကန်သော လမ်းစဉ်ကို ကောင်းကောင်း သိသူများ ဖြစ်ကြပါတယ်။"

"အမေရိကမှာ ထေရဝါဒဗုဒ္ဓသာသနာ စတင် ထွန်းကားလာနေပါတယ်၊ ဒါပေမယ့် ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေ အမေရိကသို့ လာပြီး ပထမဆုံး မှန်ကန်တဲ့ နေထိုင်နည်းကို သင်ပေးမှသာလျှင် ကျမတို့ အမေရိကန်တွေ မှန်ကန်တဲ့ အခြေခံကို ရရှိနိုင်မှာ ဖြစ်ပါတယ်၊ တရားအားထုတ်တယ်ဆိုတာ တစ်ကြိမ် တစ်ခါလောက်နဲ့ မပြီးပါဘူး၊ ပီသတဲ့ ဗုဒ္ဓသာသနာဝင် ဖြစ်ဖို့ရန် အတွက် အမေရိကန်ယဉ်ကျေးမှုဖြင့် မည်သို့မျှ မဖြစ်နိုင်ပါ။"

"မကြာသေးမီ ရက်ပိုင်းအတွင်းက ရန်ကုန်မြို့ထဲကို သွားမိရာ လူငယ်တွေကို တွေ့ရတာ အားရစရာ မကောင်းပါ၊ သူတို့

ဟာ ငယ်ရွယ်ကြသေးလို့ အနိစ္စ, ဒုက္ခ, အနတ္တအကြောင်း မသိသေးခင် ဘယ်လိုပဲ အနောက်နိုင်ငံက ယဉ်ကျေးမှုကို အကောင်းထင်နေပေမယ့် အသက်အရွယ်အရ ရင့်ကျက်လာတဲ့အချိန်မှာ အမြင်မှန်ကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်”တဲ့။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ (၃)လကြာ တရားအားထုတ်သွားသည့် အသက် (၃၃)နှစ်ရှိ တက္ကသိုလ်ဘွဲ့ရ ဂျာမန်အမျိုးသားယောဂီ “ဝါလ်တာမြူလာ”က မြန်မာလူမျိုးတို့နှင့်စပ်၍ ဤသို့ သုံးသပ်ချက် ချသွားပါ၏။

“မြန်မာနိုင်ငံမှာ ဗုဒ္ဓဝါဒ လွှမ်းမိုးမှု အတိုင်းအတာဟာ အတိုင်းအဆ မရှိပါ၊ လေထုအတွင်း ဖြတ်သန်းသွားနေတယ်လို့ ယူဆရပါတယ်၊ မြန်မာလူမျိုးတွေဟာ ထူးခြားတဲ့ ဆုမြတ်ကြီးတွေ, အခွင့်အရေးကောင်းတွေ ရရှိနေကြပါတယ်၊ သိပ်ကံကောင်းကြပါတယ်၊ သီလပါရမီ ကြီးကျယ်ကြပါတယ်၊ ဗုဒ္ဓသာသနာ အလေ့အထကို ခိုင်ခိုင်မာမာ ကြည်ညိုကိုးကွယ်တဲ့, ဗုဒ္ဓသာသနာ အလေ့အထ ထွန်းကားတဲ့ မြန်မာနိုင်ငံမှာ မွေးဖွားကြရတဲ့အပြင် ဘုရား, တရား, သံဃာ ရတနာ (၃)ပါးကို ကြည်ညိုလေးစားပြီး ကြီးပြင်းလာကြရပါတယ်၊ ဒါန, သီလကုသိုလ်တွေကို ဖြည့်ဆည်းပြီးတော့လည်း ပါရမီတွေ တိုးတက်လာအောင် လုပ်နေကြပါတယ်၊ မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း သတိပဋ္ဌာန်တရားကို အားထုတ်ဖို့ အခွင့်အလမ်းကောင်းတွေဟာ မြန်မာပြည်သူပြည်သားတို့ရဲ့ အိမ်တံခါးဝမှာ ရောက်ရှိနေကြတယ်လို့ ပြောရမှာ ဖြစ်ပါတယ်”တဲ့။

"ကျွန်တော်ဟာ မြန်မာနိုင်ငံအတွင်း ခရီးသွားခြင်း မရှိခဲ့လို့ မြန်မာနိုင်ငံအကြောင်းကို တစ်စုံတစ်ရာမျှ ပြောမပြနိုင်ပါ၊ ဒါပေမယ့် မြန်မာလူမျိုးများရဲ့ ဘုရား၊ တရား၊ သံဃာအပေါ် ကိုးကွယ်ဆည်းကပ်မှုကို ကျွန်တော် အလွန်ပင် အထင်ကြီးကြောင်း ပြောချင်ပါတယ်၊ မြန်မာလူမျိုးတို့နဲ့ အတူတကွ နေထိုင်ရလို့ ကျွန်တော့်ရဲ့စိတ်ဟာ အကောင်းဘက်ကို အတော်ပြောင်းလဲလာပါတယ်၊ အနောက်တိုင်းသားတွေဟာ မြန်မာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေမှာ အခိုက်အတန့် လာရောက် နေထိုင်သင့်ကြတယ်"တဲ့။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ (၂)လကြာ တရားအားထုတ်သွားသည့် အသက်(၄၆)နှစ်အရွယ်ရှိ ဆောက်လုပ်ရေးဗိသုကာတစ်ဦး ဖြစ်သည့် ဩစတြေးလျအမျိုးသားယောဂီ "ခရစ်မက်ကလပ်လန်"က မြန်မာနှင့် မြန်မာ့ဗုဒ္ဓသာသနာအကြောင်းကို ဤသို့ ပြောပြသွားပါ၏။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၃)လကြာ တရား အားထုတ်သွားသည့် အသက်(၄၁)နှစ်ရှိ လူမှုရေး မနုဿဗေဒ မဟာဝိဇ္ဇာဘွဲ့ရ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကြံပေးသူဖြစ်သည့် ဆွစ်ဇာလန် အမျိုးသားယောဂီ "ပီတာအက်ပလာ"က မြန်မာနှင့် မြန်မာ့ဗုဒ္ဓသာသနာအပေါ် ဤသို့ရှုမြင် သုံးသပ်သွားလေ၏။

"မြန်မာနိုင်ငံမှာ နှစ်ရာပေါင်းများစွာကတည်းက တည်ထားခဲ့တဲ့ အလွန် ကြည်ညိုစရာကောင်းတဲ့ စေတီပုထိုးတွေကို

ကျွန်တော် ဖူးတွေ့ရတဲ့အခါ မြန်မာပြည်မှာ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်တွေ ဘယ်လောက် ကြွယ်ဝတယ်ဆိုတာကို သိလာရပါတယ်၊ ရှေးကရော ယခုအထိပါ ဗုဒ္ဓသာသနာဟာ မြန်မာလူမျိုးအများစုရဲ့ ဘာသာ, သာသနာ, ဖြစ်နေခဲ့ပါတယ်၊ ဒီဗုဒ္ဓသာသနာကို ရှေးယခင် ဘုရင်များကရော မျက်မှောက်ခေတ် အစိုးရများကပါ အားပေးလျက် ရှိနေတာကို တွေ့ရပါတယ်"။

"မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေလို ဗုဒ္ဓသာသနာအပေါ် ကိုင်းရှိုင်းတာ ဘယ်နေရာမှာမှ ကျွန်တော် မတွေ့ဖူးပါဘူး၊ ဘယ်နေရာကိုပဲ သွားသွား ဗုဒ္ဓသာသနာအပေါ် ကိုင်းရှိုင်းတာကို နေရာတိုင်းမှာ တွေ့နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်သိတာ အလွန်နည်းပါတယ်၊ ဘာသာရေးလိုက်စားမှုနဲ့ ပတ်သက်ပြီး ဒီထက် ပို မသိပါ"တဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၁၈)ရက်ကြာ တရားအားထုတ်သွားသည့် (M.B.B.S ) F.R.C.S (မတော်တဆထိခိုက်မှုနှင့် အရေးပေါ်ခွဲစိတ်မှု အထူးကု) ဒေါက်တာ တစ်ဦးဖြစ်သည့် အသက်(၃၇)နှစ်ရှိ စင်ကာပူ အမျိုးသမီးယောဂီ "အင့်ယွင်းယင်း"က မြန်မာနှင့် မြန်မာ့ဗုဒ္ဓသာသနာ အကြောင်းကို ပြောပြသည်ကား -

"မြန်မာနိုင်ငံ၌ ဗုဒ္ဓတရားကို အားထုတ်ရာမှာ ထေရဝါဒဟာ အဓိကဖြစ်ကြောင်း တွေ့ရှိရပါတယ်၊ တရားရိပ်သာတွေလဲ အများကြီး ရှိတာကို တွေ့ရပါတယ်၊ မြန်မာနိုင်ငံဟာ မရေမတွက်

နိုင်လောက်အောင် များပြားတဲ့ စေတီပုထိုးတွေနဲ့ များစွာသော သံဃာတော်တွေ၊ သီလရှင်တွေ ရှိတဲ့အတွက် အလွန်လှပတဲ့ ဗုဒ္ဓဘာသာနိုင်ငံ တစ်နိုင်ငံ ဖြစ်ပါတယ်၊ ကမ္ဘာမှာ အလှပဆုံး ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ပါတယ်၊ အိန္ဒိယနိုင်ငံဟာ ဗုဒ္ဓ ပွင့်တော်မူရာ အရပ်ဖြစ်ပြီး မြင့်မြတ်တဲ့ နေရာတွေ အများကြီး ရှိပေမယ့် ဘုရားရှင် သဗ္ဗညုတဉာဏ်အလင်း ရရာဒေသဖြစ်တဲ့ ဗုဒ္ဓဂယာလို နေရာမျိုးမှာတောင်မှ တခြားဘာသာဖြစ်တဲ့ ဟိန္ဒူဘာသာ အဆောက်အဦတွေက ဝင်ရောက်နေရာယူထားတာ တွေ့ရပါတယ်၊ ဟိန္ဒူတွေက အဲဒီနေရာကို ကြီးစိုးနေကြပါတယ်၊ မြန်မာနိုင်ငံမှာလို သံဃာတွေ မရှိပါဘူး။"

"သီရိလင်္ကာနိုင်ငံမှာဆိုလဲ တချို့သံဃာတွေဟာ ခေါင်းကို ပြောင်အောင် ရိတ်ထားတာ မတွေ့ရပါ၊ မြန်မာနိုင်ငံဟာ ဗုဒ္ဓ မြတ်စွာရဲ့ မွေးဖွားရာဒေသ မဟုတ်တဲ့အပြင် ဗုဒ္ဓသာသနာ စတင်ဖြစ်ပေါ်ရာနေရာ မဟုတ်သော်လည်း ပရိယတ်၊ ပဋိပတ်လုပ်ငန်းတွေကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားတာကို တွေ့ရပါတယ်၊ မြန်မာနိုင်ငံမှာ ကျောင်းကန်၊ ဘုရား၊ စေတီပုထိုးတွေ၊ သံဃာတွေနဲ့သဒ္ဓါတရားနဲ့ တရားအားထုတ်ကြတဲ့ လူတွေကို တွေ့ရတဲ့အတွက် မြန်မာနိုင်ငံဟာ လောကုတ္တရာရတနာတွေ ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံပဲလို့ သိနိုင်ပါတယ်"။

"မြန်မာလူမျိုးတွေဟာ သူတို့မှာ မပြည့်မစုံ ဖြစ်နေတောင်မှ သံဃာတော်တို့အား ဆွမ်းခဲဖွယ်တွေကို ရက်ရောစွာ လှူဒါန်းကြတာကို တွေ့ရပါတယ်၊ သူတို့ဟာ ရိုးရိုးသားသား မြတ်မြတ်

နိုးနိုး လှူဒါန်းကြပါတယ်၊ ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေက သံဃာတော်တွေကို အလွန်ကြည်ညိုရိုသေ ကိုင်းရှိုင်းကြပါတယ်၊ သံဃာတော်တွေကို ရိုသေကြတာဟာ ရှင်ဘုရင်ကို ရိုသေကြသလို ဖြစ်ပါတယ်၊ အဲဒါ ဘာကြောင့်လဲ ဆိုရင် ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးကို မြတ်နိုးလေးစားလို့ပဲ ဖြစ်ပါတယ်၊ ရုပ်နာမ်သဘောတရားတွေဟာ မမြဲဘူးဆိုပေမယ့် မြန်မာနိုင်ငံရဲ့ သာသနာဟာ ခိုင်မာစွာ ဆက်လက် ရှင်သန်တိုးတက်နေပြီး ဤကမ္ဘာရှိ တခြားနိုင်ငံတွေမှာပါ တရားအားထုတ်နည်းတွေ ပြန့်ပွားအောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" တဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၁)နှစ်နှင့် (၆)လကျော်ကြာအောင် တရားအားထုတ်သွားသည့် သက်တော်(၆၆)နှစ်ရှိ အင်ဒိုနီးရှားရဟန်းတော် "အရှင်သေတကေတုကော"က မြန်မာနှင့် မြန်မာ့ဗုဒ္ဓသာသနာအပေါ် ဤသို့ ရှုမြင် သုံးသပ်ထားလေ၏။

"အင်ဒိုနီးရှားနိုင်ငံမှာ ဗုဒ္ဓသာသနာဟာ လွန်ခဲ့တဲ့ (၃၅)နှစ်လောက်ကမှ ပြန်စခဲ့ပါတယ်၊ အင်ဒိုနီးရှားမှာ ထေရဝါဒ ဗုဒ္ဓသာသနာဟာ သိပ်အားမကောင်းလှသေးပါဘူး၊ ထေရဝါဒ ဗုဒ္ဓသာသနာ တိုးတက်ပြန့်ပွားမှု အရှိန်ဟာ နှေးကွေးနေပါသေးတယ်၊ ဘုန်းကြီးတို့ အင်ဒိုနီးရှားနိုင်ငံမှာ ဗုဒ္ဓတရားတော်တွေကို သင်ပြပေးနိုင်တဲ့ ရဟန်းတော်တွေ လိုနေပါတယ်၊ ဗုဒ္ဓဓမ္မ

ကျမ်းစာအုပ်တွေလည်း လိုနေပါတယ်၊ အကုန် လိုနေပါသေးတယ်၊ ဗုဒ္ဓအဆုံးအမတွေကို ကျကျနန အားထုတ်နိုင်အောင် အဲဒီလိုအပ်ချက်မှန်သမျှ ပြည့်စုံလာဖို့ ဘုန်းကြီးတို့ အမြဲတမ်းကြိုးစားနေကြပါတယ်၊ မြန်မာနိုင်ငံမှာတော့ ဒါတွေအားလုံးပြည့်စုံနေတယ်လို့ ဘုန်းကြီး ထင်ပါတယ်၊ မြန်မာနိုင်ငံဟာ ရှေးယခင်ကတည်းက ဗုဒ္ဓသာသနာ အားကောင်းတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့ပါတယ်။"

"မြန်မာနိုင်ငံဟာ မြန်မာဗုဒ္ဓသာသနာဝင်တွေ အတွက်သာမက ကမ္ဘာတစ်ဝှမ်းရှိ ဗုဒ္ဓသာသနာဝင်အတွက်ရော အခြားဘာသာဝင်တွေထဲက အမှန်တရားကို ရှာဖွေနေကြသူတွေအတွက်ပါ အလွန် အရေးပါလှပါတယ်၊ ဒါတင်မက သူတို့ရဲ့ စာပေတွေထဲမှာ စိတ်အေးချမ်းစေတဲ့ တရားကို ရှာဖွေမတွေ့ရှိလို့ ပင်ပန်းနေကြရာက ဗုဒ္ဓစာပေတွေကို ဖတ်ရှုလေ့လာမိကြတဲ့ ဒဿနိကတွေးခေါ်ပညာရှင်တွေအတွက်လဲ မြန်မာနိုင်ငံဟာ အရေးပါလှပါတယ်၊ သူတို့တစ်တွေအားလုံးဟာ သူတို့နေထိုင်ရာ နယ်မြေဒေသတွေကို ဖြတ်ကျော်လာပြီး ဒီမြန်မာနိုင်ငံကို လာကြပါတယ်၊ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားတဲ့ ဒီမြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာရဲ့ အနှစ်ဖြစ်တဲ့ ဝိပဿနာဘာဝနာကို လက်တွေ့ကျင့်သုံးမှု အမြစ်တွယ်နေတာကို သူတို့ တွေ့ကြရပါတယ်၊ အဆင့်မြင့်တဲ့ ယဉ်ကျေးမှုနဲ့ ဘဝငြိမ်းချမ်းမှုကို ပေးတဲ့ ဗုဒ္ဓသာသနာရဲ့ အမွေကို ရရှိနေကြတဲ့ မြန်မာဗုဒ္ဓသာသနာဝင်တွေဟာ အမှန်တကယ်ကို အလွန်အကဲ ကံကောင်းကြပါတယ်"။

"တရားအားထုတ်နည်းကို ညွှန်ကြားပြသပေးပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ တရားအားထုတ်ခွင့် ပေးတော်မူတဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသကို အထူးကျေးဇူးတင်လှပါတယ်၊ ဒီ မြန်မာနိုင်ငံမှာ အကြာကြီးနေပြီး ဗုဒ္ဓအဆုံးအမတွေကို လေ့လာ အားထုတ်ခွင့် ပေးတဲ့အတွက် မြန်မာနိုင်ငံ အစိုးရကိုလည်း သိပ်ကျေးဇူးတင်ပါတယ်။"

"ဘုန်းကြီးအနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင်တွေကို အလွန်ကျေးဇူးတင်ပါတယ်၊ သူတို့ဟာ ဗုဒ္ဓသာသနာကို ကြည်ညိုလေးစားကြပါတယ်၊ ကြင်နာတတ်တဲ့ စိတ်ထား ရှိကြပါတယ်၊ ညှဉ့်ဝတ် ကျေပွန်ကြပါတယ်၊ အလှူရေစက် လက်နဲ့မကွာ ရှိကြပါတယ်၊ သူတို့အတွက် ခြိုးခြံကြပါတယ်၊ ဒီအခြင်းအရာတွေဟာ ကောင်းမွန်မြင့်မြတ်တဲ့ ယဉ်ကျေးမှုတွေရဲ့ အထိမ်းအမှတ်တွေ ဖြစ်ပါတယ်၊ ဒါတွေဟာ တခြားတိုင်းပြည်တွေမှာ ရှိနေကြတဲ့ ဗုဒ္ဓသာသနာဝင်တွေအတွက် စံပြနမူနာကောင်းလဲ ဖြစ်နေပါတယ်၊ ဒီယဉ်ကျေးမှုအားလုံးဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ရဲ့ အရှိန်အဝါကြောင့်ပဲဆိုတာ ဘုန်းကြီး သဘောပေါက်မိပါတယ်"တဲ့။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ (၅)လကြာ တရားအားထုတ်သွားသည့် အသက်(၃၅)နှစ်ရှိ မလေးရှား, တရုတ်လူမျိုး ကျောင်းဆရာမလေး မနန်းယုသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ သီလရှင်ဝတ်သွားရာ သီလရှင်ဘွဲ့ဖြင့် မပညာဝတီ

အမည်တွင်သော "မနန်းယု"ကမူ မြန်မာနိုင်ငံ၌ သူတွေ့ရှိသွားသည့် မြန်မာ့ဗုဒ္ဓသာသနာ အခြေအနေကို ဤသို့ ရှုမြင် သုံးသပ်သွားလေ၏။

"မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေရဲ့ သဒ္ဓါတရားနဲ့ ဗုဒ္ဓသာသနာ ပွင့်ထွန်းစသာ ရှိသေးတဲ့ ကျမတို့ မလေးရှားနိုင်ငံက လူတွေရဲ့ သဒ္ဓါတရားဟာ နှိုင်းယှဉ်လို့ မရနိုင်ပါ၊ မြန်မာနိုင်ငံသူ, နိုင်ငံသားများဟာ ဗုဒ္ဓသာသနာရေးအတွက် ဆောင်ရွက်ရာမှာ သူတို့မှာ ရှိသမျှအားတွေ အကုန်လုံး ထည့်ထားကြပါတယ်၊ အဆင့်ဆင့်ရှိတဲ့ စာမေးပွဲများကို ဖြေဆိုဖို့ ရဟန်း, သာမဏေတွေနဲ့ သီလရှင်လေးမျာ.က ဗုဒ္ဓမြတ်စွာရဲ့ သွန်သင်ဆုံးမချက်များကို ပါဠိဘာသာနဲ့ သင်ယူရွတ်ဆိုနေကြပါတယ်၊ ချစ်စဖွယ်ကောင်းပြီး အမိန့်ကို နာခံကြတဲ့ (၇)နှစ်မှ (၁၈)နှစ်အထိ အသက်အရွယ်ရှိကြတဲ့ ကိုရင် (၂၀၀)ကျော်နဲ့ သီလရှင် (၂၀၀)ကျော်တို့ နွေရာသီကျောင်းပိတ်ရက်မှာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ တတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ ဗုဒ္ဓယဉ်ကျေးမှုတို့ကို တစ်လတိတိ စာတွေ့ရော လက်တွေ့ပါ သင်ယူနေကြတာကို တွေ့ရတာဟာ အလွန်ကို အံ့ဩဖွယ် ကောင်းပါတယ်၊ ကျောင်းသား, ကျောင်းသူအဖြစ်မှ ဗုဒ္ဓယဉ်ကျေးမှု သင်တန်း တစ်လတာအတွင်း သာသနာ့ဝန်ထမ်း ကိုရင်, သီလရှင်အဖြစ် ခံယူထားကြတဲ့ ကိုရင်, သီလရှင်လေးတွေဟာ အရွယ်ငယ်ကြပေမယ့် အလွန် စည်းကမ်းရှိကြပါတယ်၊ ကိုရင်, သီလရှင်တွေကို သင်တန်းပေးဖို့ ငွေနဲ့, သို့မဟုတ် လုပ်အားနဲ့ ကူညီခဲ့ကြတဲ့

ဆရာတော်များ၊ အလှူရှင်များ၊ ဆရာဝန်များနဲ့ ဒကာ၊ ဒကာမ များကို သာဓုခေါ်ပါတယ်၊ ဒီ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ အမှန်တကယ်ကို ရှင်သန်လျက် ရှိနေပါတယ်"တဲ့။

စင်ကာပူအမျိုးသမီးယောဂီ ဒေါက်တာ "အင့်ယွင်းယင်း" က ဤသို့လည်း တိုက်တွန်းစကား ပြောကြားထားပါသေး၏။

"အို · · ချစ်လှစွာသော မြန်မာညီအစ်ကို မောင်နှမများတို့- ဝိပဿနာ အားထုတ်တာဟာ ဒုက္ခအပေါင်းမှ ကင်းဝေးရန် တစ်ခု တည်းဖြစ်သောလမ်းစဉ် ဖြစ်ပါတယ်၊ သင်တို့ရဲ့ဘဝတစ်လျှောက် မှာ တရားအားထုတ်ခြင်းကို ပစ်ပယ်မထားသင့်ကြပါ၊ သင်တို့ဟာ သင်တို့ရဲ့ မိသားစုအတွက်ကြောင့်ဖြစ်စေ၊ ပညာရေးအတွက် ကြောင့်ဖြစ်စေ၊ အလုပ်အကိုင်ကြောင့်ဖြစ်စေ အလုပ် မအားလို့ တရားအားထုတ်ဖို့အချိန် မရှိဘူးလို့ ပြောကောင်း ပြောမယ်၊ ဒါ ပေမယ့် ဒီလို ပြောပြီး သံသရာတစ်လျှောက်လုံး ဘဝများစွာမှာ အမြဲ ဒီလို အလုပ်ရှုပ်နေခဲ့တာပဲ မဟုတ်လား ? အခု လည်ပတ် နေတဲ့ သံသရာကို ရပ်သွားအောင် လုပ်ဖို့ အချိန်ရောက်နေပါပြီ၊ ခန္ဓာကိုယ် ကျန်းမာဖွံ့ဖြိုးဖို့ အစာတို့၊ ရေတို့ လိုအပ်သလို စိတ်ဓာတ်ဖွံ့ဖြိုး တိုးတက်အောင်၊ သန့်ရှင်းကြည်လင်အောင်၊ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်သို့ ရအောင် တရားအားထုတ် ဖို့ လိုအပ်လှပါတယ်"။

"မြက်တွေဟာ ဟိုတစ်ဖက်မှာတော့ စိမ်းလန်းနေ၊ ကောင်း နေမှာပဲလို့ တွေးမနေသင့်တော့ဘူး၊ တခြားနိုင်ငံတွေ ချမ်းသာ ကြွယ်ဝတာတွေ၊ တိုးတက်နေတာတွေကို လှမ်းကြည့် မနေသင့်

ဘူး၊ ကိုယ့်ရှိတာနဲ့ တင်းတိမ်ပြီး တရားအားထုတ်မှုကိုသာ ရှေ့ရှု လုပ်သင့်ကြတယ်၊ တင်းတိမ်ရောင့်ရဲခြင်းသည်သာ အမြင့်ဆုံး ချမ်းသာမှုကို ပေးနိုင်တာ ဖြစ်ပါတယ်၊ ရတနာတွေကတော့ သင်တို့ရဲ့ တံခါးဝမှာပဲ ရှိနေကြတယ်၊ စေတီပုထိုး၊ ကျောင်း၊ ဘုရားတွေ၊ တရားရိပ်သာတွေကတော့ သင်တို့ကို ဖိတ်ခေါ်နေကြပါတယ်။"

"ကျမတို့ဟာ မိုင်ပေါင်း ထောင်ပေါင်းများစွာ ဝေးကွာတဲ့ နေရာတွေက လေယာဉ်နဲ့ လာခဲ့ရပြီး မြန်မာနိုင်ငံမှာ ရှိနေတဲ့ တရားရတနာတွေကို လာယူကြရပါတယ်၊ ဗုဒ္ဓသာသနာ အလွန်ကြွယ်ဝတဲ့ မြန်မာနိုင်ငံမှာ ကျမဟာ ခဏလေးပဲ နေခဲ့ရပါတယ်၊ အို・・ချစ်လှစွာသော ဓမ္မမောင်နှမအပေါင်းတို့・・・ သင်တို့ဟာ အလွန်တော်တဲ့ တရားပြဆရာတွေ၊ တရားရိပ်သာတွေ ရနေကြလို့ အစွမ်းကုန် ကြိုးစားပြီး စိတ်ကို သန့်ရှင်းစင်ကြယ်အောင် လုပ်ကာ ဒီသံသရာမှ လွတ်အောင် ဆောင်ရွက်သင့်ကြပါတယ်"တဲ့။

ရခဲလှသည့် လူ့ဘဝကို ရပြီး ကြုံခဲလှသည့် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်နေကြသူတိုင်း လူဖြစ်ရကျိုး၊ ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ရကျိုးနပ်အောင် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်နိုက်ဌ်သာ အားထုတ်နိုင်သည့်၊ စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ်တိုးစေနိုင်သည့် သတိပဋ္ဌာန်တရားကို လက်လွတ်မခံဘဲ ဤပြည်ပ ယောဂီတို့ကဲ့သို့ ကြိုးစားပွားများသင့်ကြပါသည်။

# သူတို့ တသသနှင့် တဖွဖွ ပြောနေကြသည့် မြန်မာ့အလှ

သာမဏေကျော်ထံ စာရေးလိုက်ပါတယ်။

ဝေးတစ်မြေရပ်ခြားမှာ ရောက်နေတဲ့ တပည့်တော်အဖို့ အမိ မြန်မာနိုင်ငံသူ, နိုင်ငံသားတွေရဲ့ စေတနာအလှ, သဒ္ဓါအလှ, မေတ္တာအလှ, ဖော်ရွေခင်မင်မှုအလှ စတဲ့ အလှတွေဟာ တသသ အောက်မေ့ဖွယ်ရာတွေ ဖြစ်နေပါတယ်၊ စေတနာအလှ, သဒ္ဓါ အလှ, မေတ္တာအလှ, ဖော်ရွေခင်မင်မှုအလှ စတဲ့ အလှတွေနဲ့ တန်ဆာဆင်ထားတဲ့ မြန်မာနိုင်ငံကို ရောက်ဖူးကြတဲ့ ပြည်ပသား တွေကလည်း မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့အလှ, ရှားပါးတဲ့အလှ တွေကို တသသနဲ့ အောက်မေ့နေကြတယ်၊ တဖွဖွလည်း ပြောဆို ချီးမွမ်းနေကြတယ်၊ တပည့်တော် ရောက်ရှိနေတဲ့ ကနေဒါလို အနောက်နိုင်ငံတွေနဲ့ အရှေ့နိုင်ငံ အတော်များများမှာ မတွေ့ရှိ နိုင်တဲ့ ပရိယတ်စာသင်တိုက်ကြီးတွေ, စာချ စာသင် သံဃာ တော် အရှင်မြတ်တွေ, သီလရှင်တွေ, ပဋိပတ်သာသနာ့ရိပ်သာ တွေ, ကမ္မဋ္ဌာန်းပြဆရာတွေ, ယောဂီသူတော်စင်တွေ, စေတီပုထိုး

ကျောင်းကန်တွေဟာလည်း အမိမြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ အလှအပတွေပါပဲ၊ အဲဒါတွေကို မြင်တွေ့ခွင့် မရနေတဲ့ တပည့်တော်အဖို့ အဲဒီအလှအပတွေကို ဘယ်မှာ မအောက်မေ့ဘဲ ရှိပါ့မလဲ၊ နေပြည်တော် မျှော်တိုင်းဝေးနေရပါပြီ။

ထူးခြားတဲ့အလှတွေ တည်ရှိရာ အမိမြန်မာနိုင်ငံဟာလည်း လှသည်ထက် ပို၍ လှလာနိုင်ပါစေ၊ ပို၍ လှပလာအောင် ကြိုးစားနေကြတဲ့ ရဟန်း၊ ရှင်၊ လူ အမိမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ လိုရာဆန္ဒတွေ ပြည့်ဝလာနိုင်ကြပါစေလို့ ဆုတောင်း မေတ္တာပို့သလျက် ရှိနေပါတယ်။

ဤစာကို ဤဆောင်းပါးရေးသူထံသို့ ပေးပို့လိုက်သည့် အရှင်မြတ်ကား အရှင်ဉာဏဓမ္မာဘိဝံသ ဖြစ်ပါသည်၊ ဤအရှင်မြတ်သည် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်၏ မေတ္တာရိပ်အောက်တွင် စာရေးသူနှင့်အတူ (၁၀) နှစ်တာမျှ သာသနာ့တာဝန်တို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါသည်၊ကျေးဇူးရှင်ဆရာတော်၏ တာဝန်ပေးချက်အရ ကနေဒါနိုင်ငံ၊ အွန်တာရီယိုမြို့ရှိ ဗုဒ္ဓသာသနာ့ရိပ်သာတွင် ဗုဒ္ဓဂုဏ်ရည်၊ ဓမ္မဂုဏ်ရည်၊ သံဃာ့ဂုဏ်ရည်တို့ကို ပြသပေးဖို့ ၁၃၅၆-ခု ဝါဆိုအမီ ထိုင်ဒါနသို့ ကြွရောက်သွားခဲ့ပါသည်၊ "နေပြည်တော် မျှော်တိုင်းဝေးနေရပါပြီ"ဟု ဆိုနေသော သူ့ခမျာ တသ၊ အောက်မေ့

ဖွယ်ရာ အလှအပတွေ စုဝေးတည်ရှိရာဖြစ်သည့် နေပြည်တော်ကို မျှော်ရှာပေလိမ့်မည်၊ တသ,အောက်မေ့ရှာပေ လိမ့်မည်။

(၄)နှစ်သားအရွယ်သာရှိသေးသည့် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ၌ လာရောက် တရားအားထုတ်ကြသည့် ပြည်ပ ယောဂီ (၂၅၀)ကျော်ထဲမှ ယောဂီအချို့ ပြောပြသော မြန်မာ့အလှကို ကနေဒါရောက် အရှင်မြတ်တစ်ပါး သိခွင့်ရခဲ့လျှင် အမိမြန်မာ နိုင်ငံကို ပို၍များ တသ,အောက်မေ့ နေလေရော့မည်လား၊ ပြော ခွင့်ကြုံလျှင် ကနေဒါရောက် အရှင့်ကို ပြောပြချင်ပါသည်။

သူတို့ကတော့ သူတို့၏ ပြည်ပကမ္ဘာ၌ ရှားပါးထူးခြားလှ သည့် မြန်မာ့အလှကို ဤသို့ဤပုံ **စုံနေအောင်** ပြောပြထားကြ ပါသည်။

သူမအမည် “နန်စီ”၊ **ကျောင်းဆရာမလေးတစ်ဦး** ဖြစ်သည်၊ နိုင်ငံက **အမေရိက**၊ **ပညာအရည်အချင်းက** ဘာကလေတက္ကသိုလ် မှ **ဘာသာဗေဒဆိုင်ရာ ဘီအေဘွဲ့**၊ အသက်(၃၂)နှစ် ရှိပြီ၊ ပဏ္ဍိတာရာမ **ရွှေတောင်ကုန်း** သာသနာ့ရိပ်သာ၌ (၃)လကြာ **သတိပဋ္ဌာန်တရားကို** အားထုတ်သွားသည်။

သူမက မြန်မာ့အလှနှင့် စပ်၍ ဤသို့ ရှုမြင်သုံးသပ်သွား သည်။

“မြန်မာနိုင်ငံဟာ လှပတဲ့ နိုင်ငံ ဖြစ်ပါတယ်၊ နောက်ပြီး တော့ အနောက်နိုင်ငံတွေမှာ ပျံ့နှံ့နေတဲ့ ကြီးမားတဲ့ စွန့်ပစ်

ပစ္စည်းတွေကြောင့် ပျက်စီးနေသလို မြန်မာနိုင်ငံမှာ မပျက်စီးသေးပါဘူး၊ အဲဒီများစွာသော စွန့်ပစ်ပစ္စည်းနဲ့ ညစ်ညမ်းမှုတွေဟာ လောဘကြောင့် ဖြစ်ပေါ်လာကြပါတယ်၊ မြန်မာနိုင်ငံသူ, နိုင်ငံသားတွေဟာ ဗုဒ္ဓတရားကို လိုက်နာ ကျင့်သုံးနိုင်ကြရင် လောဘကို အောင်နိုင်ပါလိမ့်မယ်၊ အနောက်တိုင်းမှာ တွေ့ကြုံနေရတဲ့ အခြေအနေဆိုးများစွာကိုလည်း ရှောင်လွှဲနိုင်ကြပါလိမ့်မယ်"။

"သင့်မှာ ပြဿနာတစ်စုံတစ်ရာ ကြုံတွေ့နေရပါသလား၊ မှန်ကန်တဲ့ တရားအားထုတ်မှုက သင့်ကို ကူညီပါလိမ့်မယ်၊ မြန်မာနိုင်ငံက လူတွေဟာ တရားပြဆရာကောင်းတွေကို ရနေကြပါတယ်၊ ပြီးတော့ အားပေးထောက်ပံ့တဲ့ ပတ်ဝန်းကျင်ကောင်းတွေဟာလည်း သင်တို့ပတ်ဝန်းကျင်မှာ ပျံ့နှံ့နေပါတယ်၊ ဒါကြောင့် သင်တို့ဟာ သိပ်ကံကောင်းကြပါတယ်၊ တရားအားထုတ်ပုံ အားထုတ်နည်းကို လေ့လာသင်ယူကြပါ၊ ယနေ့ပဲ စတင်အားထုတ်လိုက်ပါ"တဲ့။

နောက်တစ်ယောက်၏ နာမည်မှာ "မာယာ"၊ အမေရိက, ဂျာမဏီနှင့် တရုတ်နိုင်ငံတို့တွင် ဆေးပညာသင်ယူနေသည့် ဆေးတက္ကသိုလ်ကျောင်းသူလေး ဖြစ်သည်၊ ဂျာမဏီနိုင်ငံမှာ နေသည်၊ အသက် (၁၈)နှစ်သာ ရှိသေးသည်၊ သူမ၏ အဖေမှာ ဆရာဝန်တစ်ဦး ဖြစ်သည်၊ မြန်မာလူမျိုး ဖြစ်သည်၊ သူမအဖေနာမည်မှာ ဦးတင်ထွန်းတဲ့၊ သူမ၏ အမေမှာမူ ယူဂိုဆလပ်နိုင်ငံသူ ဖြစ်သည်၊ မာယာ၏ နာမည်အပြည့်အစုံမှာ "မာယာတင်ထွန်း"ဟူ

၍ ဖြစ်သည်၊ သူမသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ (၁)လ သတိပဋ္ဌာန်တရားကို အားထုတ်သွားသည်။

သူမကမူ မြန်မာ့အလှနှင့် စပ်၍ ဤသို့ပြောပြသွားပါသည်။

"မြန်မာနိုင်ငံက ပြန်ဖို့ နီးလာလေလေ မပြန်ချင်လေလေ ဖြစ်နေပါတယ်၊ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အလှပဆုံးနိုင်ငံပါ၊ မြန်မာနိုင်ငံဟာ ကျွန်မရဲ့နှလုံးသားထဲမှာ အမြဲ တည်ရှိနေပါတယ်၊ ကျွန်မ ဒီသတိပဋ္ဌာန်တရား အားထုတ်တာဟာ ပထမဆုံး အကြိမ် ဖြစ်ပါတယ်၊ ဒီသတိဋ္ဌာန်တရားကို လူတိုင်း လူတိုင်း လေ့လာပွားများသင့်ပါတယ်၊ ယောကျ်ား, မိန်းမ၊ အမျိုးအနွယ်၊ ဘာသာ၊ အသက်အရွယ်ဆိုတာတွေဟာ သတိပဋ္ဌာန်တရား အားထုတ်ရာမှာ အရေးမကြီးပါဘူး၊ သတိပဋ္ဌာန်တရားကို ယောကျ်ားရော မိန်းမပါ အားထုတ်သင့်ပါတယ်၊ ဘယ်အမျိုးအနွယ်မဆို အားထုတ်သင့်ပါတယ်၊ ဘယ်ဘာသာဝင်မဆို အားထုတ်သင့်ပါတယ်၊ ဘယ်အသက်အရွယ်မဆို အားထုတ်သင့်ပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်တာဟာ ကမ္ဘာပေါ်ရှိ လူသားအားလုံးကို ငြိမ်းချမ်းရေးရအောင် ကူညီနိုင်ပါတယ်၊ လူသားတို့ရဲ့ ကံတရားတွေကိုလည်း ပိုမိုကောင်းမွန်လာအောင် ပြုပြင်ပေးနိုင်ပါတယ်" တဲ့။

နောက်တစ်ယောက်၏ အမည်မှာ "ဝုန်းဒိုးယူအင်"ဖြစ်၏၊ သူမသည် မြန်မာနိုင်ငံမှာ ဖွားခဲ့သည်၊ သူ၏မိဘများသည် ဗီယက်နမ်လူမျိုး ဖြစ်သည်၊ သူမတို့မိသားစုသည် ယခုအခါ

ဆွစ်ဇာလန်နိုင်ငံမှာ နေသည်၊ သူမသည် ဆရာဝန် ဖြစ်သည်၊ အသက် ၃၂-နှစ် ရှိပြီ၊ အိမ်ထောင်မပြု၊ သူမသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ တစ်လကြာ တရားအားထုတ်သွားသည်။

သူမကမူ မြန်မာ့အလှနှင့် စပ်၍ ဤသို့ ပြောပြပါ၏။

"မြန်မာနိုင်ငံနဲ့ မြန်မာဗုဒ္ဓသာသနာဝင်တွေ သန္တာန်မှာ ဗုဒ္ဓသာသနာဟာ နက်နဲစွာ အမြစ်တည်နေပါတယ်၊ ကြမ်းတမ်းနေတဲ့ ဒီကမ္ဘာလောကကြီးမှာ ကိုယ်, နှုတ်, စိတ်ယဉ်ကျေးမှုကို မြှင့်တင်ပေးတဲ့ ဗုဒ္ဓသာသနာဟာ ယခုအခါ ရှားပါးပြီး အလွန်တန်ဖိုးရှိတဲ့အရာ ဖြစ်နေပါတယ်" တဲ့။

နောက်တစ်ယောက်မှာ ဤဆရာဝန်မလေး "ဝုန်းဒိုးယူအင်" ၏မိခင် "ဝုန်းဒိုးထီးတော်"ဖြစ်သည်၊ ထိုမိခင်၏ မိဘများလည်း ဗီယက်နမ်လူမျိုးပင် ဖြစ်ကြသည်၊ "ဝုန်ဒိုးထီးတော်"သည် ကမ္ဘောဒီးယားနိုင်ငံမှာ မွေးဖွားခဲ့သည်၊ သူမအသက်(၆၃)နှစ်ရှိပြီး ခင်ပွန်းလည်း ရှိသေးသည်၊ သမီးလေး (၂)ယောက် ရှိသည်၊ (၂)ယောက်လုံး ဆေးဆရာဝန်များ ဖြစ်ကြသည်၊ သူမသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ၂-လခွဲကြာ သတိပဋ္ဌာန်တရားကို အားထုတ်သွားသည်။

သူမက မြန်မာ့အလှနှင့်စပ်၍ ပြောပြသည်မှာ -

"မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေဟာ ဒါန, သီလ, ဘာဝနာစတဲ့ ကောင်းမှုတွေကို ယုံကြည်ကြတယ်၊ အားကိုးကြတယ်၊ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ ရှင်သန်လျက်ပင် ရှိနေပါ

တယ်၊ ဗုဒ္ဓသာသနာရဲ့ အမွေအနှစ်ဖြစ်တဲ့ လူ့ယဉ်ကျေးမှုဟာ မြန်မာနိုင်ငံရဲ့ အနှစ်သာရအဖြစ် တည်ရှိနေပါတယ်"။

"ချစ်လှစွာသော မြန်မာမိတ်ဆွေအပေါင်းတို့ . . သင်တို့မှာ ကမ္မဋ္ဌာန်းဆရာကောင်းတွေ, ကမ္မဋ္ဌာန်းရိပ်သာတွေ ရှိနေတဲ့ အတွက် သင်တို့ဟာ ကံကောင်းကြတယ် ဆိုတာ သတိပြုမိကြပါရဲ့လား၊ ယခုခေတ်မှာ ကြမ်းတမ်းမှု, အတ္တဆန်မှုတွေနဲ့ များသောအားဖြင့် ပြည့်နှက်နေတဲ့, ရုပ်ဝတ္ထုတွေ ကြွယ်ဝနေပါတယ် ဆိုတဲ့ နိုင်ငံပေါင်းများစွာက သင်တို့ရဲ့ တရားကြွယ်ဝမှုကို အားကျနေကြပါလိမ့်မယ်"တဲ့။

နောက်တစ်ယောက်မှာ "ကာလီမောက်(စ်)ကာလီချီ"အမည်ရှိ အမေရိကန်အမျိုးသမီး ဖြစ်သည်၊ အသက်(၄၃)နှစ် ရှိပြီ၊ သစ်သီး, သစ်ရွက်ဥယျာဉ်စိုက်ပျိုးရေးသမား ဖြစ်သည်၊ သူမသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၃)လ သတိပဋ္ဌာန်တရားအားထုတ်သွားသည်၊ သူမပြောသော မြန်မာ့အလှမှာ –

"မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တို့က မြတ်စွာဘုရားရဲ့ တရားတော်များ ရှင်သန်အောင် စောင့်ရှောက်ထားကြတဲ့အတွက် မြန်မာဗုဒ္ဓသာသနာဝင်တို့ကို ကျွန်မ ကျေးဇူးတင်လှပါတယ်၊ မြန်မာဗုဒ္ဓသာသနာဝင်တို့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ကိုယ်တိုင် ကျင့်သုံးကြပြီး ရှင်သန်အောင် စောင့်ရှောက်ထားကြလို့ မြတ်စွာဘုရားတရားတော်ရဲ့ အရသာကို ကျွန်မ ခံစားခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်လှပါတယ်၊ အလွန် လျင်မြန်

ထူးခြားစွာ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာ အယူမှားတွေ လွန်စွာ တိုးပွားနေတဲ့အတွက် မြန်မာဗုဒ္ဓသာသနာဝင်တွေဟာ မြတ်စွာဘုရားတရားတော်တွေကို နည်းမှန် ရွေးချယ်ရန် ပညာရပ် တစ်ခုအနေနဲ့ အမြတ်တနိုး ထိန်းသိမ်းသင့်ကြပါတယ်၊ အနောက်တိုင်း ယဉ်ကျေးမှုနဲ့ ဇိမ်ခံပစ္စည်းတွေက ရေရှည်စိတ်ချမ်းသာမှုကို ဘယ်တော့မှ မပေးနိုင်ပါ"ဟူ၍ ဖြစ်၏။

နောက်တစ်ယောက်ကား အမေရိကမှ ကျောင်းသား ဖြစ်သည်၊ နာမည်က "ဒေါက်ကလပ်(စ်)ဂီ(လ်)ဒွန်"ဟူ၍ ဖြစ်သည်၊ အသက်(၂၃)နှစ် ရှိပြီ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၈)ပတ် အားထုတ်သွားသည်၊ သူပြောပြသော မြန်မာ့အလှကား -

"ကျွန်တော် တွေ့ခဲ့ရသမျှ မြန်မာဗုဒ္ဓဘာသာဝင်တွေဟာ အလွန် စေတနာကောင်းကြပြီး ဘာသာရေးမှာ အလွန် ကြည်ညို ကြပါတယ်၊ အထူးအားဖြင့် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေဟာ တရားအားထုတ်မှုမှာ အလွန် စိတ်အားထက်သန်ကြပါတယ်"တဲ့။

နောက်တစ်ယောက်ကား အမေရိကန် သီလရှင် ဖြစ်ပါသည်၊ သီလရှင်ဘွဲ့ မဝဇိရဉာဏီ၊ အသက် (၄၀)၊ MS, B. A. ဘွဲ့ကို ရခဲ့သည်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၁၆)လကျော် တရားအားထုတ်သွားသည်။

သူမက မြန်မာ့အလှကို ဤသို့ ပြောပြထားပါ၏။

"မြန်မာနိုင်ငံမှာ တန်ဖိုးကြီးမားတာတွေ ရှိနေပါတယ်၊ သံဃာတော်တွေ ကောင်းစွာ တည်ရှိနေပါတယ်၊ တရားပြ ကောင်းတဲ့ဆရာတွေ များစွာ ရှိနေပါတယ်၊ တရားရိပ်သာတွေလည်း များစွာ ရှိနေပါတယ်၊ သာသနာတော်ကို ပစ္စည်း(၄)ပါးနဲ့ ထောက်ပံ့တဲ့ ဒကာ၊ ဒကာမတွေလည်း များစွာ ရှိနေကြပါတယ်၊ မြန်မာလူမျိုးတွေဟာ ငယ်ရွယ်စဉ်ကတည်းက ဗုဒ္ဓတရားတော်တွေကို ကြားနာနိုင်ကြ၊ လေ့လာနိုင်ကြပါတယ်၊ စိတ်ထားဖြူစင်တဲ့ သူတော်စင်တွေနဲ့ ပေါင်းသင်းနိုင်ကြပါတယ်၊ ဗုဒ္ဓတရားတော်တွေကို ကိုယ့်အမိမြန်မာဘာသာနဲ့ နာယူနိုင်ကြပါတယ်၊ လေ့လာနိုင်ကြပါတယ်၊ Passport နဲ့ လေယာဉ်လက်မှတ်တို့ မလိုပါဘူး"။

"ကျွန်မ ပြည်ပက နိုင်ငံပေါင်းများစွာကို သွားဖူး၊ ရောက်ဖူးပါတယ်၊ နိဗ္ဗာန်ရောက်ဖို့ Passport နဲ့ လေယာဉ်လက်မှတ်တို့သာ လိုအပ်တယ်ဆိုရင် ကျွန်မ နိဗ္ဗာန်ကို ရောက်တာ ကြာပါပြီ၊ ပြည်ပနိုင်ငံတွေ ရောက်ချင် သွားချင်ရင် Passport နဲ့ လေယာဉ်လက်မှတ်သာ ရှိက ရောက်နိုင်၊သွားနိုင်ပါတယ်၊ နိဗ္ဗာန်ကိုတော့ Passport နဲ့ လေယာဉ်လက်မှတ်ရှိရုံနဲ့ မရောက်နိုင်ပါ၊ သတိပဋ္ဌာန်ကို အားထုတ်မှပဲ နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်၊ မြန်မာနိုင်ငံမှာ သတိပဋ္ဌာန်အားထုတ်ဖို့ အလွန်ပဲ အခွင့်သာလှပါတယ်" တဲ့။

နောက်တစ်ယောက်ကား "လိုင်ချီဟောင်" အမည်ရှိ အမျိုးသမီး ဖြစ်သည်၊ တရုတ်အမျိုးအနွယ် ဖြစ်သည်၊ မလေးရှားနိုင်ငံ

ကွာလာလမ်ပူမြို့တွင် နေထိုင်သည်၊ ဘီအေဂုဏ်ထူး အောင်ပြီး ကျောင်းဆရာမ လုပ်နေသည်၊ အသက်(၃၃)နှစ်ရှိပြီး ရွှေတောင် ကုန်းသာသနာ့ရိပ်သာ၌ (၃)လကျော်ကြာ အားထုတ်သွားသည်။

သူမ ပြောပြသော မြန်မာ့အလှကား -

"ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ (၃)ထပ်ဓမ္မာရုံကြီးရဲ့ အမိုးပတ်လည်၌ စင်္ကြံပတ်လမ်း ရှိပါတယ်၊ အဲဒီစင်္ကြံပတ်လမ်း ပေါ်ကနေ တောင်ဘက်ရှုးရှုးအရပ်ကို လှမ်းမျှော်ကြည့်လိုက်ရင် ရွှေရောင်တဖိတ်ဖိတ် တောက်ပနေတဲ့ ရွှေတိဂုံစေတီတော်ကြီးကို ထင်ရှားစွာ ဖူးတွေ့ရပါတယ်၊ တစ်မိုင်ခန့်ဝေးတဲ့ အဲဒီရွှေတိဂုံ စေတီတော်ကြီးဟာ ညအခါမှာ ဆလိုက်မီးရောင်တွေကြောင့် ပိုမို တောက်ပနေပါတယ်၊ ရွှေတောင်ကြီး ပေါ်ပေါက်နေတာလားလို့ တောင် ထင်မှားရပါတယ်၊ ညအခါမှာ ဖူးတွေ့ရတဲ့ ရွှေတိဂုံ စေတီတော်မြတ်ကြီးဟာ ကျွန်မရဲ့စိတ်ကို အလွန်ပဲ ဆွဲဆောင် ထားပါတယ်၊ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အဲဒီစင်္ကြံပေါ်က လက်အုပ်ချီမိုး ရှိခိုးရရုံမျှနဲ့ပဲ ကျွန်မအား ရွှေတိဂုံစေတီတော်မြတ် ကြီးက တွန်းအားတွေ များစွာ ပေးနေပါတယ်"။

"မြန်မာနိုင်ငံဟာ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ် ပါတယ်၊ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တွေဟာ အလွန်ပဲ ကူညီ တတ်ကြပါတယ်၊ ဗုဒ္ဓသာသနာအပေါ် အလွန်ပဲ ကြည်ညို ကိုင်း ရှိုင်းကြပါတယ်၊ အလွန်ပင် တော်ကြပါတယ်၊ ပြည်ပမှ ယောဂီ တွေကို များစွာ ကူညီကြပါတယ်"ဟူ၍ ဖြစ်၏။

နောက်တစ်ယောက်ကား "အယ်လိစဘက်"အမည်ရှိ ဆွစ်ဇာလန် အမျိုးသမီး ဖြစ်သည်၊ သူမသည် အမ်အေဘွဲ့ရပြီး ကျောင်းဆရာမ ဖြစ်သည်၊ အသက် (၃၉)နှစ် ရှိပြီး အိမ်ထောင်သည် တစ်ဦး ဖြစ်သည်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (ရ)ပတ်ကြာ အားထုတ်သွားသည်။

သူမ ပြောပြသော မြန်မာ့အလှမှာ ဤသို့ ဖြစ်ပါ၏။

"မြန်မာဗုဒ္ဓသာသနာဝင်တွေဟာ ရိုးသားတဲ့ နှလုံးသား၊ အလေ့အကျင့်ကောင်းတွေနဲ့ လေ့ကျင့်ထားတဲ့ စိတ်ထားတွေနဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို တစ်နေ့နေ့မှာ ကမ္ဘာသို့ ပြန့်အောင် ဖြန့်ကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ထားပါတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ ကမ္ဘာ့လူသားတွေကို ဒုက္ခပေးနေတဲ့ လောဘ၊ ဒေါသ၊ မောဟတရားဆိုးတွေကို ဖယ်ရှားရေးမှာ အကူအညီပေးကြပါလိမ့်မယ်"တဲ့။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ သီတင်းသုံးနေသည့်၊ ရဟန်းဝါ (၆)ဝါရ ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒကမူ မြန်မာ့အလှကို ဤသို့ ပြောပြထားပါ၏။

"မြန်မာနိုင်ငံက အကောင်းဆုံး ပြည်ပထွက်ကုန်ဟာ သတိပဋ္ဌာန်ပါပဲ၊ နှစ်ပေါင်းများစွာအတွင်းမှာ ပြည်ပယောဂီတွေ မြန်မာကမ္မဋ္ဌာန်းပြ ရဟန်းတော်တွေထံမှ တရားအားထုတ်နည်းကို တိုက်ရိုက် သင်ယူအားထုတ်ဖို့ မြန်မာနိုင်ငံကို လာရောက်နေကြပါ

တယ်၊ ကမ္ဘာအနံ့အပြားမှာ တစ်နှစ်ပြီး တစ်နှစ် ကမ္မဋ္ဌာန်းဌာန အသစ်တွေ ဖွင့်လှစ်နေကြပါပြီ၊ ယခုဆိုရင် နိုင်ငံပေါင်းများစွာမှ လူများစွာတို့ဟာ ဝိပဿနာဘာဝနာကို အားထုတ်နေကြပါပြီ၊ မြန်မာ တရားပြဆရာတော်တွေကို တရားပြသပေးဖို့ရန်အတွက် ပြည်ပကို ခဏခဏ ပင့်ဆောင်နေကြပါတယ်"တဲ့။

အစိုးရမူလတန်းနှင့် ပထမငယ်တန်းတို့တွင် တစ်နိုင်ငံလုံး၌ ပထမရသွားသည့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှ နီပေါဆရာလေး မဝိမလဉာဏီက ပြောပြထားသည့် မြန်မာ့အလှမှာ–

"မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာ အင်မတန်မှ ထွန်းကားတဲ့ နိုင်ငံ ဖြစ်ပါတယ်၊ ဒါကြောင့် ဆရာလေး ဒီမြန်မာနိုင်ငံကို ရောက်လာတာ သိပ်ကံကောင်းတယ်လို့ ယူဆပါတယ်၊ ပရိယတ်၊ ပဋိပတ် နှစ်ပါးလုံး ပြည့်စုံနေတဲ့ ဒီမြန်မာနိုင်ငံမှာ ဆရာလေး ပရိယတ်၊ပဋိပတ်ကို သင်ကြားလေ့လာ အားထုတ်ခွင့်ရတဲ့အတွက် အင်မတန် ဝမ်းသာပါတယ်၊ မြတ်စွာဘုရား ဖွားမြင်တော်မူရာ ဒေသဖြစ်တဲ့ နီပေါနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည် ထွန်းကားလာအောင် ကိုယ်တတ်နိုင်သလောက် ကြိုးစား ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံကို ရောက်လာပါတယ်" ဟူ၍ ဖြစ်ပါ၏။

နောက်တစ်ယောက်ကား ပြင်သစ်နိုင်ငံမှ"ငွယင်းငေါ့အန်း" အမည်ရှိ အမျိုးသမီး ဖြစ်သည်၊ သူမသည် အသက်(၅၇)နှစ် ရှိ

ပြီး ဆက်သွယ်ရေးဝန်ထမ်းတစ်ဦး ဖြစ်သည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ (၂)လကျော်ကြာ အားထုတ်သွားသည်။

သူမ ပြောပြသော မြန်မာ့အလှမှာ–

"ကမ္မဋ္ဌာန်းဆရာကောင်းတွေ ပေါများတဲ့ မြန်မာနိုင်ငံမှာ မွေးဖွားရတဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေဟာ ကြီးမားတဲ့ အခွင့်အရေးကောင်းကို ရရှိပိုင်နိုင်နေကြပါတယ်၊ ကျွန်မဆိုရင် သတိပဋ္ဌာန်တရားကို (၃)လလောက် ပြင်းပြင်းထန်ထန် အားထုတ်ခွင့် ရဖို့အတွက် (၂၂)နှစ်လောက်ကြာအောင် စောင့်နေရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မမှာက မြန်မာနိုင်ငံသူ နိုင်ငံသားတွေလို အခွင့်အရေးကောင်း အခြေအနေကောင်းတွေ မရရှိလို့ပါပဲ" ဟူ၍ ဖြစ်၏။

နောက်တစ်ယောက်ကား ဩစတြေးလျနိုင်ငံမှ "အစ်စဘယ်" အမည်ရှိ အမျိုးသားဖြစ်၏၊ ဆေးရုံမှ ဆေးဓာတ်ခွဲခန်းမှူး ဖြစ်၏၊ အသက်(၂၅)နှစ် ရှိပြီ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၄)လ ကျော်ကြာ အားထုတ်သွားသည်။

သူကမူ မြန်မာ့အလှကို ဤသို့ ပြောပြသွားပါ၏။

"ဗုဒ္ဓဓမ္မဆိုင်ရာ ကိစ္စတွေမှာ များစွာ စိတ်ဝင်စားမှု ရှိနေတဲ့ လူတွေ ရှိနေတဲ့အတွက် မြန်မာနိုင်ငံဟာ မင်္ဂလာရှိတဲ့နိုင်ငံ ဖြစ်ပါတယ်"တဲ့။

ရှုထောင့်ကိုယ်စီဖြင့် သူတို့ပြောပြသွားကြသော မြန်မာ့အလှအကြောင်းတို့ကို ကနေဒါရောက် အရှင်မြတ်လည်း ကြားသိခဲ့ရလျှင် အမိမြန်မာနိုင်ငံ၏ အလှတို့ကို ပို၍ပို၍ တသ အောက်မေ့နေမည်ကို မြင်ယောင်နေမိပါသတည်း။

# မြန်မာ့ရုပ်မြင်သံကြားနှင့် ဂျာမန်ရဟန်းတော်

(၁၀၊ ၅၊ ၉၅)နေ့၌ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်သည့် "ခေမာသောင်ကမ်း နိဗ္ဗာန်နန်း အပိုင်း(၁၁)"ကို ကြည့်ရှုကြရသည့် မြန်မာ့ရုပ်မြင်သံကြား ပရိသတ်တို့သည် များစွာ သဘောကျကြလေသည်၊ ထိုအပိုင်း(၁၁)၌ မြန်မာစကားဖြင့် ဖြေကြားသွားသည့် ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒကို ကြည်ညိုသဒ္ဓါ ပွားကြလေသည်၊ ထို့ကြောင့် အရှင်ဝိဝေကာနန္ဒ သီတင်းသုံးနေထိုင်ရာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ အရောက်လာပြီး အရှင်ဝိဝေကာနန္ဒကို ဖူးမျှော်သူတို့ ရှိကြပေသည်၊ လှူဒါန်းဖွယ်ပစ္စည်းတို့ကိုလည်း အရှင်ဝိဝေကာနန္ဒအား အချို့က လှူဒါန်းကြပေသည်၊ အချို့ကလည်း အရှင်ဝိဝေကာနန္ဒ ဖြေကြားသွားသော စကားများကို စာဖတ်ပရိသတ်တို့ သိရှိခွင့်ရအောင် ရေးသားတင်ပြဖို့ စာရေးသူအား လျှောက်ထား တောင်းပန်ကြပါသည်၊ အရှင်ဝိဝေကာနန္ဒသည် (၂၄၊၁၁၊၉၂)

နေ့က ထုတ်လွှင့်သည့် "ခေမာသောင်ကမ်း နိဗ္ဗာန်နန်း" အစီအစဉ်၌လည်း ဖြေကြားခဲ့ပါသေးသည်၊ ယခုတစ်ကြိမ် ဖြေကြားချက်များမှာ ပို၍ ပြည့်စုံပါသည်၊ ပို၍ ပြည့်စုံသော သူ၏ ဖြေကြားချက်များကို ဖတ်ရှုရသော စာဖတ်ပရိသတ်တို့အဖို့ ပို၍ အားရကျေနပ်စရာ၊ ကြည်ညိုစရာ၊ အားကျစရာ ဖြစ်လိမ့်မည်ဟု ယူဆကာ ရေးသား ဖော်ပြလိုက်ပါသည်။

ဦးဇင်းက ဂျာမနီနိုင်ငံက ဖြစ်ပါတယ်၊ လူနာမည် "Eckhard Virchow"လို့ ခေါ်ပါတယ်၊ ဘွဲ့တော်ကတော့ "အရှင်ဝိဝေကာနန္ဒ"လို့ ခေါ်ပါတယ်၊ ဦးဇင်းအသက် (၃၈)နှစ်ရှိပါပြီ၊ ဝါကတော့ (၅)ဝါ ရှိသွားပါပြီ၊ မြန်မာနိုင်ငံမှာ ရောက်တာ (၅)နှစ်ကျော် ရှိပါပြီ၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ စတင်တည်တောင်ကတည်းက ယခုအထိ ဦးဇင်း ဒီမှာ သီတင်းသုံးတာ (၄)နှစ်ခွဲ ရှိပါပြီ။

သိမ်မွေ့လေးနက်တဲ့ ဗုဒ္ဓတရားတော်များကို အချိန်ပြည့် ကြိုးစားအားထုတ်နိုင်ရန် သီလ၊ သမာဓိ၊ ပညာအကျင့်တွေနဲ့ ကိုယ်ရော နှုတ်ရော စိတ်ရော စင်ကြယ်အောင်၊ ဒုက္ခဆင်းရဲမှ လွတ်မြောက်အောင်၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်အောင် အားထုတ်မယ်လို့ ရည်ရွယ်ချက် ရှိပါတယ်။

၁၉၈၈-ခုနှစ်က မဟာစည်သာသနာ့ရိပ်သာမှာ သုံးလလောက် ဒုလ္လဘရဟန်း ဝတ်ခဲ့ပါတယ်၊ ၁၉၈၉-ခုနှစ်မှာ နောက်တစ်ကြိမ် ရဟန်းပြန်ခံခဲ့ပါတယ်၊ ဥပဇ္ဈာယ်ဆရာကတော့ ရွှေ

တောင်ကုန်းသာသနာ့ရိပ်သာဆရာတော် ဦးပဏ္ဍိတာဘိဝံသ ဖြစ်ပါတယ်၊ သူ့ဆီမှာ အားထုတ်တာ ၅–နှစ်လောက် ရှိသွားပါပြီ၊ မဟာစည်ဆရာတော်ရဲ့ ဝိပဿနာရှုနည်းအတိုင်း တရားအားထုတ်နေပါတယ်၊ တရားကျင့်ကြံ အားထုတ်တဲ့အခါမှာ တရားအတွေ့အကြုံ စနစ်တကျ ပေါ်လာတတ်ပါတယ်၊ တိကျတဲ့ လမ်းကြောင်းရှိပါတယ်၊ လမ်းတစ်လျှောက်မှာ သီးသန့်ဖြစ်တဲ့ စခန်းတွေ ရှိပါတယ်။

တရားအားထုတ်နေစဉ် စိတ်ဟာ တဖြည်းဖြည်းနဲ့ သန့်ရှင်းစင်ကြယ်လာပါတယ်၊ စိတ်က တစ်ဆင့်ပြီး တစ်ဆင့် အရှိန်ရလာပါတယ်၊ စိတ်ရဲ့နှုန်း အရှိန်အဟုန် ပို၍ ပို၍ မြင့်လာပါတယ်။

အဲဒါနဲ့ စိတ်က တည်ငြိမ်လာပါတယ်၊ ထက်မြက်လာပါတယ်၊ သိမ်မွေ့လာပါတယ်၊ အဲဒီအခါမှာ အလွန်သိမ်မွေ့တဲ့ အာရုံတွေကို ဖမ်းမိနိုင်ပါတယ်၊ တရားအားထုတ်တာနဲ့ ဦးဇင်းရဲ့ ဘဝလမ်းကြောင်း ဖြောင့်ဖြောင့်တန်းတန်း ဖြစ်သွားပါတယ်၊ မြတ်စွာဘုရား ဟောကြားတဲ့တရား ဘယ်လောက် သိမ်မွေ့နက်ရှိုင်း မှန်ကန်တယ် ဆိုတာ တရားအားထုတ်တဲ့အခါမှာ ကိုယ်တိုင်တွေ့နိုင်ပါတယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် ဦးပဏ္ဍိတာဘိဝံသဆီမှာ တရားအားထုတ်ရတာဟာ မလွယ်ပါဘူး၊ ဆရာတော်ဘုရားက စည်းကမ်းကြပ်ပါတယ်၊ မလွယ်သော်လည်း, စည်းကမ်းကြပ်သော်လည်း အကျိုးများပါတယ်၊ ပန်းပုဆရာလိုပဲ ဆရာတော်

ဘုရားကြီးဟာ တပည့်ရဲ့ ချို့ယွင်းချက် အနာအဆာများကို လှန်ဖြတ်၊ ဆောက်နဲ့ထွင်းပြီးတော့ ပုံဖော်ပါတယ်၊ ဟာတာကို ဖြည့်၊ လိုတာကို စွက်၊ လွဲတာကို တည့်မတ်ပေးပါတယ်၊ ဆရာတော်ဘုရားကြီး နည်းပြလမ်းညွှန်တဲ့အတွက်ကြောင့် ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတွေဟာ အင်မတန် ကြီးမားပါတယ်၊ ကျေးဇူးမဆိုးနိုင်၊ မကုန်နိုင်ပါဘူး၊ ဆရာတော်ဘုရားကြီးက တပည့်များအပေါ်မှာ မေတ္တာကရုဏာ ကြီးမားပါတယ်၊ တပည့်တွေကို အမြဲတမ်း တိုးတက်စေချင်တဲ့ဆန္ဒ အများကြီး ရှိပါတယ်၊ ပူပန်စရာဖြစ်တဲ့ အချက်အလက်တစ်ခုကို တင်ပြချင်ပါတယ်၊ မြန်မာလူ့အဖွဲ့အစည်းဟာ တဖြည်းဖြည်းနဲ့ ရုပ်ဝါဒဘက်ကို သွားနေပါတယ်၊ အခုကာလဟာ ရုပ်ဝတ္ထုကို အလေးပေးတဲ့ ခေတ်ကာလဖြစ်နေပါတယ်၊ အများအားဖြင့် ပစ္စည်းဥစ္စာ စီးပွား ချမ်းသာမှုကို လိုက်လံ ရှာဖွေနေကြပါတယ်၊ လောကီကိစ္စ ပြည့်စုံအောင် ကြိုးစားနေကြပါတယ်။

အဲဒီလို ပစ္စည်းဥစ္စာ စီးပွားချမ်းသာမှုကိုပဲ လိုက်လံ ရှာဖွေတဲ့ ပုဂ္ဂိုလ်တွေကို ပါဠိလို "ကေစက္ခုပုဂ္ဂိုလ်"လို့ ခေါ်ပါတယ်၊ မျက်လုံးတစ်လုံးတည်း မြင်နေတဲ့ ပုဂ္ဂိုလ်ပေါ့၊ ချမ်းသာမှုနှစ်မျိုး ရှိပါတယ်၊ ရုပ်ဝတ္ထုချမ်းသာမှုက တစ်မျိုး၊ စိတ်ချမ်းသာမှုက တစ်မျိုး။

စိတ်ချမ်းသာမှုက စီးပွားချမ်းသာမှုထက် ပိုပြီး ကောင်းပါတယ်၊ စီးပွားချမ်းသာမှု တစ်ခုတည်းနဲ့ စိတ်ချမ်းသာမှုကို မရနိုင်

ပါဘူး၊ စီးပွားချမ်းသာမှုနဲ့ စိတ်ချမ်းသာမှု နှစ်ခုစလုံးရအောင် ကြိုးစားဖို့ လိုပါတယ်။

ချမ်းသာမှု နှစ်မျိုးလုံးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ပါဠိလို "ဒွိစက္ခု=နှစ်ဘက်မြင် ပုဂ္ဂိုလ်"လို့ ခေါ်ပါတယ်၊ မျက်စိနှစ်ဘက်လုံး မြင်တဲ့ ပုဂ္ဂိုလ်ပါပဲ။

စိတ်ချမ်းသာမှု ရအောင် ဘယ်လို လုပ်ရသလဲ၊ သတိပဋ္ဌာန် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ရင် စိတ်ချမ်းသာမှု ရနိုင်ပါတယ်၊ အဲဒါ သေချာပါတယ်။

ဒွိစက္ခုပုဂ္ဂိုလ် = မျက်စိနှစ်ဘက်မြင်တဲ့ ပုဂ္ဂိုလ်ပဲ တကယ် ယဉ်ကျေးတဲ့, သိမ်မွေ့တဲ့ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်၊ နောက်ပြီးတော့ တရားကို ကျင့်ကြံ အားထုတ်ပြီး, မျက်မှောက်ပြုပြီးမှပဲ ဗုဒ္ဓဘာသာဝင် အစစ်လို့ ခေါ်နိုင်ပါတယ်၊ ဒီဗုဒ္ဓတရားကို လက်တွေ့ကျင့်တဲ့ ပုဂ္ဂိုလ်များ ရှိနေရင် ဗုဒ္ဓသာသနာဟာ ခိုင်ခိုင်မာမာ အသက်ရှင် တည်တံ့နေပါတယ်၊ ဒီတရားကို ကျင့်တဲ့ပုဂ္ဂိုလ်များ မရှိရင်တော့ ဒီနိုင်ငံမှာ ဗုဒ္ဓသာသနာ ဆုတ်ယုတ်သွားပါလိမ့်မယ်။

ဒါကြောင့် မြန်မာလူမျိုးများအနေနဲ့ လောကီစီးပွားရေးကို ကြိုးစားပြီး ရှာဖွေကြဖို့ လိုအပ်သလို မိမိတို့ရဲ့ အမျိုးဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း မပျောက်ရအောင် ဂရုပြု ထိန်းသိမ်းသွားဖို့ အထူးလိုအပ်ပါတယ်။

မြန်မာနိုင်ငံက တချို့လူတွေက နိုင်ငံခြား ဓလေ့စရိုက်တွေကို အတုယူချင်ကြပါတယ်၊ မြန်မာနိုင်ငံမှာ ရှိတဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်တွေကို တန်ဖိုး မထားတတ်ကြပါဘူး၊ အဲဒါဟာ ဘာနဲ့ တူသလဲဆိုတော့ အနီးအပါးမှာ ရှိတဲ့ အဖိုးတန် ကြာရွက် ကြာပွင့်များကို မစားသုံးပါဘဲ ဟိုတခြားမှာ ရှိတဲ့ တန်ဖိုးမဲ့ မြက်ပင်များကို စားသုံးချင်တဲ့ ဖားသူငယ်လို ဖြစ်နေပါတယ်၊ မြန်မာဒကာ, ဒကာမတို့ဟာ ရတနာသုံးပါးကို ဘယ်တော့အခါမှ လက်မလွှတ် မဆုံးရှုံးကြပါစေနဲ့၊ ကမ္ဘာပေါ်မှာ ရှိတဲ့ တခြား ဘယ်လိုပစ္စည်းမျိုးနဲ့မှ အလဲအလှယ် မပြုလုပ်ကြပါနဲ့။

ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဟာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဦးပဏ္ဍိတရဲ့ လက်သုံးတီထွင်မှုပါပဲ၊ ဒီသင်တန်းဖွင့်တာ နှစ်ပေါင်း ၂၀-ကျော်ကျော် ရှိပါပြီ၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကိုတက်တဲ့ သင်တန်းသား, သင်တန်းသူများဟာ ကံအလွန်ကောင်းပါတယ်၊ သူတို့ဟာ ယဉ်ကျေးသိမ်မွေ့လာကြပါတယ်၊ သူတို့ရဲ့ဘဝအတွက် အလွန်အကျိုးများပါတယ်။

သင်တန်းသား, သင်တန်းသူတွေရဲ့ မိဘတွေလည်းပဲ ကံကောင်းပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဆင်းတဲ့အခါမှာ မိဘတွေဟာ လိမ္မာယဉ်ကျေးတဲ့, စည်းကမ်းရှိတဲ့, အကျင့်ကောင်းတဲ့, အလိုက်သိတဲ့ သားသမီးတွေကို ပြန်ရကြပါတယ်။

နိုင်ငံတော်လဲ ကံကောင်းပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းပါဝင်သူတွေဟာ အများအားဖြင့် တန်ဖိုးကြီးတဲ့ ဥပဒေကို လေးစား လိုက်နာတဲ့ နိုင်ငံသားများ ဖြစ်သွားကြပါလိမ့်မယ်။

နိုင်ငံခြားမှာလဲ U.S.A, Barre မြို့, Jnsight Meditation Society (I. M. S) တရားဌာန, Califonia, San Jose' မြို့ Tathagata Meditation Centre, Nepal, Australia ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ ဆရာတော်ကြီး ဦးစီးပြီး ဖွင့်လှစ်ပါတယ်၊ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းကို နိုင်ငံခြားသားကလေးများနှင့် မိဘများလည်း တော်တော်လေး သဘောကျကြပါတယ်။

မြန်မာနိုင်ငံက အကောင်းဆုံး ထွက်ကုန်ဟာ သတိပဋ္ဌာန် ဝိပဿနာပါပဲ၊ နှစ်ပေါင်းများစွာအတွင်းမှာ နိုင်ငံခြားသား တရားအားထုတ်သူ ယောဂီများဟာ မြန်မာကမ္မဋ္ဌာနာစရိယ အမျိုးမျိုးထံမှ ကမ္မဋ္ဌာန်းတရား အားထုတ်နည်းကို တိုက်ရိုက် သင်ယူသိရှိဖို့ ဒီနိုင်ငံကို ရောက်လာကြပါတယ်။

ကမ္ဘာအနှံ့အပြားမှာ တစ်နှစ်ပြီး တစ်နှစ် ကမ္မဋ္ဌာန်းဌာနအသစ်တွေကို ဖွင့်လှစ်ကြပါပြီ၊ ယခုဆိုရင် နိုင်ငံပေါင်းများစွာမှ လူများစွာတို့ဟာ ဝိပဿနာ ဘာဝနာကို အားထုတ်ကြပါပြီ၊ မြန်မာကမ္မဋ္ဌာနာစရိယ ဆရာတော်တွေကို တရားပြဖို့ ကြွရောက်တော်မူရန် ခဏ ခဏ ပင့်ဆောင်နေကြပါတယ်၊ နိုင်ငံခြားမှာ ဝိပဿနာ အားထုတ်ခြင်းဟာ ပို၍ ပို၍ ကျယ်ကျယ်ပြန့်ပြန့် လက်ခံရတဲ့ အခြေအနေကို ရောက်လာပါတယ်။

တရားကို တွေ့တဲ့ပုဂ္ဂိုလ်များ မြတ်စွာဘုရားကိုလည်း တွေ့ပါတယ်၊ အဲဒါနဲ့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို အပြည့်ပြည့်ဆိုင်ရာအားဖြင့် ပို၍ အနှံ့အပြား ကျယ်ပြန့်သွားပါလိမ့်မယ်။

ဦးဇင်းမှာ အနာဂတ်မှာ ပဋိပတ် လက်တွေ့အားထုတ်ကျင့်ကြံမှုကို ဦးစားပေးပြီးတော့ လိုအပ်သလောက် ပရိယတ်ဆက်လေ့လာပြီး ပရဟိတ အများအကျိုးကိုလည်း ဆောင်ရွက်ပါမယ်လို့ ရည်ရွယ်ချက် ရှိပါတယ်၊ အခု လောလောဆယ် အဲဒီအတိုင်း လုပ်နေပါတယ်။

ဦးဇင်းဟာ မြတ်စွာဘုရားကို မစွန့်လွှတ်တော့ဘူး၊ ဗုဒ္ဓတရားကို မစွန့်လွှတ်တော့ဘူး၊ သံဃာကိုလည်း မစွန့်လွှတ်တော့ဘူး၊ ဒီသင်္ကန်းကိုလည်း မချွတ်တော့ဘူး၊ သာသနာ့ဘောင်မှာပဲဆက်နေပါမယ်။

ထေရဝါဒရဟန်းအနေနဲ့ ဂျာမဏီမှာ ရပ်တည်နေဖို့ အလွန်ခက်ပါတယ်၊ ယခုအထိ ဂျာမဏီကို ပြန်ကြွတဲ့ ဂျာမဏီရဟန်းတော် တော်တော်များများ လူထွက်ကြပါတယ်၊ ဦးဇင်း အဲဒီလိုမျိုး မဖြစ်ချင်ပါဘူး။

ဂျာမဏီမှာ မြတ်စွာဘုရားကို ကိုးကွယ်သူ၊ ဗုဒ္ဓတရားကိုလည်း မြတ်နိုးတန်ဖိုးထားတဲ့ ပုဂ္ဂိုလ် အတော်အတန် ရှိပါတယ်၊ ဒါပေမယ့် သံဃာကို ကြည်ညိုသူ နည်းပါတယ်၊ သံဃာကို မထောက်ပံ့ပါဘူး၊ အားသိပ်မပေးပါဘူး၊ ဝိနည်းကိုလည်း နားမလည်ပါဘူး။

ရဟန်းအနေနဲ့ ဂျာမဏီမှာ ဝိနည်းနှင့်အညီ နေရတာ အလွန်ခက်ပါတယ်၊ ဒါကြောင့် ဂျာမဏီကို အခုလောလောဆယ် ပြန်ကြွဖို့ အစီအစဉ် မရှိပါဘူး၊ အခု အတောအတွင်းမှာ မြန်မာနိုင်ငံမှာပဲ

ဆက်နေဖို့ ရည်ရွယ်ထားပါတယ်၊ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းမှာ တတ်နိုင်သလောက် ကူညီပါမယ်။

မြန်မာနိုင်ငံသူ, နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ ဝိပဿနာတရားများကို အားထုတ်နိုင်ကြ ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားကို ရရှိနိုင်ကြပါစေ သတည်း။

သာဓု, သာဓု, သာဓု

## ပြည်ပယောဂီတို့ ပြောပြသော ကျောက်တန်းရွာနှင့် မဟာဗောဓိတောရကျောင်း

နွေရာသီ ကျောင်းပိတ်ရက်တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် ကျောင်းသားလေးတို့ကို ကိုရင် ဝတ်စေပြီး, ကျောင်းသူလေးတို့ကို သိက္ခာရှင်(သီလရှင်) ဝတ်စေကာ ဗုဒ္ဓယဉ်ကျေးမှုတို့ကို တစ်လကြာ စာတွေ့, လက်တွေ့ သင်ယူစေခဲ့သည်မှာ နှစ်ပေါင်း (၂၀)ကျော်ပင် ရှိခဲ့ပေပြီ၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင်မူ ယခုအကြိမ်သည် (၄)ကြိမ်မြောက် ဖြစ်ပါသည်၊ ယခု (၄)ကြိမ်မြောက် ဖွင့်လှစ် သင်ကြားပေးသည့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင် သင်တန်းသား ဦးရေမှာ (၄၀၀)ကျော်ပင် ရှိခဲ့ပါသည်၊ ဤသင်တန်း တစ်လတာ ကာလအတွင်းတွင် နေရာ မပြည့်စုံသေးသဖြင့် ပြည်ပယောဂီတို့နှင့် နယ်မှ ပြည်တွင်းယောဂီတချို့တို့ကိုသာ လက်ခံနိုင်ခဲ့ပါသည်၊ ဤသင်တန်းတစ်လတာကာလအတွင်း သစ်ပင်အရိပ်ကောင်းပြီး တိတ်ဆိတ်မှုရှိသည့် တောရကျောင်း

တစ်ကျောင်းသို့ သွားရောက်ကာ တရားရှုမှတ်လိုကြကြောင်းကို ပြည်ပယောဂီတို့ထဲမှ အရှင်ဝိဝေကာနန္ဒ (ဂျာမဏီ)၊ အရှင်ဝီရ ပညော (အမေရိက)၊ အရှင်ဓမ္မာဇီဝ (သီရိလင်္ကာ)၊ အရှင်ပညာ လောက (ကိုရီးယား)၊ အရှင်ဉာနာလောက (ကိုရီးယား)၊ အရှင် ဝိနီတ (စင်ကာပူ)နှင့် မစ္စတာလိုတာရှိုင်(လ်)(မ်) (ဂျာမဏီ)တို့က ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်အား လျှောက်ထားကြလေသည်၊ ထိုအခါ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်က ပဲခူးမြို့နယ် ကျောက်တန်းရွာရှိ မဟာဗောဓိ တောရကျောင်းသို့ သွားရောက်အားထုတ်ကြရန် အစီအစဉ်ပြုလုပ် ပေးတော်မူပေသည်၊ ဤကျောက်တန်းရွာရှိ မဟာဗောဓိတောရ ကျောင်းသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် သာမဏေဘဝနှင့် ရဟန်းငယ်ဘဝက ပညာရင်နို့ သောက်စို့ခဲ့ရာ ကျောင်းတော် ဖြစ်ပါသည်၊ ပထမ မဟာဗောဓိတောရဆရာတော် ကြီး (အရှင်ကေလာသ)သည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ ဥပဇ္ဈာယ်ဆရာတော် ဖြစ်ပါသည်။

မဟာဗောဓိတောရကျောင်းသည် သစ်ပင် အရိပ်အာဝါသ လည်း အလွန်ပင် ကောင်းသည်၊ တိတ်ဆိတ်မှုလည်း ရှိသည်၊ ထို့ ကြောင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် ပြည်ပ ယောဂီတို့ စိတ်ကြိုက်ဖြစ်လောက်သော ထိုနေရာကို စီစဉ်ပေး တော်မူသည်၊ ထိုပြည်ပယောဂီ ရဟန်း(၅)ပါး၊ သာမဏေ(၁)ပါး၊ အမျိုးသား(၁)ယောက်တို့ ကျောက်တန်း မဟာဗောဓိတောရ

ကျောင်းသို့ သွားရောက်ကာ (၂၊ ၃၊ ၉၄) မှ (၁၉၊ ၄၊ ၉၄) ထိ ၄၈–ရက်ကြာ သတိပဋ္ဌာန်တရား ရှုမှတ်ပွားများခဲ့ကြပေသည်၊ ၄၈–ရက်ကြာ တရားရှုမှတ်ပြီး၍ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ပြန်မကြွမီ ကျေးဇူးရှင် ကျောက်တန်းရွာ ဒကာ–ဒကာမတို့အား ပြည်ပယောဂီတို့က အသီးသီး နှုတ်ဆက်တရား မိန့်ကြားတော်မူခဲ့ကြပါသည်။

ထိုယောဂီတို့ထဲမှ အမေရိကနိုင်ငံသား အရှင်ဝီရပညောက နှုတ်ဆက်တရား ဤသို့ မိန့်ကြားတော်မူခဲ့ပါသည်။

"ဒီကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းကို မကြွခင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က ဦးဇင်းတို့ကို တရားကို အထူးကြိုးစားပြီး မှတ်ကြဖို့ ဆုံးမလိုက်ပါတယ်၊ နေ့စဉ် နေ့တိုင်း ဆွမ်းခံကြွကြရမယ်၊ ဆွမ်း(နေ့ဆွမ်း) တစ်ထပ်တည်း စားကြရမယ်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် နေကြရမယ်လို့ အမိန့်ရှိလိုက်ပါတယ်၊ ဒီမှာ ရောက်တဲ့အခါကျတော့ အဲဒီလို မဟုတ်ပါဘူး၊ ကျောက်တန်းရွာက ဒကာ, ဒကာမတွေဟာ ဦးဇင်းတို့ကို ဂရုစိုက်ကြပါတယ်၊ ရိုသေလေးစားကြပါတယ်၊ ကောင်းကောင်းမွန်မွန် ဆက်ဆံကြပါတယ်၊ ပြုစုကြပါတယ်၊ အရှင်ဘုရားတို့ လိုအပ်တာရှိရင် အမိန့်ရှိတော်မူကြပါ–ဆိုတဲ့ စကားကို ခဏ ခဏ လျှောက်ထားကြပါတယ်"။

"ဘာဖြစ်လို့ အဲဒီလို အားပေးထောက်ပံ့ကြသလဲ ဆိုရင် အဖြေကတော့ လွယ်ပါတယ်၊ ဦးဇင်းတို့ ဒီဗုဒ္ဓတရားကို ကျင့်

ကြံအားထုတ်ကြလို့ ဒီဒကာ၊ ဒကာမတွေက ဒီလိုအားပေး ထောက်ပံ့ကြတာ ဖြစ်ပါတယ်၊ အဲဒါနဲ့ပတ်သက်လို့ ဆရာတော် တစ်ပါးရဲ့ အဆုံးအမကို ဉီးဇင်း မှတ်မိနေပါတယ်၊ "ရဟန်း ဝိနည်းနဲ့အညီ နေလို့ အနေအထိုင်၊ အပြုအမူ ကောင်းပြီး တရား လည်း အားထုတ်ရင် အဲဒီတရားရဲ့အစွမ်းကြောင့် အစားအသောက် ပြည့်စုံပါတယ်"တဲ့၊ ဒကာ၊ ဒကာမတို့ရဲ့ စိတ်ကောင်း၊ စေတနာ ကောင်းတွေနဲ့ ပြုစုစောင့်ရှောက် ထောက်ပံ့မှုတွေကြောင့် ဉီးဇင်း တို့ တရားအားထုတ်ရတာဟာ တစ်ရက်ထက်တစ်ရက် ပိုပြီး ကောင်းမွန်စွာ တိုးတက်လာပါတယ်"။

"အခက်အခဲတစ်ခုခု ပေါ်လာရင် ကျော်လွှားနိုင်ရန် ကြိုးစား ကြပါတယ်၊ ဆွမ်းခံကြွတဲ့အခါ မောပန်းနေရင် "မောတယ်၊ မော တယ်"လို့ မှတ်ပြီးတော့ ဆက်ကြွပါတယ်၊ နေပူရင် "ပူတယ်၊ ပူ တယ်"လို့ မှတ်ပြီးတော့ ဆက်ကြွပါတယ်၊ ခြင်၊ ကြမ်းပိုး၊ ပုရွက်ဆိတ်တို့ ကိုက်တဲ့အခါမှာ "ကိုက်တယ်၊ ကိုက်တယ်၊ နာတယ်၊ နာတယ်"လို့ မှတ်ပြီး ဆက်မှတ်သွားပါတယ်၊ ကျောက် တန်းရွာက ဒကာ၊ ဒကာမတွေဟာ ရတနာသုံးပါးအပေါ် ရိုသေ ကြည်ညိုကိုင်းရှိုင်းကြတဲ့အတွက် ပြည်ပအဝေးနေရာတွေမှ တရား အားထုတ်ဖို့ ကြွရောက်လာကြတဲ့ ပြည်ပရဟန်း၊ သာမဏေ၊ အမျိုးသားယောဂီတို့ကို စောင့်ရှောက် ထောက်ပံ့ကြပါတယ်"။

"ဉီးဇင်းက ကျောက်တန်းက ဒကာ၊ ဒကာမတွေကို တွေ့လို့ "နေ့စဉ် တရားအချိန်မှန်မှန် မှတ်ဖြစ်ကြသလား၊ တရားစခန်း

ကော တစ်ခါတစ်ရံ ဝင်ကြသလား”လို့ မေးတဲ့အခါ “နေ့စဉ် အချိန်မှန်မှန် စွမ်းနိုင်သမျှ တရားမှတ်ကြပါတယ်၊ တရားစခန်း လည်း ဝင်ကြပါတယ်လို့ ဖြေတဲ့သူတွေကို တွေ့ရလို့ ဦးဇင်းက ချီးကျူးပြီး သာဓုခေါ်ပါတယ်၊ အဲဒီလို မဖြေတဲ့ပုဂ္ဂိုလ်ကို တွေ့ခဲ့ရ ရင် “အမြန်ဆုံး တရားမှတ်ဖြစ်အောင် ကြိုးစားပါ”လို့ တိုက် တွန်းချင်ပါတယ်”။

“ဒကာ, ဒကာမတို့ ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ မွေးဖွားရတာဟာ ဘယ်လောက် ကံကောင်းလဲဆိုတာကို ဒကာ, ဒကာမတို့ စဉ်းစားကြည့်ကြပါ၊ အထင်ရှားဆုံး, အကျော်ကြားဆုံး ဖြစ်တဲ့ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်ကြီးများဟာ မြန်မာနိုင်ငံမှာ ရှိကြပါတယ်၊ ယဉ်ကျေးမှုချင်းလည်း တူ, ဘာသာစကားချင်း လည်း တူတဲ့ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များက ဟောပြောပြသ တဲ့ တရားများကို ဒကာ, ဒကာမတို့က လွယ်ကူစွာ နားလည် သဘောပေါက်ကြပါတယ်၊ ဒီကျောက်တန်းရွာမှာပဲ တရားစခန်း နှစ်တိုင်း ရှိနေတယ်၊ မြင့်မြတ်လှတဲ့ ဗုဒ္ဓတရားတော်ကို ကျင့်ကြံ အားထုတ်ဖို့ အခြေအနေ တော်တော်ပြည့်စုံပါတယ်၊ သတိပဋ္ဌာန် တရားကို ကိုယ်တိုင်အားထုတ်ပြီး တရားသဘောကို ကိုယ်တိုင် မျက်မှောက်ပြုပြီးမှသာ အနှစ်သာရ ပြည့်စုံလုံလောက်တဲ့ ဗုဒ္ဓ သာသနာဝင် ဖြစ်လာပါမယ်”။

“မြတ်စွာဘုရားကို ပူဇော်တဲ့ နည်းတွေထဲမှာ ဒီသတိပဋ္ဌာန် တရား အားထုတ်ပြီး ပူဇော်တဲ့ နည်းဟာ အကောင်းဆုံး ပူဇော်

နည်း ဖြစ်ပါတယ်၊ မြတ်စွာဘုရား ဟောကြားအပ်တဲ့ တရားတော်ကို သိမြင်တဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓမြတ်စွာကို သိမြင်ရသူ မည်ပါတယ်၊ နောက်မကြာခင်မှာ ဦးဇင်းတို့ဟာ ရန်ကုန်မြို့ရှိ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ပြန်ကြွကြရပါတော့မယ်၊ နောက်ရက်အနည်းငယ်, လအနည်းငယ်, နှစ်အနည်းငယ်အတွင်းမှာ ဦးဇင်းတို့ဟာ မြန်မာနိုင်ငံမှ မိမိတို့ နိုင်ငံအသီးသီးသို့ ပြန်လည် ထွက်ခွာကြရပါတော့မယ်၊ ကိုယ့်နိုင်ငံရောက်ကြတဲ့အခါ ကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ သတိပဋ္ဌာန်တရားကို ရဟန်းဘဝနဲ့ လသာတဲ့ညဆိုရင် လရောင်အောက်မှာ စင်္ကြံလျှောက်ပြီး ရှုမှတ်ခဲ့ကြပုံ, လမိုက်တဲ့ညဆိုရင် ကောင်းကင်ပြင်က ကြယ်ပေါင်းများစွာ တောက်ပနေတဲ့ အလင်းရောင်အောက်မှာ စင်္ကြံ လျှောက်ပြီး ရှုမှတ်ခဲ့ကြရပုံများကို မှတ်မိနေကြမှာပါ"။

"နောက်တစ်ခု မှတ်မိနေမှာကတော့ နာရီပေါင်းများစွာ ကျောက်တန်းရွာထဲမှာ ဆွမ်းခံခဲ့ကြပုံ၊ ဆွမ်းခံလမ်းတစ်လျှောက်မှာ ငယ်ရွယ်သူကလေးသူငယ်များဟာ ပြုံးရွှင်တဲ့ မျက်နှာများနဲ့ ရိုသေစွာ ရှိခိုးနေကြပုံ၊ နောက်ပြီးတော့ ဆွမ်းသပိတ်ထဲ ဆွမ်းလောင်းထည့်တဲ့အခါတိုင်း ကြည်ညိုသဒ္ဓါ အပြည့်အဝနဲ့ ဂရုတစိုက် လောင်းလှူတဲ့ ဆရာမကြီးတစ်ဦးရဲ့ မျက်နှာကိုလည်း မှတ်မိနေမှာပါ၊ ကျောက်တန်းရွာထဲ ဆွမ်းခံကြွတဲ့အခါ လွန်ခဲ့တဲ့ (၃၅)နှစ်က ဦးဇင်းကလေးအရွယ်မှာ ဗီယက်နမ်မှာ ရှိတဲ့ ဦးဇင်းအဖိုးရဲ့ ရွာကလေးကို သွားပြီး သတိရပါတယ်၊ ဘာကြောင့်လဲဆိုရင် ဒီရွာအနေအထားနဲ့ တူနေလို့ပါပဲ"။

"ဦးဇင်းဟာ ဒီကျောက်တန်းရွာမှာ ရှိတဲ့ ဓမ္မမိတ်ဆွေအပေါင်းရဲ့ သဒ္ဓါတရား၊ မေတ္တာ၊ ကရုဏာနဲ့ ရက်ရောမှုတို့ကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး၊ နောင်တစ်ချိန်ချိန်မှာ အဆင်သင့်တဲ့အခါ ဓမ္မမိတ်ဆွေအပေါင်းနဲ့ ပြန်လည်တွေ့ဆုံနိုင်ပါစေလို့ ဦးဇင်း ဆုတောင်းပါတယ်"တဲ့။

ဤနှုတ်ဆက်တရား မိန့်ကြားတော်မူသော အရှင်ဝီရပညော သည် သက်တော်(၄၅)နှစ်၊ ဝါတော်(၈)ဝါ ရှိနေပေပြီ၊ သူ၏ဇာတိ နိုင်ငံမှာ ဗီယက်နမ်နိုင်ငံ ဖြစ်ပါသည်၊ သူသည် ပြင်သစ်နိုင်ငံမှာ (၆)နှစ်နေခဲ့ပြီး ပြင်သစ်နိုင်ငံ အောလ်ရောင်းတက္ကသိုလ်မှ ဥပဒေ ဘွဲ့ကို ရရှိခဲ့ပါသည်၊ ပြင်သစ်မှ အမေရိကသို့ ပြောင်းရွှေ့ပြီး အမေရိက၌ နေခဲ့သည်မှာ (၁၃)နှစ်ပင် ရှိခဲ့ပါပြီ၊ သူသည် ဝါရှင်တန်မြို့မှာ ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့ပါသည်၊ သူ သည် အမေရိက၊ လော့စ်အိန်ဂျလိ(စ်)မြို့အနီးတွင် ရှိသည့် ရီဗီ ဆိုက်မြို့ရှိ တရားရိပ်သာကျောင်းတွင် ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ် ပါသည်၊ သူ မြန်မာနိုင်ငံသို့ လာရောက်ပြီး တရားအားထုတ်ခဲ့ သည်မှာ (၂)နှစ်တာ ကာလပင် ရှိခဲ့ပါလေပြီ။

ကိုရီးယားရဟန်းတော်များဖြစ်သည့် အရှင်ပညာလောကနှင့် အရှင်ဉာဏလောကတို့ကမူ ကျောက်တန်းရွာမှ ဒကာ၊ ဒကာမတို့ အား နှုတ်ဆက်တရား ဤသို့ မိန့်ကြားတော်ခဲ့ကြပါသည်။

"ဒီကျောက်တန်းရွာမှ ဒကာ၊ ဒကာမတွေနဲ့ အခုလို တွေ့ဆုံ ခွင့်၊ သိခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း

တင်ပါတယ်၊ ဒီကနေ့ ဒကာ၊ ဒကာမများကို အနည်းငယ် ပြောပြချင်ပါတယ်၊ ဦးဇင်းတို့ဟာ ကိုရီးယားနိုင်ငံက လာပြီးတော့ ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ဗုဒ္ဓရဲ့တရားတွေ သိရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သတိပဋ္ဌာန်တရား အားထုတ်နေကြပါတယ်၊ ဒီလို အားထုတ်နေရင်း ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ရဲ့ စီစဉ်ပေးမှုအရ ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာ မဟာဗောဓိတောရကျောင်းသို့ (၂၊ ၃၊ ၉၄)နေ့က ရောက်လာကြပါတယ်၊ နောက်နေ့ (၃၊ ၃၊ ၉၄) နံနက်မှာ ဆွမ်းခံထွက်ကြပါတယ်၊ ရွာကို လှည့်လည်ပြီးတော့ ဆွမ်းခံကြတယ်ဆိုရင်ပဲ ကျောက်တန်းကျေးရွာရဲ့ သဘာဝနဲ့ ရွာသူရွာသားတွေရဲ့ သွားလာလှုပ်ရှားပုံတွေကို မြင်တွေ့ကြရပါတယ်၊ မြို့ကြီးပြကြီးတွေလို မဟုတ်ဘဲ ကျောက်တန်းရွာလေးဟာ ရှုမျှော်ခင်းတွေ၊ တောရိပ်၊ တောင်ရိပ်တွေ၊ သစ်ပင်အရိပ်တွေနဲ့ အထူး သာယာတာကို တွေ့ကြရပါတယ်”။

“ဦးဇင်းတို့ လာရောက်ပြီး တရားအားထုတ်ရာဌာနဖြစ်တဲ့ ဒီမဟာဗောဓိတောရကျောင်းဆိုရင်လဲ အလွန်တရာ တိတ်ဆိတ်ပြီး တရားရှုမှတ်လို့ကောင်းတဲ့ နေရာတစ်ခုပါပဲ၊ ဒါကြောင့် ဒီလိုနေရာမျိုးကို လာရောက်ပြီး တရားရှုမှတ်ရတာဟာ ဦးဇင်းတို့အဖို့ ကံကောင်းတယ်လို့ ပြောချင်ပါတယ်၊ ဗုဒ္ဓသာသနာဝင်မြန်မာလူမျိုးများ ဖြစ်ကြတဲ့အတိုင်း ယဉ်ကျေးမှုတွေ အပြည့်အဝရှိကြတာကို တွေ့ရပါတယ်၊ ကလေးတွေဆိုရင် ရဟန်းတော်များကြွလာတာ မြင်တာနဲ့ ထိုင်ပြီး ရှိခိုးကြပါတယ်၊ အရိုအသေပေးကြ

ပါတယ်၊ အင်မတန် ယဉ်ကျေးသိမ်မွေ့ကြတယ်လို့ ပြောချင်ပါတယ်၊ ဒါတွေဟာ မိဘ, ဆရာသမားတွေ ကောင်းလို့ ကလေးတွေ ကောင်းတယ်ဆိုရင် မမှားပါဘူး"။

"ဒီမှာ တရားအားထုတ်နေကြတဲ့ အတောအတွင်း ဒကာ, ဒကာမတွေအားလုံး စိတ်ကောင်း, စေတနာကောင်းတွေ မွေးပြီးတော့ ဖြူစင်မွန်မြတ်တဲ့ သဒ္ဓါတရားနဲ့ လှူဒါန်းကြတယ်၊ ဝေယျာဝစ္စ ဆောင်ရွက်ပေးတဲ့ ဒေါ်ဉာဏသိင်္ဂီနဲ့ ဒကာ, ဒကာမတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒီလို ဆွမ်းဘောဇဉ်အာဟာရတွေ, နေရာထိုင်ခင်းတွေ ပြည့်စုံအောင် ကျေးဇူးပြုကြတဲ့ ပုဂ္ဂိုလ်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေလို့ မေတ္တာပို့ပေးနေပါတယ်။"

"ပြောချင်တာ တစ်ခု ရှိပါတယ်၊ လူ့ဘဝမှာ ဆင်းရဲတဲ့လူ၊ ချမ်းသာတဲ့လူလို့ လူ(၂)မျိုး(၂)စား ရှိပါတယ်၊ ဆင်းရဲတဲ့ လူတွေက ချမ်းသာချင်ကြတယ်၊ ကျေးလက်တောရွာမှာ နေထိုင်ရတဲ့ လူတွေကလည်း မြို့ကြီးပြကြီးတွေကို သွားပြီး နေချင်ကြတယ်၊ ချမ်းသာချင်ကြတယ်၊ ဒါဟာ ပုထုဇဉ်လူသားတွေမှာ ဖြစ်တတ်တဲ့ သဘာဝလေးတွေပါပဲ၊ တကယ်တော့ မြို့ကြီးပြကြီးတွေမှာ စည်းစိမ်ဥစ္စာတွေနဲ့ ပေါကြွယ်ဝနေကြပေမယ့် ချမ်းသာစစ်, ချမ်းသာမှန်ကို မရနိုင်ကြပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီချမ်းသာတဲ့လူတွေကလည်း ပိုပြီး ချမ်းသာချင်ကြတယ်၊ လောဘ, ဒေါသ, မောဟတရားတွေက အဲဒီပုဂ္ဂိုလ်တွေကို အမြဲတမ်း လွှမ်းမိုးနေ

တယ်၊ ဒါ့ကြောင့်ပါပဲ၊ ဒီတော့ ချမ်းသာစစ်၊ ချမ်းသာမှန်ကို လိုချင်ရင် မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို မိမိတို့ရဲ့ အသဲနှလုံးထဲမှာ စွဲမြဲနေအောင် ပွားများနေကြရမယ်၊ အောက်ထစ်ဆုံးအားဖြင့် သရဏဂုံတည်အောင် ကြိုးစားကြရမယ်၊ ဒီထက် တစ်ဆင့် တက်ပြီး သတိပဋ္ဌာန်တရားတွေ အားထုတ်ကြရမယ်။"

"နောက်ဆုံး ပြောချင်တာကတော့ ဦးဇင်းတို့ဟာ မြန်မာနိုင်ငံမှ မကြာခင် ထွက်ခွာကြရပါတော့မယ်၊ မိခင်နိုင်ငံဖြစ်တဲ့ ကိုရီးယားကို ရောက်သွားရင်လဲ ဒီကျောက်တန်းက ကျေးဇူးရှင် ဒကာ၊ ဒကာမတွေကို အမြဲသတိရနေပါလိမ့်မယ်၊ ကံကောင်းလို့ အခွင့်အခါ သင့်တဲ့အခါ မြန်မာနိုင်ငံကို ပြန်ရောက်ခဲ့ရင် ဒီကျောက်တန်းရွာကို လာဖြစ်အောင် ကြိုးစားပါမယ်၊ ဒကာ၊ ဒကာမတွေအားလုံး ကြီးပွားချမ်းသာကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါတယ်"တဲ့။

ဤသို့ နှုတ်ဆက်တရား မိန့်ကြားသွားကြသော ကိုရီးယားရဟန်းတော်(၂)ပါးတို့တွင် အရှင်ပညာလောကသည် အသက်အားဖြင့်(၄၀)၊ မဟာယာနဘုန်းတော်ကြီး ဝါအားဖြင့် ဝါ(၂၀) ရှိခဲ့ပါပြီ၊ ထေရဝါဒဘုန်းတော်ကြီး ဝါအားဖြင့် (၁)ဝါသာ ရှိပါသေးသည်၊ အရှင်ပညာလောကသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် ထေရဝါဒရဟန်းတော်အဖြစ်သို့ တက်ရောက်ခဲ့ပါသည်၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ရှိသည့် ဆိုးလ် ဗုဒ္ဓ

ဘာသာတက္ကသိုလ်တွင် မဟာယာနဗုဒ္ဓဘာသာနှင့် ထေရဝါဒဗုဒ္ဓဘာသာကို နှိုင်းယှဉ်လေ့လာကြည့်ရှုခြင်းဆိုသည့် ဘာသာရပ်ဖြင့် ဘီအေဘွဲ့ကို ရရှိခဲ့ပါသည်၊ ဘီအေ အောင်ပြီးသောအခါ တောင်ဒွိ ရှိသည့် ဘုန်းကြီးကျောင်းတွင် ပရိယတ္တိစာပေများကို (၃)နှစ် ပို့ချပေးခဲ့ပါသည်။

လိုအပ်သော ဗဟုသုတ မပြည့်စုံသေးသည့်အတွက် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ပါဠိတက္ကသိုလ်တွင် ထေရဝါဒဗုဒ္ဓဘာသာကို (၃)နှစ်ဆက်ပြီး လေ့လာခဲ့ပါသည်၊ ထို့နောက် အိန္ဒိယနိုင်ငံ ပူးနားမြို့ရှိ တက္ကသိုလ်တွင် ပါဠိဘာသာနှင့် သက္ကတဘာသာကို ဆက်လက်လေ့လာခဲ့ပါသည်၊ အရှင်ပညာလောကသည် မြန်မာနိုင်ငံသို့ ၁၉၉၃–ခုနှစ် ဇွန်လက ရောက်လာပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်တရားများ ပွားများ အားထုတ်ခဲ့ပါသည်။

နောက် ကိုရီးယားရဟန်းတော်ဖြစ်သည့် အရှင်ဉာနလောကသည် အသက်(၄၄)နှစ် ရှိပါပြီ၊ ၁၉၉၃–ခု၊ ဖေဖော်ဝါရီလက ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်၊ ယခု ရဟန်းဝါ (၁)ဝါ ရသွားပါပြီ၊ သူသည် ကိုရီးယားနိုင်ငံတွင် ကြွေဖြင့် ပုံတူပြုလုပ်သည့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ပြီး ရောင်းချသည့်အလုပ်ဖြင့် အသက်မွေးခဲ့သည်မှာ (၁၅) နှစ်လောက် ကြာခဲ့ပေပြီ၊ ကိုရီးယားနိုင်ငံတွင် ရှိသည့် အနုပညာ

တက္ကသိုလ်တွင် ဒဿနိကဗေဒဘာသာရပ်ဖြင့် အမ်အေ အောင်ခဲ့ ပါသည်၊ နောက်ပိုင်းတွင် ဂရက်ဒီကျူ ဆက်တက်ခဲ့ပါသည်။

ကိုရီးယားနိုင်ငံတွင် သူ၏ဇနီးနှင့် အသက်(၁၄)နှစ် အရွယ်ရှိ သူ၏သားတစ်ယောက် ကျန်ရစ်ခဲ့ပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် အစာအိမ်ရောဂါ ဖြစ်လာသဖြင့် သေလုမတတ် ဝေဒနာခံစားခဲ့ရသည်၊ သွေးတွေလည်း အန်ခဲ့ရသည်၊ ထို့ကြောင့် ရန်ကုန်တွင် တစ်ပတ်လောက် ဆေးကုသပြီး နည်းနည်းသက်သာသွားသည့်အခါ ကိုရီးယားသို့ ပြန်သွားခဲ့ပါသည်၊ ကိုရီးယားမှာ ဆေးဆက်လက်ကုသသောအခါ ပျောက်ကင်းသွားပါသည်၊ ရောဂါဝေဒနာ ခံစားရသည့်အတွက် စိတ်ပျက်ပြီး လူထွက်ဖို့ စိတ်ကူး မပေါ်မိခဲ့ပါ၊ ရဟန်းဝတ်ဖြင့် ဆက်ပြီး တရားအားထုတ်မည်ဟု ဇနီးကို ပြောပြသည့်အခါ ဇနီးသည်ကလည်း ခွင့်ပြုခဲ့ပါသည်၊ ဇနီးကလည်း သီလရှင်ဝတ်မည်ဟု ပြောပါသည်၊ သားက (၅)တန်း ရောက်နေပါပြီ၊ တက္ကသိုလ်တက်ပြီး နောက်ပိုင်းတွင် သားလည်း ရဟန်းဝတ်မည်ဟု ပြောပါသည်၊ အတုယူထိုက်သည့် မိသားစု ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံသားဖြစ်သည့် အရှင်ဓမ္မာဇီဝသည် ကျောက်တန်းရွာမှ ဒကာ, ဒကာမတို့အား နှုတ်ဆက်တရား ဤသို့ မိန့်ကြားတော်မူခဲ့ပါသည်။

"ဦးဇင်းဟာ မြန်မာနိုင်ငံမှာ ယခုအချိန်အထိ (၁၃)လသာ သီတင်းသုံးခဲ့ပါသေးတယ်၊ ပထမ (၂)လအတွင်းမှာ ဘုရားများ လှည့်လည်ဖူးပါတယ်၊ အဲဒီကနောက် ရန်ကုန်မြို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ (၁၀)လ တရား အားထုတ်ခဲ့ပါတယ်၊ ယခု ဒီကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ (၁)လကျော် ကြာ အားထုတ်ခဲ့ပါတယ်၊ ဒီကျောက်တန်းရွာဟာ ဦးဇင်းရဲ့ သီရိလင်္ကာမှာ ရှိတဲ့ ဇာတိရွာလေးနဲ့ တော်တော်တူပါတယ်၊ မဟာ ဗောဓိတောရကျောင်းကလည်း ဦးဇင်းရဲ့ဇာတိရွာက ကျောင်းနဲ့ လည်း တော်တော်တူပါတယ်၊ ရွာကရော ကျောင်းကပါ တော် တော် တူနေတာက တစ်ကြောင်း၊ ဒကာ၊ ဒကာမတို့က အလွန်ပဲ ဧည့်ဝတ်ကျေပွန်တာက တစ်ကြောင်းတို့ကြောင့် ဒီမှာ နေရတာ ကိုယ့်ရပ်၊ ကိုယ့်ကျောင်းမှာ နေရသလိုပဲ ခံစားရပါတယ်၊ ရင်းနှီး တဲ့ ဆွေမျိုးမိတ်ဆွေတွေနဲ့ အတူနေရသလိုလဲ ခံစားရပါတယ်။"

"ဒီကို ရောက်ပြီး ရက်အနည်းငယ်အတွင်းမှာ ဦးဇင်းတို့ဟာ နာမည်ကြီးတဲ့ ရွှေဥမင်ဆရာတော်ကြီးနဲ့ မဟာဗောဓိတောရ ဆရာတော်ကြီးတို့ကို ဖူးတွေ့ခွင့်ရခဲ့ပါတယ်၊ ဆရာတော်ကြီး (၂) ပါးကို ဖူးတွေ့ရတဲ့အခါ ဦးဇင်းတို့ အလွန်ပဲ ဝမ်းသာကြရပါ တယ်။"

"ရွှေဥမင်ဆရာတော်ကြီးက ဦးဇင်းတို့ကို မေးခွန်းတစ်ခု မေးပါတယ်။

ယခုလို ဒီကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းမှာ အတူတကွ လာရောက်ပြီး တရားအားထုတ်ကာ ဆုံဆည်းကြရတာဟာ ဘယ်အကြောင်းကြောင့်ပါလဲလို့ မေးပါတယ်။

ဒီကျောင်းမှာ ဓမ္မမိတ်ဆွေတွေအနေနဲ့ လာရောက်ပြီး အားရဝမ်းသာစွာ ဆုံဆည်းကြရတာဟာ ရှေးဘဝက အတူတကွ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကြောင့်ပဲ ဖြစ်ပါတယ်လို့ ဖြေတဲ့အခါ "ဒီအဖြေ မှန်တယ်"လို့ ရွှေဥမင်ဆရာတော်ကြီးက ပြောပါတယ်။

ဒကာ၊ ဒကာမ၊ ဝေယျာဝစ္စကျောင်းသား၊ ကပ္ပိယကာရကတို့နဲ့ တွေ့ဆုံရတဲ့အခါမှာလဲ အားရဝမ်းသာ ဖြစ်ရပါတယ်၊ **ဆွေမျိုးအရင်းအခြာတွေ** မဟုတ်ပေမယ့် တရားနဲ့စပ်တော်တဲ့ ဓမ္မ**ဆွေမျိုးများ** ဖြစ်နေကြပါတယ်၊ ဒီပျော်ရွှင်ချမ်းမြေ့ရတာတွေဟာ **တစ်ခဏတာသာ** ဖြစ်ပါတယ်၊ ကြာရှည်စွာ ပျော်ရွှင်ချမ်းမြေ့**နိုင်ဖို့ရာကတော့** သတိပဋ္ဌာန်တရားကို ခပ်များများ အားထုတ်**ကြရပါမယ်။"**

"**ဒီသတိပဋ္ဌာန်**တရားကို မည်သူမဆို အားထုတ်သင့်ကြပါတယ်၊ တရားအားထုတ်ဖို့ ကောင်းတဲ့ နေရာတွေထဲမှာ ဒီကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းဟာ တစ်ကျောင်းအပါအဝင် ဖြစ်တယ်လို့ ဦးဇင်း ပြောချင်ပါတယ်၊ တရားအားမထုတ်ရသေးတဲ့ ဒကာ၊ ဒကာမအပေါင်းတို့ဟာ ယခုအချိန်က စပြီး သတိပဋ္ဌာန်တရားကို အားထုတ်ဖို့ ကောင်းပါပြီ၊ ယခု

တရားအားထုတ်ဆဲ ဒကာ၊ ဒကာမအပေါင်းတို့ဟာ တစ်မင်္ဂ၊ တစ်ဖိုလ် ရအောင် ရှေ့သို့ တိုးတက်ပြီး အားထုတ်ကြပါ၊ ဒါမှသာ စိတ်ချမ်းသာမှုကို ပိုမို ခံစားလာရမှာ ဖြစ်ပါတယ်၊ မိမိကိုယ်တိုင် စိတ်ချမ်းသာမှု ရရှိမှသာ သူတစ်ပါးကိုလည်း စိတ်ချမ်းသာရာ ချမ်းသာကြောင်း နည်းလမ်းတွေကို ပေးနိုင်မှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီမှာ နိုင်ငံခြားသားယောဂီများဟာ အလွန်အကဲ ကြိုးစားအားထုတ်နေကြခြင်း ဖြစ်ပါတယ်"။

"ဦးဇင်းတို့ကို အဖက်ဖက်မှ လိုလေသေး မရှိအောင် ပြုစုစောင့်ရှောက်ပေးကြတဲ့အတွက် ဒကာ၊ဒကာမအပေါင်းတွေ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုနဲ့ ပြည့်စုံနိုင်ကြပါစေ"တဲ့။

ဤသို့ နှုတ်ဆက်တရား မိန့်ကြားသွားသည့် သီရိလင်္ကာ ရဟန်းတော် အရှင်ဓမ္မာဇီဝသည် သက်တော် (၄၂)နှစ် ရှိပါပြီ၊ ကိုရင်ဝတ်ဖြင့် (၂)ဝါ ရပြီး ရဟန်းဝတ်ဖြင့် (၄)ဝါ ရရှိခဲ့ပါပြီ၊ အရှင်ဓမ္မာဇီဝသည် သီရိလင်္ကာနိုင်ငံ ကင်တီးမြို့ တက္ကသိုလ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ကို ရရှိခဲ့ပါသည်၊ သီရိလင်္ကာနိုင်ငံသားတို့သည် များသောအားဖြင့် ဘာသာပေါင်းများစွာ ပြောတတ်ကြပါသည်၊ အရှင်ဓမ္မာဇီဝသည် သီရိလင်္ကာနိုင်ငံ မစ်ထရိကာ(လ်)တောရကျောင်း၊ မီတိရိဂါလညာနရာမမဟာထေရ်ထံတွင် ပရိယတ္တိစာပေများကို လေ့လာလိုက်စားခဲ့ပါသည်။

ဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒကမူ ကျောက်တန်းရွာ ဒကာ၊ ဒကာမတို့အား နှုတ်ဆက်တရား ဤသို့ မိန့်ကြားတော်မူခဲ့ပါသည်။

"ဒီမဟာဗောဓိတောရကျောင်းကို တည်ထောင်တော်မူခဲ့တဲ့ ဦးကေလာသ ဆရာတော်ကြီးကို အမှူးထားပြီး ယခု လက်ရှိ ကျေးဇူးတော်ရှင် မဟာဗောဓိတောရဆရာတော်၊ ပြည်တွင်း၊ ပြည်ပတပည့်များကို မွေးထုတ်နေတဲ့ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်၊ ဒီမှာ အမြဲ သီတင်းသုံးတော်မူကြတဲ့ သံဃာတော်အရှင်မြတ်များ၊ ဝေယျာဝစ္စဆောင်ရွက်ပေးတဲ့ ဆရာလေးဒေါ်ဉာနသီဂီနဲ့ လူအဖွဲ့ဝင်များ၊ ဆွမ်း ဒကာ၊ ဒကာမများ၊ ကျောင်းသားများနဲ့ ယခု တရားနာရန် ကြွရောက်လာကြတဲ့ တရားနာပရိသတ်တွေကို ဦးဇင်းတို့က ကျေးဇူးတင်၍ မဆုံးပါဘူး၊ တရားနာပရိသတ်တွေဟာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ သတိပဋ္ဌာန်တရား ပွားများအားထုတ်ကြပြီး ယခုဘဝမှာပင် အနည်းဆုံး တစ်မဂ်တစ်ဖိုလ် ရနိုင်ကြပါစေ"တဲ့။

ဤဂျာမန်ရဟန်းတော် အရှင်ဝိဝေကာနန္ဒသည် သက်တော်အားဖြင့်(၃၇)၊ ဝါတော်အားဖြင့်(၄)ဝါ ရခဲ့ပါပြီ၊ သူသည် လူဝတ်ကြောင်ဘဝတုန်းက ဂျာမန်သင်္ဘောကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်ခဲ့ပါသည်၊ ထို့နောက် တက္ကသိုလ်တက်ခဲ့ပါသည်၊ Business Administration ဘွဲ့ကို ရရှိခဲ့ပါသည်၊ ဤအရှင်ဝိဝေကာနန္ဒကို မြန်မာ့ရပ်မြင်သံကြားပရိသတ်တို့ အသိများကြပါသည်၊ မြန်မာ့

ရုပ်မြင်သံကြား၏ "ခေမာသောင်ကမ်း နိဗ္ဗာန်နန်း" အစီအစဉ်မှ အရှင်ဝိဝေကာနန္ဒ၏ မြန်မာလို ပြောကြားသည့် စကားတို့ထဲမှ "ဒီမြန်မာနိုင်ငံမှာ တရားရိပ်သာတွေ များစွာ ရှိပါတယ်၊ အဲဒီလို တရားရိပ်သာတွေ များစွာ ရှိနေပါလျက်သားနဲ့ တရားအားမထုတ်ရသေးတဲ့ သူတွေကိုတော့ သနားပါတယ်" ဟူသော စကားလေးသည် မြန်မာ့ရုပ်မြင်သံကြားပရိသတ်တို့ နှလုံးသားထဲတွင် စွဲကျန်နေလေသည်၊ အရှင်ဝိဝေကာနန္ဒနှင့် တွေ့ဆုံမိကြသူတိုင်း ထိုစကားလေးကို အလွန်အကဲ သဘောကျနှစ်ခြိုက်ကြောင်း လျှောက်ထားကြသံကို စာရေးသူကိုယ်တိုင် အကြိမ်ပေါင်းများစွာ ကြားခဲ့ရပါလေပြီ။။

ထိုပြည်ပယောဂီတို့ထဲတွင် ကိုရင်တစ်ပါး ပါဝင်ခဲ့ရာ ထိုကိုရင်ဘွဲ့မှာ ရှင်ဝိနီတ ဖြစ်ပါသည်။

ကိုရင်ရှင်ဝိနီတသည် စင်ကာပူနိုင်ငံသား ဖြစ်ပါသည်၊ အသက်(၄၀) ရှိပါပြီ၊ သီရိလင်္ကာသို့ သွားခဲ့ပြီး စီယမ်ဂိုဏ်းမှာ ကိုရင် ဝတ်ခဲ့ပါသည်၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် (၆)လ သီတင်းသုံးခဲ့ပြီး ပါဠိဘာသာကို သင်ယူခဲ့ပါသည်၊ သီရိလင်္ကာမှ စင်ကာပူသို့ ပြန်ကြွသွားသည့်အခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး၏တပည့် အရှင်ရာဇိန္ဒနှင့် တွေ့ခဲ့သဖြင့် အရှင်ရာဇိန္ဒက ရှင်ဝိနီတကို မလေးရှားကမ္မဋ္ဌာန်းဌာနသို့ ဝါဆိုဖို့ ပို့ပေးခဲ့ပါသည်၊ မလေးရှားကမ္မဋ္ဌာန်းဌာန၌ ဝါဆိုပြီး ၁၉၉၃-ခု

ဒီဇင်ဘာလတွင် ရန်ကုန်မြို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ရောက်ရှိကာ ဆက်လက် တရားအားထုတ်ခဲ့ပါသည်။

ရှင်ဝိနီတသည် စင်ကာပူနိုင်ငံတွင် လူဝတ်ကြောင်ဘဝဖြင့် နေစဉ်က မိခင်ကြီးနှင့်အတူ နေထိုင်ကာ မိသားစုပိုင် ရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်၊ ထိုသို့ လုပ်ကိုင်နေစဉ်မှာပင် မိခင်ကြီးသည် ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ပါသည်၊ မိခင်ကြီး သေဆုံးသွားသည့်အခါ ကုမ္ပဏီကို ပိတ်ခဲ့ပါသည်၊ မိခင်ကြီး၏ ရောဂါ ခံစားရပုံကို ကြည့်ပြီး သံဝေဂရကာ ၁၉၉၂-ခုနှစ်တွင် ကိုရင်ဝတ်ခဲ့ပါသည်၊ ကိုရင်ဝတ်ဖြင့် တရားရှုမှတ်ကာ မိခင်ကြီးကို ကျေးဇူးဆပ်ပေးသည့် အနေအားဖြင့် အမျှပေးဝေလျက် ရှိပါသည်။

ကိုရင် ရှင်ဝိနီတက နှုတ်ဆက်တရား မဟောကြားသော်လည်း ဂျာမန်အမျိုးသားယောဂီ မစ္စတာလိုတာရှိုင်(လ်)(မ်)ကမူ နှုတ်ဆက်တရား ဤသို့ ပြောကြားသွားပါသည်။

"ကျွန်တော် ဒီနေ့ ပရိသတ်ကို နှုတ်ဆက်တဲ့အနေနဲ့ ဒဏ္ဍာရီပုံပြင်လေးတစ်ခု ပြောချင်ပါတယ်၊ အဲဒီပုံပြင်လေးက ခရစ်ယာန်ပုံပြင်လေးတစ်ခု ဖြစ်ပါတယ်၊ ရှေးဦးစွာ ခရစ်ယာန်တို့ရဲ့ အယူအဆကို ပြောပြပါ့မယ်၊ လောကမှာ လူ့ဘုံ, ငရဲဘုံ, ကောင်းကင်ဘုံလို့ ဘုံ(၃)ဘုံ ရှိပါတယ်၊ ငရဲဘုံဟာ ဒုက္ခအမျိုးမျိုးကို ခံစားနေရတဲ့ဘုံ ဖြစ်ပါတယ်၊ ကောင်းကင်ဘုံကတော့ ချမ်းသာသုခကို

အပြည့်အဝ ခံစားစံစားရတဲ့ဘုံ ဖြစ်တယ်လို့ ယူဆကြပါတယ်၊ လူတစ်ယောက် သေသွားရင် ငရဲဘုံ၊ သို့မဟုတ် ကောင်းကင်ဘုံ တစ်ခုခုကို သွားရမှာ ဖြစ်ပါတယ်”။

“အဲဒီပုံပြင်လေးက အကျင့်သီလကောင်းနဲ့ အမြဲကောင်းစွာ ပြုမူနေထိုင်တဲ့ လူတစ်ယောက်ဟာ သေဆုံးသွားတယ်၊ အဲဒီလူ ဟာ စိန့်ပီတာလို့ခေါ်တဲ့ သူတော်စင်ထံ ရောက်သွားပါတယ်၊ အဲဒီသူတော်စင်ဟာ ငရဲဘုံသွားတဲ့ လမ်းက တံခါးကိုရော ကောင်းကင်ဘုံသွားတဲ့ လမ်းက တံခါးကိုပါ စောင့်ရတဲ့ တံခါးမှူး ဖြစ်ပါတယ်၊ အဲဒီသေသွားတဲ့ သူကို သူတော်စင်က ပြောတယ်၊ “သင်ဟာ လူ့ဘဝတုန်းက သူတစ်ပါးအသက်ကို ဘယ်တော့မှ မသတ်ခဲ့ဘူး၊ မမှန်တဲ့ စကားလည်း ဘယ်တော့မှ မပြောခဲ့ဘူး၊ မကောင်းတဲ့ အပြုအမူလည်း ဘယ်တော့မှ မပြုလုပ်ခဲ့ဘူး၊ ဒါကြောင့် ငရဲဘုံသွားတဲ့ လမ်းနဲ့ ကောင်းကင်ဘုံသွားတဲ့ လမ်းထဲ က ကြိုက်ရာလမ်းကို သင် ရွေးချယ်နိုင်တယ်”တဲ့။

“ပထမဆုံး ငရဲဘုံကို ပြမယ်လို့ ပြောပြီး ငရဲဘုံသွားတဲ့ တံခါးကို ဖွင့်ပေးလိုက်တယ်၊ အခန်းကြီးတစ်ခန်းထဲမှာ စားပွဲ၊ ကုလားထိုင် အပြည့်အစုံ ခင်းထားပြီး စားပွဲပေါ်မှာ ကောင်းမြတ် တဲ့ စားဖွယ်သောက်ဖွယ်တွေ တင်ထားတယ်၊ ခဏကြာတော့ ငရဲဘုံသားတွေ ရောက်လာကြတယ်၊ သူတို့ရဲ့ လက်တွေမှာ ဇွန်း၊ ခက်ရင်း အရှည်ကြီးတွေ တပ်ဆင်ပြီးသား ဖြစ်နေတယ်၊ သူတို့

ဟာ စားပွဲဝိုင်းမှာ ထိုင်ပြီး စိတ်ပျက်နေကြတယ်၊ ဘာဖြစ်လို့လဲဆို တော့ ဇွန်း၊ ခက်ရင်းတွေဟာ ရှည်လွန်းလို့ ပန်းကန်ထဲက စား ဖွယ်သောက်ဖွယ်တွေကို သူတို့ မခပ်ယူနိုင်ကြဘူး၊ သူတို့ပါးစပ် ထဲ သွင်းယူမရလို့ ကောင်းမွန်တဲ့ အစားအစာတွေကို မစားနိုင် ဘဲ ဒုက္ခခံစားနေကြရရှာတယ်။"

"လူသားကို သူတော်စင်က ပြောပြန်တယ်၊ အသင် ငရဲဘုံ ကို မြင်ပြီးပြီ၊ ယခု ကောင်းကင်ဘုံကို သွားကြည့်မယ်ဆိုပြီး ကောင်းကင်ဘုံသွားတဲ့ တံခါးကို ဖွင့်ပြလိုက်တယ်၊ ငရဲဘုံတုန်း ကလိုပဲ အခန်းကြီးတစ်ခန်းထဲမှာ စားပွဲ၊ ကုလားထိုင် အပြည့်အစုံ ခင်းထားပြီး စားပွဲပေါ်မှာ မွန်မြတ်တဲ့ စားသောက်ဖွယ်ရာ မျိုးစုံ တွေ ပြင်ဆင်ထားတယ်၊ ခဏကြာတော့ ကောင်းကင်ဘုံသားတွေ ရောက်လာကြတယ်၊ အဲဒီဘုံသားတွေဟာလည်း သူတို့ရဲ့ လက် တွေမှာ ဇွန်း၊ ခက်ရင်းတွေ တပ်ဆင်ပြီးသား ဖြစ်နေတယ်၊ ဇွန်း၊ ခက်ရင်းတွေက အလွန်အကဲပဲ ရှည်တယ်၊ အဲဒါကို လူသားက တွေ့တော့ သူတော်စင်ကို ပြောတယ်၊ "ကောင်းကင်ဘုံသားတွေ ကလည်း ငရဲဘုံသားတွေလိုပဲ"တဲ့။

"အဲဒီအခါ သူတော်စင်က ခဏ စောင့်ကြည့်ပါဦးလို့ ပြော လို့ စောင့်ကြည့်တဲ့အခါ မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ ကောင်း ကင်ဘုံသားတွေဟာ အချင်းချင်း ပြုံးရွှင်လာကြတယ်၊ သူတို့ရှေ့ မှာ ရှိတဲ့ ကောင်းမွန်လှတဲ့ အစားအစာများကို ယူပြီး သူတို့ရှေ့မှာ

ရှိတဲ့ သူများကို အချင်းချင်း အပြန်အလှန် ကျွေးမွေးကြတယ်၊ အစားအစာတွေရဲ့ ကောင်းမြတ်တဲ့ အရသာတွေကို သိရှိကြပြီး ကောင်းမွန်စွာ စားသုံးကြကာ ပျော်ရွှင်နေကြတယ်တဲ့၊ အဲဒီ ပုံပြင်လေးကို နှစ်သက်သဘောကျကြမှာပဲလို့ ကျွန်တော် ယူဆပါတယ်။”

“ပြည်ပရဟန်းတော်များနဲ့ ကျွန်တော်တို့ ဒီကျောက်တန်းရွာ မဟာဗောဓိတောရကျောင်းကို ရောက်တဲ့နေက စပြီး ယနေ့အထိ ဒကာ, ဒကာမအပေါင်းတို့က ကျွန်တော်တို့ကို သဒ္ဓါကြည်ဖြူစွာ ကျွေးမွေးပြီး အဖက်ဖက်မှ လိုလေသေးမရှိအောင် ကြည့်ရှုစောင့်ရှောက်ကြတာဟာ ပုံပြင်ထဲကအတိုင်း ကောင်းကင်ဘုံမှာ နေရပြီး စားကောင်းသောက်ဖွယ်များကို စားသောက်နေရသလိုပါပဲလို့ ကျွန်တော် ထင်ပါတယ်၊ ဒီမှာ ကျွေးမွေးတဲ့ အစားအသောက်များဟာ ရန်ကုန်မြို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ကျွေးမွေးတဲ့ အစားအစာကို မီပါတယ်၊ တစ်ခါတစ်ရံ သာတဲ့အခါ သာပါတယ်၊ ဒါ့ကြောင့် ပြည်ပရဟန်းတော်များနဲ့ ကျွန်တော်တို့ကို ကျွေးမွေး စောင့်ရှောက်ကြတဲ့ ဒါယကာ, ဒါယိကာမတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်”။

“အခုလို ပြုစုစောင့်ရှောက်ကြတဲ့အတွက် ဒကာ, ဒကာမ အပေါင်း ကုသိုလ်များများ ရနိုင်ကြပါစေ၊ စိတ်ချမ်းသာမှု, ကိုယ်ချမ်းသာမှု များများ ရရှိနိုင်ကြပြီး တရားဓမ္မများကို ကြိုးစားပွား

များ အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်” တဲ့။

ဤသို့ နှုတ်ဆက်စကား ပြောကြားသွားသော ဂျာမန် အမျိုးသားယောဂီ မစ္စတာလိုတာရှိုင်လ်မ်သည် အသက်(၃၆) ရှိပါပြီ၊ ဂျာမနီနိုင်ငံ ကောလိပ်တွင် ကိုယ်အင်္ဂါချို့တဲ့သူ၊ ဦးနှောက် မကောင်းသူများကို ပြုစုစောင့်ရှောက်တဲ့ ပညာရပ်ကို (၄)နှစ် သင်ယူခဲ့ပြီး အစိုးရ လခစားဘဝဖြင့် (၄)နှစ် အလုပ်လုပ်ခဲ့ပါသည်၊ နောက်ပိုင်းတွင် ဘာလင်မြို့သို့ ပြောင်းရွှေ့ပြီး တက္ကသိုလ် မောင်းသည့်အလုပ်ကို ညဘက်မှာ လုပ်ကာ နေ့ဘက်မှာ လူမှုရေး သိပ္ပံပညာ၊ လူမျိုးရေးဘာသာရပ်၊ ဘာသာရေးပညာရပ်များကို တက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့ပါသည်၊ ထို့နောက် လက်သမားအလုပ်ဖြင့် (၅)နှစ် ဆက်တိုက်လုပ်ခဲ့ပါသည်။

သူသည် လွန်ခဲ့သည့် (၈)နှစ်အတွင်းတွင် အမေရိက၊ ဥရောပ၊ စပိန်စသော နိုင်ငံပေါင်းများစွာသို့ ရောက်ခဲ့ပေသည်၊ လက်သမားဘဝဖြင့် အလုပ်လုပ်နေစဉ် လူပုဂ္ဂိုလ်ကမ္မဋ္ဌာန်းဆရာတို့ ပြသပေးသည့် တရားစခန်းတို့တွင် အချိန်များများ ဝင်ရောက် တရားရှုမှတ်ခဲ့လေသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့်မူ အမေရိကတရားစခန်းတွင် တွေ့ရှိခဲ့ပါသည်၊ ထို အချိန်မှစ၍ ပြည်ပတရားစခန်း(၃)ခုတွင် ဆရာတော်နှင့်အတူ လိုက်ပါပြီး တရားရှုမှတ်ခဲ့ပါသည်၊ ထိုမှ တစ်ဆက်တည်းပင်

၁၉၉၃–ခု ဒီဇင်ဘာလတွင် ဆရာတော်ကြီးနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပါသည်၊ ယခု ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် တရားအားထုတ်ခဲ့သည်မှာ (၄)ခါသာ ရှိပါသေးသည်။

သူ့တွင် မိဘ(၂)ပါး, ညီအစ်ကိုမောင်နှမ(၃)ယောက် ရှိပါသည်၊ သူသည် မောင်နှမ(၃)ယောက်တွင် အကြီးဆုံး ဖြစ်ပါသည်တဲ့။

ဤကျောက်တန်းရွာနှင့် ဤမဟာဗောဓိတောရကျောင်းတို့သည် တော, တောင် သဘာဝအလှ၊ ကျောက်တန်းရွာ ဒကာ, ဒကာမဟို့၏ စေတနာအလှ, သဒ္ဓါအလှ, မေတ္တာအလှ, ကရုဏာအလှ, မဟာဗောဓိတောရကျောင်းဆရာတော် သံဃာတော်တို့၏ မေတ္တာ, ကရုဏာအလှ စသော အလှအပတို့ စုဝေးတည်ရှိရာဖြစ်နေသည့်အပြင် ပြည်ပယောဂီသူတော်စင်တို့၏ သီလအလှ, သမာဓိအလှ, ပညာအလှ, နှုတ်ဆက်တရား ဟောကြားမှုတည်းဟူသော ဓမ္မဒေသနာအလှတို့ဖြင့် ထပ်ဆင့်လိုက်သောအခါ အလှမျိုးပေါင်းစုံလင်စွာ တည်ရှိရာ ဌာနလေး ဖြစ်နေပါတော့သတည်း။

❀ ❀ ❀ ❀ ❀

## ပြည်ပသားတို့ အကြိုက်များနေသော ရတနာအိမ်

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် အမေရိကန်နိုင်ငံ မက်ဆာချူးဆက် ပြည်နယ် ဘာရီမြို့ရှိ Insight Meditation Socieity တွင် (၁၀၊ ၄၊ ၈၄) မှ (၉၊ ၈၊ ၈၄)ထိ (၃)လကျော်ကြာမျှ (၁၀၀) ကျော်သော အနောက်တိုင်းသားယောဂီတို့အား သတိပဋ္ဌာန်တရားကို ညွှန်ကြားပြသလျက် ဓမ္မဂုဏ်ရည်များကို ဟောကြားခဲ့ရာ Insight Meditation Socieity က ထိုတရားများကို တိတ်ခွေတို့ဖြင့် အသံသွင်းယူထားခဲ့ကြပါသည်၊ ထိုအသံသွင်းထားအပ်သော တရားတော်များကို နာကြားကြသူအပေါင်းတို့ နှစ်ထောင်းအားရ ရှိလှသဖြင့် အင်္ဂလိပ်လို စာအုပ်ဖြစ်မြောက်အောင် ကြိုးစားခဲ့ကြပေသည်၊ (၁၉၉၂)ခုနှစ်တွင် စာအုပ်အဖြစ် ပေါ်ထွက်ခဲ့ပေပြီ၊ စာမျက်နှာ(၂၉၈) ရှိ၏၊ အရွယ်အစားမှာ အလျား (၈)လက်မခွဲ၊

အနံ (၅)လက်မခွဲ ရှိ၏၊ စာအုပ်တန်ဖိုး (၁၆) ဒေါ်လာရှိ၏၊ စာအုပ်နာမည်မှာ "In This Very Life" တဲ့၊ "ဤဘဝမှာပင်" ဟူ၍ မြန်မာလို ပြန်ဆိုရမည် ဖြစ်ပါသည်။

ကနေဒါ၊ အင်္ဂလန်၊ ဆွီဒင်၊ ရုရှား၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ အိန္ဒိယနှင့် အမေရိကနိုင်ငံ အနှံ့အပြားတို့၌ အလွန်ပင် နာမည်ကြီးသည့် ကမ္မဋ္ဌာန်းဆရာလည်းဖြစ်, The Experience of Insight "ဝိပဿနာ အတွေ့အကြုံ" အမည်ရှိ စာအုပ်ကို ရေးသည့် စာရေးဆရာလည်း ဖြစ်သည့် ဂျိုးဆက်ဂိုးလ်စတိန်းက ထိုစာအုပ်တွင် မိတ်ဆက်စကား ရေးသားထားသည်ကို တွေ့ရပါသည်၊ သူ၏ မိတ်ဆက်စကားများကို ဖော်ပြလိုက်ပါသည်။

"ဆရာတော် ဦးပဏ္ဍိတသည် ၁ ၉ ၈ ၄ - ခုနှစ်အတွင်း အမေရိကနိုင်ငံသို့ ပထမဆုံးအကြိမ် ကြွရောက်လာသည့်အခါ ကျွန်ုပ်တို့သည် ဆရာတော်ကို မြန်မာနိုင်ငံမှ မဟာစည်ဆရာတော်ဘုရား၏ အရိုက်အရာကို ဆက်ခံသူဟူသော ဂုဏ်သတင်းကြောင့်သာ သိရှိခဲ့ပါသည်၊ သို့ရာတွင် ယင်းအချိန်၌ ကျွန်ုပ်တို့ စဉ်းစား၍ မရနိုင်သည့် နည်းအမျိုးမျိုးဖြင့် ဆရာတော်သည် ကျွန်ုပ်တို့အား သင်ကြား ပို့ချပေးသွားပါသည်၊ ဆရာတော် ကြွရောက်လာခြင်းသည် ကျွန်ုပ်တို့ အသိဉာဏ် တံခါးသစ်များကို ဖွင့်ပေးရန် အထောက်အကူ ဖြစ်ခဲ့ပါသည်၊ ထိပ်တန်း ကမ္မဋ္ဌာန်း

ဆရာတစ်ဦးအနေဖြင့် လက်တွေ့ တရားအားထုတ်ခြင်း၏ သိမ်မွေ့နက်နဲသောအချက်များကို ထိုးဖေါက်၍ ကျွန်ုပ်တို့အား လမ်းညွှန်ခဲ့ပါသည်၊ ဆရာတော်သည် ပညာရှိတစ်ဦးအနေဖြင့် ဗုဒ္ဓမြတ်စွာ၏ သွန်သင်ဆုံးမချက်များ၏ အဓိပ္ပာယ်နှင့် အသက်ကို ယူဆောင်လာခဲ့ပါသည်၊ ဆရာတော်သည် အရေးပါသော စိတ်ပိုင်းဆိုင်ရာ မိတ်ဆွေတစ်ဦးအနေဖြင့် အမြင့်ဆုံး လွတ်မြောက်ရေးကို ရှာဖွေရန် ကျွန်ုပ်တို့ကို လှုံ့ဆော်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာသည် ရှေးခေတ် အိန္ဒိယနိုင်ငံ စိတ်ပိုင်းဆိုင်ရာ အထူးခြား အမြင့်မားဆုံး စစ်သည်တော်တစ်ဦးအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာသကဲ့သို့ ဆရာတော်ဦးပဏ္ဍိတသည်လည်း ကျွန်ုပ်တို့ခေတ်၏ စိတ်ပိုင်းဆိုင်ရာ စစ်သည်တော်တစ်ဦး (ဗုဒ္ဓ သားတော် စစ်သည်တော်တစ်ဦး)အဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာပေသည်၊ ရဲရင့်စွာ အားစိုက်မှုအပေါ် ဆရာတော်၏ အလေးထားခြင်းသည် ယခု မျက်မှောက်ဘဝမှာပင် လွတ်ငြိမ်းမှု ရနိုင်သည်ဟူသော လှိုက်လှိုက်လှဲလှဲ ယုံကြည်မှုနှင့် ဆက်စပ်နေပေသည်၊ အကြောင်းရှိ၍ ဖြစ်ပေါ်လာသော စိတ်၏ အနှောက်အယှက်များကို ကျော်လွှားနိုင်ရေးအတွက် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးစွမ်းအင်ကို ရရှိ ပိုင်ဆိုင်နိုင်အောင် ဆရာတော်သည် ကူညီချီးမြှင့်ခဲ့ပေသည်။

ဆရာတော်သည် လက်တွေ့နီးကြားရေးနှင့် သဘောပေါက်နားလည်ရေးအတွက် နက်နဲသော စာတွေ့ လက်တွေ့တို့ကို

အသေးစိတ် ဟောပြသွားပေသည်၊ ဆရာတော်၏ ဟောပြောချက်များသည် အတွေးအခေါ်ပြည့်စုံသော စာပေ ဗဟုသုတတို့ကိုလည်း ရရှိစေပါသည်၊ ကျွန်ုပ်တို့ ရင်းနှီးယဉ်ပါးပြီးသော ဟောပြောချက်များသည်ပင် ကျွန်ုပ်တို့၏ အသိဉာဏ်ကို ရင့်ကျက်စေပါသည်။

ဤစာအုပ်သည် ကျွန်ုပ်တို့ မြတ်နိုးထားအပ်ခဲ့သော ထင်မြင်ချက်အဟောင်းများ အပေါ်တွင် မြင်ကွင်းသစ်များ ပေးသွားကာ ကျွန်ုပ်တို့ကို စိန်ခေါ်နေပါသည်၊ ဤစာအုပ်သည် လက်တွေ့ အသုံးပြုရသည့် တရားများ တည်ရှိရာ ရတနာအိမ်တစ်ဆောင် ဖြစ်ပါသည်၊ ကျွန်ုပ်တို့အားလုံး၌ ပညာနှင့်ကရုဏာ နိုးကြားလာရန် ဤစာအုပ်သည် အထောက်အကူ ဖြစ်ပါစေသတည်း"တဲ့။

အမေရိက ကာလီဖိုးနီးယား တက္ကသိုလ်မှ စိတ်ရောဂါပညာနှင့် ဒဿနိကဗေဒပါမောက္ခ ရော်ကျာဝက်လ်(ချ်)ကမူ ဤသို့ သုံးသပ်ထားလေသည်။

"ဤဘဝမှာပင်"ဟူသော စာအုပ်သည် စိတ်စေတသိက်နှင့် လက်တွေ့ တရားအားထုတ်ခြင်းများကို အထူးတလည် တိကျနက်နဲစွာ ခွဲခြမ်းလေ့လာထားပေသည်၊ အလွန်ရှင်းလင်း၍ လွယ်ကူစွာ ဖတ်ရှုနိုင်ရန် ရေးသားထားလေသည်"တဲ့။

The Meditation Mind စာအုပ်ကို ရေးသည့် ဒယ်လီဂိုးမန်ကား ဤသို့ မှတ်ချက် ချထားလေသည်။

"ဤစာအုပ် (ဤဘဝမှာပင် စာအုပ်)၌ ပါရှိသည့် ဟောပြောချက်များအပေါ် အနောက်တိုင်းသား ယောဂီတို့က ဤသို့ ရှုမြင်ထားကြလေ၏။

ဆရာတော် ဦးပဏ္ဍိတသည် ကြုံတွေ့ရခဲဆုံး ဆရာတစ်ပါး ဖြစ်ပါသည်၊ လွတ်မြောက်ရေးသည် အသက်ရှုမှုကဲ့သို့ လတ်တလော(လောလောဆယ်) လိုအပ်ကြောင်း, ပထမ ခြေလှမ်းကဲ့သို့ အခြေခံကျကြောင်း ကျွန်ုပ်တို့အား ထုတ်ဖော်ပြသနိုင်သော ဆရာတစ်ဦး ဖြစ်ပါသည်"။

"ဤဘဝမှာပင်" စာအုပ်တွင် နက်နဲသော တရားစခန်းများ၌ အနောက်တိုင်းသား လေ့လာသူများအား ဟောပြောချက်များ ပါဝင်ပါသည်၊ ထိုင်၍ တရားရှုမှတ်နည်း, စင်္ကြံလျှောက်၍ တရားရှုမှတ်နည်းဆိုင်ရာ အခြေခံသင်ပြမှုများမှ စ၍ ဉာဏ်အဆင့်ဆင့် ပွင့်လာသည့်အခါ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းချက်များ အပါအဝင် တရားအားထုတ်နည်းအဆင့်များကို ဆက်လက်၍ အသေးစိတ် ဖော်ပြထားလေသည်၊ စိတ်နှလုံးအပေါ် အမြဲမပြတ် စစ်ဆေးခြင်းကို ပါဠိကျမ်းများတွင် ပါရှိသော ဗုဒ္ဓ၏ ဟောကြားချက်များနှင့် ဆက်နွှယ်ပြထားပေသည်။

နှစ်ပေါင်း(၄၀)ကျော် ဟောပြောပြသမှု အတွေ့အကြုံတို့ကို ယူလျက် ဟောပြောပြသသော ဆရာတော် ဦးပဏ္ဍိတ၏ ဟောပြော ပြသချက်များမှာ လွယ်ကူ ကျစ်လျစ်ပြီး ယောဂီသစ်များ

အတွက်ရော အဆင့်မြင့် ယောဂီဟောင်းများအတွက်ပါ အသင့်တော်ဆုံး ဖြစ်ပါသည်၊ အတိတ်ဖြစ်စဉ်များ, ရှင်မြူးဖွယ်ရာ ပုံပမာများဖြင့် အသက်သွင်းထားသော "ဤဘဝမှာပင်" စာအုပ်သည် မည်သို့ မည်ပုံ အားထုတ်၍ မည်သို့ မည်ပုံ ရနိုင်သည်ကို ကျွန်ုပ်တို့အား ထုတ်ဖော်ပြသထားပေသည်။

ဆရာတော် ဦးပဏ္ဍိတသည် မြန်မာနိုင်ငံတွင် ဝေးခေါင်သော တောရွာတစ်ရွာ၌ (၇)နှစ်အရွယ်မှ စ၍ သာမဏေဘဝသို့ ဝင်ရောက်ခဲ့ပြီး ပါဠိကျမ်းဂန်တို့၌ တွေ့ရှိရသည့်, တိကျသေချာသည့် တရားအားထုတ်နည်းကို ရှင်သန်တိုးတက်ဖွံ့ဖြိုးစေခဲ့သည့်အတွက် ထင်ရှားကျော်ကြားတော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်အတိုင်း ဟောပြောပြသပေးနိုင်သည့် ထူးချွန်သော ဆရာတစ်ပါးအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ဆရာတော် ဦးပဏ္ဍိတသည် (၆၂)နှစ်လုံးလုံး သာသနာ့ဘောင်အတွင်း၌ မိမိကိုယ်တိုင် ကျင့်သုံး ရရှိခဲ့သော လေးနက်သည့် တရားအားထုတ်ခြင်း အတွေ့အကြုံနှင့် ပါဠိကျမ်းဂန်တို့ကို မိမိကိုယ်တိုင် အသေးစိတ်လေ့လာချက်များကို အသုံးပြုကာ ဟောပြောပြသသွားပါသည်၊ ဆရာတော်သည် ၁၉၅၁–ခုနှစ်မှ စ၍ ထောင်ပေါင်းမြောက်မြားစွာသော တပည့်ယောဂီများကို ဟော

ပြော ပြသခဲ့ပြီး အာရှနိုင်ငံများ၊ အမေရိကနိုင်ငံ၊ ဥရောပနှင့် ဩစတြေးလျနိုင်ငံများသို့ ကြွရောက်တော်မူကာ တရားစခန်းတွေ ဖွင့်လှစ်ပြသခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း ၈၀(က)ရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် အမေရိက၊ ဥရောပ၊ အာရှ၊ ဩစတြေးလျနိုင်ငံတို့မှ ရဟန်း၊ သီလရှင်နှင့် လူယောဂီတို့အား တရားပြသပေးလျက် ရှိပါသည်"တဲ့။

ကျေးဇူးရှင် ဆရာတော်သည် ထိုစာအုပ်တွင် စာဖတ်သူများကို ဤသို့ အသိပေးထားပါသည်။

"ဗုဒ္ဓမြတ်စွာ သွန်သင် ဆုံးမတော်မူခဲ့သော တရားတော်များကို အခြေခံ၍ လည်းကောင်း၊ စံလွန်တော်မူခဲ့သော မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို လိုက်နာ၍လည်းကောင်း ပြုစုထားအပ်သော ဤစာအုပ်ပါ စာတမ်းများဖြင့် စာဖတ်သူများကို ကိုယ်တွင်းငြိမ်းချမ်းရေး ရရှိနိုင်ရေးအတွက် အကူအညီပေးရန်မှာ ဘုန်းကြီး၏ ရိုးသားဖြောင့်မတ်သော ရည်ရွယ်ချက် ဖြစ်ပါသည်၊ ဤရည်ရွယ်ချက်အတိုင်း ပေးနိုင်ရန် ဘုန်းကြီးသည် ဉာဏ်မီသလောက် အတတ်နိုင်ဆုံး ကြိုးပမ်းလျက်ရှိပါသည်။

ဤစာတမ်းများ ထုတ်ဝေခြင်းသည် အကျိုးရှိသည့် ရည်ရွယ်ချက် ငါးမျိုး ပြည့်ဝလာရန် အထောက်အကူ ဖြစ်ပါစေသည်။

၁။ ယခင်က မကြားခဲ့ဖူးသော ဓမ္မရှုဒေါင့်သစ်များကို စာဖတ်သူများ ရရှိနိုင်ပါသည်။

၂။ စာဖတ်သူတို့ ဤဘာသာရပ်များကို ကြားဖူးပြီး ဖြစ်ပါက ဓမ္မဗဟုသုတကို ပိုမို တောင့်တင်း ခိုင်မာစေနိုင်ပါသည်။

၃။ သံသယများ ရှိပါက ရှင်းလင်းမှု ရရှိရန် ဤစာတမ်းများမှ အထောက်အကူ ရနိုင်ပါသည်။

၄။ အမှန်မဟုတ်သော စိတ်ကြိုက် ထင်မြင်ချက်များ၊ ကြိုတင် သိမှတ်ခြင်းများ ရှိပါက ဗုဒ္ဓမြတ်စွာ၏ တရားအပေါ်တွင် သင့်လျော်ရှိသေစွာ အာရုံပြုခြင်းဖြင့် ယင်းယုံမှားချက်များမှ ကျွတ်လွတ်မှု ရရှိနိုင်ပါသည်။

၅။ နောက်ဆုံးနှင့် အများဆုံး ပြည့်ဝစေနိုင်သည့် အချက်မှာ မိမိ၏ အတွေ့အကြုံများကို ဤစာအုပ်တွင် ရေးသားချက်များနှင့် ချိန်ကိုက်ကြည့်နိုင်ပါသည်၊ တရားအားထုတ်မှု နက်ရှိုင်းလေ မိမိ လက်တွေ့များသည် စာတွေ့သဘောများနှင့် ကိုက်ညီလေဖြစ်ကြောင်း တွေ့ရှိသည့်အခါ ပျော်ရွှင်ကြည်နူးမှုကို ရနိုင်ပါသည်။

တရားအားမထုတ်ဖူးသေးသူများကို ဤစာအုပ်ပါ စာတမ်းများက စတင်အားထုတ်ရန် လှုံ့ဆော်ကောင်း လှုံ့ဆော်ပါလိမ့်မည်၊ ထိုအခါ အထက်မြက်ဆုံးဖြစ်သည့် ဉာဏ်ပညာသည် စာဖတ်သူအား စိတ်ဒုက္ခအပေါင်းမှ သက်သာမှု ရရှိစေနိုင်ပါလိမ့်မည်။

စာဖတ်သူတို့ကို ဆုတောင်းမေတ္တာပို့သလျက် အားပေးပါသည်၊ အမြင့်ဆုံး ပန်းတိုင်ဖြစ်သော လွတ်မြောက်ရေးသို့ ရောက်နိုင်ကြပါစေသော်”တဲ့။

ထိုတရားတို့ကို ကျေးဇူးရှင်ဆရာတော်က မြန်မာလို ရှေ့က ဟောသွားသည်ကို မလေးရှားမှ အရှင်အဂ္ဂစိတ္တက အင်္ဂလိပ်လို ဘာသာပြန်ပေးခဲ့ပါသည်၊ "In this very life" စာအုပ်သည်ကား ၁၉၈၄–ခုနှစ်၌ ဟောကြားသည့် တရားတော်တို့ထဲမှ သူတို့ ကြိုက်နှစ်သက်ရာတို့ကို ရွေးထုတ်ပြီး စုစည်းတင်ပြထားသော စာအုပ် ဖြစ်ပါသည်၊ ထို ၁၉၈၄–ခု၌ ဟောကြားထားသည့် တရားတို့ကို ကြိုက်နှစ်သက်ရာ ရွေးထုတ်ခြင်း မပြုဘဲ အစဉ်အတိုင်း ပင် တိတ်ခွေမှ ကူးယူပြီး “အမေရိက ဓမ္မဒေသနာ” ဟူသော အမည်ဖြင့် စာရေးသူ စုစည်း ပုံနှိပ်ထားပြီးပါပြီ၊ “အမေရိက ဓမ္မဒေသနာ ဒုတိယအုပ်” ထွက်ဖို့လည်း အစီအစဉ် ရှိပါသည်၊ "In this very life" စာအုပ်နှင့် အမေရိက ဓမ္မဒေသနာ စာအုပ် တို့အပြင် ကျေးဇူးရှင်ဆရာတော်၏ အခြားတရားစာအုပ်များကို လည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့က ဖြန့်ဝေလျက် ရှိပါသည်၊ “ပြည်ပသားတို့ အကြိုက်များနေသော ရတနာအိမ်”ဟု သူတို့ တင်စားခဲ့ရသည့် ထို "In this very life" စာအုပ်ကို အင်္ဂလိပ်ပညာရှင် မြန်မာ စာဖတ်ပရိသတ်တို့လည်း ရှုစားနိုင်ကြပါပေပြီ၊ ရှုစားပြီး ထို ရတနာအိမ်မှာ နေနိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ရပါသည်။

## သမီးချစ်၏ သမီးချစ်လေးများ

သူတို့လေးတွေ၏ စာချဆရာအရှင်မြတ်တို့မှာ သူတို့လေးတွေအကြောင်း တွေးမိလျှင် "ဩော်··· သူတို့လေးတွေ ကံကောင်းကြပါပေတယ်၊ ကံကောင်းကြပါပေတယ်"ဟုသာ မှတ်ချက် အခါခါ ချနေမိကြပါ၏၊ သူတို့လေးတွေကား မြတ်စွာဘုရား ဖွားမြင်တော်မူရာ နီပေါနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ပြီး ပရိယတ်စာပေတို့ကို သင်ယူနေကြသည့် သာကီဝင်အမျိုးအနွယ် နီပေါသီလရှင်လေးများ ဖြစ်ပါ၏၊ သူတို့လေးတွေသည် ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ အစီအမံဖြင့် မြန်မာနိုင်ငံသို့ လာရောက်ပြီး ဗုဒ္ဓစာပေတွေကို သင်ယူနေကြခြင်း ဖြစ်ပါ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် မဟာစည်သာသနာ့ရိပ်သာကြီး၌ ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် သာသနာ့တာဝန်တို့ကို ဆောင်ရွက်တော်မူစဉ်က သူတို့လေးတွေ မဟာစည်သာသနာ့

ရိပ်သာသို့ လူဝတ်လေးတွေဖြင့် ရောက်လာကြပါ၏၊ ဆရာတော်သည် သူတို့လေးတွေကို သီလရှင်ဝတ်ဖြင့် ရှေးဦးစွာ သတိပဋ္ဌာန်တရားကို အားရကျေနပ်သည်အထိ အားထုတ်စေပါ၏၊ ထို့နောက်မှ သူတို့လေးတွေကို ကကြီး၊ ခခွေးမှ စ၍ မြန်မာစာကို သင်ယူစေပါ၏၊ ဆရာတော်ကိုယ်တိုင် သင်ပြပေးသည်အခါလည်း ရှိပါ၏၊ သူတို့လေးတွေသည် တက္ကသိုလ်ကျောင်းသူဘဝမှ လာခဲ့ကြသဖြင့် အင်္ဂလိပ်စာတော်ကြပါ၏၊ မြန်မာစာ သင်ပြပေးကြသည့် ဆရာ၊ ဆရာမတို့သည် အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းသင်ပြကြရပါ၏၊ ဆရာတော်ကမူ ရံခါ အင်္ဂလိပ်ဘာသာဖြင့်၊ ရံခါ သက္ကတဘာသာဖြင့် သင်ပြပေးတော်မူ၏၊ သူတို့လေးတွေသည် ပါဠိဘာသာကိုလည်း အတော်အသင့် နားလည်ကြ၏၊ သူတို့စကားတွင် ပါဠိစကားတွေ ပါနေပါ၏၊ သူတို့စကားတွင် မြန်မာစကားနှင့် နီးစပ်တာတွေလည်း ပါ၏၊ စကားချင်း နီးစပ်ကြသည်သာမက မျက်နှာချင်းလည်း များစွာ ဆင်ကြပါ၏။

နီပေါနိုင်ငံသည် မြတ်စွာဘုရား ဖွားမြင်တော်မူရာဒေသ ဖြစ်ခဲ့သော်လည်း နီပေါ၌ ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ပျောက်ခဲ့၏၊ ဟိန္ဒူဝါဒတို့သာ လွှမ်းမိုးခဲ့၏၊ နီပေါ၌ ဗုဒ္ဓဘာသာ ရောက်လာခဲ့သော်လည်း မဟာယာနတို့သာ နေရာယူထားကြပေ၏၊ မြန်မာနိုင်ငံမှ ဆရာတော်ဦးစန္ဒမုနိ၏ ကြိုးစားခဲ့မှုကြောင့် ထေရဝါဒဗုဒ္ဓသာသနာ နီပေါမှာ ထွန်းပေါ်လာခဲ့ပြန်၏၊ နီပေါအမျိုးသား၊ အမျိုးသမီးတို့ သာသနာ့ဘောင် ဝင်ရောက်လာကြ၏၊ ထေရဝါဒ

ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, သီလရှင်, အမျိုးသား, အမျိုးသမီးတွေ ရှိလာကြ၏၊ တစ်စ တစ်စ တိုးလာကြ၏၊ နီပေါရဟန်း, နီပေါကိုရင်, နီပေါသီလရှင်, နီပေါအမျိုးသား, နီပေါအမျိုးသမီးတို့ကိုယ်တိုင် နီပေါနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားလာအောင် ကြိုးစားလာကြ၏၊ နီပေါနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည် ထွန်းကားပြန့်ပွားရေးအတွက် မဟာစည်ဆရာတော်, ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် စသော နောက်နောက် မြန်မာဆရာတော်တို့သည်လည်း ကြိုးစား ဆောင်ရွက်တော်မူခဲ့ကြပါ၏၊ ထိုဆရာတော်တို့၏ ကျေးဇူးတော်များကြောင့်လည်း နီပေါနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ ခေါင်းထောင်လာနေပါပြီ။

ဦးမော့လာနေသော နီပေါမှ ထေရဝါဒဗုဒ္ဓသာသနာ ထာဝရ ဦးမော့နေနိုင်စေရန် ရည်သန်ချက်ဖြင့် နီပေါနိုင်ငံမှ ငယ်ရွယ်သူလေးတွေကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်ကာ ကိုရင်ဝတ်, သီလရှင် ဝတ်စေပြီး ပရိယတ်စာပေ သင်ယူစေသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ စီမံကိန်းသည် အောင်မြင်သင့်သလောက် အောင်မြင်နေပြီဟု ဆိုရမည် ဖြစ်ပါသည်၊ ပထမတစ်သုတ်၌ ကိုရင်(၂)ပါးနှင့် သီလရှင်တစ်ပါး ပါလာပါသည်၊ ကိုရင် (၂)ပါးသည် ရဟန်းအဖြစ် ရောက်ပြီး ပထမလတ်တန်း ရောက်သွားသည်၊ သူတို့ (၂)ပါးက နီပေါနိုင်ငံ ပြန်ကာ လူဝတ်ကြောင်ဘဝ ရောက်သွားကြသည်၊ သီလရှင်တစ်ပါးသာ

ကျန်ရစ်သည်၊ သူမကား အစိုးရပထမကြီးတန်း ရောက်နေပြီ၊ ဘွဲ့မှာ မဝိသိဋ္ဌဉာဏီ ဖြစ်သည်၊ နောက်သုံးပါးတစ်သုတ် ရောက်လာပြန်သည်၊ သီလရှင် (၃)ပါး ဖြစ်လာသည်၊ မအဂ္ဂဉာဏီ တစ်ပါးသာ ကျန်သည်၊ သူမသည် အစိုးရစာချတန်းတွင် သီလက္ခန်တစ်ကျမ်းအောင်ပြီးနေပြီ၊ ကျန်(၂)ပါးကား ကျန်းမာရေးမကောင်းသဖြင့် ပြန်သွားကြသည်၊ ထို့နောက် တတိယအသုတ်၌ ကိုရင် (၃)ပါး ရောက်လာသည်၊ (၂)ပါး ကျန်သည်၊ တစ်ပါး ပြန်သည်၊ ကျန်နေသည့် (၂)ပါးမှာ ရှင်နရာဓိပနှင့် ရှင်ဇနာဓိပတို့ ဖြစ်သည်၊ အစိုးရ ပထမလတ်တန်းနှင့် သာမဏေကျော် စာမေးပွဲတွေကို တိပိဋကရေ မဟာဂန္ဓာရုံမှ ဖြေနေကြသည်၊ စတုတ္ထအသုတ်၌ တစ်ယောက်တည်း ဖြစ်သည်၊ သူမကား မြန်မာနိုင်ငံမှ အစိုးရမူလတန်းနှင့် ပထမငယ်တန်းတို့တွင် ပထမရသဖြင့် ပထမ (၂)ထပ်ကွမ်း ဆရာလေး မဝိမလဉာဏီ ဖြစ်သည်၊ နောက်ထပ်ပဥ္စမတစ်သုတ် ရောက်လာသည်၊ သီလရှင်(၂)ပါး၊ မနန္ဒဝတီနှင့် မသုနန္ဒဝတီ သူတို့သည် ပထမငယ်တန်း စာဝါတို့ကို သင်ယူနေကြပါသည်။

ယခုအခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ မအဂ္ဂဉာဏီ (ဓမ္မာစရိယ), မဝိသိဋ္ဌဉာဏီ(ပထမကြီး), မဝိမလဉာဏီ(ပထမကြီး), မနန္ဒဝတီ(ပထမငယ်), မသုနန္ဒဝတီ(ပထမငယ်)တို့သည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ မေတ္တာရိပ်ကို ခိုလှုံကာ ဗုဒ္ဓစာပေတွေကို သင်ယူနေကြပါသည်၊ သူတို့လေးတွေ

၏ စားရေး, သောက်ရေး, နေထိုင်ရေး, ကျန်းမာရေး, ပညာရေးက အစ အစစအရာရာအတွက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးက တာဝန်ယူ ဆောင်ရွက်ပေးထားပါသည်၊ သူတို့လေးတွေသည် မြန်မာသီလရှင် ဆရာလေးတို့လို ဆွမ်းဆန်အတွက်လည်း အပြင်မထွက်ရသဖြင့် အချိန်မကုန်ကြရပါ၊ စာကျက်ချိန်များစွာ ရကြပါသည်၊ ရသလောက်လည်း စာကြိုးစားကြပါသည်၊ နံနက်(၄)နာရီတွင် အိပ်ရာမှ ထကြသည်၊ ည(၁၀)နာရီတွင် အိပ်ရာဝင်ကြသည်၊ ရသမျှအချိန်ကို အကျိုးရှိစွာ အသုံးချကြသည်၊ စာအုပ်နှင့်မျက်နှာ မခွာကြသလောက်ပင်၊ စာတက်ချိန်မှာ စာတက်ကြသည်၊ စာပြန်ချိန်မှာ စာပြန်ကြသည်၊ စာကြည့်ချိန်မှာ စာကြည့်ကြသည်၊ စာကျက်ချိန်မှာ စာကျက်ကြသည်၊ အနားယူသည့်အချိန်မှာ နည်းလှပေသည်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ မပေါ်ပေါက်လာသေးမီက မဝိသိဋ္ဌဉာဏီ, မအဂ္ဂဉာဏီ, မစာရဉာဏီ, မကောမလဉာဏီ ဤနီပေါဆရာလေးများသည် မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဆုံ အနီးရှိ မဏိရတနာသီလရှင် စာသင်တိုက်၌ ပရိယတ်စာပေတွေကို သင်ယူခဲ့ကြပါသည်၊ ထိုစဉ်က ကျေးဇူးရှင် ဆရာတော်၏ အစီအမံအရ အရှင်သုမန (ဓမ္မာစရိယ), အရှင်ဉာဏဓွဇာဘိဝံသ (အစိုးရ ဓမ္မာစရိယနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ)နှင့် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ (အစိုးရနှင့် သက်ျသီဟ ဓမ္မာစရိယ)တို့ သွားရောက်ကာ သူတို့လေးတွေကို ပရိယတ်

စာပေ သင်ပြပေးခဲ့ကြပါသည်၊ မဏိရတနာ သီလရှင် စာသင်တိုက်မှ ဆရာကြီး ဒေါ်ဩသဉာဏီ၊ ဒေါ်စရဏဝတီ၊ ဒေါ်ဝိစာရီ၊ ဒေါ်စရိတထေရီဟူသော ညီအမအရင်း (၄)ယောက်တို့၏ ပရိယတ် သင်ကြားပေးရေး၌ အထောက်အကူ ပေးခဲ့ကြပါသည်၊ မဟာစည်သာသနာ့ရိပ်သာမှ သွားရောက်ပြီး သင်ပေးကြစဉ်က ဆရာတော်က ကားစီမံပေးသဖြင့် အသွားအပြန် ကားဖြင့် သွား၊ ပြန်ခဲ့ကြရပါသည်၊ ထိုစဉ်က အရှင်သုမနနှင့် အရှင်ခေမိကာလင်္ကာရာဘိဝံသတို့ သင်ပေးခဲ့ကြပါသည်၊ နောက်သောအခါ ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းမှ သွားရောက် သင်ပေးကြရပါသည်၊ ထိုစဉ်က အရှင်ဉာဏဓေဇာဘိဝံသနှင့် အရှင်ခေမိကာလင်္ကာရာဘိဝံသတို့ သင်ပေးခဲ့ကြပါသည်။

မဟာဗောဓိကျောင်းမှ သွားရောက်သင်ပေးစဉ်ကမူ အသွားအပြန် ခြေလျင် သွားပြန်ခဲ့ရသည်က များပါသည်၊ အသွားတစ်နာရီ၊ အပြန် တစ်နာရီ ကြာသည်၊ မိုးခါမှာ အသွား၌လည်း သင်္ကန်းတွေ မိုးရွှဲသည်၊ အပြန်၌လည်း မိုးရွှဲသည်၊ ထိုစဉ်က အရှင်မြတ်(၂)ပါးမှာ ပင်ပန်းရှာကြပါသည်၊ သို့သော် ဆရာသမား၏ တာဝန်ပေးချက်အရ သူတို့လေးတွေ၏ ပညာပါရမီ ဖြည့်ပေးရသည်ဖြစ်သဖြင့် ပင်ပန်းသည်၊ ဆင်းရဲသည်ဟု မယူဆနိုင်ကြ၊ သူတို့(၂)ပါးမှာ တူညီသော မှတ်ချက်တစ်ခုကို ချနေကြပါ၏၊ ထိုမှတ်ချက်ကား "သူတို့လေးတွေ ကံကောင်းကြတယ်၊ ပညာရေးကံ သိပ်ကောင်းကြတယ်"ဟူ၍ ဖြစ်ပါ၏၊ မှန်ပါသည်၊

သူတို့လေးတွေကား လွယ်လွယ်ကူကူ ချမ်းချမ်းသာသာဖြင့် သူတို့လေးတွေထံ အရောက်လာသင်ပြပေးသော ဆရာတို့ထံမှ ပညာသင်ယူနေကြရပေသည်၊ ဤအခွင့်အရေးမျိုးကို မြန်မာဆရာလေးတို့ ရဖို့ရာ လွန်စွာပင် ခဲယဉ်းလှပါပေသည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပေါ်ထွန်းလာပေပြီ၊ "ပရိယတ် မကင်းသော ပဋိပတ်, ပဋိပတ် မကင်းသော ပရိယတ် ဖြစ်ရမည်"ဟူသော စီမံကိန်းဖြင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် ကြိုးစားမည်ဖြစ်သဖြင့် ထိုနီပေါဆရာလေးတို့ကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ခေါ်ကာ တပည့်အရှင်မြတ်တို့ထံ ပရိယတ်စာပေ သင်ယူစေပါသည်၊ စာပေသင်ပြပေးကြသည့် အရှင်မြတ်တို့မှာ ထိုအရှင်မြတ်(၂)ပါးပင် ဖြစ်ပါသည်၊ နောင်သောအခါ အရှင်သီလာစာရ (ဓမ္မာစရိယ၊ ဘီအေ၊ ပါဠိပါရဂူ), အရှင်ပညာဒီပါဘိဝံသ (သ၊ စ၊ သ၊ အ၊ ဓမ္မာစရိယ), အရှင်ဃောသိတာဘိဝံသ (စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ), အရှင်ဣန္ဒဝံသာစာရတို့လည်း သင်ပြပို့ချပေးကြပါသည်။

အရည်အချင်းပြည့် စာချဆရာတို့ထံ စာပေတွေကို လွယ်ကူချမ်းသာစွာ သင်ယူခွင့်ရနေကြသော သူတို့လေးတွေကား ပညာရေးကံ ကောင်းကြပါပေစွ၊ ပညာရေးကံ ကောင်းသည့်အလျောက် ရလာသော အခွင့်အရေးကောင်းကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ အရယူနေကြသော သူတို့လေးတွေသည် နောက်တစ်ချိန်၌ နီပေါထေရဝါဒဗုဒ္ဓသာသနာအတွက် သမီးချစ်(ဒေါ်သုဓမ္မဝတီ)

၏ တပည့်များ ဖြစ်သည်နှင့်အညီ သမီးချစ်ကဲ့သို့ အားကိုး အားထားလောက်သည့် သမီးချစ်လေးတွေ ဖြစ်လာကြလိမ့်မည်ဟု မျှော်လင့် ယူဆနေမိပါသတည်း။

❀ ❀ ❀

## အစိုးရပထမငယ်တန်း ပထမ-မဝိမလညာနီ

မြတ်ဗုဒ္ဓသာသနာတွင် ကိုယ်ကျိုးအတွက် မငဲ့ကွက်ဘဲ အများ အကျိုးရှိရေးကို အလေးပေး ဆောင်ရွက်တော်မူကြသော ဆရာ တော်, သံဃာတော်များကို ဖူးတွေ့ရခြင်းသည် စိတ်ကြည်နူး ဖွယ် ကောင်းလှပါပေ၏၊ ထိုကဲ့သို့သော ဆရာတော်, သံဃာ တော်များကို အလွန်အကဲ ကြည်ညိုရပါသည်၊ မြတ်နိုးလှပါ သည်၊ တန်ဖိုးထားရပါသည်၊ စိတ်ဖြင့် မှန်းကာ အခါခါ ဦးတိုက် နေမိပါသည်၊ ထိုကဲ့သို့သော ဆရာတော်, သံဃာတော်တွေ များ လေလေ သာသနာတော် ဂုဏ် တက်လေလေ ဖြစ်ပြီး လောက ကြီးလည်း တိုးတက်စည်ပင်လေလေ ဖြစ်နေပါလိမ့်မည်။

၁၉၉၄-ခုနှစ် အစိုးရပထမငယ်တန်းတွင် တစ်နိုင်ငံလုံး၌ ပထမစွဲကာ အောင်ပွဲဆင်သွားသော နီပေါ်ဆရာလေး မဝိမလ

ဥာဏ်အကြောင်းကို ရေးသားဖော်ပြဖို့ စဉ်းစားသောအခါ အထက်ပါ ရှုမြင်ခံစားချက် စာသားလေးများသည် စာရေးသူ၏ စိတ်အစဉ် မှာ ဝင်လာပါသည်။

"ပရိယတ် မကင်းသော ပဋိပတ်၊ ပဋိပတ် မကင်းသော ပရိယတ် ဖြစ်ရမည်" ဟူသော မူဝါဒဖြင့် ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် ကြိုးစားပေးနေလေပြီ၊ ပြည်ပနိုင်ငံများစွာတို့မှ လာရောက် အား ထုတ်နေကြသော ယောဂီတို့အားလည်း ကိုယ်တော်တိုင် တရား ပြ၊ တရားဟောပေးနေလေ၏၊ ပြည်ပမှ လာရောက်ပြီး ပရိယတ် သင်ယူနေကြသည့် စာသင်သားတို့ ပညာရေးအတွက်လည်း စီစဉ် ပေးတော်မူပေ၏၊ အမေရိက၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေးလျ၊ စင်ကာပူ၊ မလေးရှား၊ နီပေါတို့သို့ တပည့်ရဟန်းတို့ကို ပို့လွှတ် ပြီး ထိုနိုင်ငံတို့၌ သီတင်းသုံးစေကာ ဓမ္မဂုဏ်ရည်တို့ကို ပြသ စေတော်မူပေ၏၊ ပြည်တွင်း၊ ပြည်ပတွင် သာသနာ့ကိစ္စ ဆောင် ရွက်ရန် လိုအပ်လာပါက အဆင်သင့်ဖြစ်စေဖို့ သတိပဋ္ဌာန်တရား ကို ကျေနပ်လောက်အောင် အားထုတ်ပြီးသည့် ဓမ္မာစရိယအောင် တပည့်ရဟန်းငယ်တို့ကို အင်္ဂလိပ်စာပေ သင်ယူစေတော်မူပါ၏၊ ပြည်တွင်း၌သာမက ပြည်ပ၌ပါ ကလေးသူငယ်တို့ကို ဗုဒ္ဓ ယဉ်ကျေးမှု အခြေပြုသင်တန်း ဖွင့်လှစ်စေကာ သင်ယူစေတော်မူ ပါ၏။

ပြည်ပ၌ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ကြိုးစားရာတွင် ငါးကြင်းဆီဖြင့် ငါးကြင်းသား ပြန်ကြော်သောနည်းသည် အထိရောက်ဆုံးသော နည်း ဖြစ်သည်ဟု သိရှိထားတော်မူသဖြင့် ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် ပြည်ပသား, ပြည်ပသူတို့ကို မြန်မာဘာသာဖြင့် ဗုဒ္ဓစာပေတို့ကို သင်ယူစေပြီး သူတို့ဘာသာအသီးသီးဖြင့် သူတို့ နိုင်ငံအသီးသီးသို့ ဗုဒ္ဓအဆုံးအမတော်တွေကို တစ်ဆင့် ဖြန့်ဝေနိုင်ကြလေအောင် ရံခါ ကိုယ်တော်တိုင် ပို့ချပေးတော်မူသည့်အပြင် သကျသီဟဓမ္မာစရိယ, စေတိယင်္ဂဏဓမ္မာစရိယ, အစိုးရဓမ္မာစရိယ အောင်ပြီးသည့် တပည့်စာချရဟန်းငယ်တို့ကိုလည်း ပို့ချပေးစေတော်မူပါသည်၊ ဆရာတော်၏ ပရိယတ်, ပဋိပတ်သာသနာအတွက် ကြိုးပမ်းချက်တို့သည် ထိုက်သလောက် အောင်မြင် အထမြောက်နေပါသည်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ တည်ထောင်ခဲ့ရာ (၃)နှစ်တာ ကာလတွင် နှစ်စဉ် ပရိယတ်စီမံကိန်းသည်လည်း ထူးထူးခြားခြား အောင်မြင်ခဲ့ပေသည်၊ ၁၉၉၂-ခုနှစ် အစိုးရ မူလတန်းတွင် ဆရာလေး မစာရဒဿီနီသည် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရသဖြင့် ပထမ ရရှိခဲ့ပါသည်၊ ၁၉၉၃-ခုနှစ် အစိုးရမူလတန်းတွင် နီပေါဆရာလေး မဝိမလဉာနီသည် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံး ရသဖြင့် ပထမ ရခဲ့ပြန်ပါသည်၊ ၁၉၉၄-ခုနှစ်တွင်မူ အစိုးရပထမငယ်တန်း၌ နီပေါဆရာလေး မဝိမလဉာနီ

က ပထမရပြီး မစာရဒသိနီက အစိုးရပထမလတ်တန်း၌ ပထမ ရရှိခဲ့ကြပြန်ပါသည်။

နီပေါဆရာလေး မဝိမလညာနီသည် သာကီဝင်အမျိုးအနွယ်မှ ပေါက်ဖွားလာသူလေး ဖြစ်ပါသည်၊ အသက်(၂၁)နှစ် ရှိပါပြီ၊ နီပေါနိုင်ငံ တက္ကသိုလ်မှာ သိပ္ပံဖြင့် ဒုတိယနှစ် အောင်မြင်ခဲ့ပါပြီ၊ နီပေါနိုင်ငံ, ပါတန်, လလိတပုရမြို့သူလေး ဖြစ်ပါသည်။

ဆရာလေး မဝိမလညာနီသည် သာသနာ့ဘောင်သို့ ဝင်ရောက်လာရာတွင် ရင်ဆိုင်ခဲ့ရသော အခက်အခဲများနှင့် ထိုအခက်အခဲများကို ကျော်လွှားခဲ့ရပုံတို့ကို ဤသို့ ပြောပြပါပေ၏။

"တပည့်တော် သာသနာ့ဘောင် ဝင်ရောက်ဖို့ရန် ပထမပိုင်းမှာ ဆုံးဖြတ်ဖို့ ခက်နေပါတယ်၊ သိက္ခာရှင်(သီလရှင်) ဝတ်ရင်ကောင်းမလား? မဝတ်ဘဲနေရင် ကောင်းမလားလို့ စိတ်ထဲမှာ ဝေခွဲမရ ဖြစ်ခဲ့ပါတယ်၊ နောက်သောအခါ လူ့ဘဝရဲ့ ဆင်းရဲဒုက္ခတွေကို တွေ့မြင်ပြီး ကြောက်လန့်ကာ သိက္ခာရှင်(သီလရှင်) ဝတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊ မိဘတို့ထံ ခွင့်တောင်းတဲ့အခါမှာလည်း ပထမပိုင်းမှာ ခွင့်မပြုပါ၊ အကြိမ်ကြိမ် အခါခါ အမျိုးမျိုး ပြောပြီး ခွင့်တောင်းရပါတယ်၊ နောက်ပိုင်းမှာ မိဘတွေကလည်း သူတို့ရဲ့ ဘဝဒုက္ခတွေကို စဉ်းစားပြီး တပည့်တော်ကလည်း အမြဲ သီလရှင်ဝတ်မယ်လို့ ပြောလို့ ခွင့်ပြုကြပါတယ်" တဲ့။

သာသနာ့နွယ်ဝင် သိက္ခာရှင်အဖြစ် ဝင်ရောက်လာရခြင်း၏ ရည်ရွယ်ချက်ကို မဝိမလညာနီ ပြောပြထားသည်မှာ ဤသို့ ဖြစ်ပါ၏။

"လူ့ဘဝမှာ အင်မတန် ဆင်းရဲဒုက္ခများတဲ့အတွက် ကုသိုလ်ကောင်းမှု ပြုပြီး စိတ်ငြိမ်းချမ်းမှု ရဖို့ ခက်ခဲပါတယ်၊ ဒါကြောင့် ရခဲလှတဲ့ လူ့ဘဝကို ရရှိတုန်း ကုသိုလ်ကောင်းမှုတွေ မြန်မြန် လုပ်ဖို့နဲ့ လူမှုဒုက္ခတွေမှ ကင်းလွတ်ပြီး စိတ်ရော ကိုယ်ပါ ငြိမ်းချမ်းမှု ရဖို့အတွက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါတယ်၊ မြတ်စွာဘုရားရဲ့ ဆင်းရဲငြိမ်းရာငြိမ်းကြောင်း နည်းလမ်းဖြစ်တဲ့ ပရိယတ်၊ ပဋိပတ်လုပ်ငန်းများကို မိမိကိုယ်တိုင်လည်း သင်ယူကျင့်ကြံ အားထုတ်ပြီး သူတစ်ပါးအကျိုးအတွက် သင်ပြပြောပြောပေးလိုလို့လည်း သာသနာ့ဘောင် ဝင်ရောက်ခဲ့ပါတယ်" တဲ့။

ပထမရပြီး အောင်မြင်လာရာဝယ် ရင်ဆိုင်ခဲ့ရသော အခက်အခဲများနှင့် ထိုအခက်အခဲများကို ကျော်လွှားခဲ့ရပုံတို့ကို မဝိမလညာနီက ဤသို့ ပြောပြထားပါ၏။

"တပည့်တော်က မြန်မာလူမျိုး မဟုတ်ဘဲ နီပေါလူမျိုး ဖြစ်နေတဲ့အတွက် မြန်မာစာ မကျွမ်းကျင်သေးပါ၊ ဒါကြောင့် စာသင်ယူတဲ့အခါ တစ်ခါတလေ မြန်မာစကား နားမလည်လို့ ဒုက္ခဖြစ်ရပါတယ်၊ စာကျက်တဲ့၊ ဖတ်တဲ့အခါ တချို့ မြန်မာ

စကားလုံးတို့ရဲ့ အနက်အဓိပ္ပါယ် မသိလို့ စာကျက်ရ၊ ဖတ်ရတာ ပျင်းလာပြီး ဆက်လက် မဖတ်ချင်တဲ့ စိတ်တွေ ပေါက်လာပါတယ်၊ အဲဒီအချိန်မျိုးမှာ စာချဆရာများကိုရော အတူနေဆရာလေးများကိုပါ မေးမြန်းကာ အဓိပ္ပါယ်ရှင်းလင်းစွာ သိအောင် ကြိုးစားရပါတယ်၊ မြန်မာစကားလုံးများရဲ့ အဓိပ္ပါယ်ကို နားမလည်တဲ့အခါ အဘိဓာန်စာအုပ်ကိုလည်း လှန်ကြည့်ရပါတယ်၊ စာတွေအလွတ်ကျက်ရတာ ခက်ပါတယ်၊ ကျက်မှတ်ထားတဲ့ စာများကိုလည်း မေ့မသွားအောင် ညတိုင်း နိုင်သမျှ အလွတ်ပြန်ရပါတယ်၊ စာချဆရာတစ်ပါး ဖြစ်သည့် အရှင်သီလာစာရ အမိန့်ရှိဖူးသည့် "တစ်နေ့ စာမကျက်ရင် ဘာမှ မဖြစ်ဘူး၊ တစ်ရက် စာမပြန်ရင်တော့ ကျက်ပြီးတာ အကုန် အကျိုးမဲ့ ဖြစ်သွားလိမ့်မယ်"ဆိုတဲ့ စကားကို မှတ်သားထားပြီး မှန်မှန် စာပြန်ပါတယ်၊ ဘာသာစုံ မပြန်နိုင်တဲ့အခါ အချိန်ဇယား လုပ်ပြီး ပြန်ပါတယ်"တဲ့။

မဝိမလဉာဏီ၏ တစ်နေ့တာ စာကြိုးစားပုံကို သူမက ပြောပြထားသည်မှာ –

"တပည့်တော် နေ့တိုင်း နံနက်(၄)နာရီမှာ အိပ်ရာထပါတယ်၊ များသောအားဖြင့် ည(၁၀)နာရီမှာ အိပ်ရာဝင်ပါတယ်၊ စားသောက်ချိန်၊ ကိုယ်လက်သန့်ရှင်းရေး လုပ်တဲ့အချိန်မှတစ်ပါး ကျန်အချိန်တွေမှာ စာကျက်ပါတယ်၊ ဖတ်ပါတယ်၊ "စာသင်သားဆိုတာ မျက်စိနဲ့စာ၊ စိတ်နဲ့စာ မကွာအောင် ကြိုးစား

ရတယ်”လို့ ဆုံးမတဲ့ စာချဆရာ အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ ရဲ့ အဆုံးအမအတိုင်း လိုက်နာနိုင်အောင် ကြိုးစားပါတယ်၊ ဒါပေမယ့် တစ်ခဏမျှ အနား မယူဘဲ ကျက်မှတ်နေရင် ခေါင်း ထဲမှာ စာတွေ ရှုပ်ထွေးသွားမှာ စိုးလို့ ခဏတစ်ဖြုတ် အနားယူ ပါတယ်”တဲ့။

မဝိမလဉာဏီသည် သူ့လို အောင်မြင်မှုရသူတစ်ဦး ဖြစ်လာ ရေး၌ အနှောင့်အယှက် ပေးတတ်သည့် အချက်အလက်တို့ကို ဤသို့ ထုတ်ဖော်ပြထားပါလေ၏။

“တပည့်တော်တို့ စာသင်သားတွေရဲ့ဘဝမှာ အနှောင့် အယှက် အမျိုးမျိုးတွေ ဖြစ်ပေါ်လာတတ်ပါတယ်၊ ကျန်းမာရေး ပျက်ပြားမှုဟာ အကြီးဆုံးသော အနှောင့်အယှက် ဖြစ်ပါတယ်၊ ကျန်းမာရေး မကောင်းရင် မိမိရည်ရွယ်ထားတဲ့ လုပ်ငန်းများကို ပြီးစီးပြည့်စုံအောင် မလုပ်နိုင်ပါ၊ ဒါကြောင့် ကျန်းမာရေး ကောင်း အောင်နေဖို့ အရေးကြီးလှပါတယ်၊ ပြီးတော့ မိမိနဲ့ အတူနေပုဂ္ဂိုလ် များ၊ ဒကာ၊ ဒကာမများနဲ့လည်း အဆင်ပြေအောင် နေတတ်ရပါ မယ်၊ မိမိဘက်က အပြစ် မရှိအောင်, အမှား မရှိအောင် နေတတ်ဖို့ ကြိုးစားရပါမယ်၊ အဲဒီလို မဟုတ်ရင် စိတ်မချမ်းမသာ ဖြစ်ပြီး စာကျက်မှတ်တဲ့နေရာမှာ အနှောင့်အယှက် ဖြစ်တတ်ပါတယ်” တဲ့။

မဝိမလညာနီက အနာဂတ်ကာလမှာ မျှော်လင့်ထားသော မျှော်လင့်ချက်များကို ပြောပြထားပါသေး၏။

"ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားနေတဲ့ မြန်မာနိုင်ငံမှာ ပရိယတ်၊ ပဋိပတ်လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်ပြီး အမိနီပေါ နိုင်ငံမှ နီပေါနိုင်ငံသူ၊ နိုင်ငံသားတို့အားလည်း တပည့်တော် သင်ပြ၊ ဟောပြပေးချင်ပါတယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးရဲ့ ကြီးမားတဲ့ ရည်မှန်းချက် အတိုင်း နီပေါနိုင်ငံမှာ ပရိယတ္တိ၊ ပဋိပတ္တိသာသနာ ပိုမို စည်ပင် ထွန်းကား ပြန့်ပွားလာအောင် ကြိုးစားချင်ပါတယ်၊ ဗုဒ္ဓသာသနာ ဝင်ဦးရေ များရေးထက် အရည်အချင်းပြည့် ဗုဒ္ဓသာသနာဝင် တွေ ဖြစ်လာအောင် စွမ်းနိုင်သမျှ ဆောင်ရွက်ချင်ပါတယ်၊ စိတ်ရော ကိုယ်ပါ မချမ်းမသာဖြစ်နေကြတဲ့ သတ္တဝါများကို ကိုယ်စိတ်ချမ်းသာမှု ရအောင် တတ်နိုင်သလောက် ကူညီချင်ပါ တယ်"တဲ့။

မဝိမလညာနီသည် သူ့လိုဘဝတူ ဆရာလေးတို့အား သူ့လို အောင်မြင်မှုရလာအောင် ပေးထားသော အကြံဉာဏ်များကား –

"စာကို နေ့တိုင်း မှန်မှန် ကျက်ရပါမယ်၊ ကျက်ထားတဲ့ စာကိုလည်း ညတိုင်း မှန်မှန် ပြန်ရပါမယ်၊ အကုန်လုံး မပြန် နိုင်တဲ့အခါ တစ်ဘာသာ၊ နှစ်ဘာသာ စသည် ခွဲပြီး ပြန်ရပါ မယ်၊ အချိန်ဇယားဆွဲထားပြီး အချိန်ဇယားနှင့်အညီ စာကျက်ရ

ပါမယ်၊ စာပြန်ရပါမယ်၊ မိမိကျက်ထားပြီးတဲ့စာကို နားလည် သဘောပေါက်အောင် ပြန်လည် ကြည့်ရှုရပါမယ်၊ ပညာသင်ယူ တဲ့အခါ မိမိကိုယ်ကို နှိမ့်ချထားရပါမယ်၊ မိမိ မရသေးတဲ့ စာများ ကို မိမိထက် သာတဲ့သူထံ မေးမြန်းဆွေးနွေးရပါမယ်။"

"မိမိနားမလည်တဲ့ စာများကို မေးဖို့ မရှက်ရပါ၊ မိမိ သဘော ပေါက်ထားတဲ့ စာများကိုလည်း သဘောမပေါက်သေးတဲ့သူကို သဘောပေါက်လာအောင် ရှင်းပြရပါတယ်၊ အဲဒီလို ရှင်းပြတဲ့ အခါ မိမိရထားတဲ့ စာဟာ ပိုမို ကြေညက်သွားမှာ ဖြစ်ပါတယ်၊ အရာရာမှာ သည်းခံမှု ရှိရပါမယ်၊ ဆရာသမားများကို လေးစားရ ပါမယ်၊ ပညာကို ရိုရိုသေသေ လေးလေးစားစား သင်ယူရပါ မယ်"။

"စာမေးပွဲ အောင်ရုံမျှဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာကို မသင် ယူရပါ၊ တကယ့် အကျိုးစီးပွားတွေ ဖြစ်လာအောင် သင်ကြားရ ပါမယ်၊ စာမေးပွဲ ကျလို့လဲ အားမလျှော့ရပါ၊ "ယုန်မရပေမယ့် တောကြေမယ်" ဆိုတဲ့အတိုင်း ရပြီးတဲ့စာကို နောက်ပြန်ကြည့် ရတဲ့အခါ ပိုပြီး သဘောပေါက်နားလည်သွားမှာ ဖြစ်ပါတယ်၊ စာမေးပွဲ မြန်မြန်အောင်ချင်တဲ့ စိတ်နဲ့လည်း စာကို မသင်ယူရပါ၊ စာတတ်အောင် သင်ဖို့ လိုအပ်ပါတယ်"ဟူ၍ ဖြစ်ပါသည်။

မဝိမလဉာဏ်က စာဖတ်ရှုသူတို့အား တိုက်တွန်းစကား ပြော ကြားသွားသည်မှာ မှတ်သားဖွယ်ရာ ကောင်းလှပါ၏။

"ကမ္ဘာလောကကြီးမှာ စိတ်ညစ်စရာ ဒုက္ခတွေ များစွာ ဖြစ်နေတဲ့အခါ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတော်များဟာ အမြိုက်ရေလိုပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာတော်ကို မြန်မာပြည်တွင်းမှာရော ပြည်ပမှာပါ ပိုမိုထွန်းကား တောက်ပလာအောင် ကြိုးစားကြပါစို့"။

ဤမဝိမလဉာဏီ၏ အကြောင်းအရာကို "အစိုးရမှူလတန်းတွင် ပထမရသည့် နီပေါဆရာလေး မဝိမလဉာဏီ"ဟူသော အမည်ဖြင့် ရတနာ့မွန်မင်္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီးပါပြီ၊ မဝိမလဉာဏီသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် စာချဆရာများဖြစ်သည့် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ, အရှင်ပညာဒီပါဘိဝံသ, အရှင်ဃောသိတာဘိဝံသ, အရှင်ဣန္ဒဝံသာစာရတို့ထံ ပထမလတ်တန်းအတွက် စာဝါများကို ဆက်လက်လေ့လာနေပါသည်၊ ပထမလတ်တန်းတွင်လည်း ပထမစွဲကာ အောင်ပွဲဆင်နွှဲနိုင်ပါစေဟု ဆုခြွေလိုက်ပါသည်။

## အမေရိကန်သီလရှင် မဝဇိရညာနီ

သူမသည် အမေရိကနိုင်ငံမှ ဖြစ်ပါသည်၊ အသက် (၄၀) ရှိပြီ၊ ယခု သီလရှင်ဝတ်နေပါသည်၊ သီလရှင်ဘွဲ့မှာ မဝဇိရညာနီ၊ လူအမည် အယ်လင်မွန်နီ၊ MS, BA ဘွဲ့ကို ရခဲ့သည်၊ သူမသည် ၁၉၈၀–ခုနှစ်မှစ၍ တရားစခန်းတို့သို့ အကြိမ်ပေါင်း (၄၀) ဝင်ရောက်အားထုတ်ခဲ့သည်၊ (၇)ရက်စခန်းမှ (၃)လစခန်းထိ ပါသည်၊ ၁၉၈၇–ခုနှစ် ဧပြီလနှင့် မေလတို့တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ထံ၌ အမေရိက၊ မက်ဆာချူးဆက်ပြည်နယ်၊ ဘာရီမြို့ရှိ ဝိပဿနာကမ္မဋ္ဌာန်းဌာနတွင် စတင် အားထုတ်ခဲ့ပါသည်၊ ယင်းဌာနတွင် ၁၉၈၀–ခုနှစ်မှစ၍ ၁၉၈၆–ခုနှစ်တိုင်အောင် အခြားကမ္မဋ္ဌာန်း ဆရာများထံလည်း အားထုတ်ခဲ့ပါသည်။

သူမသည် ဝိပဿနာတရား အားမထုတ်မီက အကြားအမြင်နှင့် စိတ်ဝိညာဉ်ဆိုင်ရာ ပညာရပ်ကို လေ့လာလိုခဲ့သည်၊ သို့သော် အစကပင် အန္တရာယ်ရှိနိုင်ကြောင်း သဘောပေါက်ခဲ့သဖြင့် မလေ့

လာဖြစ်ခဲ့ပေ၊ သူမ၏ မိတ်ဆွေတစ်ဦးဖြစ်သည့် "ရှသ်ဒန်နီဆန်" က ဝိပဿနာသင်တန်းများအကြောင်း ပြောပြသဖြင့် စိတ်ကို ထိန်းသိမ်းကြောင်း၊ စိတ်ဓာတ်ဖွံ့ဖြိုးကြောင်း ပညာရပ်ဖြစ်သည့် ဝိပဿနာလုပ်ငန်းကို များစွာ စိတ်ဝင်စားခဲ့သည်၊ ထိုအခါမှစ၍ ဝိပဿနာလုပ်ငန်းကို လေ့လာလိုက်စားခဲ့သည်။

"သူမသည် ဝိပဿနာလုပ်ငန်း လုပ်သဖြင့် မျက်စိမှုန်မှု များစွာ သက်သာလာသည်၊ ယာဉ်မောင်းသည့်အခါ စသည်၌ ပို သတိရှိလာသဖြင့် ပို၍ မောင်းကောင်းလာသည်၊ ကံနှင့်ကံ၏ အကျိုးကို ပိုပြီး နားလည်လက်ခံလာသည်၊ သီလ ပို၍ မြဲလာ သည်၊ စိတ် ပို၍ ချမ်းသာလာသည်၊ နောင်တဖြစ်မှု ပို၍ နည်း လာသည်၊ တရားနှင့်ညီသော စာရင်းကိုင်အလုပ်ကို ဝင်လုပ်ခဲ့ရာ ရှေးကထက် ပို၍ အလုပ်ဖြစ်လာသည်၊ သတိ၏ စွမ်းအားကြောင့် ဖြစ်ပါလိမ့်မည်၊ အများကလည်း ပို၍ ယုံကြည်လာသည်၊ တရား ပြ ဆရာများအပေါ် မေတ္တာနှင့် ရိုသေလေးစားမှု ပိုရှိလာသည်" ဟု သူမက ပြောပြပါသည်။

"ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ပြည်တွင်းကရော ပြည်ပကပါ ယောဂီတို့ များစွာ လာရောက်အားထုတ်နေကြရာ မြန်မာယောဂီများသည် သူမအဖို့ စံပြပုဂ္ဂိုလ်များ ဖြစ်နေသည်၊ မြန်မာယောဂီများ၏ မေတ္တာထားမှု၊ သည်းခံမှု ရှိသဖြင့် မြန်မာ ယောဂီတို့သည် သူမအမြင်တွင် အလွန်ပင် ကျက်သရေ ရှိနေ

လေသည်၊ မြန်မာယောဂီတို့နှင့် အတူတူ တရားအားထုတ်ရသဖြင့် သူမလည်း ပိုမိုသိမ်မွေ့လာသည်၊ မလေးရှား၊ ဗီယက်နမ်၊ နီပေါ စသော ပြည်ပယောဂီတို့နှင့်လည်း တွေ့ခွင့်ရသည့်အတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဓလေ့၊ ယဉ်ကျေးမှုတို့ မတူကြောင်းကို သူမ ပိုမိုနားလည်လာသည်”ဟုလည်း သူမက ပြောပြပါသည်။

“အမေရိကသည် ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်ပါ၊ ထို့ကြောင့် အမေရိကမှာ ဗုဒ္ဓဘာသာဝင်တွေ အလွန်ပင် နည်းပါသည်၊ အာရှတိုက်မှ စစ်ပြေးဒုက္ခသည်များ၊ စီးပွားရေး၊ ပညာရေး စသည်ကြောင့် အမေရိကသို့ ရောက်လာကြသူများ၊ အမေရိကတွင် မွေးဖွားသည့် အာရှတိုက်သားများ၊ အာရှတိုက်မှာ နေထိုင်ခဲ့ဖူးသူများနှင့် အာရှတိုက်သို့ ရောက်သူ အချို့တို့သည် အမေရိကတွင် ဗုဒ္ဓဘာသာဝင်များအဖြစ် တည်ရှိနေကြပါသည်၊ အမေရိကတွင် နေကြသည့် အမေရိကန်လူမျိုးတို့သည် ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုး၊ သီလအကြောင်းတို့ကို နားလည်မှု ဖြည်းဖြည်းချင်း တိုးတက်နေပါသည်၊ အမေရိကန်တချို့တို့သည် သံဃာကို ထူထောင်ချင်ကြ၏၊ သို့သော် သံဃာတို့ လိုအပ်သည့် ပစ္စည်းတို့ကို ထောက်ပံ့ဖို့မှု နားလည်မှု နည်းနေကြပါသေးသည်၊ တချို့ကမူ သံဃာကို မထူထောင်ချင်ကြ၊ သံဃာ၏ တာဝန်နှင့် တန်ဖိုးကို မသိကြသေး၊ တချို့ကမူ ကြားနေဝါဒ ရှိနေကြ၏၊ ဘုန်းကြီးနှင့် သီလရှင်တို့၏ သင်ကြားပေးမှုကိုကား ခံယူချင်

ကြ၏၊ သို့သော် သံဃာကို အလေးမထားတတ်ကြ”ဟု သူမက ပြောပြပါသည်။

ရိပ်သာတွင်ပဲ တရားအားထုတ်နေသဖြင့် သူမသည် မြန်မာ လူမျိုးတို့အကြောင်းကို သိပ်မသိ၊ သို့သော် ဘုန်းကြီးကျောင်း တို့မှ ဆည်းလည်းသံများနှင့် ပရိတ်ရွတ်သံ, ဘုရားရှိခိုးသံတို့ ကို ကြားနေရသဖြင့် သူမ တရားအားထုတ်ရာ၌ စိတ်ဓာတ်တို့ တက်ကြွနေကြရသည်၊ တရားအရသာကို မခံစားရသေးကြသည့် မြန်မာနိုင်ငံသူ, နိုင်ငံသားတို့ကို သူမက ဤသို့ ပြောချင်ပါ သည်–တဲ့။

“ကျွန်မ ပြည်ပက နိုင်ငံပေါင်းများစွာကို သွားဖူး ရောက်ဖူး ပါတယ်၊ နိဗ္ဗာန်ရောက်ဖို့ **Passport** နဲ့ လေယာဉ်လက်မှတ် တို့သာ လိုအပ်တယ်ဆိုရင် ကျွန်မ နိဗ္ဗာန်ကို ရောက်တာကြာလှ ပါပြီ၊ ပြည်ပနိုင်ငံတွေ ရောက်ချင်, သွားချင်ရင် **Passport** နဲ့ လေယာဉ်လက်မှတ်သာရှိက ရောက်နိုင် သွားနိုင်ပါတယ်၊ နိဗ္ဗာန် ကိုတော့ **Passport** နဲ့ လေယာဉ်လက်မှတ်ရှိရုံနဲ့ မရောက်နိုင်ပါ၊ သတိပဋ္ဌာန်(ဝိပဿနာ)ကို အားထုတ်မှပဲ နိဗ္ဗာန်ကို ရောက်နိုင်ပါ တယ်”။

“မြန်မာပြည်မှာ တန်ဖိုးကြီးမားတာတွေ ရှိနေပါတယ်၊ သံဃာတော်တွေ ကောင်းစွာ တည်ရှိနေကြပါတယ်၊ တရားပြ ကောင်းတဲ့ ဆရာတွေ များစွာ ရှိနေပါတယ်၊ တရားရိပ်သာတွေ

လည်း များစွာ ရှိနေပါတယ်၊ သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့တဲ့ ဒကာ၊ ဒကာမတွေလည်း များစွာ ရှိနေကြပါတယ်၊ မြန်မာလူမျိုးတွေဟာ ငယ်ရွယ်စဉ်ကတည်းက ဗုဒ္ဓတရားတော်တွေကို ကြားနာနိုင်ကြ လေ့လာနိုင်ကြပါတယ်၊ စိတ်ထားဖြူစင်တဲ့ သူတော်စင်တွေနဲ့ ပေါင်းသင်းနိုင်ကြပါတယ်၊ ဗုဒ္ဓတရားတော်တွေကို ကိုယ့်အမိမြန်မာဘာသာနဲ့ နာယူနိုင်ကြပါတယ်၊ လေ့လာနိုင်ကြပါတယ်၊ Passport နဲ့ လေယာဉ်လက်မှတ်တို့ မလိုပါ။"

"ကျွန်မရဲ့နိုင်ငံဟာ မြတ်စွာဘုရားတရားကို လိုက်စားမှုဖက်မှာ ခေါင်းပါးနေပါသေးတယ်၊ ကျွန်မ နိုင်ငံကို ပြန်ရင် ဒါနနဲ့ ဘာဝနာအလုပ် လုပ်ဖို့ အခွင့်အရေးတွေ နည်းပါးသွားပါတော့မယ်၊ ကျွန်မ တရားမရမီ သေသွားနိုင်ပါတယ်၊ ကျွန်မသေသွားရင် နောက်ဘဝသို့ ငွေတွေကို ယူမသွားနိုင်ပါ၊ ကျွန်မလုပ်တဲ့ ကံတွေကိုပဲ ကျွန်မ ယူသွားနိုင်ပါတယ်၊ ဒီဘဝမှာ ကံကောင်းလို့ မြတ်စွာဘုရားရဲ့တရားတော်တွေကို ကြားနာနိုင်ခဲ့ပါတယ်၊ နောက်ဘဝမှာတော့ ကျွန်မ ကြားနာခွင့် ရနိုင် မရနိုင်ဆိုတာကို မသိနိုင်ပါ"။

"ကျွန်မ တရား စတင်အားထုတ်ခဲ့စဉ်က အသက်အရွယ်ငယ်ပါသေးတယ်၊ ယခုတော့ ပို၍ ပို၍ အိုလာပါပြီ၊ အမေရိကမှာ ဉစ္စာတွေ များစွာ ရှာနိုင်ပါတယ်၊ ရနိုင်ပါတယ်၊ ဒါပေမယ့် ပစ္စည်းဉစ္စာတွေက စိတ်ချမ်းသာမှုကို အပြည့်အဝ မပေးနိုင်ကြပါ၊

ဆရာတွေကလည်း ဟောကြပါတယ်၊ ကျွန်မအတွေ့အကြုံ အရ လည်း အဲဒီလိုပဲ နားလည်ပါတယ်၊ ဒါကြောင့် စိတ်သန့်ရှင်း စင်ကြယ်ဖို့ပဲ အရေးပေးရမယ်လို့ ခံယူကာ ကျင့်သုံးနေပါတယ်” တဲ့။

အမေရိကန် သီလရှင် မဝဇိရညာနီ ပြောပြသည့်အတိုင်း ရေးသားဖော်ပြလိုက်ပါသည်။

သင်လည်း သူမလို သတိပဋ္ဌာန်တရား အားထုတ်ဖြစ်အောင် ကြိုးစားနိုင်ပါစေဟု တိုက်တွန်းလိုက်ပါရစေ။

## အမေရိကန်ကျောင်းသား ယောဂီ

"ကျွန်တော့်နာမည်က ဒေါက်ကလပ်(စ်)ဂီ(လ်)ဒွန် ဖြစ်ပါတယ်၊ အမေရိကနိုင်ငံကပါ၊ အသက် ၂၃-နှစ်၊ ဘီအေကျောင်းသား ဖြစ်ပါတယ်၊ ကျွန်တော်ဟာ မလေးရှားနိုင်ငံ, ပီနန်မြို့ရှိ (M. B. M. C.) ကမ္မဋ္ဌာန်းဌာနမှာ ဉူးဝိသုဒ္ဓါစာရထံ၌ (၆)ပတ်၊ ချမ်းမြေ့ရိပ်သာဆရာတော် ဉူးဇနကာဘိဝံသထံ (၁၀)ပတ် သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့ပါတယ်"။

"ရှေးယခင်က ကျွန်တော်ဟာ တရုတ်ချန်ဗုဒ္ဓဘာသာကို လေ့လာခဲ့ပါတယ်၊ မိတ်ဆွေတစ်ယောက်က မဟာစည်ဆရာတော်ရဲ့ ဝိပဿနာရှုနည်းစာအုပ်ကို ငှားလို့ ဖတ်ရှုရတဲ့အခါ မဟာစည်ဆရာတော်ရဲ့ ဝိပဿနာရှုနည်းဟာ ရှင်းလင်းကောင်းမွန်တာကို တွေ့ရပါတယ်၊ အရှေ့တောင်အာရှပိုင်းရှိ ဝိပဿနာရိပ်သာများကို လာရောက်ရတာဟာ အခက်အခဲ မရှိသည့်အပြင် ကုန်ကျစရိတ်လည်း နည်းပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာ ထေရဝါဒဗုဒ္ဓသာသနာ ဝိပဿနာနည်းကို စမ်းသပ်ကြည့်ရန် ဆုံးဖြတ်ခဲ့ပါ

တယ်၊ စမ်းသပ်အားထုတ်ကြည့်တဲ့အခါ လက်တွေ့အားထုတ်မှု အတွက် ထေရဝါဒဝိပဿနာဟာ ပိုပြီး အကူအညီပေးနိုင်တာ, ပိုပြီး ရှင်းလင်းတာကို တွေ့ရပါတယ်၊ အထူးသဖြင့် ခွဲခြမ်းစိပ်ဖြာ ဝေဖန်တတ်တဲ့ အကျင့်ရှိတဲ့ အနောက်တိုင်းသားတွေအတွက် ဝိပဿနာရှုနည်းဟာ အထူးသင့်လျော်လှပါတယ်"။

"ဝိပဿနာ အားထုတ်လိုက်တဲ့အတွက် ကျွန်တော့် စိတ်တွေ ကြည်လင်လာပါတယ်၊ ကိုယ်အမူအရာ, နှုတ်အမူအရာနဲ့ စိတ်နေ စိတ်ထားတွေမှာ မကောင်းမှုအကုသိုလ်တွေ လျော့နည်းလာပါ တယ်၊ တွေ့ကြုံနေကျ ကာမဂုဏ်အာရုံတွေအပေါ်မှာလည်း တွယ် တာမှု နည်းပါးလာပါတယ်၊ ခြုံပြီးပြောရရင် စိတ်ဆင်းရဲကို ဖြစ်စေတတ်တဲ့ ကိလေသာတွေ လျော့နည်းလာပါတယ်၊ အတိတ် က စိတ်အခြေအနေမျိုးတွေ ဘယ်အချိန်မှာ ပြန်ပေါ်လာမယ်ဆို တာကို မပြောပြနိုင်သေးပေမယ့် ဝိပဿနာရှုမှတ်ရင် စိတ် အခြေအနေတွေကို ပိုပြီး မြန်မြန်ဆန်ဆန်, ရှင်းရှင်းလင်းလင်း, မှန်မှန်ကန်ကန် သိမြင်လာနိုင်မှာ ဖြစ်ပါတယ်"။

"ကျွန်တော်ဟာ ဆင်းရဲတွေ လျော့သွားအောင်, အသိဉာဏ် တိုးပွားလာအောင် စိတ်အခြေအနေကို သိနားလည်စေတဲ့ ဝိပဿနာ အကျင့်ကို ပို၍ ကြိုးစား အားထုတ်လိုလာပါတယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင် ပဏ္ဍိတာဘိဝံသဟာ တရားပြကောင်းသူ တစ်ဦးအနေနဲ့ ပြည်ပ နိုင်ငံတွေမှာ ထင်ရှားနေပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာ

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ လာရောက်အားထုတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ ဆုံးဖြတ်ခဲ့တဲ့အတိုင်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ လာရောက်ပြီး ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ရဲ့ လမ်းညွှန်မှုကို ခံယူကာ (၈)ပတ် သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့ပါတယ်"။

"မြန်မာတစ်နိုင်ငံလုံးရဲ့ ဗုဒ္ဓသာသနာ အခြေအနေကို ကျွန်တော် သိပ်မသိပါ၊ မဟာစည်ဆရာတော်နည်းနဲ့ အားထုတ်တဲ့ ရန်ကုန်က သာသနာ့ရိပ်သာများကိုသာ အနည်းငယ် သိပါတယ်၊ ကျွန်တော် တွေ့ခဲ့ရသမျှ မြန်မာဗုဒ္ဓဘာသာဝင်တွေဟာ အလွန်စေတနာကောင်းကြပြီး ဘာသာရေးမှာ အလွန် ကြည်ညိုကြပါတယ်၊ အထူးသဖြင့် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးတွေဟာ တရားအားထုတ်မှုမှာ အလွန် စိတ်အား ထက်သန်ကြပါတယ်"။

"အမေရိကမှာ ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာနိုင်ငံ အသီးသီးမှ ဆရာတွေ ရှိနေကြပါတယ်၊ ဒါကြောင့် အမေရိကမှာ ဗုဒ္ဓဘာသာဝါဒ အမျိုးမျိုး ရှိနေပါတယ်၊ အမေရိကန်လူမျိုးများဟာ နဂိုက ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြပါ၊ အာရှတိုင်းပြည်များမှ မျိုးနွယ်စုများ ဝင်ရောက်လာလို့ အမေရိကမှာ ဗုဒ္ဓဘာသာ ထွန်းပေါ်လာခြင်း ဖြစ်ပါတယ်၊ အမေရိကမှာ ဗုဒ္ဓဝါဒကို အောင်မြင်အောင် ဆောင်ရွက်လိုလျှင် မျိုးစုံရှိနေတဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေအတွင်းသို့ စိမ့်ဝင်ပြန့်နှံ့စေရမယ်၊ ပူးပေါင်းရမယ်၊

အချို့ဓလေ့များကို လက်ခံရမယ်၊ အချို့ဓလေ့များကို ပယ်နုတ်ရမယ်လို့ ကျွန်တော်ထင်ပါတယ်"။

"ကျွန်တော်ဟာ ရိုးရာယဉ်ကျေးမှုတွေကို လေ့လာနိုင်ဖို့နဲ့ ဗုဒ္ဓဝါဒကို လေ့လာနိုင်ဖို့အတွက် စီးပွားရေးပညာရှင်တစ်ယောက် သို့မဟုတ် ရှေ့နေတစ်ယောက် ဖြစ်နိုင်မယ့် ကျောင်းသားတစ်ယောက်အနေနဲ့ အလွန်ကောင်းတဲ့ မှတ်တမ်းတင်ထားခံရမှုကို စွန့်လွှတ်ထားပါတယ်၊ လူတွေ တော်တော်များများက "ငွေက သူတို့ကို ပျော်ရွှင်မှု ပေးနိုင်မယ်"လို့ ထင်နေကြတယ်၊ ဒါကြောင့်လည်း သူတို့ဟာ ဝင်ငွေ များများရမယ့် အလုပ်အကိုင်တွေကို လိုချင်နေကြတယ်၊ အမေရိကန်က ဆရာဝန်များဟာ ကမ္ဘာမှာ ဝင်ငွေ အကောင်းဆုံး ရကြပါတယ်၊ ဒါပေမယ့် တစ်ခြားလူတွေနဲ့ နှိုင်းစာရင် တစ်ခြားလူတွေထက် ခြောက်ဆခန့် ပိုပြီး မိမိကိုယ်ကို သေကြောင်း ကြံစည်မှုတွေ ရှိကြပါတယ်၊ ငွေဟာ လူသားတွေအတွက် အကူအညီတော့ ဖြစ်ပါတယ်၊ ဒါပေမယ့် ပျော်ရွှင်မှုကို အပြည့်အဝ ပေးနိုင်တယ်လို့တော့ အာမခံချက် မရှိပါ"။

"သင်ဟာ တစ်ကြိမ်တစ်ခါမျှ ရိပ်သာဝင်ပြီး တရားအားမထုတ်ဖူးသေးရင် အနည်းဆုံး တစ်ကြိမ်တော့ ဝင်ရောက်အားထုတ်ကြည့်ပါလို့ တိုက်တွန်းချင်ပါတယ်၊ ဝင်ရောက် အားထုတ်ကြည့်ရင် တရားအားထုတ်ရခြင်းရဲ့ တန်ဖိုးကို သင်ကိုယ်တိုင် သိနားလည်လာပါလိမ့်မယ်"။

"ကျွန်တော်ဟာ သတိပဋ္ဌာန်တရားကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ (၈)ပတ် အားထုတ်တာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်လိုက်တဲ့အတွက် လူတွေနဲ့ဆက်ဆံရတဲ့အခါ ပိုပြီး ပွင့်လင်းမှု ရှိလာပါတယ်၊ မေတ္တာတွေလည်း ပိုပြီး ထားနိုင်လာပါတယ်၊ ဒါဟာ ကျွန်တော့်အတွက် ရလဒ်ကောင်း တစ်ခုပါပဲ"။

"ကျွန်တော့်မှာ အဲဒီလို ရလဒ်တွေ ရလာတဲ့အတွက် အခြားလူတွေကိုလည်း အဲဒီလို စိတ်မျိုးတွေ မွေးမြူလာနိုင်အောင် တိုက်တွန်းသွားမှာ ဖြစ်ပါတယ်၊ လူတွေက ဒါကို သင့်တော်တယ်လို့ ယူဆပြီး ကျွန်တော့်မှာလည်း အခွင့်အလမ်း ရှိမယ်ဆိုရင် သူတို့ကို တရားအားထုတ်ဖို့ တိုက်တွန်းနိုင်မည့်အပြင် လိုအပ်မည့် အကြံကောင်းတွေကိုလည်း ပေးသွားနိုင်မှာ ဖြစ်ပါတယ်"။

"အနာဂတ်ဟာ အလွန် မရေရာပါ၊ ဒါကြောင့် ဒီနေရာမှာ ဒီတရား လာပြီးအားထုတ်ဖို့ရာ နောက်တစ်ကြိမ် လာနိုင်၊ မလာနိုင်ကို တိတိကျကျ မပြောနိုင်သေးပါ၊ ဒါပေမယ့် ဒီနေရာမှာ ဒီတစ်ခါ တရားအားထုတ်လိုက်ရတာဟာ အလွန် အဖိုးတန်တယ်လို့တော့ အသေအချာ ပြောနိုင်ပါတယ်"-တဲ့။

အမေရိကန်ကျောင်းသားယောဂီဖြစ်သည့် ဒေါက်ကလပ်(စ်)ဂီ(လ်)ဒွန်၏ ပြောပြချက်များကို ရေးသားဖော်ပြလိုက်ပါသည်။

သူကဲ့သို့ သင်လည်း သတိပဋ္ဌာန်တရား အားထုတ်နိုင်ပါစေ ဟု တိုက်တွန်းလိုက်ပါရစေ။

❀ ❀ ❀

## ကနေဒါ ဆရာဝန်ယောဂီမလေး

အိပ်ချိန် (၄)နာရီကို ချန်လှပ်၍ ကျန်သည့်အချိန်တို့၌ ရှုမှတ်မှုဖြင့်သာ နေရသည့် တရားစခန်းတွင် စာရှုသူသည် အဘယ်မျှကြာအောင် ရှုမှတ်ဖူးပါသနည်း၊ စာရှုသူတို့တွင် (၁)လ, (၂)လ, (၃)လ စသည် ကြာအောင် ရှုမှတ်ဖူးသူ ပါချင်ပါပါလိမ့်မည်၊ (၁၀)လ (၁၁)လ ဆက်တိုက် ရှုမှတ်ဖူးသူကား ရှားပါးပါလိမ့်မည်၊ ဗုဒ္ဓသာသနာဝင် ရဟန်း, ရှင်, လူတို့တွင် ထို့ထက်ပို၍ ကြာအောင် ရှုမှတ်ဖူးသူတို့လည်း ရှိနိုင်ပါသည်၊ "ရှိတော့ ရှိသည်၊ ရှားသည်"ဟု ဆိုရမည် ထင်ပါသည်၊ ဗုဒ္ဓသာသနာဝင် မဟုတ်ခဲ့သူ, မဟုတ်သေးသူတို့ကား ပို၍ပင် ရှားပေမည်၊ ပြည်ပမှာမူ ပို၍ပင် ရှားပါလိမ့်မည်၊ ရှားပါးသည့် ပြည်ပသူတို့တွင် တစ်ဦး အပါအဝင် ဖြစ်သည်ဟု ဆိုနိုင်သည့် ကနေဒါနိုင်ငံသူကို တွေ့ရပါသည်၊ သူမသည် ဆေးဆရာဝန်မလေး ဖြစ်ပါသည်၊ အသက် (၃၄)နှစ် ရှိပါပြီ၊ သူမနာမည်မှာ "လိ(စ်)လာ့ဘတ်(တ်)"

ဟူ၍ ဖြစ်ပါသည်၊ သူမမှာ အိမ်ထောင်သည် မဟုတ်ပေ၊ သူမသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ (၁၁)လကြာ သတိပဋ္ဌာန်တရားကို အားထုတ်သွားသည်။

သူမသည် ရှေးအခါက ဤသတိပဋ္ဌာန်တရားကို (၂)ကြိမ်အားထုတ်ဖူးပါသည်၊ ပထမအကြိမ်၌ ကနေဒါနိုင်ငံ ကိုလံဗီယာမြို့တွင် (၃)ပတ်၊ ဒုတိယအကြိမ်၌ အမေရိကနိုင်ငံ ကာလီဖိုးနီးယားပြည်နယ်တွင် (၈)ရက် အားထုတ်ခဲ့ပါသည်၊ (၂)ကြိမ်လုံး၌ ကမ္မဋ္ဌာန်းဆရာမှာ "အယ်လင်ကရီးမင့်" ဖြစ်ပါသည်၊ ထိုကမ္မဋ္ဌာန်းဆရာသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ ကမ္မဋ္ဌာန်းတပည့်ဖြစ်ပါသည်၊ ထို"အယ်လင်ကရီးမင့်"သည် "ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသည် အားကိုးလောက်သည့် တရားရှုမှတ်နည်းဆိုင်ရာ သင်ကြားပေးမှုကို ပေးစွမ်းနိုင်လိမ့်မည်"ဟုပြောကာ သူမကို တိုက်တွန်းခဲ့သဖြင့် သူမသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ တရားအားထုတ်ဖို့ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

သူမသည် သူမကိုယ်ကို သူမ ပို၍ နားလည်ချင်သည်၊ သူမဘဝ၏ အတွေ့အကြုံမှန်သမျှကို ဂရုပြုကြည့်ရှုပြီး ပကတိအရှိအတိုင်း သိနားလည်ချင်သည်၊ သူမဘဝ၏ အချိန်တိုင်းကို အကျိုးရှိရှိ ကောင်းစွာ အသုံးချလိုသည်၊ သူမဘဝ၏ ခံစားချက်အဟောင်းတို့ကို ကုစားနည်းကို ရှာဖွေခဲ့သည်၊ ထိုအခါ ဝိပဿနာ

(သတိပဋ္ဌာန်)တရား ရှုမှတ်နည်းကို တွေ့ရှိ ဖတ်ရှုခဲ့ရသည်၊ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်ဖြစ်ခဲ့သော သူမသည် သတိပဋ္ဌာန်တရားကို စတင် ရှုမှတ်ကြည့်ခဲ့သည်၊ သူမ၏ ဝိပဿနာလုပ်ငန်း၌ စည်းကမ်းတကျ တွေ့ကြုံရသော အတွေ့အကြုံ ဖြစ်သည်ဟု ဆိုပါသည်။

သတိပဋ္ဌာန်တရား အားထုတ်လိုက်သဖြင့် သူမ၌ မိမိကိုယ်ကျိုးအတွက် ဘက်လိုက်ဆုံးဖြတ်လေ့ရှိသည့် အခြေအနေတို့ လျော့လာသည်ကို သူမ သိလာသည်၊ စိတ်လှုပ်ရှားမှု, စိတ်မကျေနပ်မှု, စိတ်မတည်ငြိမ်မှုတို့ သူမ၌ ရှိသေးသော်လည်း ထိုစိတ်အခြေအနေတို့ကို ထင်ထင်ရှားရှား သိမြင်လာ၏၊ သူမပတ်ဝန်းကျင်အပေါ် ကိုယ်ချင်းစာတရားတွေ ပို၍ ထားနိုင်လာ၏။

သူမ ရင်ဆိုင်နေရသော အခက်အခဲတို့နှင့် သူမ၏ ပတ်ဝန်းကျင်တို့ကြောင့် တွေ့ကြုံရသည့် ဒုက္ခအပေါ် စိတ်ရှည်, သည်းခံ, ခွင့်လွှတ်နိုင်မှုတို့ သူမမှာ များစွာ ရှိလာ၏၊ သူမပတ်ဝန်းကျင်၌ ဒုက္ခရောက်နေကြသူတို့နှင့် အခက်အခဲ ရင်ဆိုင်နေကြရသူတို့ကို တွေ့မြင်ရသောအခါ ကြီးမားသော သနားကြင်နာမှုတို့ သူမမှာ ဖြစ်လာကြ၏၊ သူမသည် သူမဘဝ၌ ပိုမိုကျယ်ပြန့်သည့် ဆက်နွယ်မှုတို့ဖြင့် နေထိုင်နေရပါလားဟု အတွေးပေါက်လာ၏၊ သူမသည် ဗုဒ္ဓဝါဒကို ရှေးဦးစွာ သိနားလည်လာသည့်အခါ ကံ

နှင့် ကံ၏အကျိုး၊ အတိတ်ဘဝနှင့် အနာဂတ်ဘဝတို့ကို သိနားလည်လာ၏၊ သူမ၏ တွယ်တာမှုတို့ကို လျှော့နိုင်သည်နှင့် အမျှ တကယ့်အေးငြိမ်းမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိလာ၏။

နေ့စဉ် တွေ့ကြုံနေရသည့် ဘဝအတွေ့အကြုံတို့၌ မဟုတ်ဘဲ တစ်နေရာရာ၌သာ ဘဝ၏ အခြေခံ အမှန်တရားတွေ ရှိနေသည်ဟု သူမ စိတ်ထဲ၌ အမြဲ ထင်နေလေ၏၊ "စာအုပ်တို့ကို ဖတ်သဖြင့် ပွင့်လင်းလာသည့် နှလုံးသား၊ ဉာဏ်ပညာ လွတ်လပ်မှုတို့ဖြင့် အမှန် ဖြစ်ပျက်နေသည်ကို မတွေ့ရှိနိုင်၊ တရား အားထုတ်မှုဖြင့်သာ သိရှိနိုင်သည်"ဟု သူမ နားလည်နေလေသည်၊ ဗုဒ္ဓသာသနာအပေါ် စိတ်ဝင်စားခြင်းနှင့် သိနားလည်ခြင်းတို့သည် သူမ၌ ကျယ်ပြန့်လာသည်၊ ဗုဒ္ဓသာသနာအပေါ် စိတ်ဝင်စားလာသည်နှင့်အမျှ ဗုဒ္ဓသာသနာသည် သူမအမြင်တွင် ဆန်းကျယ်လာသည်၊ ဗုဒ္ဓသာသနာ၌ သူမ မသိသေးသည့်အရာတွေ များစွာ ရှိနေသေးသည်ဟု မြင်လာသဖြင့် ပို၍ လေ့လာချင်စရာ ဖြစ်လာသည်။

မြန်မာဗုဒ္ဓသာသနာဝင်တို့အား သူမက ဤသို့ တိုက်တွန်းစကား ပြောကြားလိုပါသည် တဲ့။

"မြန်မာနိုင်ငံမှာ တရားရိပ်သာတွေ၊ တရားပြတဲ့ဆရာတွေ အလွန်များပြားစွာ ရှိနေတဲ့အတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာ ကျွန်မတို့ အနောက်တိုင်းသားတွေနဲ့ မတူပါ၊ ကျွန်မ

တို့မှာ ဒီဘက်ကမ္ဘာအခြမ်းကို လာပြီး တရားပြပေးမယ့် ဆရာ ရှာရပါတယ်၊ မြန်မာပြည်မှာ တွေ့ကြုံရတဲ့ ညှော်ဝတ်ကျေပွန်မှု၊ အထူးသဖြင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာက ယောဂီတွေရဲ့ လိုအပ်ချက်မှန်သမျှကို စိတ်ကောင်း၊ စေတနာကောင်းနဲ့ ဆောင်ရွက်ပေးကြမှုကိုတော့ အထူးပဲ ကျေးဇူးတင်တယ်”တဲ့။

သူမ၏ ကနေဒါနိုင်ငံသို့ အပြန်တွင် မြန်မာနိုင်ငံမှ အကောင်းဆုံး လက်ဆောင်အဖြစ် ယူသွားလိုသည်တို့မှာ –

၁။ စွဲမြဲစွာ ရှုမှတ်ရမှုကြောင့် သူမ၏ စိတ်အခြေအနေ ပြောင်းလွဲမှုကို သတိပြုနိုင်သည့် စွမ်းရည်။

၂။ သူတစ်ပါးတို့အပေါ် မေတ္တာစိတ်၊ သည်းခံစိတ်များစွာ ထားနိုင်လာသည့် စွမ်းရည်။

၃။ အထက်ပါ အရည်အသွေး စွမ်းရည်တို့သည် သူမ၏ ကိုယ်မှု၊ နှုတ်မှုတို့အပေါ် လွှမ်းမိုးလာမှုကြောင့် “သတိပဋ္ဌာန်တရား အားထုတ်မှုနှင့် ဗုဒ္ဓဝါဒသည် တကယ်ပဲ အပြုသဘောသို့ ပြောင်းလွဲပေးနိုင်သည် ဟူသောအချက်ကို အခြားသူတွေလည်း သိမြင်စေလိုလာမှုနှင့် ရှိသေစွာ လိုက်စားစေချင်မှု စွမ်းရည်တို့ ဖြစ်ပါသည်–တဲ့။

သူမသည် “သူမ၏ ရှေ့ဘဝခရီးတစ်လျှောက်တွင် သတိတရား၊ မေတ္တာတရားတို့ဖြင့် နေထိုင်သွားပါမည်၊ မည်သူမဆို

သတိပဋ္ဌာန်တရားကို လိုက်စားလိုပါက အကူအညီ ပေးသွားပါမည်”ဟုလည်း ပြောပြပါသည်။

ဤကနေဒါယောဂီ ဆရာဝန်မလေး၏ စိတ်ထားသည် အားကျဖွယ် ကောင်းပါပေစွ၊ အတုယူဖွယ် ကောင်းပါပေစွ။

❀ ❀ ❀

## ဆွစ်ဇာလန် ဆရာဝန်ယောဂီမလေး

သူမ၏အမည်မှာ “ဝုန်းဒိုးယူအင်”ဖြစ်၏၊ သူမသည် မြန်မာနိုင်ငံမှာ မွေးဖွားခဲ့သည်၊ သူမ၏ မိဘများသည် ဗီယက်နမ်လူမျိုးဖြစ်သည်၊ သူမတို့မိသားစုသည် ယခုအခါ ဆွစ်ဇာလန်နိုင်ငံမှာ နေသည်၊ သူမသည် ဆရာဝန်ဖြစ်သည်၊ အသက် ၃၂-နှစ်ရှိပြီး အိမ်ထောင်မပြု၊ လူလွတ်ဖြစ်၏၊ သူမမှာ ညီမလေးတစ်ယောက်သာ ရှိသည်၊ ညီမလေးကလည်း ဆရာဝန် ဖြစ်သည်၊ သူမသည် ဗုဒ္ဓဘာသာရိုးရာ အစဉ်အလာနယ်ပယ်၌ ကြီးပြင်းခဲ့သည်၊ ယခင်အခါက ဆယ်ကျော်သက်အရွယ်ရှိသူ တစ်ဦး အနေဖြင့် ဗုဒ္ဓသာသနာ့သမိုင်းကြောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာမှ တရားအား

ထုတ်မှု အကြောင်းတို့ကို စာတွေ့လေ့လာမှုတို့၌ များစွာ စိတ်ဝင်စားခဲ့သည်။

ယခုအခါမူ သူမသည် တွေးခေါ်မှု သက်သက်၊ စာတွေ့သက်သက်မျှတို့ကို ကျော်လွှားလိုနေသည်၊ သူမကိုယ်တိုင် ကိုယ်တွေ့ သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်ချင်သည်၊ ထို့ကြောင့် သူမသည် ပြင်သစ်နိုင်ငံ၊ သကျမုနိ တရားရိပ်သာ၌ ၁၉၉၃-ခု၊ ရှုလိုင်လက ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ ညွှန်ကြားပြသမှုဖြင့် ၅-ရက် သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့သည်၊ သူမသည် ဆက်လက်ပြီး အားထုတ်ချင်ခဲ့သည်၊ သူမ၏ဘဝတွင် လိုအပ်မှု များစွာ မရှိ၊ လိုအပ်မှုတွေ များသောအားဖြင့် ပြည့်စုံခဲ့သည်၊ အသက်မွေးဝမ်းကျောင်း ပညာလည်း သူမမှာ ပြည့်စုံနေသည်၊ ထို့ကြောင့် သူမဘဝတွင် အမြဲလောက်ပင် စိတ်ချမ်းသာမှု ရရှိပါလေသည်။

ယခု ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ တရားရှုမှတ်ချိန် တစ်လ ရှိသည်၊ ယခုအကြိမ်သည် ၂-ကြိမ်မြောက် တရား အားထုတ်ခြင်း ဖြစ်သည်၊ ယခုတစ်ကြိမ် ထပ်မံအားထုတ်လိုက်သဖြင့် "သူမဘဝတွင် မခန့်မှန်းနိုင်လောက်အောင်သော ကြွယ်ဝပြည့်စုံမှုတွေ ရရှိသည်"ဟု သူမက ဆိုပါသည်။

တရား အားထုတ်လိုက်သဖြင့် သူမသည် သူမ အကြောင်းကို များစွာ နားလည် သိရှိလာသည်၊ သူမသည် အမြဲ ဘာသာ

ရေး ကိုင်းရှိုင်းသူတစ်ဦး ဖြစ်သော်လည်း ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတွေအပေါ် ယုံကြည်မှု သဒ္ဓါတရား ယခုအခါ ပို၍ နက်ရှိုင်းလာသည်၊ သူမဘဝတွင် အရေးပါသော အရာထက်ပင် ဗုဒ္ဓဘာသာသည် သူမအဖို့ ပို၍ အရေးပါသော အရာ ဖြစ်လာနေသည်၊ သူမနေထိုင်ရာ နေရာမှ အနောက်တိုင်း ယဉ်ကျေးမှုတွေနှင့် မတည်မငြိမ် အခြေအနေတွေကြားမှာ သူမကို တည်ငြိမ်အောင် ထားနိုင်ဖို့ ဗုဒ္ဓတရားများက ကူညီလိမ့်မည်ဟု သူမက ပြောပါသည်။

"ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံနှင့် မြန်မာဗုဒ္ဓသာသနာဝင်တွေ သန္တာန်မှာ နက်နဲစွာ အမြစ်စွဲ တည်နေသည်၊ ကြမ်းတမ်းနေသော ဤကမ္ဘာလောကကြီး၌ ကိုယ်, နှုတ်, စိတ်ယဉ်ကျေးမှုကို မြှင့်တင်ပေးသည့် ဗုဒ္ဓသာသနာသည် ယခုအခါ ရှားပါးပြီး အလွန် တန်ဖိုးရှိသောအရာ ဖြစ်နေသည်"ဟု သူမက ဆိုပါသည်။

သူမ ဆွစ်ဇာလန်နိုင်ငံသို့ ပြန်မည့်နေ့တွင် သူမက စာရေးသူအား ဤသို့လည်း ပြောပြသွားပါသေးသည်။

"တပည့်တော် တစ်လ တရား အားထုတ်လိုက်တဲ့အတွက် ဗုဒ္ဓတရားဆိုင်ရာ အသိအမြင်တွေ များစွာ ရရှိခဲ့ပါတယ်၊ ပြီးတော့ တပည့်တော် စိတ်မှာလဲ ပြောင်းလဲမှုတွေ များစွာ ဖြစ်ခဲ့ပါတယ်၊ တပည့်တော် ဒီမှာ တရားအားထုတ်စ အပိုင်းမှာ ခက်ခဲပါတယ်၊ ဒါပေမယ့် ချက်ချင်းပဲ တပည့်တော် နားလည်စ ပြုလာ

ပါတယ်၊ တပည့်တော်ဟာ သိပ်ပြီး သိပ္ပံနည်းဆန်လှ့ရှိပြီး သိပ်ပြီး တိကျတဲ့သဘော ရှိပါတယ်၊ သိပ္ပံနည်းနဲ့ ရှင်းပြဖို့ ခက်ပေမယ့် တပည့်တော်မှာ ဖြစ်ပေါ်နေတဲ့ အမှန်တရားတွေ ရှိနေတယ်ဆိုတာကို သိလာရပါတယ်၊ ယုံကြည်လာရပါတယ်။

ဆွစ်ဇာလန်နိုင်ငံမှာ လူဦးရေ ၆–သန်း ရှိပါတယ်၊ အဲဒီ လူဦးရေ ၆–သန်းထဲက လူအများစုဟာ ခရစ်ယာန် ဘာသာဝင်တွေ ဖြစ်ကြပါတယ်၊ ဗုဒ္ဓဘာသာဝင်တွေက အနည်းငယ်ပဲ ရှိပါတယ်၊ အဲဒီ ဗုဒ္ဓဘာသာဝင်တွေကလည်း အာရှတိုက်မှ လူတွေ ဖြစ်ပါတယ်၊ အနောက်တိုင်း ဥရောပနိုင်ငံတွေက လူတွေဟာ ဘာသာရေးမှာ လိုက်စားအားထုတ်တာ များစွာ အားနည်းနေပါသေးတယ်၊ အနောက်တိုင်းက လူတွေဟာ ရုပ်ဝတ္ထုကြီးပွားရေးနောက်သို့ လိုက်နေကြပါတယ်။

တပည့်တော် မြန်မာနိုင်ငံမှ အကောင်းဆုံး လက်ဆောင်ပစ္စည်းအဖြစ် အင်္ဂလိပ်လို ရေးသားတဲ့ ဓမ္မပဒစာအုပ်ကို သယ်ဆောင်သွားလိုပါတယ်၊ တပည့်တော်လို ဘဝတူလူတန်းစားတွေ ဗုဒ္ဓသာသနာအပေါ် ပိုပြီး စိတ်ဝင်စားလာအောင် ကြိုးစားလိုတဲ့ ဆန္ဒ တပည့်တော်မှာ ရှိပါတယ်၊ တပည့်တော် နောင်နှစ်မှာ အချိန်ကြာကြာ အားထုတ်နိုင်အောင် ပြန်လာဖို့ရာ မျှော်လင့်ပါတယ်”တဲ့။

❀ ❀ ❀

## ဆွစ်ဇာလန် အမျိုးသမီးယောဂီ ဝှန်းဒိုးထီးထော်

သူမ၏ နာမည်မှာ "ဝှန်းဒိုးထီးထော်" ဖြစ်သည်၊ ဗီယက်နမ်လူမျိုး ဖြစ်သည်၊ သူမ၏ မိဘနှစ်ပါးလည်း ဗီယက်နမ်လူမျိုး ဖြစ်သည်၊ သူမကို ကမ္ဘောဒီးယားနိုင်ငံမှာ မွေးဖွားခဲ့သည်၊ ယခု သူမအသက် (၆၃)နှစ် ရှိပြီ၊ သူမမှာ ခင်ပွန်းရှိသည်၊ သမီးလေး (၂)ယောက် ရှိသည်၊ သမီး(၂)ယောက်လုံး ဆေးဆရာဝန်များ ဖြစ်ကြသည်၊ သူမမိသားစုသည် ယခုအခါ ဆွစ်ဇာလန်နိုင်ငံမှာ နေသည်၊ သူမသည် ငယ်ရွယ်စဉ်ကလေးဘဝက စပြီး ထေရဝါဒ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းမှာ ကြီးပြင်းခဲ့သည်၊ ထို့ကြောင့် သူမသည် ထေရဝါဒဗုဒ္ဓသာသနာကို ယုံကြည် ကိုးကွယ်ခဲ့သည်၊ သူမသည် သတိပဋ္ဌာန်တရား အားထုတ်ရန်လည်း စိတ်သန်ခဲ့သည်၊ ထို့ကြောင့် သူမသည် တရားစခန်းများစွာသို့ ဝင်ရောက်ပြီး အားထုတ်ခဲ့သည်။

သူမသည် ၁၉၉၁–ခုနှစ်က ပြင်သစ်နိုင်ငံ, သကျမုနိ တရားဌာနၷ အမေရိက, ဝါရှင်တန် ဒီစီမှ ဗီယက်နမ်ဆရာတော် အရှင်ခိပ္ပပညော၏ ညွှန်ပြမှုဖြင့် (၁၀)ရက် သတိပဋ္ဌာန်တရား အားထုတ်ခဲ့သည်၊ ပြင်သစ်နိုင်ငံ, သကျမုနိတရားဌာနၷပင် ထိုသကျမုနိတရားဌာနၷ သီတင်းသုံးနေသည့် ဗီယက်နမ်ဆရာတော် အရှင်ဝိဇယ၏ ညွှန်ပြမှုဖြင့် (၁၀)ရက် သတိပဋ္ဌာန်တရား အားထုတ်ခဲ့သည်၊ ၁၉၉၂–ခုနှစ်တွင် ထိုဆရာတော် (၂)ပါး၏ ညွှန်ကြားမှုဖြင့် ထိုနေရာဌာနၷပင် (၁၀)ရက်စခန်း (၂)ကြိမ် အားထုတ်ခဲ့သည်၊ ၁၉၉၃–ခုနှစ်တွင် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ, ဗီယက်နမ်ဆရာတော် အရှင်ခိပ္ပပညော, ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသတို့၏ ညွှန်ပြမှုဖြင့် ထိုတရားဌာနမှာပင်(၁၀)ရက်စီ အားထုတ်ခဲ့သည်၊ ၁၉၉၄–ခုနှစ်တွင် ထိုတရားဌာနၷပင် ဗီယက်နမ်ဆရာတော် အရှင်ဝိဇယ၏ ညွှန်ပြမှုဖြင့် (၁၀)ရက်၊ ဆွစ်ဇာလန်နိုင်ငံၷ ဂျိုးဆက်ဂိုးစတိန်း၏ ညွှန်ပြမှုဖြင့် (၃)ပတ် အားထုတ်ခဲ့သည်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာၷ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ ညွှန်ပြမှုဖြင့် (၂)လခွဲကြာ အားထုတ်ခဲ့သည်။

သူမသည် ထေရဝါဒဗုဒ္ဓသာသနာ၏ အနှစ်သာရကို သိချင်ခဲ့သည်၊ သူမအကြောင်းကိုလည်း သူမ သိချင်ခဲ့သည်၊ ထို့ကြောင့် သူမသည် သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့လေသည်၊ ထိုသို့ အားထုတ်လိုက်သဖြင့် သူမဘဝ၏ အမှန်သဘာဝတို့ကို ပို၍ သိ

လာခဲ့သည်၊ တရားအားထုတ်မှုက သူမကို မှန်ကန်သူတစ်ဦး၊ နိမ့်ချသူတစ်ဦး ဖြစ်အောင်လည်း ကူညီခဲ့လေသည်၊ သူမသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ ယခုတစ်ကြိမ် ထပ်အားထုတ်လိုက်သည့်အခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ သွန်သင်ပြသမှု၊ နားလည်တတ်မှု၊ ကြင်နာမှု တို့ကို ပို၍ သိရှိလာခဲ့ရသည်၊ သူမ၏ တရားအားထုတ်မှုက သူမ အား ကောင်းမြတ်သော ဆန္ဒတွေ သူမရင်မှာ ပေါက်ဖွားလာစေ ခဲ့သည်၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးတွင်လည်း ပို၍ကောင်းမွန် လာစေသည်၊ ဗုဒ္ဓအဆုံးအမတို့ကို စာတွေနှင့်ရော လက်တွေ့နှင့် ပါ ပေါင်းစပ် ပြသပေးမှုတို့ကို အလွန်အကဲ နှစ်ခြိုက်လာစေ သည်။

"မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တို့သည် ဒါန၊ သီလ၊ ဘာဝနာစသော ကောင်းမှုတို့ကို ယုံကြည်ကြသည်၊ အားကိုးကြ သည်၊ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာမှာ သန့်ရှင်းလျက်ပင် ရှိနေ သည်၊ သူမသည် အသက်(၂၀)အရွယ်မှ စ၍ ဗီယက်နမ်နိုင်ငံမှ ထွက်ခွာခဲ့သဖြင့် ဗီယက်နမ်မှ ဗုဒ္ဓသာသနာ အခြေအနေကို ကောင်းကောင်း ပြောမနိုင်ပါ၊ သို့သော် ယခုအခါ ဗီယက်နမ်မှာ ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားစ ပြုနေသည်ဟု သူမ ကြားသိ နေရသည်၊ ထို့ကြောင့် နောင်အခါ ဗီယက်နမ်မှာ ဗုဒ္ဓသာသနာ ပိုမိုထွန်းကားလာဖို့ရာ သူမ မျှော်လင့်နေသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ တရားကိုသာ အားထုတ်နေရသဖြင့် ရွှေ

တောင်ကုန်း သာသနာ့ရိပ်သာ ပြင်ပ၌ မြန်မာ့ဗုဒ္ဓသာသနာ အခြေအနေကို မမြင်ရ၊ မကြားရသောကြောင့် မြန်မာ့ဗုဒ္ဓသာသနာ အကြောင်းကို ပြောမပြနိုင်ပါ၊ ဗုဒ္ဓသာသနာ၏ အမွေအနှစ်ဖြစ်သည့် လူ့ယဉ်ကျေးမှုသည် မြန်မာနိုင်ငံ၏ အနှစ်သာရ အဖြစ် တည်ရှိနေသည်ဟု ရှုမြင်ခံစားမိသည်"ဟု သူမက ဆိုပါသည်။

သူမက မြန်မာဗုဒ္ဓသာသနာဝင်တို့အား ဤသို့ ပြောပြချင်ပါသည်-တဲ့။

"ချစ်လှစွာသော မြန်မာမိတ်ဆွေအပေါင်းတို့ . . . သင်တို့မှာ ကမ္မဋ္ဌာန်းဆရာကောင်းတွေ၊ ကမ္မဋ္ဌာန်းရိပ်သာကောင်းတွေ ရှိနေတဲ့အတွက် သင်တို့ ကံကောင်းကြတယ်ဆိုတာ သတိပြုမိကြပါရဲ့လား၊ ယခုခေတ်မှာ ကြမ်းတမ်းမှု၊ အတ္တဆန်မှုတွေနဲ့ များသောအားဖြင့် ပြည့်နှက်နေတဲ့၊ ရုပ်ဝတ္ထုတွေ ကြွယ်ဝနေပါတယ် ဆိုတဲ့ နိုင်ငံပေါင်းများစွာက သင်တို့ရဲ့ တရားကြွယ်ဝမှုကို အားကျနေကြပါလိမ့်မယ်"။

သူမသည် မြန်မာနိုင်ငံမှ သင်ယူရရှိထားသည့် တရားအသိမှန်ကို သူမ၏နေထိုင်ရာ ဆွစ်ဇာလန်နိုင်ငံသို့ အကောင်းဆုံးလက်ဆောင်အဖြစ် သယ်ဆောင်သွားပါမည်၊ ရင်းနှီးရာ ပုဂ္ဂိုလ်တို့ကိုလည်း မျှဝေပေးပါမည်-တဲ့။

သူမက မှတ်သားစရာ စကားတစ်ခွန်းကိုလည်း ပြောသွားပါသေးသည်။

"ကျွန်မတို့ဘဝခရီးမှာ ဘဝတည်းဟူသော တောင်ရဲ့ထိပ်သို့ ရောက်အောင် ချီတက်ရပါတယ်၊ တစ်လှမ်းချင်း တစ်လှမ်းချင်း လှမ်းနေရင် ဘဝတောင်ထိပ်သို့ ရောက်ပါလိမ့်မယ်၊ ယုံကြည်မှု၊ တိကျသေချာမှု၊ စိတ်သဘော နူးညံ့ပျော့ပျောင်းမှုတို့နဲ့ တောင်ထိပ်သို့ ရောက်အောင် တက်ကြရပါမယ်။"

သူမသည် "ဝုန်းဒိုးယူအန်"အမည်ရှိ ဆွစ်ဇာလန် ဆရာဝန်မလေး၏ မိခင် ဖြစ်ပါသည်။

သူမ၏ အကြောင်းအရာကို သူမ ပြောပြသည့်အတိုင်း ရေးသားဖော်ပြလိုက်ပါသည်၊ သူမကဲ့သို့ သတိပဋ္ဌာန်တရားကို ပွားများ အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

## "ဂျာမဏီမှ ဆယ်ကျော်သက် အမျိုးသမီးယောဂီလေး"

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ တည်ထောင်ခဲ့သည်မှာ (၃)နှစ်ကျော်ကာလ ရှိခဲ့ပါပြီ၊ ထို(၃)နှစ်ကျော် ကာလအတွင်း ပြည်ပမှ ယောဂီ(၁၇၀)ကျော်တို့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ လာရောက်ကာ သတိပဋ္ဌာန်တရား အားထုတ်ခဲ့ကြ၏၊ နိုင်ငံစုံမှ လာကြ၏၊ အလူမျိုးစုံမှ လာကြ၏၊ ရဟန်း, ကိုရင်, သီလရှင်, အမျိုးသား, အမျိုးသမီးယောဂီအားဖြင့် အသွင်လည်းစုံ၏၊ အရွယ်လည်း စုံ၏၊ အရှေ့တိုင်းမှလည်း လာကြ၏၊ အနောက်တိုင်းမှလည်း လာကြ၏၊ ထို့ကြောင့် ယောဂီတို့တွင် အရှေ့တိုင်း ရုပ်ရည်, အနောက်တိုင်း ရုပ်ရည်တို့ကို မြင်တွေ့ရပေါင်း များနေသဖြင့် ထိုအသွင်အပြင်တို့မှာ မထူးဆန်းတော့ပါချေ၊ ရိုးနေပါလေပြီ၊ အမျိုးသမီးယောဂီလေး တစ်ယောက်ကားအသွင်ဆန်းနေပါသည်၊ သူမ၏ ဆံပင်အရောင်, မျက်လုံးအရောင်တို့မှာ မြန်မာပုံစံ ပေါက်နေ၏၊ ကိုယ်လုံးကိုယ်ထည်,

အရုပ်အမောင်း, အသားအရောင်တို့မှာ အနောက်တိုင်းအသွင် ထင်ရှားနေ၏၊ .သူမသည် ဗုဒ္ဓစာပေတွေကို လေ့လာလိုသဖြင့် မြန်မာပြည်သို့ လာရောက်ခဲ့သည်ဟုလည်း သိရပါ၏၊ သူမသည် သူမ ဆန္ဒ, သူမ ရည်ရွယ်ချက်အတိုင်း ရွှေတောင်ကုန်းသာသနာ့ ရိပ်သာသို့ ရောက်စတွင် ဗုဒ္ဓစာပေတွေကို လေ့လာဖတ်ရှုဖို့ အရေးပေးလိုဟန် တူပါ၏၊ သူမ၏ တရားရှုမှတ်ပုံမှာ ခပ်ကျဲကျဲ အနေအထားသာ ရှိနေပါ၏၊ စိတ်မပါ့တပါဖြင့် မှတ်နေရဟန် ရှိပါ၏၊ တရားထိုင်ရာနေရာသို့ ရောက်လာလျှင်လည်း စာရေးချင် သည့်အခါ ရေးနေ၏၊ ဖတ်ချင်သည့်အခါ ဖတ်နေ၏။

သူမအား တရားပြပေးသည့် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်ကလည်း သူမ၏ အခြေအနေကို သိထားပါ လေ၏၊ တရားရှုမှတ်ဖို့ စိတ်ပါဝင်စားလာအောင်, စိတ်ထက်သန် လာအောင် နည်းအသွယ်သွယ်ဖြင့် ဆွဲဆောင်ရလေ၏။ တိုက် တွန်းအားပေးရလေ၏။ သူမသည် ပထမတစ်ပတ်တွင် တရား ရှုမှတ်မှုဘက်မှာ သိပ်ပြီး စိတ်အားထက်သန် မလာသေးချေ၊ ဆရာတော်၏ တရားပြ ကျွမ်းကျင်မှု, ဂရုစိုက်ပေးမှုနှင့် သူမ၏ စိတ်ပါဝင်စားလာမှုတို့ကြောင့် ဖြစ်ပေလိမ့်မည်၊ ဒုတိယပတ်တွင် သူမမှာ တရားရှုမှတ်ဖို့ ပို၍ စိတ်ဝင်စားလာ၏၊ ပို၍ ကြိုးစား လာ၏၊ အမှတ်ပို၍ စိပ်လာ၏၊ ယောဂီအသွင် ပို၍ ပီပြင်လာ၏၊ သူမအကြောင်း သိထားသူတို့၏ ပြောကြားချက်အရ ဤသို့ သိရ၏။

သူမသည် ဂျာမနီနိုင်ငံမှ ဖြစ်သည်၊ အသက် (၁၈)နှစ်သာ ရှိသေးသည်၊ အမေရိက, ဂျာမနီနှင့် တရုတ်နိုင်ငံတို့တွင် ဆေးပညာ သင်ယူနေသည့် ဆေးတက္ကသိုလ်ကျောင်းသူတစ်ဦး ဖြစ်သည်၊ သူမ၏ အဖေမှာ မြန်မာ ဖြစ်သည်။ ဒေါက်တာ တစ်ဦး ဖြစ်သည်၊ အမည်က ဦးတင်ထွန်း–တဲ့၊ သူမ၏ အမေမှာ ယူဂိုဆလပ်နိုင်ငံသူ ဖြစ်သည်၊ သူမသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ တစ်လကြာ တရားအားထုတ်မည်၊ သူမ၏ နာမည်က "မာယာ"တဲ့၊ နာမည်အပြည့်အစုံကတော့ "မာယာတင်ထွန်း"ဟူ၍ ဖြစ်၏။

သူမ တရားအားထုတ်ပြီးခါနီး အချိန်မှာ စာရေးသူနှင့် စကားပြောခွင့် ကြုံလာပါ၏၊ ထိုအခါ သူမအကြောင်းကို စာရေးသူက မေးသဖြင့် သူမက ဤသို့ ပြောပြပါ၏။

"တပည့်တော်က ဆေးကျောင်းလည်း တက်နေဆဲပါ၊ တစ်ဖက်ကလည်း အဖေရဲ့ ဆေးကုသခန်းမှာ ကူညီပေးပါတယ်၊ အဖေက သူ့ဆေးခန်းမှာ ကူညီလုပ်အားပေးတဲ့အတွက် လုပ်အားခ တစ်လ ဒေါ်လာ(၆၀၀) ပေးပါတယ်၊ တပည့်တော်က အဲဒီငွေကို မသုံးပါဘူး၊ အဲဒီငွေတွေက များလာတဲ့အခါ အဖေက တပည့်တော်ကို ကားဝယ်ပေးမယ်၊ ကားတစ်စီး ယူမလားလို့ မေးပါတယ်၊ တပည့်တော်က 'ကား မလိုချင်ဘူး၊ ကားဝယ်ပေးမယ့် ငွေနဲ့ မြန်မာနိုင်ငံသွားပြီး ဗုဒ္ဓတရားတွေကို လေ့လာလိုပါတယ်'လို့

အဖေ့ကို ပြောလို့ အဖေနဲ့ အမေက ကျေနပ်စွာ ခွင့်ပေးပါတယ် အဖေက ဗုဒ္ဓသာသနာဝင်ပါ၊ အမေကတော့ ခရစ်ယာန် ဘာသာ ဝင်ပါ"။

"တပည့်တော်ရဲ့ အမေနဲ့ အဖေဟာ ယူဂိုဆလပ်နိုင်ငံမှာ နေစဉ်က အိမ်ထောင်ကျခဲ့ကြပါတယ်၊ တပည့်တော်မှာ အစ်ကို တစ်ယောက် ရှိနေပါတယ်၊ မောင်နှစ်မ (၂)ယောက်တည်းပဲ ရှိ ပါတယ်၊ အမေနဲ့အဖေ အိမ်ထောင်ကျစက ဆင်းရဲကြပါတယ်၊ အခု ဂျာမနီမှာ တပည့်တော်တို့ရဲ့ အိမ်က အခန်း(၁၀၀)ကျော် ရှိပါတယ်၊ အဖေရဲ့ ဆေးခန်းအတွက် အခန်းက(၂၀)ကျော် ရှိ ပါတယ်၊ အစ်ကိုကလည်း အဖေ့ဆေးခန်းမှာ ကူညီလုပ်ပါတယ်၊ အစ်ကိုက သိပ်ပြီး ဉာဏ်ထက်ပါတယ်၊ ဘာသာစကား (၁၀)မျိုး ကို ကျွမ်းကျွမ်းကျင်ကျင် တတ်ပါတယ်၊ တပည့်တော်ကတော့ ဘာသာစကား (၆)မျိုးပဲ ပြောတတ်ပါတယ်၊ အလုပ်များလှတဲ့ အဖေက တပည့်တော်ကို မြန်မာစကား သင်မပေးနိုင်လို့ မြန်မာ စကားတော့ မတတ်သေးပါဘူး၊ အဖေက မြန်မာဖြစ်နေလို့ အဖေ့ ဘာသာစကားကိုလည်း ပြောတတ်ချင်ပါတယ်၊ ဒါပေမယ့် အခု တော့ မပြောတတ်သေးပါဘူး၊ နောင်တော့ ပြောလာနိုင်လိမ့်မယ် လို့ မျှော်လင့်ထားပါတယ်။"

"တပည့်တော် ဒီရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ရောက် ခါစ ပထမတစ်ပတ်အချိန်ဟာ ကုန်ခဲလှတယ်လို့ ထင်ခဲ့ပါတယ်၊ ဒုတိယပတ်ကတော့ လွယ်လွယ်နဲ့ ကုန်သွားပါတယ်၊ တတိယ

ပတ်က ကုန်လွယ်လွန်းတယ်လို့ ခံစားရပါတယ်၊ စတုတ္ထပတ်ကိုတော့ ကုန်သွားမှာကိုပဲ နှမြောနေမိပါတယ်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ တရားအားထုတ်ရတာ သိပ်ပျော်ပါတယ်၊ ဆရာတော်ကြီးဟာ တပည့်တော်ရဲ့ သာသနာ့ဖခင်ကြီးပါပဲ၊ ဆရာတော်ကြီးကလည်း တပည့်တော်ကို တကယ့်သမီးလေးပမာ မေတ္တာ၊ ကရုဏာ ပြည့်ဝစွာနဲ့ တရားပြသပေးပါတယ်၊ ဆရာတော်ကြီးရဲ့ မေတ္တာအရိပ်ဟာ အေးမြလှပါတယ်၊ ဆရာတော်ကြီးရဲ့ မေတ္တာအေးရိပ်အောက်မှာ ဖြစ်နိုင်ရင် ထာဝရ ခိုလှုံချင်ပါတယ်၊ အခွင့်သာတဲ့ တစ်နေ့မှာ သီလရှင်ဝတ်ပြီး ဗုဒ္ဓ စာပေတွေကို သင်ယူလိုစိတ်လည်း ရှိပါတယ်၊ အခုတော့ အမေနဲ့ အဖေကို ပြုစုထောက်ပံ့ဖို့ ဂျာမနီကို ပြန်ရပါအုံးမယ်"။

"မြန်မာနိုင်ငံက ပြန်ဖို့ နီးလာလေလေ မပြန်ချင်လေလေ ဖြစ်နေပါတယ်၊ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အလှပဆုံးနိုင်ငံပါ၊ မြန်မာနိုင်ငံဟာ တပည့်တော်ရဲ့ နှလုံးသားထဲမှာ အမြဲတည်ရှိနေပါတယ်၊ တပည့်တော် သတိပဋ္ဌာန်တရား အားထုတ်တာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်လိုက်တဲ့အတွက် ဘဝအပေါ်မှာ အမြင်ဟာ ပိုမို နက်နဲလာပါတယ်၊ ပိုမို ကြည်လင်လာပါတယ်၊ စိတ်ဆိုးတာ၊ စိတ်ဓာတ်ကျတာ၊ ဝမ်းနည်းတာ၊ သည်းမခံနိုင်တာတွေလည်း လျော့နည်းသွားပါတယ်၊ စိတ်ရော ကိုယ်ပါ ပိုပြီး ငြိမ်းချမ်းလာပါတယ်၊ မလိုလားအပ်တဲ့ လိုချင်တပ်မက်မှုတွေကို ထိန်းချုပ်နိုင်တဲ့ အင်အားတွေကိုလည်း ရရှိလာပါတယ်၊ ရင်တွင်းငြိမ်းချမ်းအေးမြမှု၊ အဆိုး

လောကစံတွေကို ခံနိုင်ရည်ရှိမှုတို့ကိုလည်း ရရှိလာပါတယ်၊ ယုတ္တိရှိရှိ သဘာဝကျကျ တွေးခေါ်တတ်လာပါတယ်၊ မျှော်လင့်ချက် မပါဘဲ လှူဒါန်းတတ်လာပါတယ်၊ အကြင်နာတရား၊ မေတ္တာတရားတွေဟာလည်း ယခင်ကထက် ပိုမို ဖြစ်ပေါ်လာပါတယ်၊ ကျက်သရေလည်း ပိုရှိလာတယ်လို့ ထင်ရပါတယ်။"

"တပည့်တော်ကို တရားပြသပေးတော်မူတဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးကို အလွန်အကဲ ကျေးဇူးတင်လှပါတယ်၊ တပည့်တော်ဟာ ဒီသတိပဋ္ဌာန်တရားကို တပည့်တော်ရဲ့ နောက်ဆုံးထွက်သက်အထိ အားထုတ်နိုင်အောင် ကြိုးစားသွားပါမယ်၊ ဗုဒ္ဓတရားတွေကို ပိုမို လေ့လာပြီး ကြိုးစားလိုက်နာသွားပါမယ်၊ ဒီသတိပဋ္ဌာန်တရားကို လူတိုင်းလူတိုင်း လေ့လာပွားများသင့်ပါတယ်၊ ယောကျ်ား၊ မိန်းမ၊ အမျိုးအနွယ်၊ ဘာသာ၊ အသက်အရွယ်ဆိုတာတွေဟာ သတိပဋ္ဌာန်တရား ပွားများ အားထုတ်ရာမှာ အရေးမကြီးပါဘူး၊ သတိပဋ္ဌာန်တရားကို ယောကျ်ားရော မိန်းမပါ အားထုတ်သင့်ပါတယ်၊ ဘယ် အမျိုးအနွယ် မဆို အားထုတ်သင့်ပါတယ်၊ ဘယ်ဘာသာဝင် မဆို အားထုတ်သင့်ပါတယ်၊ ဘယ်အသက်အရွယ် မဆို အားထုတ်သင့်ပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်တာဟာ ကမ္ဘာပေါ်ရှိ လူသားအားလုံးကို ငြိမ်းချမ်းရေးရအောင် ကူညီနိုင်ပါတယ်၊ လူသားတို့ရဲ့ ကံတရားတွေကိုလည်း ပိုမို ကောင်းမွန်လာအောင် ပြုပြင်ပေးနိုင်ပါတယ်"။

"မြန်မာပြည်သို့ နောက်တစ်ခေါက် ပြန်လာပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ နောက်တစ်ကြိမ် လာရောက်ကာ တရားအားထုတ်နိုင်လိမ့်မယ်လို့ တပည့်တော် မျှော်လင့်ထားပါတယ်"။

"မာယာ••• သင်ရဲ့ အကြောင်းအရာကို ပြောပြတဲ့အတွက် များစွာ ဝမ်းသာပါတယ်၊ သင်ရဲ့ ကုသိုလ်အစုစုကို သာဓု ခေါ်ပါတယ်၊ ကျန်းမာချမ်းသာစွာနဲ့ ဘဝသံသရာခရီးမှာ အားကိုးစရာဖြစ်တဲ့ ကောင်းမှုအထွေထွေ ပြုနိုင်ပါစေလို့ ဆန္ဒပြုပါတယ်၊ မြန်မာနိုင်ငံမှာ အင်မတန် ထင်ရှားတဲ့ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဩဝါဒစကားတစ်ခုကိုလည်း လက်ဆောင်ပါးလိုက်ချင်ပါတယ်"။

"ဘာပါလဲ ဘုရား၊ အမိန့်ရှိပါအုံး"။

"လူတွေဟာ ခန္ဓာကိုယ် ကျန်းမာရေး, အားရှိရေးအတွက် အစားအစာကို နေ့စဉ် မှန်မှန် စားချင်လည်း စား, မစားချင်လည်း စားရတယ်၊ စိတ်ကျန်းမာရေး, အားရှိရေးအတွက်လည်း တရားကို နေ့စဉ် မှန်မှန် ထိုင်ချင်လည်း ထိုင်, မထိုင်ချင်လည်း ထိုင်ရတယ်၊ အစာကို မစားခင်က စားချင်စိတ် မရှိပေမယ့် စားလိုက်တဲ့အခါ စားလို့ ကောင်းတာ ရှိတယ်၊ တရားကိုလည်း မထိုင်ခင်က ထိုင်ချင်စိတ် မရှိပေမယ့် ထိုင်လိုက်တဲ့အခါ ထိုင်လို့ ကောင်းတာ ရှိတယ်၊ ဒါကြောင့် တရားကို မထိုင်ချင်ပေမဲ့လဲ နေ့စဉ် မှန်မှန် ထိုင်ဖြစ်အောင် ကြိုးစားသင့်တယ်"တဲ့။

"တပည့်တော် နေ့စဉ် မှန်မှန် တရားမှတ်ဖြစ်အောင် ကြိုးစား ပါမယ် ဘုရား"။

"သာဓု ၊ သာဓု ၊ သာဓု"။

❀ ❀ ❀

## အမေရိကန် အမျိုးသမီးယောဂီ "နန်စီ"

"ကျမနာမည်က "နန်စီ"ပါ၊ ကျမအသက်က (၃၂)နှစ်၊ နိုင်ငံက အမေရိက၊ ပညာအရည်အချင်းက ဘာကလေတက္ကသိုလ် မှ ဘာသာဗေဒဆိုင်ရာ ဘီအေဘွဲ့၊ ကျမ ကျောင်းဆရာမ တစ်ဦး ပါ၊ တစ်ကိုယ်တည်းသမားပါ၊ အမေရိကမှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် ဦးပဏ္ဍိတာဘိဝံသရဲ့ တပည့်တစ်ဦး ဖြစ်တဲ့ ဘာဘရာဂျေနပ်စ်ရဲ့ ညွှန်ကြားမှုနဲ့ စနေတစ်ရက်နဲ့ တနင်္ဂနွေတစ်ရက် (၂)ရက်လောက်တော့ သတိပဋ္ဌာန်တရားကို အရင်က ကျမ အားထုတ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် စနစ်တကျ တော့ မဟုတ်လှပါဘူး၊ "ဘာဘရာ"ရဲ့ အဖော်ဖြစ်တဲ့ "ကင် နက်(သ်)မောရစ်"က ကျမကို သတိပဋ္ဌာန်တရားနဲ့ မိတ်ဆက်ပေး

ခဲ့ပါတယ်၊ ကျမရဲ့ သူငယ်ချင်းတစ်ယောက်က ကျမကို "ကင်နက်(သ်)မောရစ်ဟာ သူ့အိမ်ကို လာရောက်ပြီး တရားထိုင်ကြလို့ သူတို့အတွက် စနေ၊ တနင်္ဂနွေ ညနေတိုင်း တရားစခန်း ဖွင့်နေတယ်"လို့ ပြောပြလို့ "ကင်"ကို တွေ့ခဲ့ရပါတယ်၊ ပထမဆုံး တရားတစ်ထိုင် ထိုင်ပြီးတဲ့အခါ ကျမဟာ သတိပဋ္ဌာန်(ဝိပဿနာ) အကြောင်း ပိုမို လေ့လာဖို့ရန် ချက်ချင်းပဲ စိတ်ဝင်စားလာပါတယ်၊ ဒါနဲ့ ကျမက "ငါဟာ အနည်းဆုံး တစ်လတော့ သတိပဋ္ဌာန်တရားကို စမ်းသပ်အားထုတ်ကြည့်မယ်"လို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်၊ တရားထိုင်ချိန် တော်တော်များများ ထိုင်ပြီးတဲ့အခါ တရားရှုမှတ်ခြင်းကြောင့် အကျိုးများစွာ ရရှိလာတာကို တွေ့ရှိရပါတယ်၊ ကျမရဲ့ ပထမ စနေနဲ့တနင်္ဂနွေ တရားစခန်းက တရားအားထုတ်မှုအပေါ် ယုံကြည်၊ ကျေနပ်မှုကို ပေးလာတယ်၊ ဒီတရားအားထုတ်မှုကို ပိုပြီး ပြင်းပြင်းထန်ထန် လုပ်လိုလာပါတယ်။"

"ကျမဟာ ရှေးယခင်က ဘာသာအယူဝါဒအားလုံးက လက်ခံတဲ့ သည်းခံခြင်း၊ အသိဉာဏ်ပညာ၊ စိတ်စေတနာကောင်းတို့ကို ဟောပြတဲ့ ဝါဒ (Unitarianism)ကို ခံယူခဲ့ပါတယ်၊ အမေရိကက များစွာသော လူတွေဟာ သူတို့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေရဲ့ အဖြေတွေကို ရှာဖွေနေကြပါတယ်၊ သူတို့ဟာ ပြဿနာ ဖြေရှင်းနည်းမျိုးစုံ၊ သာသာရေးမျိုးစုံ၊ မူးယစ်ဆေးမျိုးစုံတို့ကို စမ်းသပ်ကြည့်နေကြပါတယ်၊ ဒါပေမယ့် "ဒီပြဿနာတွေ

ဟာ သူတို့ရဲ့ အတွင်းသန္တာန်မှ လာနေတယ်” ဆိုတာကို နားလည်တဲ့ လူက နည်းနည်းပဲ ရှိပါသေးတယ်၊ ကံကောင်းတယ်လို့ ဆိုရပါမယ်၊ အဲဒီနားလည်တဲ့ လူနည်းစုဟာ တိုးတိုးပြီး လာနေပုံပေါ်ပါတယ်၊ အမေရိကက လူအများစုဟာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ကြပါတယ်၊ ဗုဒ္ဓဘာသာရဲ့ တရားတွေကို တွေ့ရှိတဲ့ လူတွေက အနည်းငယ်ပဲ ရှိပါတယ်၊ အမေရိကမှာ တကယ်တရားအားထုတ်တဲ့ လူက သိပ်နည်းပါသေးတယ်၊ ဗုဒ္ဓရဲ့ အဆုံးအမတွေဟာ နေရာတကာမှာ မပျံ့နှံ့သေးပါဘူး၊ ဒါကြောင့် အမေရိကမှာ တရားအားထုတ်ချင်တဲ့လူ ရှိခဲ့ရင် တရားပြပေးမယ့် ဆရာကောင်း ရှာရန် တကယ့်ကို ကြိုးစားရပါမယ်၊ တရားအားထုတ်မှုလုပ်ငန်းကို အထောက်အပံ့ပေးနိုင်တဲ့ ပတ်ဝန်းကျင်ရဖို့လည်း တကယ့်ကို ကြိုးစားရပါမယ်။”

“ကျမဟာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကို အမေရိကမှာ ဖူးတွေ့ခဲ့ရပါတယ်၊ ကျမက ဆရာတော်အပေါ်မှာ အလွန်အကဲ ယုံကြည် ကြည်ညိုခဲ့ပါတယ်၊ ဒါကြောင့် ဆရာတော်ရဲ့ အဆုံးအမများကို ခံယူလိုတဲ့ ဆန္ဒတွေ ကျမမှာ တဖွားဖွားဖြစ်ပေါ်ခဲ့ပါတယ်၊ အမေရိကမှာ ဘဝအပေါ် နေ့စဉ် လွှမ်းမိုးသက်ရောက်နေတဲ့ ဩဇာမှ ကျမကိုယ်ကျမ လွတ်မြောက်အောင် ကြိုးစားချင်ပါတယ်၊ ဒါကြောင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ကျမ ရောက်ရှိခဲ့ပါတယ်၊ ရွှေတောင်ကုန်း

သာသနာ့ရိပ်သာ ဆရာတော်ရဲ့ ညွှန်ကြားမှုကို ခံယူပြီး အားထုတ်တာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်၊ (၃)လ ကြာပါတယ်”။

“ကျမ သတိပဋ္ဌာန်တရား အားထုတ်လိုက်တဲ့အတွက် ပထမဆုံး ရရှိလာတဲ့ အကျိုးကတော့ ရှုမှတ်မှု=သတိနဲ့ ကြံစည်တွေးတောမှုဟာ တစ်ခြားစီပါလားလို့ နားလည်လာမှုပဲ ဖြစ်ပါတယ်၊ အဲဒီ နားလည်မှုက ကျမကို မကောင်းတဲ့ အတွေး များစွာ၊ စိတ်လှုပ်ရှားမှု များစွာ၊ အမှတ်ရမှု များစွာတို့မှ ချက်ချင်းပဲ ဝေးကွာစေခဲ့ပါတယ်၊ ကျမဘဝမှာ အဲဒီနားလည်မှုက ရှေးယခင်နှင့် နက်နက်နဲနဲ ခြားနားစေခဲ့ပါတယ်”။

“ကျမဟာ တစ်ပါးသူကို စတင် တုံ့ပြန်တတ်ခဲ့သူ မဟုတ်သော်လည်း ယခုအခါ တစ်ပါးသူကို တုံ့ပြန်ဖို့ထက် အခြေအနေတို့ကို ဖြေရှင်းဖို့ နည်းလမ်းကို ပိုမို ရှင်းလင်းထင်ရှားစွာ မြင်နိုင်လာတာကို တွေ့ရှိရပါတယ်၊ တစ်ခြားသူတွေဟာ သူတို့ရဲ့ ဘဝမှာ တွေ့ကြုံရတဲ့ အခြေအနေအမျိုးမျိုးတွေကို ဉာဏ်အမြင်ကန်းကန်းနဲ့ အမြဲ တုံ့ပြန်နေကြတာကိုလည်း ကျမ တွေ့ရပါတယ်၊ သတိပဋ္ဌာန်တရားကို ဆက်လက် အားထုတ်လိုက်တဲ့အတွက် ရရှိလာတဲ့ အကျိုးတွေကတော့ ပိုမို သိမ်မွေ့လာပုံ ပေါ်ပါတယ်၊ ဒါပေမယ့် နက်နဲမှုကတော့ လျော့မသွားပါဘူး၊ ကျမရဲ့ ရှုမှတ်မှု သတိဟာ တဖြည်းဖြည်း ပိုမို အားကောင်းလာတဲ့အခါ အတွေးတွေကို ပို၍ပို၍ ဖမ်းယူနိုင်လာပါတယ်၊ ကျမမှာ ဖြစ်ပေါ်

လာတဲ့ သာယာတဲ့ အတွေးမျိုးစုံ , စွဲလမ်းတဲ့ အတွေးမျိုးစုံတို့ကို ကျမကိုယ်တိုင် ဖမ်းယူပုံ , ဖမ်းယူနည်းကို သိလာပါတယ်၊ သာယာတဲ့ အတွေးမျိုးစုံ, စွဲလမ်းတဲ့ အတွေးမျိုးစုံတွေ ပျောက်ဆုံးမသွားရင် ဘယ်လို စိတ်ပျက်ရတယ် ဆိုတာကိုလည်း သိလာပါတယ်၊ သတိပဋ္ဌာန်တရားကို ဆက်လက် အားထုတ်လိုက်တဲ့အခါ အတွေးများစွာရဲ့ အကြောင်းတရားကို မြင်နိုင်လာပါတယ်၊ အတွေးကြောင့် ဖြစ်ပေါ်လာတဲ့ အပြုအမူတို့ရဲ့ အကျိုးတရားကိုလည်း သိမြင်လာပါတယ်၊ ကျမရဲ့ အပြုအမူတွေဟာ ကျမရဲ့ ပတ်ဝန်းကျင်ရှိ သက်ရှိ, သက်မဲ့ အရာတွေအပေါ်မှာ အရှိန်အဝါ ဘယ်လို လွှမ်းမိုးနေတယ် ဆိုတာကိုလည်း မြင်စပြုလာပါတယ်၊ အရာခပ်သိမ်းတို့ရဲ့ တစ်ခုနဲ့တစ်ခု ဆက်စပ်လျက် ရှိနေတာကိုလည်း မြင်စပြုလာပါတယ်၊ ရှုမှတ်မှုနဲ့ ဖြူစင်တဲ့စိတ် မွေးမြူမှုတို့ရဲ့ အရေးပါပုံကိုလည်း အချိန်မီ မြင်လာပါတယ်။"

"ကျမ ပြောပြခဲ့တဲ့ တရားနည်းလမ်းတွေနဲ့ ငါးပါးသီလကို လိုက်နာကျင့်သုံးရင် အနာဂတ်မှာ ပြဿနာများစွာကို ရှောင်ကြဉ်နိုင်လိမ့်မယ်လို့ သိလာပါတယ်၊ အဲဒီပြဿနာတွေကို မတုံ့ပြန်တဲ့နည်းနဲ့တော့ အနည်းဆုံး ရှောင်ကြဉ်နိုင်လာပါလိမ့်မယ်၊ စိတ်နဲ့ဆိုင်တဲ့ ပြဿနာတွေကို ကျမ သိနားလည်လာတဲ့အခါ အဲဒီ စိတ်နဲ့ဆိုင်တဲ့ ပြဿနာတွေကို ဖယ်ရှားနိုင်ဖို့ရာ အချိန်အတော်ယူရမယ်၊ စိတ်ရှည်သည်းခံမှု ရှိရမယ်၊ တရားကို ပိုပြီး အားထုတ်ရမယ်လို့ သိလာပါတယ်။"

“မြန်မာနိုင်ငံဟာ လှပတဲ့ နိုင်ငံ ဖြစ်ပါတယ်၊ နောက်ပြီးတော့ အနောက်နိုင်ငံတွေမှာ ပျံ့နှံ့နေတဲ့ ကြီးမားတဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် ပျက်စီးနေသလို မြန်မာနိုင်ငံမှာ မပျက်စီးသေးပါဘူး၊ အဲဒီ များစွာသော စွန့်ပစ်ပစ္စည်းနဲ့ ညစ်ညမ်းမှုတွေက လောဘကြောင့် ဖြစ်ပေါ်လာကြပါတယ်၊ မြန်မာနိုင်ငံသူ, နိုင်ငံသားတွေဟာ ဗုဒ္ဓတရားကို လိုက်နာကျင့်သုံးနိုင်ကြရင် လောဘကို အောင်နိုင်နိုင်ပါလိမ့်မယ်၊ အနောက်တိုင်းမှာ တွေ့ကြုံနေရတဲ့ အခြေအနေဆိုး များစွာကိုလည်း ရှောင်လွှဲနိုင်ကြပါလိမ့်မယ်။”

“သင့်မှာ ပြဿနာတစ်စုံတစ်ရာ ကြုံတွေ့နေပါသလား ? မှန်ကန်တဲ့ တရားအားထုတ်မှုက သင့်ကို ကူညီနိုင်ပါလိမ့်မယ်၊ မြန်မာနိုင်ငံက လူတွေဟာ တရားပြဆရာကောင်းတွေကို ရနေကြပါတယ်၊ ပြီးတော့ အားပေးထောက်ပံ့တဲ့ ပတ်ဝန်းကျင်ကောင်းတွေဟာလည်း သင့်တို့ဝန်းကျင်မှာ ပျံ့နှံ့နေပါတယ်၊ ဒါကြောင့် သင်တို့ဟာ သိပ်ကံကောင်းကြပါတယ်၊ တရားအားထုတ်ပုံ အားထုတ်နည်းကို လေ့လာသင်ယူကြပါ၊ ယနေ့ပဲ စတင် အားထုတ်လိုက်ပါ။”

“ကျမနိုင်ငံ, ကျမဆွေမျိုးများ, ကျမ သူငယ်ချင်းများအတွက် မြန်မာနိုင်ငံမှ အကောင်းဆုံး လက်ဆောင်အဖြစ် ကျမယူဆောင်သွားနိုင်တဲ့ အရာကတော့ တရားအားထုတ်ရာမှ ရတဲ့ အသိဉာဏ်ပါပဲ၊ တရားအားထုတ်ရာမှ ကျမ ရရှိထားတဲ့ အရာနဲ့ ကျမ ရှာဖွေရရှိနိုင်တဲ့ စာအုပ်တွေဟာ ကျမရဲ့ ဆွေမျိုးများနဲ့

သူငယ်ချင်းများအတွက် များစွာ တန်ဖိုးရှိပါလိမ့်မယ်၊ ယုံကြည်မှု မရှိတဲ့ သူတွေတောင်မှ အမှန်တရား ကြည့်ရှုရာမှ အဲဒီလက်ဆောင်ကြောင့် ဖြောင့်မှန်တဲ့ အသိဉာဏ်ကို ရရှိနိုင်ပါလိမ့်မယ်။"

"ကျမနိုင်ငံသူ, နိုင်ငံသားတွေအား တရားမျှဝေပေးဖို့ သီးခြား အစီအစဉ် ကျမမှာ မရှိပါဘူး၊ တစ်စုံတစ်ယောက်က ကျမကို မေးလာခဲ့ရင်တော့ ကျမအသိဉာဏ်ရဲ့ အကောင်းဆုံး အနေအထားကို ရှင်းပြဖို့ ကြိုးစားပါမယ်၊ စာအုပ်ကောင်းတွေကို လည်း ညွှန်ပြပါမယ်၊ တရားအားထုတ်ဖို့ နေရာကိုလည်း ပြောပြပါမယ်၊ သူတို့အား တရားမျှဝေပေးဖို့ အကောင်းဆုံးနည်းလမ်းဟာ တရားအားထုတ်ဖို့ အချိန်မီ ဆောင်ရွက်ပေးတာနဲ့ ကျမရဲ့ တရားအတွေ့အကြုံတို့ကို မျှဝေပေးတာပဲ ဖြစ်ပါတယ်။"

"ကျမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ (၃)လကြာ တရားအားထုတ်ပြီးတဲ့အခါ 'တရားအားထုတ်တာဟာ ကျမ ရရှိနေတဲ့ အချိန်အတောအတွင်း ကျမ ပြုလုပ်နိုင်တဲ့ အခြားတစ်စုံတစ်ရာထက် ပို၍ အရေးကြီးတယ်'လို့ ကျမ ခံစားရပါတယ်၊ လူ့ဝတ်ကြောင် တစ်ဦးတစ်ယောက်အနေနဲ့ ဆောင်ရွက်ရမယ့် တာဝန်တွေက ကျမမှာ ရှိနေပါသေးတယ်၊ ဒါ့ကြောင့် ကျမကိုယ် ကျမ တရားအားထုတ်မှုလုပ်ငန်းမှာ အချိန်ပြည့် မမြှုပ်နှံနိုင်သေးပါဘူး၊ ဒါပေမယ့် ကျမ သွားလေရာရာမှာ ကျမနဲ့အတူ ကျမရဲ့ တရားအတွေ့အကြုံတွေနဲ့ တရားအားထုတ်မှုကို ယူသွားနိုင်ပါတယ်။"

“ကျမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ နေစဉ်အတွင်း ကူညီကြတဲ့ သူတွေ၊ ကျမ မကျန်းမာစဉ် အထူး စောင့်ရှောက်ပြုစု ပေးတဲ့ စစ္စတာဒေါ်လှမြင့်၊ ကျမ ခန္ဓာကိုယ်ဟာ အစာကို လက်မခံ ဖြစ်နေစဉ် ကျမ စားနိုင်တဲ့ အစားအစာကို ကြိုးကြိုးစားစား ရှာဖွေပြီး ကျွေးမွေးပြုစုကြတဲ့ ဆွမ်းစားကျောင်း ဝေယျာဝစ္စ ကုသိုလ်ရှင်တွေ၊ သတိပဋ္ဌာန်တရား အားထုတ်ရာမှာ တစ်စုံတစ်ရာ အနှောင့်အယှက် မရှိစေဘဲ ဖြစ်နိုင်သမျှ အစွမ်းကုန် ကူညီပေးကြ တဲ့ လူတွေအားလုံးကို အထူးပဲ ကျေးဇူးတင်လှပါတယ်။”

“ဒီကမ္ဘာလောကကြီးအတွင်းမှာ တွေ့ကြုံရတဲ့ လူအများစုမှာ လောဘ, ဒေါသ, မောဟတွေ များစွာ ရှိကြပါတယ်၊ ပဏ္ဍိတာ ရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ကျမ တွေ့ရှိရတဲ့ လူတွေ ကတော့ သိပ်ကြင်နာကြပါတယ်၊ ဒါကြောင့် အဲဒီလူတွေ အပေါ် မှာ ကြည်ညိုလေးစားပါတယ်၊ တည်ထောင်ကာစဖြစ်တဲ့ တည် ဆောက်ရေးလုပ်ငန်းမှ အသံဟာ ဆူညံပါတယ်၊ ရာသီဥတုက လည်း ပူပါတယ်၊ ဒါပေမယ့် ဆူညံသံနဲ့ အပူဟာ တရားအားထုတ် နေတဲ့ အတောအတွင်းမှာ ရှုမှတ်စရာ အာရုံကောင်းတွေ ဖြစ် လာပါတယ်။”

“တစ်နေ့နေ့မှာ အခြေအနေတွေက ပဏ္ဍိတာရာမသို့ ပြန် လာဖို့ ခွင့်ပြုလိမ့်မယ်လို့ ကျမ မျှော်လင့်ထားပါတယ်၊ ကျမ တရားကို ဆက်လက်အားထုတ်ပါမယ်၊ တရား ပြင်းပြင်းထန်ထန်

အားထုတ်ဖို့ မြန်မာနိုင်ငံ, ပဏ္ဍိတာရာမသို့ နောက်တစ်ကြိမ် ပြန်လာနိုင်အုံးမယ်လို့လဲ မျှော်လင့်ထားပါတယ်"။

"နန်စီ"၏ အကြောင်းအရာကို သူမ, ပြောပြသည့်အတိုင်း ရေးသားဖော်ပြလိုက်ပါသည်၊ "နန်စီ"ကဲ့သို့ သတိပဋ္ဌာန်တရား အားထုတ်ခွင့် ရနိုင်ကြပါစေဟုလည်း ဆန္ဒပြုလိုက်ပါသည်။

❀ ❀ ❀

## အမေရိကန် အမျိုးသမီးယောဂီ ကာလီမောက်စ် ကာလီချီ

"ကာလီမောက်စ်ကာလီချီ"သည် အမေရိကန် အမျိုးသမီး ဖြစ်သည်၊ အသက်(၄၃)နှစ် ရှိပြီ၊ ကောလိပ်တွင် ၂-နှစ် ပညာသင် ယူခဲ့သည်၊ တစ်ကိုယ်တည်းသမား ဖြစ်သည်၊ သစ်သီး, သစ်ရွက် ဥယျာဉ် စိုက်ပျိုးရေးသမားလည်း ဖြစ်သည်၊ သူမသည် အမေရိက, ကာလီဖိုးနီးယားပြည်နယ်ရှိ "ရှသ်ဒင်နီဆန်" အမည် ရှိ ကမ္မဋ္ဌာန်းဆရာထံ (၇)ရက်၊ အမေရိက, မက်ဆာချူးဆက် ပြည်နယ် ဘာရီမြို့ရှိ ဝိပဿနာကမ္မဋ္ဌာန်းဌာနၶ "ဂျိုးဇက်ဂိုးလ် စတိန်း"ထံ (၁၀)ရက် တစ်ကြိမ်၊ (၃)လ တစ်ကြိမ်၊ အမေရိက ၌ "အယ်လင်ကရိုးမင့်"ထံ (၁၀)ရက်၊ ဩစတြေးလျနိုင်ငံ၊

ဘာရာမြို့၌ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ (၂)လ၊ မလေးရှားနိုင်ငံ ပီနန်မြို့ရှိ မလေးရှား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန (M.B.M.C)၌ အရှင် ရာဇိန္ဒနှင့် အရှင်ဝိသုဒ္ဓါစာရတို့ထံ (၃)လ သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့သည်။

သူမသည် ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်ခဲ့သည်၊ ထို့နောက် ဘာသာမဲ့သူ တစ်ဦး ဖြစ်ခဲ့သည်၊ သူမမှာ ဒေါသ, သူမကိုယ် သူမ အားမရ, မကျေနပ်မှုစသည်တို့ကြောင့် စိတ်ဆင်းရဲမှုတွေ များစွာ ဖြစ်ခဲ့သည်၊ လောကီလူ့ဘဝကို မကျေနပ်မှုတွေလည်း များစွာ ဖြစ်ခဲ့သည်၊ ထို့ကြောင့် သူမသည် သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့သည်၊ သူမ သိသည့် ပညာအရှိဆုံး လူများက ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသဟာ အကောင်းဆုံး ကမ္မဋ္ဌာန်းဆရာတစ်ပါး ဖြစ်ကြောင်း ပြောနေကြသည်၊ ယခုတော့ သူမကိုယ်တွေ့ ဖြစ်နေပါပြီတဲ့၊ သူမသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် (၃)လခွဲကြာ အားထုတ်ခဲ့သည်။

သူမသည် သတိပဋ္ဌာန်တရား အားမထုတ်ခင်က ဒေါသကြီးခဲ့သည်၊ ယခုမူ သူမ၏ မိတ်ဆွေများက သူမ ဘယ်တော့မှ ဒေါသမကြီးတော့ကြောင်း ပြောဆိုနေကြလေသည်၊ တကယ်တော့ သူမမှာ ဒေါသထွက်သည့်အခါ ထွက်ပါသေးသည်၊ သို့သော်

ဒေါသထိန်းချုပ်မှုကို အလေ့အလာပြုထားသဖြင့် စိတ်ထဲမှာသာ ဖြစ်ပေါ်ပြီး ပြေပျောက်သွားပါသည်၊ ကာယကံ၊ ဝစီကံမြောက်ထိ ဖြစ်ပေါ်မလာတော့ပေ၊ သူမ သီလကို စောင့်ထိန်းလိုက်သဖြင့် သူမ၏ မိတ်ဆွေများလည်း မြင့်မားသော သီလအရည်အသွေး ရှိလာကြသည်၊ သူမ၏ ဘဝတွင် အနှောင့်အယှက်တွေ လျော့ပါးလာလေသည်၊ အိမ်မက်ဆိုးတို့လည်း ကင်းဝေးခဲ့တော့သည်၊ သူမ၏ ကျန်းမာရေးလည်း ပိုမိုကောင်းမွန်လာသည်၊ စိတ် ပို၍ ငြိမ်းချမ်းလာသည်၊ သူမ၏ လုပ်ငန်းကိစ္စတို့၌ များစွာ ဖျက်ဆီးနှောင့်ယှက်သည့် သံသယတို့ကိုလည်း လွှမ်းမိုးနိုင်ကြောင်း သိမြင်လာသည်၊ ယခုအခါ သူမမှာ စိတ်ချမ်းသာမှုတွေ ပို၍ များလာသည်၊ စိတ်ဆင်းရဲမှုတွေ အများကြီးပို၍ နည်းလာလေသည်။

အနောက်တိုင်း ယောဂီတစ်ဦးဖြစ်သော သူမမှာ ဘုရားတရားအပေါ် အားကောင်းသော ယုံကြည်မှု ဖြစ်ပေါ်လာခဲ့သည်၊ သတိပဋ္ဌာန်တရား ကြိုးစားအားထုတ်ရမှုကို နှစ်ခြိုက်လာခဲ့သည်၊ သူမ၏ စိတ် ဖြူစင်လာတာကို သူမ သိလာသည်၊ သူမ၏ ကိုယ်ဆင်းရဲမှု အစုစုကို သည်းခံကျော်လွှားနိုင်လာသည်၊ အကောင်း၊ အဆိုး အာရုံတို့အပေါ် ဘက်မျှစွာ ထားနိုင်မှု ရှိလာသည်၊ သတိပဋ္ဌာန်တရား အားထုတ်မှုကြောင့် ရရှိလာသည့် စိတ်အရည်အသွေးကောင်းတို့သည် သူမ၏ ဘဝတစ်လျှောက်တွင် အလွန်ပင် ကျေးဇူးများခဲ့လေသည်၊ မြတ်စွာဘုရား၏ သစ္စာလေးပါး စသော တရားတော်များကို သူမကိုယ်တိုင် မှန်ကန်စွာ ဆန်းစစ်နိုင်စွမ်း

ရှိလာသည်၊ ဤသတိပဋ္ဌာန်လမ်းစဉ်သည်သာ ပို၍ စိတ်စင်ကြယ်မှုနှင့် ဝိပဿနာဉာဏ်ဆီသို့ ပို့ပေးသော လမ်းစဉ်ဖြစ်ကြောင်း သိလာသည်၊ ထို့ကြောင့် သူမသည် ဤသတိပဋ္ဌာန်လမ်းပေါ်သို့ ယုံကြည်စိတ်ချစွာ ဆက်လက် လျှောက်လှမ်းဖို့ ခိုင်မာစွာ ဆုံးဖြတ်ထားလေသည်။

"အမေရိကတွင် ထေရဝါဒဗုဒ္ဓသာသနာသည် အလွန် မတည်ငြိမ်သေးသည့် အခြေအနေမှာ ရှိသည်၊ လူဝတ်ကြောင် ဝိပဿနာတရားပြဆရာများသည် "ဗုဒ္ဓသာသနာ"ဟု သူတို့ ခေါ်ဝေါ်နေသော အရာများကို စိတ်ရောဂါသုတေသန, အမေရိကန် တိုင်းရင်းရိုးရာဝါဒ, ဟာဝိုင်ယီ တိုင်းရင်းရိုးရာဝါဒ, အစ္စလာမ်ဝါဒ စသော အခြားဝါဒ နည်းလမ်းတို့နှင့်လည်းကောင်း, သက်ရှိနှင့် ပတ်ဝန်းကျင်တို့၏ အပြန်အလှန် ဆက်စပ်မှု သုတေသန, ယောကျ်ားမိန်းမ တန်းတူရေးဝါဒ, နိုင်ငံရေးအတွေးအခေါ်စသော ခေတ်စားနေသော လှုပ်ရှားမှုတို့နှင့်လည်းကောင်း ပေါင်းစပ်နေကြသည်၊ လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာ တော်တော်များများသည် ရဟန်းသံဃာများကို ပွင့်ပွင့်လင်းလင်း ဝေဖန်နေကြသည်၊ အနောက်တိုင်းမှ လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာတို့သည် ကမ္မဋ္ဌာန်းတရားကို အခကြေးငွေယူ၍ ပြသပေးနေကြသည်"ဟု သူမက ဆိုပါသည်။

သူမသည် မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တို့အား မြတ်စွာဘုရား၏ တရားတော်များ ရှင်သန်အောင် စောင့်ရှောက်ထားကြ

သည့်အတွက် ကျေးဇူးတင်စကား ပြောကြားသွားပါသည်၊ မြန်မာဗုဒ္ဓသာသနာ၀င်တို့ မြတ်စွာဘုရား၏ တရားတော်များကို ကိုယ်တိုင် ကျင့်သုံးကြပြီး ရှင်သန်အောင် စောင့်ရှောက်ထားကြသဖြင့် မြတ်စွာဘုရား တရားတော်၏ အရသာကို သူမ ခံစားခွင့်ရသည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောပြပေသည်၊ "အလွန်လျင်မြန်ထူးခြားစွာ ပြောင်းလဲနေသော ကမ္ဘာကြီးမှာ အယူမှားတွေ လွန်စွာ တိုးပွားနေသဖြင့် မြန်မာဗုဒ္ဓသာသနာဝင်တို့သည် မြတ်စွာဘုရား တရားတော်များကို နည်းမှန် ရွေးချယ်ရန် ပညာရပ် တစ်ခု အနေဖြင့် အမြတ်တနိုး ထိန်းသိမ်းသင့်ကြသည်" ဟု သူမက ဆိုလေသည်၊ သတိပဋ္ဌာန်တရား အားထုတ်မှုက သူမအား လွန်စွာ စိတ်ချမ်းသာမှု ပေးနေလေသည်၊ "အနောက်တိုင်း ယဉ်ကျေးမှုနှင့် ဓိမ်ခံပစ္စည်းတို့က ရေရှည် စိတ်ချမ်းသာမှုကို ဘယ်တော့မှ မပေးနိုင်"ဟုလည်း ဆိုနေလေသည်။

"မြန်မာနိုင်ငံမှ အကောင်းဆုံးလက်ဆောင်သည် အနောက်တိုင်း၌ ဒါနပြုမှု ဓလေ့ထုံးစံကို အခိုင်အမာ တည်ဆောက်မှု ဖြစ်လိမ့်မည်ဟု သူမ ယူဆလေသည်၊ တရားရိပ်သာတို့၌ အရဏ်ဆွမ်း, နေ့ဆွမ်း လှူဒါန်းမှု၏ ကုန်ကျငွေကို တရားရိပ်သာတို့သို့ လှမ်းမေးရန်နှင့် ထေရဝါဒ သတင်းစာတို့နှင့် ဂျာနယ်တို့၌ ဆွမ်းဒါနပြုကြပုံတို့ကို ဖော်ပြရန် စီမံနေလေသည်၊ ဤနည်းလမ်းဖြင့် ဒါနပြုဖို့ အမေရိကာ၌ တိုက်တွန်းနိုင်လိမ့်မည်ဟု သူမ မျှော်လင့်ထားသည်၊ သူမကိုယ်တိုင်လည်း ရဟန်းသံဃာတို့အား ထောက်ပံ့နိုင်လိမ့်မည်ဟု ယုံကြည်နေလေသည်။

သူမမှာ မြတ်စွာဘုရား တရားတော်အပေါ် ယုံကြည်မှု တိုးပွားလာသဖြင့် မြတ်စွာဘုရား၏ တရားနည်းလမ်းတွင် အမှန်ပင် တိုးတက်မှု ရှိလာနေပြီဟု သူမ ခံစားနေရလေသည်၊ ဤသည်ပင် သူမအဖို့ အံ့သြဖွယ် ဖြစ်နေလေသည်။

ရခဲလှသည့် လူ့ဘဝ ရ၊ ရကျိုးနပ်အောင်နှင့် ကြုံခဲလှသည့် ဗုဒ္ဓသာသနာနှင့် ကြုံရကျိုးနပ်အောင် သတိပဋ္ဌာန်တရားကို လက်လွှတ်မခံဘဲ ဤအမေရိကန် အမျိုးသမီးယောဂီ "ကာလီမောက်စ် ကာလီချီ"ကဲ့သို့ ကြိုးစား ပွားများသင့်ကြပါသည်။

❀ ❀ ❀

# တန်ဖိုးရှိသော ဘဝပိုင်ရှင်

သတိ၏အကျိုးကား ကြီးမားလှ၏၊ ပညာရှိလေ သတိ၏ အကျိုးကို မြင်နိုင်လေဖြစ်၏၊ သတိ၏ အကျိုးကြီးမားပုံကို သဗ္ဗညုဉာဏ်သခင် ဘုရားရှင်ကား အသိမြင်ဆုံး ဖြစ်၏၊ သတိ၏ အကျိုးတရား များစွာတို့ကို ကိုယ်တော်တိုင် ရရှိ ခံစားတော်မူရသဖြင့် ထိုသတိ အကျိုးတရားတို့ကို လောကသားတို့ကိုလည်း ရရှိစေလိုတော်မူပေသည်၊ ထို့ကြောင့်ပင် ဘုရားရှင်သည် သတိရှိဖို့ နေ့စဉ်နှင့်အမျှ ဟောပြတော်မူခဲ့သည့်အပြင် ပရိနိဗ္ဗာန်စံတော်မူခါနီးတွင်လည်း သတိရှိကြဖို့ တပည့်သားတို့အား မိန့်ကြားတော်မူခဲ့ပေသည်။

သတိသည် လူ့စည်းစိမ်ထက် အဆပေါင်းများစွာ သာလွန်ကောင်းမြတ်သည့် နတ်စည်းစိမ်ကိုပင် ပေးစွမ်းနိုင်၏၊ နတ်စည်းစိမ်ထက် အဆပေါင်းများစွာ သာလွန်ကောင်းမြတ်သည့် ဗြဟ္မာစည်းစိမ်ကိုလည်း ပေးစွမ်းနိုင်၏၊ ဗြဟ္မာစည်းစိမ်ထက်

အဆပေါင်းများစွာ သာလွန်ကောင်းမြတ်သည့် နိဗ္ဗာန်ချမ်းသာ တိုင်အောင် ပေးဆောင်နိုင်လေသည်၊ သတိ၏ အကျိုးတရားကား ပြောပြ၍ မကုန်နိုင်လောက်အောင်ပင် များပြား၏၊ ကြီးမား၏။

သတိကို နည်းနည်း အသုံးပြုနိုင်သူသည် လောကရေး, ဓမ္မရေးတို့၌ နည်းနည်း ကြီးပွား၏၊ နည်းနည်း တိုးတက်၏၊ နည်းနည်း အထက်တန်း ရောက်၏၊ များများ အသုံးပြုနိုင်သူကား များများ ကြီးပွား၏၊ များများ တိုးတက်၏၊ များများ အထက်တန်း ရောက်၏။ လောကရေး၌ ဖြစ်စေ, ဓမ္မရေး၌ ဖြစ်စေ ကြီးပွား တိုးတက်နေကြသူတွေကို သတိပြု၍ လေ့လာကြည့်ပါလေ၊ ထိုကြီးပွားတိုးတက်နေသူတို့ကား အရာရာတွင် သတိယှဉ်ကြလေ၏၊ သတိရှိကြလေ၏၊ လောကရေး၌ ဖြစ်စေ, ဓမ္မရေး၌ ဖြစ်စေ ဆုတ်ယုတ် နိမ့်ကျသူများကို သတိထား၍ ရှုစားကြည့်ပါလေ၊ ထိုဆုတ်ယုတ် နိမ့်ကျနေသူတို့ကား အရာရာတွင် သတိမယှဉ်ကြ၊ သတိလစ်ကြ၏၊ မေ့လျော့ကြ၏။

သတိကား အရာခပ်သိမ်းတွင် ပိုလွန်သည်ဟူ၍ မရှိ၊ ကျန်းမာရေး၌လည်း သတိရှိဖို့ လိုအပ်၏၊ ပညာရေး၌လည်း သတိရှိဖို့ လိုအပ်၏၊ စီးပွားရေး၌လည်း သတိရှိဖို့ လိုအပ်၏၊ အသေးအမွှားကိစ္စလေးမှ စ၍ ရောမကြီးမားသည့် ကိစ္စတို့အထိ သတိရှိဖို့ လိုအပ်၏၊ သတိ မလိုအပ်သောအရာ လောကမှာ မရှိ၊ သတိမလိုအပ်သော ကိစ္စဟူ၍လည်း လောကမှာ မရှိပါပေ။

ဘဝတိုးတက်ရေးအတွက် အဟန့်အတား ပြုသော တရားတို့ကို ဖယ်ရှားပေးသည့် သတိပဋ္ဌာန်ဟု ခေါ်ဆိုအပ်သော သတိ၏ အင်အားကား ကြီးမားလှ၏၊ သတိပဋ္ဌာန်ကြောင့် ငြိမ်းချမ်းသော ဘဝ, တန်ဖိုးရှိသော ဘဝကို ရရှိပိုင်ဆိုင် သွားကြသူတွေကား ကိန်းဂဏန်းဖြင့် သတ်မှတ်ပြလို့ မရလောက်အောင်ပင် ရှေးက ရှိခဲ့ကြပြီ၊ ယခုလည်း ရှိနေဆဲ၊ နောင်လည်း ရှိနေကြဦးမည်သာ၊ ယခုအခါ မြန်မာပြည်တွင်းတွင်လည်း ရှိ၏၊ ပြည်ပနိုင်ငံတို့တွင်လည်း ရှိနေ၏၊ ငြိမ်းချမ်းသော ဘဝ, တန်ဖိုးရှိသော ဘဝကို ပိုင်ဆိုင်လိုကြသဖြင့် ပြည်ပနိုင်ငံပေါင်း များစွာတို့မှ ယောဂီပေါင်းများစွာတို့ မြန်မာနိုင်ငံရှိ တရားရိပ်သာတို့ကို လာရောက်ကာ သတိပဋ္ဌာန်တရားကို အားထုတ်နေကြလေပြီ၊ ပြည်ပယောဂီတို့ လာရောက် တရားအားထုတ်ရာ တရားရိပ်သာတို့တွင် တစ်ခုအပါအဝင်ဖြစ်သည့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့လည်း ပြည်ပယောဂီတို့ ဝင်လာမစဲ တဖွဲဖွဲပင် ရှိနေပါသည်။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ သက်တမ်းမှာ (၃)နှစ်သားကျော်ကျော်သာ ရှိပါသေးသည်၊ ထို(၃)နှစ်ကျော်ကာလအတွင်းတွင် ပြည်ပမှ လာရောက်အားထုတ်ကြသူ (၁၅၂)ယောက်ထိ ရှိခဲ့ပါသည်၊ ပြည်ပမှ ရဟန်းယောဂီ (၅၀), သာမဏေ(၆)ပါး, သိက္ခာရှင် (သီလရှင်) (၂၃)ပါး, အမျိုးသားယောဂီ (၂၃)ယောက်, အမျိုးသမီးယောဂီ (၅၀)ယောက် စုစု

ပေါင်း (၁၅၂)ယောက် ရှိပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာရောက် တရားအားထုတ်ကြသည့် နိုင်ငံများမှာ ဂျာမနီ, ပြင်သစ်, ဩစတြေးလျ, ဆွစ်ဇလန်, အမေရိက, အင်္ဂလန်, ကိုရီးယား, ဗီယက်နမ်, မကာအို, အင်ဒိုနီးရှား, မလေးရှား, စင်ကာပူ, သီရိလင်္ကာ, နီပေါ, ထိုင်းနိုင်ငံအားဖြင့် (၁၅) နိုင်ငံတို့ ဖြစ်ပါသည်။

ငြိမ်းချမ်းသော ဘဝ, တန်ဖိုးရှိသော ဘဝကို လိုလားကြသဖြင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာရောက်ပြီး သတိပဋ္ဌာန်တရား အားထုတ်ကြသည့် ပြည်ပယောဂီတို့ထဲမှ (၂)လခွဲလောက် တရားအားထုတ်သွားသည့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သူလေး "ချင်လီ"၏ သတိပဋ္ဌာန် အားထုတ်မှုနှင့် စပ်သည့် ပြောကြားချက်များကို ရေးသား ဖော်ပြလိုက်ပါသည်။

"ယခု ကျမ အသက်(၃၀) ရှိပါပြီ၊ ကျမ မွေးဖွားလာကတည်းက ဗုဒ္ဓသာသနာဝင်ပါပဲ၊ ဒါပေမယ့် အသက်(၁၀)နှစ်ရှိသည် အထိ 'ဗုဒ္ဓသာသနာဆိုတာ ဘာလဲ'လို့ တကယ် မသိခဲ့ပါဘူး၊ ကျမ အသက်(၂၆)နှစ် အရွယ်မှာ သတိပဋ္ဌာန်တရားကို စတင် အားထုတ်ခဲ့ပါတယ်၊ အဲဒီ စတင် အားထုတ်ရခြင်းရဲ့ အကြောင်းတွေကတော့ သတိပဋ္ဌာန်တရား လုပ်ငန်းအကြောင်း ပြည့်ပြည့်စုံစုံ သိချင်တာရယ်, စိတ်ဓာတ် ဖွံ့ဖြိုးချင်တာရယ်

တို့ပါပဲ၊ အဲဒီ ပထမအကြိမ်မှ စပြီး ယခုအချိန်အထိ တရားစခန်း (ရ)ခု ဝင်ခဲ့ပါတယ်၊ ကမ္မဋ္ဌာန်းဆရာများကတော့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ရယ်, ဆရာတော်ရဲ့ တပည့်များဖြစ်တဲ့ ယခု ဩစတြေးလျရောက် အရှင်ပညာသာမိနဲ့ မလေးရှား နိုင်ငံသား အရှင်သုဇီဝတို့ပဲ ဖြစ်ပါတယ်။"

"ကျမ သတိပဋ္ဌာန်တရား အားထုတ်လိုက်တဲ့အခါ ကိုယ့်ကိုယ်ကို ပိုပြီး နားလည်လာပါတယ်၊ ကျမရဲ့ စိတ်ဟာ ပိုပြီး သန့်ရှင်းလာပါတယ်၊ ပိုပြီး ယဉ်ကျေးလာပါတယ်၊ ပိုပြီး နိုးကြား တက်ကြွလာတယ်၊ မကောင်းတဲ့ စိတ်လှုပ်ရှားမှုတွေ နည်းပါးလာတယ်"။

"ကျမက စီးပွားရေးလုပ်ငန်းပေါင်းမျိုးစုံကို တရားဥပဒေနဲ့အညီ လုပ်ဆောင်နိုင်အောင် နည်းလမ်းပေးတဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းကို လုပ်ပါတယ်၊ လုပ်ငန်းခွင်မှာ လူတွေ အများကြီးနဲ့ ဆက်ဆံရပါတယ်၊ လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာတွေ ပြင်းထန်တဲ့ လူတွေ၊ ကမ္မဋ္ဌာန်းတရား အကြောင်း ဘာမျှ မသိသေးတဲ့ လူတွေနဲ့ တွေ့ကြုံနေရတဲ့ လုပ်ငန်းခွင်မှာ စိတ်တည်ငြိမ်ဖို့, ကြည်လင်ဖို့ သိပ်အရေးကြီး ပါတယ်၊ တည်ငြိမ်ကြည်လင်တဲ့ စိတ်ဟာ လုပ်ငန်းခွင်မှာ အလုပ်ကို ပိုမို ကောင်းမွန်အောင် လုပ်ဖို့ အကူအညီ ပေးပါတယ်၊ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့အခါမှာလည်း နားလည်မှု ပိုမို အားကောင်းလာပါတယ်"။

“ဗုဒ္ဓတရားကို စာတွေ့၊ လက်တွေ့ အားထုတ်တော့ ဗုဒ္ဓတရားက ကျမဘဝအတွက် အလင်းရောင် ပေးပါတယ်၊ အသိဉာဏ် ဖွံ့ဖြိုးစေပါတယ်၊ မြန်မာပြည်က ဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓတရားအပေါ်မှာ ပို၍ ပို၍ အလေးအနက် ထားကြတယ်လို့ ကျမ ယူဆပါတယ်၊ ဒါကြောင့် မြန်မာဗုဒ္ဓသာသနာဝင်တို့ရဲ့ တောက်ပနေတဲ့ အသိဉာဏ်ရောင်အလင်းဟာ ပို၍ ပို၍ တောက်ပနေတယ်လို့ ကျမထင်ပါတယ်”။

“ဆင်းရဲတွေမှ လွတ်မြောက်ကြောင်း နည်းလမ်းကောင်းကို တွေ့ရှိပြီး ဖော်ထုတ်ပေးတော်မူခဲ့တဲ့ မြတ်စွာဘုရားကို အလွန်ပဲ ကျေးဇူးတင်လှပါတယ်၊ ဘုရားပွင့်တော်မူခဲ့လို့လဲ ဒီလို နည်းလမ်းမှန်တွေကို ညွှန်ပြပေးနေတဲ့ သံဃာတော်တွေကို ကျမတို့ တစ်တွေ ဖူးတွေ့ကြည်ညိုရကာ အဲဒီသံဃာတော်တွေရဲ့ အဆုံးအမတွေကို ခံယူခွင့် ရနေကြပါတယ်၊ ဒါကြောင့် သံဃာတော်တွေကိုလည်း ကျေးဇူးတင်လှပါတယ်၊ ကျမ အားထုတ်နေရတဲ့ သတိပဋ္ဌာန်တရားနည်းလမ်းကိုလည်း ကျမ အမြဲတန်း ကြည်ညိုအားကိုးနေပါတယ်၊ သတိပဋ္ဌာန်က ကျမကို ကျမဘဝအကြောင်း ပိုမို နားလည်စေပါတယ်၊ ‘ရုပ်နဲ့ နာမ်မျှသာပဲ’လို့ အသိရောက်စေပါတယ်၊ ‘ဘဝ–ဆိုတာ ဒါပါပဲလား’လို့လဲ သဘောပေါက်စေပါတယ်၊ ဒါကြောင့် ကျမဘဝကို အဓိပ္ပါယ်ရှိတဲ့ဘဝ၊ ရည်ရွယ်ချက်ကောင်း ရှိတဲ့ဘဝ ဖြစ်အောင် ဆက်လက် ကြိုးပမ်းသွားပါမယ်”။

"ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ (၂)လခွဲလောက် တရားအားထုတ်မှု ကုသိုလ်အစုစုကို မေ့ပျောက်၍ မရနိုင်သလို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကိုလည်း အမြဲပဲ ကျေးဇူးတင်လျက် ရှိပါတယ်၊ ဆရာတော်ရဲ့ ညွှန်ကြားချက်များထဲမှ ကျမ ထုတ်နုတ်ထားတဲ့ မှတ်စုလေးတွေက ကျမရဲ့ ရှေ့ဆက်အားထုတ်မယ့် တရားလုပ်ငန်းကို အလွန်အကဲ အကူအညီ ပေးပါလိမ့်မယ်၊ ဆရာတော်က ကျမကို အသိဉာဏ်ရောင်အလင်းတွေ ပေးတယ်လို့ ကျမ ပြောချင်ပါတယ်၊ ကျမက တစ်ဆင့် ကျမ လက်လှမ်းမီရာ ပုဂ္ဂိုလ်တွေကို ဒီတရား အလင်းရောင် ဖြန့်ဝေနိုင်လိမ့်မယ်လို့ ကျမ မျှော်လင့်ထားပါတယ်"။

"လွန်ခဲ့တဲ့ နှစ်အနည်းငယ်က စပြီး မလေးရှားနိုင်ငံမှာ တက္ကသိုလ်ကျောင်းသား, ကျောင်းသူတွေကို ကျမ တရားစတင်ဟောခဲ့ပါတယ်၊ ကျမတို့နိုင်ငံ တက္ကသိုလ်အမျိုးမျိုးမှ ကျောင်းသား, ကျောင်းသူတွေကို ကျမ အားပေးတိုက်တွန်းနိုင်ရင်, ဗုဒ္ဓတရားအပေါ် နက်နက်နဲနဲ ကျေနပ်လာအောင် လုပ်ပေးနိုင်ရင် သူတို့က တစ်ဆင့် တစ်ခြားသူတွေကို တရားဖြန့်ဝေကြပါလိမ့်မယ်၊ ကျမတို့ ခမ္မမိတ်ဆွေတွေ စုပေါင်းကာ အမျိုးသားရေးအနေနဲ့ ဗုဒ္ဓတရားတွေ ဖြန့်ဝေကြပါမယ်"။

"လက်ဆောင်ကောင်းတကာတွေထဲမှာ တရားလက်ဆောင်ဟာ အကောင်းဆုံးပါပဲ၊ ဒါကြောင့် တရားအသိဉာဏ် လက်ဆောင်ကို သူတို့အား ပေးဖို့ မြန်မာပြည်မှ ကျမတို့ မလေးရှား

နိုင်ငံသို့ ဆောင်ယူသွားပါမယ်၊ ကျမရဲ့ တရားအားထုတ်မှုဟာ ပန်းတိုင် ရောက်ဖို့ရန် သေးငယ်တဲ့ ခြေလှမ်းလေးတွေပဲလို့ ဆို ချင်ပါတယ်၊ တစ်လှမ်းချင်း တစ်လှမ်းချင်း လှမ်းနေတဲ့ ခြေလှမ်း တွေဟာ ကျမတို့ကို ပန်းတိုင်နဲ့ ပို၍ပို၍ နီးလာအောင် သယ် ဆောင်နေပါတယ်"တဲ့။

မိမိတို့ဘဝကို တန်ဖိုးရှိသော ဘဝ၊ ငြိမ်းချမ်းသော ဘဝ၊ တိုးတက်ကြီးပွားသော ဘဝ ဖြစ်အောင် ကြိုးစားကြလိုသူတို့အား ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ အောက်ပါအဆိုအမိန့်များသည် အထောက်အကူ ပေးနိုင်လိမ့်မည် ဟု ယူဆသဖြင့် ဖော်ပြလိုက်ပါသည်။

၁။ ဘဝအောင်မြင်ရေးထက် ဘဝတန်ဖိုး ရှိရေးက ပို အရေးကြီးပါတယ်။

၂။ သတိဟာ တံခါးစောင့်၊ တံခါးမှူးနဲ့ တူတယ်။ တံခါးစောင့်၊ တံခါးမှူးဟာ မကောင်းသူတွေကို ဝင် ခွင့် မပေးဘူး၊ ကောင်းသူတွေကို ဝင်ခွင့်ပေးတယ်၊ သတိကလည်း မကောင်းတဲ့ တရားတွေကို ဝင်ခွင့် မပေးဘူး၊ ကောင်းတဲ့တရားတွေကို ဝင်ခွင့်ပေးတယ်။

၃။ ကားမောင်းတဲ့အခါ စတီယာတိုင်ကို နိုင်အောင် ကိုင်ဖို့ လိုတယ်။

ဘဝခရီးနှင်ရာမှာ သတိပဋ္ဌာန် စတီယာတိုင်ကို နိုင်အောင် ကိုင်ဖို့ လိုတယ်။

၄။ တရားရှုမှတ်လို့ စိတ်မှာ အင်အားတွေ ရှိနေသူဟာ စိတ်ရဲ့ အကျနဲ့ အကြွကြားမှာ ဘောင်ဘင်ခတ်တာ မရှိတော့ဘူး၊ ပစ်တိုင်းထောင် ဘဝကို တည်ဆောက် နိုင်တယ်၊ အကောင်းနဲ့ အဆိုးကြားမှာ ဘက်မျှစွာထား နိုင်လာတယ်၊ ဘက်မျှစွာ ထားနိုင်လာသည်နှင့်အမျှ ရှိ တာနဲ့ တင်းတိမ်နိုင်မှု၊ အရာရာမှာ သည်းခံနိုင်မှု၊ ခြွေ တာမှု၊ ဆက်ဆံရေးပြေပြစ်မှု၊ ကျန်းမာရေး ဂရုစိုက် တတ်မှု စသည်တို့လည်း ရှိလာတော့တယ်။

၅။ ယာဉ်စည်းကမ်းအတိုင်း၊ ယာဉ်ကြောအတိုင်း ကား မောင်းရင် ဒုက္ခမရောက်ဘဲ လိုရာကို ရောက်နိုင်ပါ တယ်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေမှာ သတိထားရင်၊ မမေ့မလျော့ရင် ခေါင်ထိပ် ထိပ်တန်း ရောက်ကြတယ်။

သတိတရား ပွားများခြင်းဖြင့် တန်ဖိုးရှိသောဘဝ၊ ငြိမ်းချမ်း သောဘဝ၊ တိုးတက်ကြီးပွားသောဘဝသို့ ရောက်ရှိနိုင်ကြပါစေဟု ပတ္ထနာပြုလိုက်ပါသည်။

❀ ❀ ❀

## ဩစတြေးလျ အမျိုးသမီးယောဂီ

သူမနာမည်မှာ "အယ်ဗလင်ဟားချား" ဟူ၍ ဖြစ်သည်၊ အသက်(၄၈)နှစ် ရှိပြီ၊ စက်မှုလုပ်ငန်း သတင်းပြန်ကြားရေး အရာရှိ ဖြစ်သည်၊ ဩစတြေးလျနိုင်ငံမှ ဂျူးလူမျိုး ဖြစ်သည်၊ သူမသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ သတိပဋ္ဌာန်တရားကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ လမ်းညွှန်မှုဖြင့် (၂၄)ရက်ကြာ အားထုတ်သွားသည်၊ တရားအားထုတ်ပြီး၍ ပြန်ခါနီးအချိန်၌ သူမနှင့် စကားပြောခွင့်ရသဖြင့် စာရေးသူ မေးထားသည့် မေးခွန်းများကို သူမက ဤသို့ ဖြေဆိုထားပါသည်။

မေး။ ။ အရင်က တရားအားထုတ်ဖူးပါသလား၊ ဘယ်နေရာ၊ ဘယ်သူ့ထံမှာ အားထုတ်ဖူးပါသလဲ?

ဖြေ။ ။ တစ်နှစ်မှာ (၁၀)ရက် တရားစခန်း တစ်ကြိမ်၊ သို့မဟုတ် (၂)ကြိမ် အားထုတ်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့ (၅) နှစ်က စပြီး နေ့တိုင်း အနည်းဆုံး တစ်နာရီတော့ တရားထိုင်ပါတယ်၊ တပည့်တော်ရဲ့ဆရာက မစ္စတာ ဂျော့ဘစ်ကဲ ဖြစ်ပါတယ်၊ သူက လွန်ခဲ့တဲ့ (၆)နှစ် ကတည်းက ဩစထရီးယား - ဗီယာနာမှာ နေပါတယ်။

မေး။ ။ ဘာ့ကြောင့် သတိပဋ္ဌာန်(ဝိပဿနာ)တရားကို အားထုတ်ပါသလဲ၊ အားထုတ်တဲ့အတွက် ဘယ်လိုအကျိုးတွေ ရနေပါသလဲ?

ဖြေ။ ။ ဝိပဿနာအားထုတ်တာဟာ တပည့်တော် တစ်ဘဝလုံးအတွက် သစ္စာတရားကို ရှာဖွေလိုလို့ပဲ ဖြစ်ပါတယ်၊ ပြီးတော့ ဝိပဿနာအားထုတ်တာဟာ ဒုက္ခကို လျော့ပါးစေနိုင်တယ်-ဆိုတာကို ယုံကြည်လို့လည်း ဖြစ်ပါတယ်။

ရှေးကထက် တပည့်တော်ရဲ့စိတ်မှာ ငြိမ်းချမ်းမှု ပိုရှိလာပါတယ်၊ မကောင်းမှု အကုသိုလ်တွေလည်း ပိုနည်းလာတယ်လို့ ထင်ပါတယ်၊ ယခင်ထက် စိတ်ပူပန်မှုတွေ ပို၍ နည်းလာပါတယ်။

မေး။ ။ ဘာ့ကြောင့် ပဏ္ဍိတာရာမသို့ လာရောက်အားထုတ်ရပါသလဲ?

ဖြေ။ ။ ပဏ္ဍိတာရာမမှာ တပည့်တော်ရဲ့ မိတ်ဆွေတစ်ဦး ရှိတယ်၊ သူဟာ တပည့်တော်ရဲ့ အလွန်အားကိုးရတဲ့ မိတ်ဆွေတစ်ဦး ဖြစ်ပါတယ်၊ ဒါ့ကြောင့်ပါပဲ။

မေး။ ။ ဩစတြေးလျားမှာ ဗုဒ္ဓသာသနာ အခြေအနေ ဘယ်လို ရှိပါသလဲ?

ဖြေ။ ။ ဩစတြေးလျားမှာ ဗုဒ္ဓသာသနာ စတင်ရောက်လာတာဟာ လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်ကမှ ဖြစ်ပါတယ်၊ ဗုဒ္ဓသာသနာဝင်များ အလွန် နည်းပါးပါသေးတယ်၊ ဩစတြေးလျား ရုပ်မြင်သံကြားအစီအစဉ်မှာ ဗုဒ္ဓဘာသာအကြောင်းကို တစ်ပတ်မှာ စနေနေ့တိုင်း (၁၀)မိနစ်ခန့် ဟောပြောပါတယ်၊ အခြားဘာသာတွေကိုလည်း နည်းတူပဲ (၁၀)မိနစ်စီ ဟောပြောကြပါတယ်၊ ဩစတြေးလျားမှာ ဗုဒ္ဓဘာသာဝင်များ တိုးလာဖို့ ရှိပါတယ်၊ ဒါပေမယ့် နည်းနေဦးမှာ ဖြစ်ပါတယ်၊ ဝိပဿနာ အားထုတ်သူများဟာ ပို၍ နည်းနေပါလိမ့်မယ်။

မေး။ ။ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တွေကို သင် ဘာ ပြောလိုပါသလဲ?

ဖြေ။ ။ တပည့်တော်ဟာ တပည့်တော်ကိုယ် တပည့်တော် အလွန် တော်တဲ့ ယောဂီလို့ မပြောနိုင်ပေမယ့် ဝိပဿနာတရား အားထုတ်မှုကြောင့် တပည့်တော်ရဲ့ စိတ်တွေဟာ ပိုမို သန့်ရှင်းလာပါတယ်၊ ဝိပဿနာ ဟာ စိတ်ကို သန့်ရှင်းအောင် ပြုလုပ်ရာမှာ အလွန်ပဲ အကူအညီ ပေးပါတယ်၊ ဒါကြောင့် မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာဝင်တွေကို တပည့်တော် ပြောလို တာက –

"ဗုဒ္ဓဟာ အာရှမှ လာပါတယ်၊ သင်တို့ဟာ မွေးတယ်ဆိုကတည်းက တရားအားမထုတ် ဖြစ်ပေ မယ့် ဗုဒ္ဓယဉ်ကျေးမှုအမွေတွေကို လက်ခံရရှိခဲ့ကြပါ တယ်၊ ဒါ့ကြောင့် သင်တို့ဟာ ကျွန်မတို့ အနောက် တိုင်းသားတွေနဲ့စာလျှင် ဝိပဿနာအကြောင်းကို သိ နားလည်ရေးနဲ့ ဝိပဿနာ အားထုတ်ရေးမှာ အထူး လွယ်ကူကြပါလိမ့်မယ်"။

"သင်တို့ဟာ အင်္ကျီတွေကို သန့်ရှင်းသလို၊ ခန္ဓာကိုယ်နဲ့ သွားတွေကို သန့်ရှင်းသလို စိတ်ကို လည်း သန့်ရှင်းအောင် လုပ်ဖို့ မလိုဖူးလား ?"

မေး။ ။ မြန်မာနိုင်ငံ အတွေ့အကြုံကို ပြောပြနိုင်ပါသလား။

ဖြေ။ ။ တပည့်တော်ဟာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာနဲ့ ရိပ်သာပတ်ဝန်းကျင်ရှိ အုန်းပင်များ၊ စေတီများမှ လွဲ၍ တစ်ခြားမည်သည့် မြန်မာနိုင်ငံ အတွေ့အကြုံမှ မရှိပါ။

မေး။ ။ သင့် တရားအတွေ့အကြုံနဲ့ ပတ်သက်ပြီး သင့်နိုင်ငံမှာ ဘယ်လို ဆောင်ရွယ်လိုပါသလဲ။

ဖြေ။ ။ ဖြစ်နိုင်တဲ့အချိန်မှာ တရားအတွေ့အကြုံကို သြစထေးရီးယားရှိ ပြည်သူ့ပြည်သားတွေအား ပြောပြမှာ ဖြစ်ပါတယ်၊ ပြောပြရုံမျှထက် ဘာမှ ပိုပြီး မလုပ်နိုင်သေးပါ။ တစ်ယောက်ယောက်က စိတ်ဝင်စားမယ်ဆိုရင် တရားအတွေ့အကြုံအကြောင်းကို ကြိုးစားပြီး ရှင်းပြပေးမှာ ဖြစ်ပါတယ်။

မေး။ ။ ဒီမြန်မာနိုင်ငံကို နောက်တစ်ကြိမ် ပြန်လာပြီး တရားအားထုတ်ဖို့ အစီအစဉ်ရှိပါသလား?

ဖြေ။ ။ ရှိပါတယ် ဘုရား၊ တပည့်တော် နောက်တစ်ကြိမ် လာနိုင်အောင် ကြိုးစားပါဦးမယ် ဘုရား။

မေး။ ။ ဒီရွှေတောင်ကုန်း သာသနာ့ရိပ်သာနဲ့ စပ်ပြီး ဘယ်လို အကြံပြုလိုပါသလဲ?

ဖြေ။ ။ ဒီရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ရှိကြတဲ့ ဆရာတော်၊ သံဃာတော်အားလုံးက စပြီး ပြည်တွင်း၊ ပြည်ပက ရဟန်း၊ ရှင်၊ လူ ယောဂီ သူတော်စင်တွေ ရော ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းနေကြတဲ့ ဒကာ၊ ဒကာမတွေပါ အားလုံးဟာ စွမ်းအားရှိသမျှ အစွမ်းကုန် ကြိုးစားနေကြပါတယ်၊ ပြည်ပယောဂီ တွေကို အင်္ဂလိပ်လို ဆက်သွယ်နိုင်တဲ့ မြန်မာတရား ပြ ဆရာများ၊ ရဟန်းတော်များ ပိုမို ရှိလာဖို့ရာ တပည့်တော် မျှော်လင့်ပါတယ်။

စာရေးသူက မေးသဖြင့် သူမက ဖြေထားသည်မှာ ဤမျှသာ ဖြစ်ပါသည်။

ကြုံခဲလှသည့် လူ့အဖြစ်ကို ရပြီး ကြုံခဲလှသည့် ဗုဒ္ဓ သာသနာတော်ကြီးနှင့် ကြုံတွေ့နေကြရသူတိုင်းသည် လူဖြစ်ရ ကျိုး၊ သာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်အောင် ဗုဒ္ဓသာသနာ တော်ကြီးနှင့် ကြုံကြိုက်နိုက်၌သာ အားထုတ်နိုင်သည့်၊ စိတ် ဓာတ်ဖွံ့ဖြိုး အသိဉာဏ် တိုးစေနိုင်သည့် သတိပဋ္ဌာန်တရားကို ဤသြစထရီးယား အမျိုးသမီးယောဂီ "အယ်ဗလင်းဟားချား" ကဲ့သို့ ကြိုးစားပွားများ သင့်ကြပါသည်။

ဗုဒ္ဓသာသနာဝင်တို့သည် ကိုယ်စီကိုယ်စီ တစ်ကိုယ်ရေ သာသနာ ပြည့်စုံအောင် ကြိုးစားပြီး လက်လှမ်းမီရာ၌လည်း

ဆင့်ပွားသာသနာ ပြုပေးကြရပါမည်။ သို့မှသာ ထေရဝါဒ ဗုဒ္ဓသာသနာသည် မြန်မာမှာသာမက ကမ္ဘာမှာပါ ပို၍ ပို၍ ထွန်းကားလာမည် ဖြစ်ပါသည်၊ ပို၍ ပို၍ ကျယ်ပြန့်လာမည် ဖြစ်ပါသည်။

❀ ❀ ❀

## ဩစတြေးလျ အမျိုးသမီးယောဂီ

အချို့သော ပြည်ပသားတို့က ဆိုနေကြပါ၏၊ "မြန်မာနိုင်ငံမှ အကောင်းဆုံး ထွက်ကုန်ဟာ သတိပဋ္ဌာန်ပါပဲ"တဲ့၊ သတိပဋ္ဌာန်တရားအပေါ် စိတ်ဝင်စားပြီး လက်တွေ့ အားထုတ် ကြည့်ကြသူတို့၏အဆို ဖြစ်ပါ၏၊ အနောက်တိုင်းသားဖြစ်ဖြစ် အရှေ့တိုင်းသားဖြစ်ဖြစ် ဘယ်သူမှ စိတ်ညစ် မခံချင်ကြ၊ စိတ်မဆင်းရဲချင်ကြ၊ စိတ်ချမ်းသာ ပျော်ရွှင်ချင်ကြ၏၊ ထို့ကြောင့် စိတ်ချမ်းသာ ပျော်ရွှင်ကြောင်း နည်းကောင်းမှန်သမျှ လိုက်နာကျင့်သုံးကြည့်ကြ၏၊ ထိုနည်းတို့သည် ကောင်းသင့်သလောက် ကောင်းကြပါလိမ့်မည်၊ သို့သော် အကောင်းဆုံးဟုကား မဆိုနိုင်ကြ၊ သူတို့ ကျင့်သုံးကြည့်သော နည်းတို့သည် စစ်မှန်သော ချမ်းသာကို မပေးနိုင်သေးကြ၊ ထို့ကြောင့် စစ်မှန်သော ချမ်းသာကို ပေးနိုင်မည့်နည်းကို ဆက်လက်ရှာဖွေကြ၏၊ မိတ်ဆွေတို့ထံမှ ဖြစ်စေ၊

ဆရာတို့ထံမှ ဖြစ်စေ, စာအုပ်တို့မှ ဖြစ်စေ ထေရဝါဒဗုဒ္ဓသာသနာမှ သတိပဋ္ဌာန် အားထုတ်နည်းကို တွေ့ရှိသွားကြ၏၊ အားထုတ်ကြည့်ကြ၏၊ ကျေနပ်ကြ၏၊ သတိပဋ္ဌာန်ကို တန်ဖိုးထားကြသည့် ပြည်ပသားတို့သည် သတိပဋ္ဌာန် အားထုတ်နည်းကို ကောင်းကောင်းပေးနိုင်သည့် မြန်မာနိုင်ငံကို အားကိုးကြ၏၊ ထို့ကြောင့် မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံပေါင်းများစွာမှ ယောဂီများစွာတို့ လာရောက် အားထုတ်နေကြပါ၏။

ပြည်ပသားတို့ မြန်မာနိုင်ငံရှိ သာသနာ့ရိပ်သာတို့သို့ လာရောက် အားထုတ်ကြလေရာ ထိုသာသနာ့ရိပ်သာတို့တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသည်လည်း တစ်ခု အပါအဝင် ဖြစ်ပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ သက်တမ်း (၄)နှစ်ကျော်ကာလအတွင်း ပြည်ပနိုင်ငံ(၂၃)နိုင်ငံမှ ယောဂီ(၂၅၀)ကျော်တို့ လာရောက်အားထုတ်ကြလေရာ ထိုယောဂီတို့ ပြန်ခါနီး စာရေးသူ သိချင်သော မေးခွန်းတို့ကို မေးရာတွင် အချို့က ဝေဝေဆာဆာ ဖြေကြ၏၊ အချို့ကမူ တိုတိုကျဉ်းကျဉ်းသာ ဖြေကြ၏၊ စာရေးသူ သိချင်သလို မြန်မာဗုဒ္ဓသာသနာဝင်တို့လည်း သိချင်ကြလိမ့်မယ်ဟု ယူဆမိပါ၏၊ ထို့ကြောင့် တိုတိုကျဉ်းကျဉ်း ဖြေထားသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်သော ဩစတြေးလျနိုင်ငံမှ အမျိုးသမီးယောဂီ “ဂျူအန်မာရက်”၏ အဖြေကို အမေးနှင့်အကွ ဖော်ပြပါမည်၊ သူမ အသက်(၃၃)နှစ်ရှိပြီ၊ ဓာတ်မှန်ရိုက်သမား တစ်ဦးဖြစ်သည်။

မေး။ ။ ဘယ်နေရာတွေမှာ ဘယ်ဆရာတွေနဲ့ ဘယ်လောက်ကြာကြာ သတိပဋ္ဌာန်တရား အားထုတ်ခဲ့ပါသလဲ?

ဖြေ။ ။ မလေးရှားနိုင်ငံ, ပီနန်မြို့ရှိ ဗုဒ္ဓသာသနာ့ရိပ်သာ (M.B.M.C)၌ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ရဲ့တပည့် အရှင်ဓမ္မပိယတို့ထံမှာ (၂)လ အားထုတ်ခဲ့ပါတယ်၊ ဩစတြေးလျနိုင်ငံမှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ (၂)လ အားထုတ်ခဲ့ပါတယ်။

မေး။ ။ ဘာကြောင့် သတိပဋ္ဌာန်တရားကို အားထုတ်ပါသလဲ?

ဖြေ။ ။ စိတ်အကြောင်းကို နားလည်ချင်လို့ပါပဲ။

မေး။ ။ သတိပဋ္ဌာန် အားထုတ်လိုက်တဲ့အတွက် ဘယ်လိုအကျိုးတွေ ရလာပါသလဲ?

ဖြေ။ ။ ဘဝရဲ့ အမှန်တရားတွေကို ပိုမို သိရှိလာပါတယ်၊ ရင်ဆိုင်ရတဲ့ ပြဿနာတွေကိုလည်း ဖြေရှင်းနိုင်လာပါတယ်။

မေး။ ။ ဘာ့ကြောင့် မြန်မာနိုင်ငံကို လာရောက် အားထုတ်ရပါသလဲ?

ဖြေ။ ။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ သတိပဋ္ဌာန်တရား အားထုတ်လိုတာဟာ အဓိက အကြောင်းပါပဲ။

မေး။ ။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ဘယ်လောက်ကြာအောင် အားထုတ်ခဲ့ပါသလဲ?

ဖြေ။ ။ (၁)နှစ်ကျော် ကြာပါတယ်။

မေး။ ။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ တရားအားထုတ်ရတဲ့ အကျိုးတွေက ဘာတွေပါလဲ?

ဖြေ။ ။ အဓိက အကျိုးကတော့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်လို အလွန်ကြည်ညိုစရာ ကောင်းတဲ့ ဆရာတွေထံမှာ ဒီလို ရက်ရှည် တရားအားထုတ်နိုင်ခွင့်ပေးတဲ့နေရာဟာ ပြည်ပကမ္ဘာမှာ ဘယ်နေရာမှာမှ မရှိပါ၊ ဒီရိပ်သာမှာ ကြာရှည်စွာ နေခဲ့ရတဲ့အတွက် တရားအားထုတ်မှုအလုပ်ကို ခိုင်မြဲအောင် ဆောင်ရွက်တည်ထောင်နိုင်ခဲ့ပါတယ်။

မေး။ ။ ရှေးက ဘယ်ဘာသာကို ကိုးကွယ်ခဲ့ပါသလဲ?

ဖြေ။ ။ ခရစ်ယာန်ဘာသာကို ကိုးကွယ်ခဲ့ပါတယ်။

မေး။ ။ မြန်မာနိုင်ငံနဲ့ မြန်မာ့ဗုဒ္ဓသာသနာ၀င်တို့အပေါ် ဘယ်လို ထင်မြင်ယူဆမိပါသလဲ?

ဖြေ။ ။ ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ နေထိုင်ရတဲ့ အတွက် ဗုဒ္ဓဘာသာဆိုတာ မည်ကဲ့သို့ ဖြစ်သည် ဟူသောအချက်နှင့် အထူးသဖြင့် ဒါနဆိုင်ရာ အချက်များ၊ မြန်မာလူမျိုးတို့၏ ဖော်ရွေမှုများကို လက်တွေ့ သိရှိရပါတယ်။

မေး။ ။ ဩစတြေးလျနိုင်ငံမှာ ဗုဒ္ဓသာသနာ အခြေအနေ ဘယ်လို ရှိပါသလဲ?

ဖြေ။ ။ ဗုဒ္ဓသာသနာ ပေါ်လွင်မှု မရှိသလောက်ပါပဲ၊ သံဃာဦးရေ အလွန်နည်းပါတယ်၊ ဗုဒ္ဓသာသနာ အခြေအနေ အလွန်ပဲ အားနည်းနေပါသေးတယ်။

မေး။ ။ မြန်မာဗုဒ္ဓဘာသာဝင်တို့ကို ဘာပြောလိုပါသေးသလဲ?

ဖြေ။ ။ မြန်မာနိုင်ငံမှာ တန်ဖိုးရှိတဲ့ တရားပြဆရာတွေ ရှိပါတယ်၊ ပြည်ပနိုင်ငံတွေ သွားရင် ဒီလို ဆရာမျိုးတွေကို တွေ့မည် မဟုတ်ပါ။

မေး။ ။ သင့်နိုင်ငံသို့ ပြန်တဲ့အခါ မြန်မာနိုင်ငံမှ ဘာကို အကောင်းဆုံး လက်ဆောင်အဖြစ် ယူသွားပါမည်လဲ?

ဖြေ။ ။ ဗုဒ္ဓရဲ့ တရားတော်တွေကိုပါပဲ။

မေး။ ။ အခြားဘာများ ပြောချင်ပါသေးသလဲ?

ဖြေ။ ။ တပည့်တော်ကို ဒီရိပ်သာမှာ ဒီလောက် ကြာအောင် တရားအားထုတ်ခွင့် ပေးတဲ့အတွက် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့်အကွ မြန်မာလူမျိုး တွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။

ဗုဒ္ဓသာသနာ့အတွက် မြန်မာနိုင်ငံကို သူတို့ ပြည်ပသားတွေ များစွာ အားကိုးရာကြပါ၏၊ ထိုဧည့်သည်တို့ မြန်မာနိုင်ငံသို့ လာလေလျှင် သူတို့ အလိုရှိသော လက်ဆောင်ကောင်းကို ပေးနိုင်ဖို့ရာ အိမ်ရှင်တို့ ထိုလက်ဆောင်ကောင်းကို ကိုယ်စီ ကိုယ်စီ ပိုင်ဆိုင်ထားသင့်ကြပါလေပြီ။

❀ ❀ ❀

## မလေးရှားအမျိုးသမီး ယောဂီ "လင်ချီဟောင်"

သူမ၏ အမည်မှာ–"လင်ချီဟောင်"ဟူ၍ ဖြစ်သည်၊ တရုတ်အမျိုးအနွယ် ဖြစ်သည်၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် နေထိုင်သည်၊ သူမကို ပါဠိနာမည်ဖြင့် "မုဒုဘာဏိနီ"ဟူ၍ ခေါ်ဝေါ်ကြသည်၊ သူမသည် အိမ်ထောင်သည် ဖြစ်သည်၊ ဘီအေဂုဏ်ထူးတန်း အောင်မြင်ခဲ့ပြီး ကျောင်းဆရာမ လုပ်နေသည်၊ အသက် (၃၃)နှစ် ရှိပြီ၊ သူမသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ, ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ တပည့် အရှင်ဓမ္မပိယ, မဟာစည်သာသနာ့ရိပ်သာမှ ပြန်တန်ဆာအရှင်သုန္ဒရ (ဓမ္မာစရိယ၊ ဘီအေ)နှင့် ချမ်းမြေ့ဆရာတော်တို့ထံတွင် မလေးရှားနိုင်ငံ ပီနန်မြို့ရှိ M.B.M.C (Malaysian Buddhist Meditation Centre) ၌ သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့ဖူးပါသည်။

သူမသည် မေတ္တာ၊ ကရုဏာ ပြည့်စုံပြီး တရားအသိဉာဏ် ကြွယ်ဝသည့် ဝါရင့် ကမ္မဋ္ဌာန်းဆရာတစ်ဦးထံ တရားအားထုတ်လို ခဲ့သည်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် သည် သူမ တရားအားထုတ်လိုရာ ကမ္မဋ္ဌာန်းဆရာတို့တွင် တစ်ပါး အပါအဝင် ဖြစ်သည်ဟု သူမ ခံယူထားသည်၊ ထို့ကြောင့် သူမ သည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ တရား အားထုတ်ဖို့ ရောက်ရှိခဲ့လေသည်၊ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာတွင် (၃)လကျော်ကြာ အားထုတ်ခဲ့သည်၊ သူမ အားထုတ် စဉ် ဆရာတော် ဟောကြားအပ်သော တရားတို့ကို နာကြားခဲ့ရ သည်၊ ဆရာတော် ဟောသောတရားများက သူမ၏ တရား အား ထုတ်မှုကို များစွာ တွန်းအားပေးခဲ့သည်၊ များစွာ အကူအညီ ပေးခဲ့သည်၊ ထို့ကြောင့် ဆရာတော် ဟောသော တရားတို့သည် သူမအဖို့ အလွန်ကောင်းသော တရားများ ဖြစ်နေလေသည်၊ သူမ တရားအားထုတ်ရာတွင် ဆရာတော်၏ အဆုံးအမ ဩဝါဒများနှင့် လမ်းညွှန်မှုများသည် အလွန်ပင် ကျေးဇူးများလှသည်ဟု ဆိုပါ သည်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် (၃)ထပ် ဓမ္မာရုံကြီး၏ အမိုးပတ်လည်၌ စင်္ကြံပတ်လမ်း ရှိလေရာ ထိုစင်္ကြံပတ်လမ်း ပေါ်မှ တောင်ဘက်စူးစူးအရပ်သို့ လမ်းမျှော်ကြည့်လိုက်လျှင် ရွှေ ရောင် တဖိတ်ဖိတ်တောက်နေသည့် ရွှေတိဂုံစေတီတော်ကြီးကို ထင်ရှားစွာ ဖူးတွေ့ကြရပါသည်၊ တစ်မိုင်ခန့်ဝေးသော ထိုရွှေတိဂုံ

စေတီတော်ကြီးသည် ညအခါတွင် ဆလိုက်မီးရောင်တို့ကြောင့် ပိုမို၍ တောက်ပနေပါသည်၊ ညအခါတွင် ဖူးတွေ့ရသော ရွှေတိဂုံ စေတီတော်ကြီးသည် သူမ၏ စိတ်ကို လွန်စွာပင် ဆွဲဆောင်ထားလေသည်၊ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ထိုစကြံလမ်းပေါ်မှ လက်အုပ်ချီမိုး ရှိခိုးရရုံမျှဖြင့်ပင် သူမအား ရွှေတိဂုံစေတီတော်မြတ်ကြီးက တွန်းအားတွေ များစွာ ပေးနေလေသည်။

"မြန်မာနိုင်ငံသည် ငြိမ်းချမ်းသောနိုင်ငံ တစ်နိုင်ငံ ဖြစ်သည်၊ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာ၀င်တို့သည် အလွန်ပင် ကူညီတတ်ကြသည်၊ အလွန်ပင် ဗုဒ္ဓသာသနာအပေါ် ကြည်ညိုကိုင်းရှိုင်းကြသည်၊ အလွန်ပင် တော်ကြသည်၊ ပြည်ပမှ ယောဂီတွေကို များစွာ ကူညီကြသည်"ဟု သူမက ဆိုပါသည်။

"မလေးရှားနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာထက် မဟာယာန ဗုဒ္ဓဘာသာက ပို၍ လူသိများသည်၊ မလေးရှားမှာ မဟာယာန ရဟန်းတော်တွေနှင့် သီလရှင်တွေ များစွာ ရှိနေသည်၊ မြန်မာနိုင်ငံမှ ဆရာတော်တို့၏ အဆက်မပြတ် ကူညီမှုကြောင့် ယခုအခါ မလေးရှားနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာသည် သိမ်မွေ့တည်ငြိမ်စွာ တိုးပွားနေသည်၊ ယခုအခါ ရှေးကထက် ပိုပြီး ဝိပဿနာကမ္မဋ္ဌာန်းဌာနတွေလည်း များလာသည်၊ ယောဂီ ဦးရေတွေလည်း နှစ်စဉ် တိုးပွားနေသည်၊ ဤသည်မှာ အလွန် ကောင်းသော အမှတ်လက္ခဏာပင် ဖြစ်သည်၊ ယခုအခါ ပရိယတ်စာပေ

နှင့် ပဋိပတ်တို့ကို လေ့လာအားထုတ်ရန် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ရဟန်းတွေလည်း အတော်လေး ရှိလာသည်၊ ထိုရဟန်းတော်တို့ကလည်း မလေးရှားနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ပါဝင်ဆောင်ရွက်နေကြသည်"ဟု သူမက ပြောပြပါသည်။

သတိပဋ္ဌာန်တရား အားထုတ်လိုက်သဖြင့် ရရှိသော အကျိုးတရားများကို သူမက ဤသို့ ပြောပြပါသည်။

"ကျွန်မ သတိပဋ္ဌာန်တရား အားထုတ်တာဟာ စိတ်ကို ဖြူစင်စေချင်တာရယ်၊ စိတ်အားတွေ ရှိလာစေချင်တာရယ်ကြောင့်ပါပဲ၊ သတိပဋ္ဌာန်တရား အားထုတ်လို့ စိတ်ငြိမ်သက်၊ ငြိမ်းချမ်းလာတဲ့အခါ ကျမ သိပ်ပျော်ပါတယ်၊ အကောင်း လောကဓံတွေနဲ့ တွေ့လို့လည်း စိတ်ဓာတ် သိပ်မကြွ၊ အဆိုး လောကဓံတွေနဲ့ တွေ့လို့လည်း စိတ်ဓာတ် သိပ်မကျဘဲ များစွာ စိတ်ဓာတ်တည်ငြိမ်လာပါတယ်၊ သည်းခံနိုင်မှုတွေ ပိုမို ရှိလာပါတယ်၊ မေတ္တာ၊ ကရုဏာတွေလည်း ပိုပြီး ထားနိုင်ပါတယ်၊ နားလည်မှုလည်း ပိုရှိလာပါတယ်၊ တစ်ပါးသူတွေရဲ့ လိုအပ်မှု၊ ခံစားမှုတွေကိုလည်း ပိုပြီး သိရှိလာပါတယ်၊ အလွယ်တကူ ခွင့်လွှတ်နိုင်လာပါတယ်၊ အလွယ်တကူ မေ့ပျောက်နိုင်လာပါတယ်"။

"စိတ်ကို ရှုမှတ်လိုက်ရင် ကြောက်တာကို လွန်မြောက်လာနိုင်ပါတယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုမို အားကောင်းလာ

ပါတယ်၊ စိတ်အညစ်အကြေးတွေကို ပို၍ အောင်နိုင်နိုင်လာပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်တဲ့အတွက် ကျမမှာ စိတ်ပျော်ရွှင်မှုတွေကို တွေ့ကြုံရပါတယ်၊ အမှန်တရားရဲ့ သဘာဝတွေကိုလည်း သိရှိလာရပါတယ်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ရရှိတဲ့ တရားအတွေ့အကြုံကို ကျမ ကျေနပ်ပါတယ်၊ တရားစခန်းက ထွက်ပြီး အိမ်ပြန်ရောက်တဲ့အခါမှာလည်း ကျမတို့ရဲ့ နေ့စဉ် လုပ်ငန်းကိစ္စတွေမှာ ကျမတို့ သတိရှိနေသင့်ပါတယ်၊ စိတ်ရဲ့ အခြေအနေတွေကို ပိုပြီး ကျမတို့ သိနေသင့်ပါတယ်၊ အဲဒီလို သတိရှိ၊ အသိရှိနေမယ်ဆိုရင် ကျမတို့ဟာ ကျမတို့ကိုယ်ကို ကျမတို့ ပိုပြီး ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်၊ အကောင်း အဆိုး လောကဓံတွေနဲ့ ကြုံပေမယ့် မဖြုံတဲ့ စိတ်ဓာတ်ကိန်းဝပ်လာပါမယ်"။

"ကျမ မလေးရှား ပြန်ရောက်တဲ့အခါ ကျမရဲ့ ပတ်ဝန်းကျင်မှာ ကျမရဲ့ အကောင်းဆုံးလက်ဆောင် အနေနဲ့ ပေးမှာကတော့ ကျမရဲ့ ကောင်းတဲ့ အမူအရာတွေကို ပြပေးတာရယ်, အမှန်တရားတွေကို မျှဝေပေးတာရယ်, သတိပဋ္ဌာန်တရား(၄)ပါး အားထုတ်ဖြစ်အောင် တွန်းအားပေးတာတွေရယ်ပါပဲ။"

"ကျမ မလေးရှား ပြန်ရောက်တဲ့အခါ ကျမရဲ့ ကျောင်းသူ, ကျောင်းသားတွေကို သတိပဋ္ဌာန်တရား အားထုတ်ဖို့ ညွှန်ပြပါမယ်၊ အားပေးပါမယ်၊ မလေးရှားမှ "ဆုဘန်ဓယ" ဗုဒ္ဓဘာသာ

အဖွဲ့မှာ တရားဆွေးနွေးပွဲတွေ ပြုလုပ်ပါမယ်၊ ကျမရဲ့ မိဘ၊ ဆွေမျိုးများနဲ့ မိတ်ဆွေများကို ဗုဒ္ဓတရားတို့ကို သင်ယူလေ့လာဖို့နဲ့ အားထုတ်ဖို့ တိုက်တွန်းအားပေးပါမယ်။”

“ဗုဒ္ဓရဲ့ တရားတော်များဟာ အစမှာလည်း ကောင်းပါတယ်၊ အလယ်မှာလည်း ကောင်းပါတယ်၊ အဆုံးမှာလည်း ကောင်းပါတယ်၊ အစ၊ အလယ်၊ အဆုံး = (၃)ပါးလုံး ကောင်းတဲ့ ဗုဒ္ဓတရားတော်များကို မြန်မာနိုင်ငံ နောက်တစ်ဖန် ပြန်လာပြီး အားထုတ်နိုင်အောင် အခြေအနေပေးရင် ကျမဘက်ကတော့ ပြန်လာဖို့ သေချာနေပါတယ်”တဲ့။

ရခဲလှသည့် လူ့ဘဝကို ရပြီး၊ ကြုံခဲလှသည့် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်နေကြသူတိုင်း ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ခိုက်၌သာ အားထုတ်နိုင်သည့်၊ စိတ်ဓာတ်ဖွံ့ဖြိုး အသိဉာဏ် တိုးစေနိုင်သည့် သတိပဋ္ဌာန်တရားကို လက်လွတ်မခံဘဲ ဤမလေးရှားအမျိုးသမီးယောဂီ “လင်ချီဟောင်”ကဲ့သို့ ကြိုးစားပွားများ သင့်ကြပါသည်။

❀ ❀ ❀

## မလေးရှားအမျိုးသမီးယောဂီ "ကသိကွက်ယီမိန်း"

(၄)နှစ်သားကျော်ကျော်သာ ရှိသေးသော ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာရောက်အားထုတ်ကြသည့် ပြည်ပယောဂီပေါင်း (၂၅၀)ကျော် ရှိပါသည်၊ ပြည်ပနိုင်ငံပေါင်း (၂၃)နိုင်ငံမှ လာရောက်ကြသည်၊ ကိုရင်, ရဟန်း, သီလရှင်, လူဝတ်ကြောင် အမျိုးသား, အမျိုးသမီးတို့ အစုံလာကြသည်၊ ထိုနိုင်ငံ(၂၃)နိုင်ငံထဲမှ မလေးရှားနိုင်ငံမှ လာရောက်အားထုတ်ကြသည့် ယောဂီဦးရေ (၅၀)ကျော် ရှိသည်၊ ထို(၅၀)ကျော်ထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သော ယောဂီမှာ "ကသိကွက်ယီမိန်း" အမည်ရှိ အမျိုးသမီးဖြစ်သည်၊ သူမ အသက်(၄၀) ရှိပြီ၊ သူမသည် (H.S.C) ဘွဲ့ကို ရထားသည်။

စာရေးသူက မေးသဖြင့် သူမက ဤသို့ ဖြေထားပါသည်။

မေး။ ။ဘယ်နေရာတွေမှာ, ဘယ်ဆရာထံ တရားအားထုတ်ဖူးပါသလဲ ?

ဖြေ။ ။ မလေးရှားနိုင်ငံ ၊ ပီနန်မြို့ရှိ ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန (M.B.M.C) မှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ရဲ့ တပည့်တစ်ပါးဖြစ်တဲ့ အရှင်ဓမ္မပိယထံမှာ (၃)လကြာ သတိပဋ္ဌာန်တရား အားထုတ်ခဲ့ပါတယ်။

မေး။ ။ သတိပဋ္ဌာန်တရားကို ဘာကြောင့် အားထုတ်ခဲ့ပါသလဲ?

ဖြေ။ ။ မြတ်စွာဘုရားရဲ့ ဉာဏ်တော်အကြောင်းကို ပိုမို သိချင်လို့ သတိပဋ္ဌာန်တရားကို အားထုတ်ပါတယ်၊ တပည့်တော်ရဲ့ ဘဝမှာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်များကို လိုက်နာကျင့်သုံးရတဲ့အတွက် တပည့်တော် ဘဝဟာ တကယ့်ကိုပဲ ပြောင်းလဲသွားပါတယ်၊ တပည့်တော်တို့ရဲ့ဘဝမှာ ကိလေသာအနှောက်အယှက်တွေ ဝင်လာပုံနဲ့ သူတို့ကို နှင်ထုတ်ရာမှာ သတိပဋ္ဌာန် နည်းလမ်းသာ အကောင်းဆုံး ဖြစ်ပုံတွေကို သိပ်ပြီး ထင်ထင်ရှားရှားလည်း မြင်လာပါတယ်။

မေး။ ။ သတိပဋ္ဌာန်တရား အားထုတ်တဲ့အတွက် ဘယ်လိုအကျိုးတွေ ရပါသလဲ?

ဖြေ။ ။ တပည့်တော် ဘဝအခြေအနေက လုံးဝကို ပြောင်းလဲလာပါတယ်၊ လောကီအာရုံတွေက တပည့်တော်ရဲ့

စိတ်ကို အလွန်အကဲ မတိုက်ခိုက်နိုင်တော့ပါ၊ ဘဝ အပေါ်မှာ အမြင်တွေလည်း ပြောင်းလွဲလာပါတယ်၊ တပည့်တော် ပြောလိုပါတယ် "တပည့်တော်ဟာ ရှေးကထက် ပိုပြီး စိတ်ပျော်ရွှင်စွာ၊ စိတ်ပေါ့ပါးစွာ၊ ရိုးရိုးလေး နေလာပါတယ်"လို့။

မေး။ ။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ဘာ့ကြောင့် လာရောက် အားထုတ်ပါသလဲ?

ဖြေ။ ။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသဟာ တရားပြ သိပ်ကောင်းပါတယ်၊ နောက်ပြီးတော့ မြန်မာနိုင်ငံမှာ တရား အားထုတ်ရတာ ဘယ်လိုလဲ ဆိုတာကိုလည်း သိချင့်ပါတယ်၊ ဒါတွေကြောင့်ပါပဲ။

မေး။ ။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ဘယ်လောက်ကြာအောင် အားထုတ်ခဲ့ပါသလဲ၊?

ဖြေ။ ။ (၄)လခွဲ ကြာပါတယ်၊ တပည့်တော်ဟာ မလေးရှားနိုင်ငံမှာလည်း အားထုတ်နေပါတယ်၊ ယခုတစ်ခါ အားထုတ်တာကတော့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ပထမဆုံးအကြိမ်ပါပဲ၊ မလေးရှားမှာထက် ဒီရိပ်သာမှာက ပိုပြီး ပြင်းပြင်းထန်ထန် အားထုတ်ရပါတယ်။

မေး။ ။ အရင်က ဘယ်ဘာသာဝင် ဖြစ်ခဲ့ပါသလဲ?

ဖြေ။ ။ မွေးဖွားလာကထဲက ဗုဒ္ဓဘာသာဝင်ပါပဲ၊ ဒါပေမယ့် အမည်ခံ ဗုဒ္ဓဘာသာဝင်ပါပဲ၊ ဒီသတိပဋ္ဌာန်တရားကို အားမထုတ်ခင်ကတော့ အမည်ခံ ဗုဒ္ဓဘာသာဝင်မျှပါပဲ၊ ဒီသတိပဋ္ဌာန်ကို အားထုတ်လိုက်တဲ့အခါရောက်တော့ မိရိုးဖလာလွန် ဗုဒ္ဓဘာသာဝင်ဖြစ်လာပါတယ်၊ သတိပဋ္ဌာန်တရား အားထုတ်မှုက တပည့်တော် ဘဝကို အကုန်လုံး ပြောင်းလွဲသွားစေပါတယ်။

မေး။ ။ မြန်မာတို့အပေါ် ဘယ်လို မြင်ပါသလဲ?

ဖြေ။ ။ မြန်မာနိုင်ငံဟာ ဗုဒ္ဓတရားရတနာတွေ သိပ်ပြီးကြွယ်ဝချမ်းသာတဲ့နိုင်ငံ ဖြစ်ပါတယ်၊ ဒါကြောင့် မြန်မာနိုင်ငံသူ, နိုင်ငံသားတွေဟာ သိပ်ကံကောင်းကြသူတွေ ဖြစ်ပါတယ်။

မေး။ ။ မလေးရှားနိုင်ငံမှာရော ဗုဒ္ဓသာသနာ အခြေအနေ ဘယ်လိုပါလဲ?

ဖြေ။ ။ ဗုဒ္ဓသာသနာအခြေအနေဟာ အထူးပဲ တိုးတက်နေပါတယ်၊ ဝိပဿနာတရားအပေါ် စိတ်ဝင်စားမှု, လက်တွေ့ အားထုတ်မှု, ဗုဒ္ဓသာသနာအား ပစ္စည်းလေးပါး ထောက်ပံ့မှုတွေဟာလည်း တိုးတက်လျက်ရှိနေပါတယ်။

မေး။ ။ မြန်မာဗုဒ္ဓသာသနာဝင်တွေကို ဘာပြောချင်သလဲ?

ဖြေ။ ။ မြန်မာဗုဒ္ဓသာသနာဝင်တိုင်းကို သတိပဋ္ဌာန်တရားကို စွမ်းနိုင်သမျှ အားထုတ်ကြဖို့နဲ့ တရားရတနာတွေ ပေါများ ကြွယ်ဝတဲ့နိုင်ငံမှာ လူဖြစ်ရတဲ့ အခွင့်အရေးကို ဖြုန်းတီးမပစ်ကြဖို့ တိုက်တွန်းလိုပါတယ်၊ ဟုတ်ပါတယ်၊ မြတ်စွာဘုရားရဲ့ တရားတော် တွေကို လူအများစုက လက်ခံကျင့်သုံးနိုင်မှု မရှိကြပါဘူး၊ အဲဒီလို လူအများစုထဲမှာ သင်တို့ မပါစေချင်ပါဘူး။

မေး။ ။ သင့်နိုင်ငံ ပြန်တဲ့အခါ သင့်နိုင်ငံသားတို့အား သင့်တရား အတွေ့အကြုံကို ဘယ်လိုဖြန့်ဝေပါမလဲ?

ဖြေ။ ။ ဗုဒ္ဓတရားကို သိလိုကြတဲ့ သူတွေ အားလုံးကို တရားအားထုတ်ဖို့ အားပေးပါမယ်၊ တိုက်တွန်းပါမယ်၊ နောင်သောအခါ တပည့်တော်ဘဝတစ်လျှောက်မှာ ဓမ္မလုပ်သားအဖြစ် အချိန်ပြည့်လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသော အဖိုးတန် ရတနာများကို လူတိုင်း မဝတ်ဆင်နိုင်ကြ၊ ရှေးဘုန်း ရှေးကံကြီးသူတို့သာ ဝတ်ဆင်နိုင်ကြ၏၊ အဆီသြဇာပါသော အစားကောင်းများကို ဝမ်းမီးညံ့သူတို့ မစားနိုင်ကြ၊ ဝမ်းမီးကောင်းသူတို့သာ စားနိုင်ကြ၏၊ ဤအဖိုးတန် သတိပဋ္ဌာန် တရားရတနာကိုလည်း

လူတိုင်း မဝတ်ဆင်နိုင်ကြ၊ ရေးဘုန်းရေးကံ ပါရမီရှိသူတို့သာ ဝတ်ဆင်နိုင်ကြ၏၊ အဆီသြဇာပါသော ဤသတိပဋ္ဌာန်တရား အစာကောင်းကို ပါရမီဝမ်းမီး ညံ့သူတို့ မစားနိုင်ကြ၊ ပါရမီ ဝမ်းမီး ကောင်းသူတို့သာ စားနိုင်ကြ၏၊ ဤမလေးရှားအမျိုးသမီး ယောဂီသည် ရေးကံပါရမီ ရှိသူ, ပါရမီဝမ်းမီး ကောင်းသူတို့ တွင် တစ်ယောက်အပါအဝင် ဖြစ်သည်ဟု ဆိုရမည်သာတည်း။

❀ ❀ ❀

## ပြင်သစ် အမျိုးသမီး ယောဂီ

သူမနာမည် "ငှယင်းဝေါ်အန်း" ဖြစ်သည်၊ အသက် (၅၇) နှစ် ရှိပြီ၊ ပြင်သစ်နိုင်ငံက ဖြစ်သည်၊ ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်း ဖြစ်သည်။

စာရေးသူ မေးသည့် မေးခွန်းများကို သူမက ဤသို့ ဖြေထားပါသည်။

မေး။ ။ ဘယ်နေရာတွေမှာ ဘယ်ကမ္မဋ္ဌာန်းဆရာတွေနဲ့ တရားအားထုတ်ခဲ့ဖူးပါသလဲ?

ဖြေ။ ။ ပြင်သစ်နိုင်ငံ၌ တစ်နှစ်မှာ (၁၀)ရက်စခန်း တစ်ကြိမ်ကျဖြင့် (၄)နှစ် (၄)ကြိမ် ရက်ပေါင်း (၄၀), အမေရိက ဝါရှင်တန်ဒီစီမှ လာရောက် တရားပြပေးတဲ့

ဆရာတော် ဦးခိပ္ပပညောထံမှာ သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့ပါတယ်။

မေး။ ။ သတိပဋ္ဌာန် (ဝိပဿနာ) တရားကို ဘာကြောင့် အားထုတ်ပါသလဲ?

ဖြေ။ ။ ကိလေသာအချုပ်အချယ်တွေမှ စိတ်ကို လွတ်မြောက်စေတဲ့ နည်းလမ်းတွေထဲမှာ ဒီသတိပဋ္ဌာန် အားထုတ်မှုဟာ တိုက်ရိုက်အကျဆုံး ဖြစ်လို့ပါပဲ။

မေး။ ။ ဒီသတိပဋ္ဌာန်တရား အားထုတ်တဲ့အတွက် ဘယ်လို အကျိုးတွေ ရရှိပါသလဲ?

ဖြေ။ ။ "ငါဟာ ဘယ်သူလဲ", "ငါဟာ ဘာလဲ", "ငါဟာ ဘာလုပ်ချင်သလဲ" ဆိုတဲ့ မေးခွန်းတွေရဲ့ အဖြေကို သိလာရတဲ့ အကျိုးကို ရရှိလာပါတယ်။

မေး။ ။ ဒီသတိပဋ္ဌာန်တရား အားထုတ်မှုက သင်ရဲ့ ဘဝ ပြဿနာတစ်စုံတစ်ရာကို ဖြေရှင်းပေးနိုင်ပါသလား?

ဖြေ။ ။ ပေးနိုင်ပါတယ်၊ ပေးလည်း ပေးပါတယ်၊ တပည့်တော် ရင်ဆိုင်တွေ့ကြုံရတဲ့ ပြဿနာတွေကို တည်ငြိမ်တဲ့ စိတ်ထားနဲ့ ရှုမြင်နိုင်ပါတယ်၊ သတိတရားနဲ့ လက်ခံ ဖြေရှင်းနိုင်လာပါတယ်။

မေး။ ။ ဒီရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ဘယ်လောက် ကြာအောင် တရားအားထုတ်ခဲ့ပါသလဲ၊ ဘာ အကျိုး ထူးပါသလဲ ?

ဖြေ။ ။ (ရ၆)ရက်ကြာ အားထုတ်ခဲ့ပါတယ်၊ အားထုတ်လိုက်တော့ ယုံကြည်မှု သဒ္ဓါတရားတွေ ပိုပြီး အားကောင်း လာပါတယ်၊ တပည့်တော်ရဲ့ တရား အတွေ့အကြုံက အမှန်သဘာဝကို သိဖို့အရေးမှာ တပည့်တော်ကို အကူအညီ ပေးပါတယ်။

မေး။ ။ ဒီလို သတိပဋ္ဌာန်တရား အားထုတ်ခွင့်ရတဲ့အတွက် ဘယ်သူတွေကို ကျေးဇူးတင်မိပါသလဲ ?

ဖြေ။ ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကျေးဇူး တင်မိပါတယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာမှာ (ရ၆)ရက်ကြာ တရား အား ထုတ်ခွင့်ရတဲ့အတွက် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်ကြီးနဲ့ မြန်မာ ဗုဒ္ဓသာသနာဝင် ဒကာ၊ ဒကာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။

မေး။ ။ အရင်က ဘယ်ဘာသာဝင် ဖြစ်ခဲ့ပါသလဲ ?

ဖြေ။ ။ ဗုဒ္ဓဘာသာဝင်ပါပဲ။

မေး။ ။ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်တွေကို ဘယ်လို မြင်ပါသလဲ ?

ဖြေ။ ။ အုံ့ဩဖွယ်တွေနဲ့ ပြည့်နေပါတယ်။

မေး။ ။ မြန်မာဗုဒ္ဓသာသနာ၀င်တွေကို ဘာပြောချင်ပါသလဲ?

ဖြေ။ ။ အို မြန်မာ ဗုဒ္ဓသာသနာ၀င် ဓမ္မမိတ်ဆွေအပေါင်းတို့ သင်တို့ဟာ ဆရာကောင်းတွေနဲ့ (တရားပြဆရာကောင်းတွေနဲ့) ပြည့်နေတဲ့ မြန်မာနိုင်ငံမှာ မွေးဖွားကြရပါတယ်၊ သင်တို့မှာ ကြီးမားတဲ့ အခွင့်အရေးကောင်းတွေ ရှိနေပါတယ်၊ ကျွန်မမှာ (၃)လကြာ သတိပဋ္ဌာန်တရားကို ပြင်းပြင်းထန်ထန် အားထုတ်ချင်တဲ့ ဆန္ဒ အကောင်အထည် ပေါ်လာနိုင်ဖို့ရာ (၂၂)နှစ်ထိ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရပါတယ်၊ အကြောင်းကတော့ သင်တို့မှာလို ကျွန်မမှာ အခွင့်ကောင်းတွေနဲ့ အခြေအနေကောင်းတွေ မရှိလို့ပါပဲ၊ မြန်မာနိုင်ငံမှာ နေနေတဲ့ သင်တို့မှာတော့ ကျွန်မ မပိုင်ဆိုင်နိုင်တဲ့ အခွင့်ကောင်းတွေနဲ့ အခြေအနေကောင်းတွေ ရှိနေပါတယ်၊ သင်တို့ရဲ့နှလုံးသားဟာ သတိပဋ္ဌာန်တရားနဲ့ ထိတွေ့ခွင့် ရှိနေပါတယ်၊ သင်တို့ ရတဲ့ အခွင့်အရေးကောင်းတွေကို ရနိုင်ဖို့ရာ ကျွန်မမှာ ဘ၀ခရီးအရှည်ကို ဖြတ်သန်းခဲ့ရပါတယ်၊ သင်တို့အားလုံးဟာ ဗုဒ္ဓတရားရဲ့ ထူးခြားတဲ့ အရသာတွေကို ခံစားနိုင်ခွင့်ရနေကြတယ်လို့ ကျွန်မ ယူဆထားပါတယ်။

မေး။ ။ သင်ရဲ့နိုင်ငံပြန်တဲ့အခါ မြန်မာနိုင်ငံမှ အကောင်းဆုံး လက်ဆောင်အဖြစ် ဘာကို ယူသွားလိုပါသလဲ ?

ဖြေ။ ။ သတိပဋ္ဌာန် ကျင့်သုံးမှုပါပဲ။

မေး။ ။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံမှာ အရင်က အားထုတ်ဖူးပါသလား?

ဖြေ။ ။ ဒီတစ်ကြိမ် ပထမဆုံးအကြိမ်ပါပဲ။

မေး။ ။ နောင်တစ်ကြိမ် ပြန်လာပြီး အားထုတ်ဖို့ ရည်ရွယ်ချက် ရှိပါသလား။

ဖြေ။ ။ ရှိပါတယ်၊ ပြန်လာနိုင်အောင် ကြိုးစားပါမယ်။

မေး။ ။ ဘာကြောင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ လာရောက်အားထုတ်ရပါသလဲ?

ဖြေ။ ။ တပည့်တော်ရဲ့ ကမ္မဋ္ဌာန်းဆရာဖြစ်တဲ့ ဆရာတော် ဦးခိပ္ပပညာက ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ သွားရောက် အားထုတ်ဖို့ တိုက်တွန်းလို့ပါပဲ။

မြန်မာဗုဒ္ဓသာသနာဝင်တို့အား သူမ ပြောသွားသည်မှာ မှတ်သားစရာလည်း ကောင်း၏၊ သတိပြုစရာလည်း ကောင်း၏၊ သူမခမျာ သနားစရာလည်း ဖြစ်နေပါ၏၊ သူမတို့နှင့် နှိုင်း

စာလျှင် မြန်မာဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူအပေါင်းတို့မှာ အလွန်ပင် ကံကောင်းကြပါ၏၊ သို့သော် အလွန် ကံကောင်းကြောင်းကို သတိမပြုမိကြ၊ ပေါ့ပေါ့တွက်နေမိကြ၏၊ လွယ်လွယ်ကူကူ ရလာသော အခွင့်အရေးကောင်းကို လေးလေးပင်ပင် မတွေးမြင်၊ မယူဆတတ်ကြသည်မှာ လူ့သဘာဝ တစ်ခုလေလော၊ ကံကောင်းနေကြသူ မြန်မာဗုဒ္ဓသာသနာဝင်တို့သည် ကြာပင်အောက်က ဖားကဲ့သို့ မဖြစ်ရအောင် ကြိုးစားသင့်လှပါသည်၊ ကြာပင်အောက်က ဖားသည် ကြာဝတ်ဆံကို မစားရပါချေ၊ အဝေးအရပ်မှ လာသည့် ပျားပိတုန်းတို့သာ စားသုံးကြလေသည်၊ ဤပြင်သစ်အမျိုးသမီးယောဂီ "ငှယင်းငေါ့အန်း"သည် မြန်မာနိုင်ငံမှ သတိပဋ္ဌာန်ကြာဝတ်ဆံကို လာရောက် စားသုံးသွားသည့် ပျားပိတုန်းပမာ ဖြစ်နေပါတော့သည်။

❀ ❀ ❀

# သိန်း(၂၀)ကျော်တန် မလေးရှားတို့၏ ကထိန်အလှူ

သူတို့၏ နိုင်ငံသို့ မရောက်ဖူးလို့ သူတို့နိုင်ငံမှာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအတွက် မည်သို့ ပြင်ဆင်ကြလေမည်ကို မသိရပါ၊ သူတို့ကတော့ ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ကထိန်သင်္ကန်း အပါအဝင် အခြားပစ္စည်းမျိုးပေါင်းများစွာကို လှူဒါန်းဖို့ ရောက်နေကြပါလေပြီ၊ သူတို့ လှူဒါန်းသည့် ပစ္စည်းတို့၏ တန်ဖိုးမှာ သိန်း(၂၀)ကျော် ရှိသည်ဟု သိရပါသည်၊ သူတို့ လှူဖွယ်များကို ကထိန်အခမ်းအနား ကျင်းပမည့် ဆွမ်းစားကျောင်းပေါ်ဝယ် ပြင်ဆင်နေကြလေပြီ၊ အနှစ်နှစ်အလလက ကြံစည်ခဲ့ဟန်တူသော ဤအလှူအတွက် အကြံအစည်သည် အထ

မြောက် အောင်မြင်ပေတော့မည်ဟု တွေးကာ ကြည်နူးနေကြလေသလော၊ မပြောတတ်ပါ၊ သူတို့၏ မျက်နှာတွေမှာ ပြုံးပန်းတွေ ဝေနေသည်၊ ပီတိရောင်တွေ သန်းနေသည်၊ သူတို့၏ လှုပ်ရှားမှုတို့သည် ရွှင်မြူးတက်ကြွကာ နေကြသည်၊ သူတို့နိုင်ငံမှ ယူလာခဲ့ပုံရသည့် ပလတ်စတစ်ပန်းတို့ကို ပန်းအိုးတွေတွင် ထည့်သူတွေက ထည့်နေကြသည်၊ သူတို့လှူဖွယ်များ ပစ္စည်းများကို သပ်သပ်ရပ်ရပ် တင့်တင့်တယ်တယ် ကြည့်ရှုချင်ဖွယ် ဖြစ်အောင် အစီအစဉ်ကျကျ ပြင်ဆင်သူတွေက ပြင်ဆင်နေကြသည်။

သူတို့ကား ပြည်ပသားတို့ပီပီ ဘောင်းဘီဝတ်ထားကြလေသည်၊ အမျိုးသား (၉)ယောက်နှင့် အမျိုးသမီး (၂၂)ယောက် ပါဝင်သည်၊ အမျိုးသားတွေရော အမျိုးသမီးတွေပါ ဘောင်းဘီဝတ်ထားကြလေသည်၊ အင်္ကျီတို့ကိုမူကား အဖြူရောင်ဖြင့် အများစု ဝတ်ဆင်ထားသည်ကို တွေ့ရပါသည်၊ တရုတ်လူမျိုးတွေဖြစ်သဖြင့် အသားဖြူကြသည်၊ အသားအရေ စိုပြေနေသည်၊ ဝဖြိုးနေသည်၊ အသားအရေ ဖြူဖွေးနေသလို စေတနာတွေကလည်း ဖြူဖွေးနေကြပါသည်၊ သဒ္ဓါတွေကလည်း စိုပြေဖြိုးဝေနေကြလေသည်၊ အနီ, အဖြူ, အဝါ စသည့် အရောင်မျိုးစုံရှိသည့် ဘုရားပန်းတို့ကို ငွေဖလားတို့၌ စိုက်ထားကာ ပူဇော်ထားအပ်သည့် ဘုရားပန်းအိုး(၁၀)အိုးတို့နှင့် ဘုရားရုပ်ပွားတော် မြင်ကွင်းကို ဖူးတွေ့ရသော သူတို့၏ ရင်တွင်းမှာ အေးမြခြင်း အရသာကို ခံစားနေကြပေလိမ့်မည်၊ ဘုရားရုပ်ပွားတော်ရှေ့မှာ အလွန့်

အလွန် ကြီးမားလှသည့်, သူတို့ယူလာသည့် ဖယောင်တိုင်ကြီး (၂)တိုင်ဖြင့် ပူဇော်ထားသည်ကို တွေ့ရသည်မှာလည်း ထူးခြားသည့် မြင်ကွင်း ဖြစ်နေပါတော့သည်။

မြန်မာဒကာ–ဒကာမများက ပင့်သံဃာ (၅၅)ပါးအတွက် လှူဒါန်းမည့် ယပ်သက်န်း (၅၅)စုံ, လက်ဆွဲအိပ် (၅၅)လုံး အမေရိကစမ္ဗဒေသနာ (၅၅)အုပ်တို့ကို တရားပလ္လင်၏ လက်ယာဘက်တွင် ပြင်ဆင်ထားလေသည်၊ လက်ဝဲဘက်တွင် သူတို့ပစ္စည်းမျိုးစုံကို ပြင်ဆင်ထားကြလေသည်၊ လေအေးစက် အတွဲ (၂)စုံ, အဝတ်အခြောက်ခံစက် (၁)လုံး, အပ်ချုပ်စက် (၁)လုံး, ရေသန့်(ဓာတ်ခွဲ)စက် (၁)လုံး, ဆေးပစ္စည်းမျိုးစုံ, ပန်းကန်ဆေးကန် စတီးသံထည် (၈)ခုတို့ကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ သံဃိက ရည်မှန်းပြီး လှူဒါန်းကြလေသည်၊ ပင့်သံဃာ (၅၅)ပါး အတွက် မလေးရှားသင်္ကန်း တစ်စုံစီ, ယပ်တောင် တစ်ချောင်းစီ, သွားတိုက်ဆေး, သွားတိုက်တံ, အပ်, အပ်ချည်လုံး, ဘောလ်ပင်, ခေါင်းရိပ်ဓား, ဆပ်ပြာခွက်, ဆပ်ပြာခဲ, တစ်ရှူးစက္ကူ, စာရေးစက္ကူတို့ပါသည့် အထုပ်တစ်ထုပ်စီ လှူဒါန်းကြလေသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာရှိ သံဃာကုန်, ယောဂီကုန်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း (၅)ရက်တိုင်တိုင် ဆက်ကပ်ကြပေသေးသည်၊ ဤသိန်း(၂၀)ကျော် ကုသိုလ်ရှင်တို့ကား မလေးရှားနိုင်ငံသားများ ဖြစ်ကြပါသည်။

မလေးရှားနိုင်ငံရှိ တရုတ်လူမျိုးတို့ကား ရှေးယခင်က မဟာယာနဗုဒ္ဓသာသနာဝင်တွေသာ များခဲ့ကြပါသည်၊ ယခုအခါမှု ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး အပါအဝင် ဆရာတော်ကြီး၏ တပည့်အရှင်မြတ်များဖြစ်သည့် စစ်ကိုင်း ကျစွာဆရာတော် ဦးလက္ခဏ, မင်းလှ ဦးဝါယမိန္ဒ, ယခု ဩစတြေးလျ၌ ရောက်နေသည့် အရှင်ပညာသာမိ, အမေရိကန်၌ ရောက်နေသည့် အရှင်ဓမ္မပီယ, ယခု နီပေါ၌ ရောက်နေသည့် အရှင်အာသဘာစာရ, ယခု မလေးရှား၌ ရှိသည့် အရှင်ရာဇိန္ဒ, ယခု ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ရှိသည့် နာယက ဆရာတော် အရှင်ရုစိရဉာဏတို့၏ ထေရဝါဒ ဗုဒ္ဓတရားတော်များကို ဟောကြားပြသပေးမှုကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာအပေါ် သက်ဝင်ယုံကြည်သူတွေ များသည်ထက် များလာပေပြီ၊ ယခု သိန်း (၂၀)ကျော် ကုသိုလ်ရှင်တို့သည်လည်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ တပည့် သံဃာတို့ထံတွင် သတိပဋ္ဌာန်တရားကို အားထုတ်ထားကြသည့် ယောဂီများ ဖြစ်ကြပေသည်။

မလေးရှားနိုင်ငံ၌ ဤမျှများပြားစွာ မမြင်တွေ့နိုင်သည့် ပင့်သံဃာများစွာကို ဖူးတွေ့ကြရလေသည်၊ သိက္ခာရှင် (သီလရှင်) များစွာ စာသင်ယူနေကြသည်, တရား အားထုတ်နေကြသည်ကို လည်း မြင်တွေ့ခွင့် ရကြလေပြီ၊ သူတို့ အလွန်ပင် လေးစား ကြည်ညိုအပ်သည့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်

ကြီး၏ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီးကို မျက်ဝါးထင်ထင် မြင်တွေ့ကြရလေပြီ၊ ပြည်ပနိုင်ငံပေါင်းများစွာမှ လာရောက် အားထုတ်နေကြသည့် ယောဂီတို့နှင့် ပြည်တွင်းယောဂီတို့ တရားရှုမှတ်နေကြ, တရားနာယူနေကြတာတွေကို ကြည့်၍လည်း သဒ္ဓါပွားခွင့် ရကြပေသည်၊ ဆရာတော်ကြီးထံမှ ဆွမ်းအနုမောဒနာတရားတော်, ကထိန်တရားတော်တို့ကို နာကြားခွင့် ရကြပေသည်၊ သူတို့ သိလိုရာရာ မေးခွန်းအဖြာဖြာကိုလည်း လျှောက်ထားခွင့် သာခဲ့ကြလေသည်၊ နာမည်ကြီးလှသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအပြင် ရန်ကုန်မြို့ပေါ်ရှိ စေတီတော်များ, နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်, ကမ္ဘာအေးလိုဏ်ဂူတို့သို့ သွားရောက် ကြည်ညိုကြရလေသည်၊ သာသနာရေးဦးစီးဌာနသို့ သွားကာ သာသနာရေးဌာန ဒုတိယဝန်ကြီး ဦးကျော်အေး, ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးအုံ့မောင်, ဦးစန်းလွင်တို့နှင့် တွေ့ဆုံပြီး သာသနာရေးရာများကို ဆွေးနွေးကြလေသည်၊ သူတို့၏ (၁၄၊ ၁၁၊ ၉၃) ရက်နေ့က ကျင်းပသည့် ကထိန်အခမ်းအနားသို့လည်း ဦးကျော်အေး, ဦးအုံ့မောင်, ဦးစန်းလွင်တို့က လာရောက်ကြပေသည်၊ သူတို့ ကထိန်အခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြားက ပြသသွားပေသည်၊ မြန်မာ့အလင်း သတင်းစာတွင်လည်း သတင်းအဖြစ် ပါရှိလာလေသည်။

”သဒ္ဓါရှိရုံသက်သက်မျှဖြင့် ဤမလေးရှားတို့ ဤသို့ လှူဒါန်းနိုင်ကြမည် မဟုတ်၊ ပစ္စည်းရှိရုံသက်သက်ဖြင့်လည်း ဤသို့

လှူဒါန်းနိုင်ကြမည် မဟုတ်၊ သဒ္ဓါလည်း ရှိ၊ ပစ္စည်းလည်း ရှိ လို့ လှူဒါန်းနိုင်ကြပေသည်၊ ပြည်ပကပင် လာ၍ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာကို ပြုစုထောက်ပံ့ကြသည်၊ ဤမလေးရှားကုသိုလ်ရှင်တို့၏ စေတနာ, သဒ္ဓါတို့ကား လေးစားဖွယ်ကောင်း လှပါပေစွ”ဟု တွေးကာ လေးလည်းလေးစားမိ, သာဓုလည်း ခေါ်မိ, မေတ္တာလည်း ပွားမိပါတော့သည်။

စေတနာ, သဒ္ဓါထက်သန်လှသည့် ဤမလေးရှား ကထိန်အလှူရှင်တို့၏ စေတနာ, သဒ္ဓါတို့ကို တွေးဆင်ခြင်ကာ မေတ္တာပွားရင်း ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ တပည့်သံဃာတို့အား ဆုံးမလေ့ရှိသည့် အဆုံးအမ ဩဝါဒစကားတော်များကို ကြားယောင်လာမိပါသည်။

“သာသနာကို ထောက်ပံ့ကြတဲ့ ဒကာ, ဒကာမတွေဘက်ကတော့ မလိုပါဘူး၊ တပည့်တော်တို့ဘက်ကပဲ လိုတယ်လို့ ဆရာတော်ကြီးတစ်ပါး မိန့်ကြားတော်မူတာကို နာယူမှတ်သားဖူးတယ်၊ ဟုတ်တယ်၊ ဒကာ, ဒကာမတွေက သာသနာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ရာမှာ သူတို့စားတာလေးတွေထဲက ခြိုးခြံပြီးတော့ လှူဒါန်းကြရှာတယ်၊ နဖူးကချွေး ခြေမ, ကျအောင် ဆိုသလို ပင်ပင်ပန်းပန်း ရှာထားတဲ့ ပစ္စည်းတွေထဲက မစားရက်, မဝတ်ရက်, မသုံးရက်ဘဲ ရက်ရက်ရောရောနဲ့ လှူဒါန်းရှာကြရတယ်၊ သူတို့တောင် မစားတဲ့, ကောင်းပေ့ဆိုတဲ့

အစားအစာတွေကို မြတ်မြတ်နိုးနိုးနဲ့ လှူဒါန်းနေကြတယ်၊ သူတို့တောင် မဝတ်တဲ့, ကောင်းပေ့ဆိုတဲ့ အဝတ်တွေကို လှူဒါန်းကြရာတယ်၊ သူတို့တောင် မနေနိုင်တဲ့ ကျောင်းကောင်းကောင်းတွေကို ဆောက်လုပ် လှူဒါန်းကြတယ်"။

"ဒကာ, ဒကာမတွေက သာသနာ့ဝန်ထမ်း သံဃာတော်အရှင်မြတ်တွေကို လှူဒါန်းရင် ကြီးမြတ်တဲ့ အကျိုးတွေကို ရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လှူဒါန်းကြတယ်၊ သူတို့ရဲ့ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေသဖွယ်ဖြစ်တဲ့ တပည့်တော်တို့ သံဃာတွေဘက်က လယ်ယာမြေကောင်းသဖွယ် ဖြစ်အောင် အကောင်းဆုံး နေပေးဖို့ လိုပါတယ်၊ အကောင်းဆုံး နေပေးခြင်းဖြင့် ကျေးဇူးရှင် ဒကာ, ဒကာမတွေကို ကျေးဇူးတုံ့ပြန်ဖို့ လိုပါတယ်၊ တပည့်တော်တို့ ရဟန်းတွေဟာ ရဟန်း အလုပ်ကို လုပ်နေရင် ကိုယ့်အတွက်လည်း အကျိုးများ, ဒကာ, ဒကာမတွေအတွက်လည်း အကျိုးများပါတယ်၊ သီလအလုပ်, သမာဓိအလုပ်, ပညာအလုပ်တွေဟာ တပည့်တော်တို့ ရဟန်းသံဃာတွေရဲ့ အလုပ်တွေပါပဲ၊ အဲဒီအလုပ်တွေကို လုပ်ရင် တပည့်တော်တို့ ရဟန်းသံဃာတွေမှာ ကိလေသာငြိမ်းအေး ချမ်းသာခြင်းကို ရှေးဦးစွာ ရရှိ ခံစားရပါတယ်၊ ပြီးတော့ ဒကာ, ဒကာမတွေအတွက်လည်း လှူရကျိုးနပ်ပါတယ်"။

"စေတနာ သဒ္ဓါထက်သန်စွာနဲ့ လှူဒါန်းကြတဲ့ ဒကာ, ဒကာမတွေရဲ့ လှူဖွယ်ပစ္စည်းတွေကို တပည့်တော်တို့ သံဃာတွေ

ဘက်က အလွဲသုံးစား မလုပ်မိအောင် သတိပြုကြဖို့ လိုအပ်ပါတယ်၊ ဒကာ၊ ဒကာမတွေ အကျိုးရှိအောင် အသုံးပြုကြဖို့ လိုအပ်ပါတယ်၊ အလှူရှင်ဒကာ၊ဒကာမတွေ အကျိုးများအောင် တပည့်တော်တို့ သံဃာတွေဘက်က အကောင်းဆုံး နေပေးကြပါစို့၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြပါစို့"တဲ့။

❀ ❀ ❀

# သူတို့အပြော

"သစ်တစ်ပင် ကောင်းတော့ ငှက်တစ်သောင်းခို" ဟူသော စကားပုံအတိုင်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသည် ငှက်ပေါင်း တစ်သောင်းကို ခိုနားစရာ သစ်ပင်ကြီးပမာ ဖြစ်နေသည်ဟုပင် စာရေးသူစိတ်တွင် အတွေးဝင်နေမိပါသည်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို တည်ထောင်ခဲ့သည်မှာ (၃)နှစ်ကျော် ကာလမျှသာ ရှိပါသေးသည်၊ ထိုသုံးနှစ်ကျော်ကာလအတွင်း ပြည်တွင်းပြည်ပမှ ရဟန်း, သာမဏေ, သိက္ခာရှင်, အမျိုးသား, အမျိုးသမီး, ယောဂီ သူတော်စင်တို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ အေးရိပ်သာအောက်တွင် မပြတ်မစဲ တဖွဲဖွဲ ခိုဝင်လာကြပေသည်၊ ပြည်တွင်းမှ သံဃာယောဂီ(၆၆၂)၊ သိက္ခာရှင်(၂၁၁)၊ အမျိုးသား(၃၀၇)၊ အမျိုး

သမီးယောဂီ(၁၃၂၁)ယောက် စုစုပေါင်း (၂၅၀၀)ယောက်တို့ ခိုဝင်လာခဲ့ကြပါသည်၊ ပြည်ပမှ ရဟန်းယောဂီ (၅၀)၊ သာမဏေ(၆)၊ သိက္ခာရှင်(၂၃)၊ အမျိုးသား(၂၃)၊ အမျိုးသမီးယောဂီ(၅၀)၊ ပြည်ပမှ စုစုပေါင်း (၁၅၂)ယောက်၊ ပြည်တွင်းနှင့် ပြည်ပနှစ်ရပ်ပေါင်း (၂၆၅၃)ယောက် ဝင်ရောက်ခဲ့ကြပါသည်။

အနာဂတ် သာသနာတော်အရေးနှင့် အနာဂတ် မြန်မာနိုင်ငံအရေးကို မျှော်တွေးတော်မူသော ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်သည် အနာဂတ် သာသနာ့တာဝန်နှင့် အနာဂတ် မြန်မာနိုင်ငံတာဝန်တို့ကို ပုခုံးပြောင်း တာဝန်ယူဆောင်ရွက်ကြမည့် မြန်မာကလေးသူငယ်တို့ အရေးကိုလည်း လေးလေးပင်ပင် တွေးဆင်ခြင်တော်မူပေသည်၊ ထို့ကြောင့် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် နွေရာသီကျောင်းပိတ်ချိန်တွင် ကျောင်းသားလေးတို့ကို သာမဏေ ဝတ်စေပြီး ကျောင်းသူလေးတို့ကို သိက္ခာရှင် ဝတ်စေကာ သာသနာ့အသွင်ဖြင့် တစ်လတာ ဖွင့်လှစ် သင်ကြားပေးသည့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင် ဗုဒ္ဓယဉ်ကျေးမှုတို့ကို စာတွေ့ လက်တွေ့ သင်ယူစေခဲ့သည်မှာ အနှစ် နှစ်ဆယ်ကျော်ပင် ရှိခဲ့ပါသည်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌မူ လေးကြိမ်မျှသာ ရှိပါသေးသည်၊ ထိုလေးကြိမ်တွင် သင်တန်းသား ဦးရေမှာ (၁၄ရ၀) အထိပင် ရှိခဲ့ပါပြီ။

ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ပရိယတ် မကင်းသော ပဋိပတ်၊ ပဋိပတ် မကင်းသော ပရိယတ် ဖြစ်စေရန် ရည်သန်ချက်ဖြင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ပြည်တွင်းပြည်ပ သိက္ခာရှင်တို့ကိုလည်း ဗုဒ္ဓစာပေတွေကို သင်ယူစေနေပါသည်၊ သတိပဋ္ဌာန်တရားကို ကျေနပ်လောက်သည်အထိ အားထုတ်ထားသည့် ဓမ္မာစရိယ အောင်ပြီးသော တပည့်ရဟန်းငယ်တို့ကိုလည်း အင်္ဂလိပ်စာပေ သင်ယူစေနေပါသည်။

ပြည်ပတွင်လည်း တပည့်ရဟန်းတို့ကို ပို့လွှတ်ကာ ဓမ္မဂုဏ်ရည်များကို ပြသပေးစေပါသည်၊ အမေရိကတွင် အရှင်ဓမ္မပီယနှင့် အရှင်ဝိမလာစာရာဘိဝံသ၊ အင်္ဂလန်တွင် အရှင်ပညာဒီပ၊ စင်ကာပူနှင့် မလေးရှားတွင် အရှင်ရာဇိန္ဒ၊ နီပေါတွင် အရှင်အာသဘာစာရ၊ ကနေဒါတွင် အရှင်ပညောဘာသနှင့် အရှင်ဉာနုဇ္ဇောတာဘိဝံသ၊ ဩစတြေးလျတွင် အရှင်ပညာသာမိတို့ ရှိကြလေရာ ထိုရဟန်းတော်များသည် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ တပည့်ရဟန်းတော်များ ဖြစ်ကြပါသည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာရောက် တရားအားထုတ်ခဲ့ကြသည့် ပြည်ပယောဂီတို့ထံမှ အချို့သော ယောဂီတို့၏ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်သော

ပြောကြားချက်များမှာ မှတ်သားဖွယ်ရာ ကောင်းလှပါသည်၊ ထို့ကြောင့် ထိုပြောကြားချက်များကို ရေးသားဖော်ပြလိုက်ပါသည်။

ဆောက်လုပ်ရေးပိသုကာ တစ်ဦးဖြစ်သည့် ဩစတြေးလျ အမျိုးသားယောဂီ "ခရစ်မတ်ကလပ်လန်"က ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်၍ ပြောကြားထားသည်မှာ–

"ကျွန်တော်ဟာ (၁၉၈၅)ခုနှစ်မှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ ပထမဆုံးအကြိမ် တရားအားထုတ်ပြီးချိန်က စပြီး ဆရာတော်ရဲ့ စွမ်းအား၊ ဉာဏ်ပညာနဲ့ စာနာထောက်ထားမှုတွေကို သိနားလည်ခဲ့ရပါတယ်၊ ဆရာတော်ကို ကျွန်တော့်ရဲ့ ဆရာတစ်ဦးအဖြစ် ကျွန်တော်ခံယူပါတယ်၊ ဆရာတော်ရဲ့ စည်းကမ်းတင်းကြပ်မှု၊ အမြင်ကြည်လင် ပြတ်သားမှုတွေဟာ ကျွန်တော် တရားကြိုးစားအားထုတ်ရာမှာ အကောင်းဆုံး အကျိုးတရားတွေ ရရှိစေတာကို တွေ့ရှိရပါတယ်၊ ဆရာတော်ရဲ့ ကျွမ်းကျင်တဲ့ လမ်းညွှန်မှုနဲ့ ဂရုစိုက်ပေးမှုတွေကြောင့် တရားအားထုတ်ခြင်းအကြောင်းကို နက်ရှိုင်းစွာ သိနားလည်လာပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီဘဝမှာ ဖြစ်လာနိုင်မယ်လို့ အိမ်မက်တောင် မမက်ဖူးခဲ့တဲ့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတော်တွေကို တွေ့ကြုံရပါတယ်"။

"ဆရာတော်ရဲ့ ဟောတရားများ၊ တရားစစ်ဆေးမှုများ၊ ညွှန်ကြားမှုများဟာ တိုတိုရှင်းရှင်းနဲ့ အချက်ကျလှတာကို ကျွန်တော်

ရေးကလည်း တွေ့ခဲ့ပြီး ယခုလည်း တွေ့နေရဆဲ ဖြစ်ပါတယ်၊ ဆရာတော်ဟာ ယောဂီများ နားထောင်ဖို့ လိုအပ်တဲ့အချက်နဲ့ အချိန်အခါကို သိရှိနားလည်ပြီး သဘောပေါက်အောင် ရှင်းလင်း ပြောဆိုနိုင်စွမ်း ရှိတယ်လို့ ကျွန်တော် ခံစားမိပါတယ်" တဲ့။

လူမှုရေး မနုဿဗေဒ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီး ကျေးလက် ဒေသဖွံ့ဖြိုးရေး အကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ဆွစ်ဇာလန် အမျိုးသား ယောဂီ "ပီတာအက်ပလာ"ကမူ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်နှင့် စပ်၍ ဤသို့ ပြောပြသွားပါသည်။

"ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာ ဘိဝံသဟာ ယောဂီတွေကို တရားစစ်မေးတဲ့အခါ ယောဂီကိုယ် တိုင် တွေ့ရှိတဲ့ တရားကို တိတိကျကျ လျှောက်ထားစေပါတယ်၊ အရှုခံအာရုံတွေအပေါ် ရှုမှတ်မှု နက်ရှိုင်းသထက် နက်ရှိုင်းလာ အောင် ရှုမှတ်စေပါတယ်၊ သဘောတရား အသေးစိတ်ကို သိမြင် နိုင်လာအောင် လမ်းညွှန်ပေးပါတယ်၊ ပြီးတော့ ပိုမို သည်းခံနိုင် လာအောင် သင်ပြပေးပါတယ်၊ တရားရှုမှတ်တဲ့အခါ ကိုယ့်ကိုယ် ကို လိုအပ်တာထက် ပိုပြီး အထင်မကြီးဖို့နဲ့ စိတ်ဓာတ်မကျဖို့ ဆုံးမပါတယ်၊ ဆရာတော် ဟောကြားတဲ့ တရားတွေဟာ တရား အားထုတ်ရာမှာ အသိဉာဏ်နဲ့ အင်အားတွေကို အမြဲတန်းပဲ အလွန်အကဲ ဖြစ်စေပါတယ်၊ ထိထိမိမိလည်း ရှိလှပါတယ်၊ အုပ်ချုပ်သူပမာလည်း ဖြစ်ပါတယ်၊ ယောဂီတွေရဲ့ လိုအပ်ချက်

နဲ့ အံဝင်ခွင်ကျဖြစ်ပြီး တရားအားထုတ်ရာမှာ များစွာ အကျိုးရှိစေပါတယ်၊ သတိပဋ္ဌာန်တရားကို ကျကျနန ရှင်းရှင်းလင်းလင်း ဟောပြပြီး ပြင်းပြင်းထန်ထန် အားထုတ်ချင်တဲ့ ယောဂီမှန်သမျှကို လမ်းညွှန်ပြသပေးနေတဲ့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကို အလွန်ပဲ ကျေးဇူးတင်ပါတယ်"တဲ့။

ကာယပညာ နည်းပြဆရာ လုပ်ခဲ့ပြီး ဘီအေဘွဲ့ကိုလည်း ရရှိခဲ့သည့် သက်တော်(၆၆), ဝါတော်(၆)ဝါရသည့် အင်ဒိုနီးရှား ရဟန်းတော် "အရှင်သေတကေတုကော"ကမူ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် စပ်၍ ပြောပြထားသည်မှာ -

"ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဟာ အလွန်ကောင်းလှပါတယ်၊ ယောဂီတွေအားလုံး သေသေချာချာ ကျကျနန တရားအားထုတ်ခွင့်ရအောင် အားလုံးက မြင့်မားတဲ့ ဖော်ရွေမှု, ကြင်နာတဲ့ နှလုံးသားတွေနဲ့ ကူညီဆောင်ရွက်ကြပါတယ်၊ အထူးသဖြင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးက ယောဂီတွေအားလုံးအပေါ်မှာ ဖခင်သဖွယ် ကြင်နာမှု အပြည့်ရှိပါတယ်၊ ဆရာတော်ကြီးဟာ ဉာဏ်ပညာ ထက်မြက်ပြီး စိတ်ရှည်ပါတယ်၊ ယောဂီတစ်ဦးရဲ့ အကျင့်စရိုက်အရ သတိပဋ္ဌာန်တရားအားထုတ်ဖို့ နည်းလမ်းညွှန်ပြပေးရာမှာ သူမတူအောင် ထူးချွန်ပြီး စနစ်ကျလှပါတယ်၊ ပြီးတော့ ဝိနည်းသိက္ခာနဲ့ စည်းကမ်းတွေမှာ အလွန် တင်းကျပ် တိကျလှပါတယ်၊ တရားအားထုတ်

ရာမှာ မေ့လျော့ပေါ့ဆတာကို လုံးဝ မနှစ်သက်ပါဘူး၊ ယောဂီတွေရဲ့ တရားအားထုတ်မှုနဲ့ သွားလာ နေထိုင် စားသောက်မှုစတဲ့ တစ်နေ့တာ လုပ်ငန်းကိစ္စတွေမှာ အလွန်ကြောင့်ကြစိုက်ပြီး ပြုပြင်ပေးနေပါတယ်၊ ယောဂီတစ်ဦးဟာ အလွန်ပျင်းရိပြီး တရားအားထုတ်မှုမှာ အမြဲလျစ်လျူရှု၊ ဂရုမစိုက် လုပ်လာရင် အကြိမ်တော်တော်များများ ဆုံးမပါတယ်၊ ဆုံးမလို့ မရရင်တော့ အဲဒီယောဂီကို သတ်နိုင်တယ်လို့ပဲ ဆိုရပါမယ်၊ ဒါပေမယ့် တကယ်တော့ မသတ်ပါဘူး"။

"ဆရာတော်ကြီးဟာ တရားစစ်တဲ့အခါ ယောဂီရဲ့ မေးခွန်းကို လက်ခံလိုတဲ့ ဆန္ဒ မရှိပါဘူး၊ ယောဂီရဲ့ မေးခွန်းကို ယောဂီကိုယ်တိုင်ပဲ ဖြေနိုင်အောင် ကြိုးစားစေလိုပါတယ်၊ ယောဂီရဲ့ ပြဿနာကို ယောဂီကိုယ်တိုင်ပဲ ဖြေရှင်းနိုင်အောင် ကြိုးစားစေလိုပါတယ်၊ တရားအားထုတ်စေလိုပါတယ်၊ ယောဂီဟာ တရား အားထုတ်ရာမှာ တစ်စုံတစ်ခုအပေါ် သံသယဖြစ်နေရင် ဆရာတော်ကြီး ဟောတဲ့တရားကို အပြည့်အဝ စူးစိုက်နားထောင် ရပါမယ်၊ ဆရာတော်ကြီးက ယောဂီတွေ တရားရှုမှတ်လို့ တွေ့သိနိုင်တဲ့၊ တစ်ခုတစ်ခု အမှီပြုပြီး ဖြစ်ပေါ်နေတဲ့ ကြောင်းကျိုးဆက် သဘာဝတရားတွေကို ဟောကြားလေ့ရှိပါတယ်၊ ဆရာတော်ကြီး ဟောတဲ့ တရားကို သေသေချာချာ နာယူရင် ယောဂီဟာ တရားအားထုတ်ရာမှာ များစွာ အကူအညီရပြီး မကြာခင်အတွင်းမှာပဲ တရားတက်သွားပါမယ်၊ ဆရာတော်ကြီးဟာ တရားပြဿ

ရာမှာ လိုအပ်မယ့်အချက်ကို တဲ့တိုးရှင်းလင်းပြတ်သားစွာ ပြသ ပေးလေ့ရှိပါတယ်"တဲ့။

နီပေါနိုင်ငံတက္ကသိုလ် သိပ္ပံတတိယနှစ် ရောက်ခဲ့သည့် ယခု အစိုးရဓမ္မာစရိယတန်း ဖြေတော့မည့် အသက်(၂၄)နှစ် အရွယ်ရှိ ဆရာလေး မအဂ္ဂညာနီကမှ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် စပ်၍ ဤသို့ ပြောပြထားပါလေ၏။

"၁၉၈၇-ခုနှစ်မှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး နီပေါနိုင်ငံ ကြွရောက်ပြီး ဝိပဿနာ တရား စခန်းဖွင့်လှစ်ကာ တရားပြသပေးခဲ့ပါတယ်၊ အဲဒီ တရားစခန်းမှာ ဆရာလေး (၁၅)ရက်ကြာ တရားရှုမှတ်ခဲ့ပါတယ်၊ ဆရာတော် ကြီး ဟောကြားတော်မူတဲ့ ဒုလ္လဘတရား (၅)ပါးစတဲ့ တရားတော် တွေကို ကြားနာခဲ့ပါတယ်၊ ယခုလို ရခဲလှတဲ့ လူ့ဘဝကို ရပြီး ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့တဲ့အခါ ရှင်ရဟန်းအဖြစ် နဲ့ မဖြစ်နိုင်ပေမယ့် သီလရှင်အဖြစ်နဲ့ သာသနာတော်လုပ်ငန်း တွေကို ထိထိရောက်ရောက် ဆောင်ရွက်လိုတဲ့ ဆန္ဒတွေ တဖွား ဖွား ဖြစ်လာပြီး သီလရှင်ဝတ်လိုတဲ့ စိတ်တွေ ထက်သန်လာ ပါတယ်၊ နီပေါမှာ သာသနာလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် သိက္ခာရှင်ဘဝနဲ့ ဆောင်ရွက်ပါမှ ပိုမို အဆင်ပြေမယ်လို့ သဘောပေါက်လာမိပါတယ်၊ နီပေါမှာ သီလရှင် ဆရာကြီးတွေ အလွန်နည်းပါတယ်၊ ဒေါ်ဓမ္မဝတီ

(သမီးချစ်), ဒေါ်ဂုဏဝတီ, ဒေါ်စီနီတို့က အသက်ကြီးရင့် လာကြပါပြီ၊ ဒီသာသနာ့တာဝန်တွေကို ဆက်လက် ဆက်ခံမယ့် ပုဂ္ဂိုလ်ဖွေ လိုအပ်နေပါတယ်လို့ ပြောလို့ ကိုယ်တိုင် ဒီလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်ဖို့ ဆန္ဒပြင်းပြလာပါတယ်"။

"ဆရာတော်ကြီးက လုပ်သင့်လုပ်ထိုက်တာကို ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်စွမ်း ရှိဖို့, ရည်မှန်းချက် ပြည့်စုံအောင် မဖြစ်မနေ ဆောင်ရွက်မည်ဆိုတဲ့ အဓိပတိတပ်တဲ့ စိတ်ဓာတ်ရှိဖို့, ကိုယ်ကသာ သူတစ်ပါးကို သည်းခံမည်၊ သူတစ်ပါးက ကိုယ့်ကို သည်းခံရတယ် ဆိုတာမျိုး မရှိအောင် ကြိုးစားဖို့စတဲ့ ဩဝါဒတော်တွေကို ပေးသနားတော်မူပါတယ်"တဲ့။

အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမကြိုးတန်းရောက်နေသည့် အသက် (၂၂)နှစ် အရွယ်ရှိ နီပေါဆရာလေး မဝိသိဋ္ဌဉာဏီက ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် စပ်၍ ပြောကြားသည်မှာ –

"ဆရာလေး မြန်မာပြည်ရောက်ပြီးစမှာ (၆)လကြာ သတိပဋ္ဌာန်တရား အားထုတ်ခဲ့ရပါတယ်၊ တရားအားထုတ်ပြီးမှ ပရိယတ္တိ သင်ယူရန်အတွက် တံတားလေးလမ်းဆုံရှိ မဏိရတနာသီလရှင် စာသင်တိုက်သို့ ဆရာတော်ကြီးက ပို့ပေးခဲ့ပါတယ်၊ ဆရာလေးတို့ နေဖို့ ထိုင်ဖို့ သင့်တော်တဲ့အဆောက်အဦးကိုလည်း စီမံပေးပါတယ်၊ မြန်မာပြည်ရောက်စက မြန်မာစာကို ဆရာတော်

ကြီးကိုယ်တိုင် သင်ပေးပါတယ်၊ တက္ကသိုလ်မှ ဆရာမ ဒေါ်သက်သက်နဲ့ မဏိရတနာမှ ဆရာကြီးတွေကလည်း သင်ပေးကြပါတယ်၊ ပရိယတ္တိစာပေများကို ဆရာတော်ကြီး ကိုယ်တော်တိုင် ပို့ချပေးတဲ့အပြင် ဆရာတော်ကြီး၏ တပည့်များ ဖြစ်တဲ့ အရှင်ဉာဏုတ္တမာဘိဝံသ, အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ, အရှင်သုမန, အရှင်သီလာစာရ (ပါဠိပါရဂူ၊ ဘီအေ)၊ အရှင်ပညာဒီပါဘိဝံသ, အရှင်ကုန္တဝံသာစာရ, အရှင်ဃောသိတာဘိဝံသတို့နဲ့ မဏိရတနာစာသင်တိုက်မှ ဒေါ်ဩသဉာဏီ (အဂ္ဂမဟာအကျော်, မဟာဂန္ထဝါစက), ဒေါ်စရဏဝတီတို့ကလည်း ပို့ချပေးကြပါတယ်၊ ဆရာလေးတို့ရဲ့ နေထိုင်ရေး, စားသောက်ရေး, စာပေသင်ကြားရေး, ကျန်းမာရေးတို့ကို ဆရာတော်ကြီးက တာဝန်ယူ စောင့်ရှောက်ပါတယ်”တဲ့။

နီပေါနိုင်ငံတက္ကသိုလ်သိပ္ပံ တတိယနှစ် ရောက်ခဲ့သည့်, မြန်မာနိုင်ငံ အစိုးရပထမပြန်စာမေးပွဲ မူလတန်းနှင့် ပထမငယ်တန်းတွင် တစ်နိုင်ငံလုံး၌ ပထမရခဲ့သည့်, ယခု ပထမလတ်တန်းရောက်နေသည့် အသက်(၂၀)ရှိ နီပေါဆရာလေး မဝိမလဉာဏီကမူ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးနှင့် စပ်၍ ဤသို့ ပြောပြထားလေ၏။

“၁၉၈၉-ခုနှစ်မှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး နီပေါနိုင်ငံသို့ ကြွရောက်ပြီး တရားပြသခဲ့စဉ်

က မြန်မာပြည်လာပြီး သိက္ခာရှင်ဝတ်ကာ သတိပဋ္ဌာန်တရား အားထုတ်ပြီး ဗုဒ္ဓစာပေတွေ သင်ယူလိုကြောင်း ဆရာတော်ကြီး အား လျှောက်ထားခဲ့ပါတယ်၊ ဆရာတော်ကြီးကလဲ သာဓုခေါ် ပြီး ခွင့်ပြုပါတယ်၊ ဆရာတော်ကြီး မြန်မာပြည် ပြန်သွားပြီး နောက် ဆရာတော်ကြီးက အစစအရာရာ တာဝန်ယူကြောင်းစာ ရောက်ပါတယ်၊ ဒါကြောင့် ဒီမြန်မာပြည်ကို (၁၃၊ ၆၊ ၉၁) နေ့မှာ ရောက်ပြီး (၁၈၊ ၁၊ ၉၁)နေ့မှာ သိက္ခာရှင်ဝတ်ခဲ့ပါတယ်"။

"မြန်မာပြည် ရောက်စကတည်းက ဆရာတော်ကြီးက "တစ်ဦးနဲ့တစ်ဦး ချစ်ခင်လေးစားဖို့, ကိုယ်ချင်းစာနာစိတ်နဲ့ ဆက်ဆံဖို့, သည်းခံဖို့, စာသင်ယူတဲ့အခါ ကိုယ်က မြန်မာစာ ကောင်းကောင်း တတ်ကျွမ်းသေးတာ မဟုတ်လို့ ပိုပြီး လုံ့လ ဝီရိယရှိဖို့, ဆန္ဒပြင်းပြဖို့ မိန့်တော်မူပါတယ်၊ ဆရာတော်ကြီးက နေ့စဉ်လိုပဲ ဩဝါဒပေးတော်မူပါတယ်၊ ဆရာလေးတို့ရဲ့ စားဝတ် နေရေး, ကျန်းမာရေး, လုံခြုံရေး, ပညာရေးနဲ့ အစစအရာရာ အတွက် တာဝန်ယူ ဆောင်ရွက်ပေးတော်မူနေတဲ့ ကျေးဇူးရှင် ဆရာတော်ကြီးကို အထူးပဲ ကျေးဇူးတင်လှပါတယ်၊ ကြည်ညို လေးစားပါတယ်" တဲ့။

စီးပွားရေးလုပ်ငန်းမျိုးစုံကို တရားဥပဒေနှင့်အညီ လုပ် ဆောင်နိုင်အောင် နည်းလမ်းပေးသည့် အလုပ်ကို လုပ်သည့် အသက်(၃၀)ရှိ မလေးရှားအမျိုးသမီးယောဂီ "မချင်လီ"က

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး အကြောင်းကို ဤသို့ ပြောပြထားပါ၏။

"ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ဟာ မလေးရှား နိုင်ငံသားဖြစ်တဲ့ ကျမ၏ ကမ္မဋ္ဌာန်းဆရာ အရှင်သုဇီဝရဲ့ ကမ္မဋ္ဌာန်းဆရာ ဖြစ်ပါတယ်၊ ကျမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်ကို မဖူးတွေ့ရခင်ကပဲ ဆရာတော်ရဲ့ သင်းပျံ့ နေတဲ့ ဂုဏ်သတင်းကို ကြားသိနေရပါတယ်၊ ကမ္မဋ္ဌာန်းတရား ပြသရာမှာ အလွန့်အလွန် ကျွမ်းကျင်တဲ့ ဆရာတစ်ပါးအနေနဲ့ လူသိများလှပါတယ်၊ နာမည်ကြီးလှပါတယ်၊ တရားနယ်ပယ်မှာ နှစ်ပေါင်း(၄၀)ကျော် ကမ္မဋ္ဌာန်းဆရာအဖြစ်နဲ့ ကျင်လည်ခဲ့တဲ့ အတွေ့အကြုံများလှတဲ့ ဆရာတစ်ပါးလဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဆရာတော်ရဲ့ တရားပြသညွှန်ကြားမှုကို ခံယူချင်လို့ ဆရာတော် ရဲ့ မေတ္တာရိပ်ကို လာရောက်ခိုလှုံပါတယ်"။

"တရားကို ပြင်းပြင်းထန်ထန် အားထုတ်ချင်တဲ့ ယောဂီတို့ ရဲ့ ဆန္ဒကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာက ဖြည့်တင်းပေးနေ ပါတယ်၊ မလေးရှားမှ ကျမရဲ့ ကမ္မဋ္ဌာန်းဆရာရဲ့ တရားစစ်ဆေး တာနဲ့ နှိုင်းယှဉ်ရင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် ရဲ့ တရားစစ်ဆေးမှုဟာ အများကြီး ပိုပြီး တင်းကျပ်ပါတယ်၊ ဆရာတော်ရဲ့ ညွှန်ကြားချက်တွေဟာ ကျမတို့ကို သိပ်ပြီး အကူ အညီ ပေးပါတယ်၊ ပြီးတော့ သိပ်ပြီး တိကျလှပါတယ်၊

ဆရာတော်ရဲ့ ထက်မြက်စူးရှမှု၊ ကျွမ်းကျင်မှုတွေနဲ့ ပေးအပ်တဲ့ ညွှန်ကြားချက်တွေကို လိုက်နာရင် ကြီးမားသော အကျိုးတွေကို ရရှိနိုင်ပါတယ်၊ ဆရာတော်ရဲ့ တရားတွေဟာ အလွန်ပဲ ကောင်း လှပါတယ်"တဲ့။

ကျောင်းဆရာမလေးဖြစ်သည့် (၃၈)နှစ်အရွယ်ရှိ မလေးရှား အမျိုးသမီးယောဂီ "မနန်းယု"ကမူ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ ဆရာတော်နှင့် စပ်၍ ဤသို့ ပြောပြသွားပေသည်။

"ကျမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ စတင် ရောက်ရှိ လာတဲ့ အချိန်ဟာ ညမှောင်နေတဲ့ အချိန်ဖြစ်ပါတယ်၊ ရာသီ ဥတုက အေးနေပါတယ်၊ ဒီရိပ်သာနေရာဌာနကို သိပ်ကြိုက်ပါ တယ်၊ ရန်ကုန်မြို့ အလယ်နဲ့ သိပ်မဝေးလှပါ၊ ဒီနေရာဌာနဟာ အေးအေးဆေးဆေး ရှိပြီး တရားအားထုတ်ဖို့ သင့်တော်တဲ့ နေရာ ဖြစ်ပါတယ်၊ ရိပ်သာက အသစ်ဖြစ်လို့ အဆောက်အဦးတွေကို တော့ အများအပြားပဲ ဆောက်လုပ်လျက် ရှိနေပါတယ်၊ ဒီရိပ်သာ မှာ ရှိတဲ့ ဒကာ၊ ဒကာမတွေဟာ ရိပ်သာလည်ပတ်ရေး အားလုံး အဆင်ချောစေဖို့ အလွန်ကြိုးစားဆောင်ရွက်လျက် ရှိကြပါတယ်၊ သူတို့ကို ကျမ အလွန် ကျေးဇူးတင်ပါတယ်၊ ဒီလောက် များပြား တဲ့ လူတွေ စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးနေတာကို အခြားနိုင်ငံတစ်နိုင်ငံမှာ တွေ့ဖို့ တကယ့်ကို ခက်ခဲပါတယ်၊ ဒကာ၊ ဒကာမများဟာ ဂါရဝတရား ရှိကြပါတယ်၊ ယဉ်ကျေး

ကြပါတယ်၊ ကြင်နာမှု ရှိကြပါတယ်၊ ဂရုတစိုက် ဝေမျှတဲ့ စိတ်ဓာတ်နဲ့ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နေကြပါတယ်၊ အလွန်အံ့ဖွယ်ကောင်းပါတယ်"။

"မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ ဗုဒ္ဓသာသနာရေး အတွက် ဆောင်ရွက်ရာမှာ သူတို့မှာ ရှိသမျှအားတွေ အကုန်လုံး ထည့်ထားကြပါတယ်၊ အဆင့်ဆင့် ရှိတဲ့ စာမေးပွဲများကို ဖြေဆို ဖို့ ရဟန်း, သာမဏေတွေနဲ့ သီလရှင်လေးတွေဟာ ဗုဒ္ဓမြတ်စွာ ရဲ့ သွန်သင်ဆုံးမချက်များကို ပါဠိဘာသာနဲ့ သင်ယူ ရွတ်ဆို နေကြပါတယ်၊ ချစ်စဖွယ်ကောင်းပြီး အမိန့်ကို နာခံကြတဲ့ (၅) နှစ်အရွယ်မှ (၁၈)နှစ်အရွယ်အထိ အသက်အရွယ်ရှိကြတဲ့ ကိုရင် (၂၀၀)ကျော်နဲ့ သိက္ခာရှင် (၂၀၀)ကျော်တို့ နွေရာသီ ကျောင်း ပိတ်ရက်မှာ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ တတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုတို့ကို တစ်လတိတိ စာတွေ့ရော လက်တွေ့ပါ သင်ယူနေကြတာကို တွေ့ရတာဟာ အလွန်ကို အံ့သြဖွယ်ကောင်း ပါတယ်၊ အရွယ်ငယ်ကြပေမယ့် အလွန် စည်းကမ်းရှိကြပါတယ်၊ ကိုရင်လေးတွေ, သိက္ခာရှင်လေးတွေကို သင်တန်းပေးဖို့ ငွေနဲ့ သို့မဟုတ် လုပ်အားနဲ့ ကူညီခဲ့ကြတဲ့ ဆရာတော်များ, အရှင်မြတ် များ, ဆရာဝန်များနဲ့ ဒကာ, ဒကာမများကို သာဓု အကြိမ်ကြိမ် ခေါ်ပါတယ်၊ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာဟာ အမှန်ဘကယ်ကို ရှင်သန်လျက်ရှိနေပါတယ်"တဲ့။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် ဆရာတော်၏ မေတ္တာရိပ်အောက်တွင် ပြည်တွင်းပြည်ပ ရဟန်း, သာမဏေ, သိက္ခာရှင်, အမျိုးသား, အမျိုးသမီး ယောဂီသူတော်စင်တို့ တဖွဲဖွဲ ခိုဝင်လာခဲ့ကြပေပြီ၊ ယခုလည်း တဖွဲဖွဲ ဝင်လာနေကြဆဲ၊ နောင်လည်း တဖွဲဖွဲ, မစဲအောင် ဝင်လာနေကြလိမ့်ဦးမည်သာတည်း။

❀ ❀ ❀

# ပို၍ လှလာနိုင်ကြပါစေ

သာမဏေကျော်ထံ စာရေးလိုက်ပါတယ်။

သာမဏေကျော်ကို အထူးပဲသတိရနေတယ်၊ သာမဏေကျော်လေး ကျန်းမာပါစေကြောင်း မေတ္တာရေတွေလည်း အထပ်ထပ်သွန်းလောင်းနေပါတယ်၊ သာမဏေကျော်လေး ကျန်းမာချမ်းသာစွာနဲ့ စာသင်သားတပည့်တွေကို စာဝါပို့ချနေမယ်လို့ အချိန်ပြည့်မျှော်လင့်နေလျက်ပါ၊ စာဝါချိန်တွေ ရောက်တိုင်း စာချဖော်ဖြစ်ခဲ့တဲ့ သာမဏေကျော်နဲ့ စာသင်သားတပည့်တွေကို သတိရနေပါတယ်၊ "မိုးရွာရင်ဖြင့် ထီးလေးဆောင်းပြီး စာချကျောင်းဆောင်သို့ စာချဖို့ ကြွရှာရှာမယ်၊ ငါရှိရင် ငါလည်း သွားနေရမှာပဲ"လို့ လဲတွေးနေမိပါတယ်၊ အခုတော့ တပည့်တော် စာချပေးဖို့ စာချကျောင်းဆောင်သို့ မကြွနိုင်တော့ဘူးပေါ့ဘုရား၊ နေပြည်တော်မျှော်တိုင်းဝေးနေပါပြီ။

၁၉၉၄-ခု၊ အစိုးရ ပထမငယ်တန်းမှာ နီပေါဆရာလေး မဝိမလညာနီက ပထမ ရတယ်၊ အစိုးရ ပထမလတ်တန်းမှာ မစာရဒဿိနီက ပထမ ရတယ်ဆိုတာ သိရလို့ များစွာ ဝမ်းသာမိပါတယ်၊ ကိုယ် စိုက်ပျိုးခဲ့တဲ့ ပန်းပင်လေးတွေ အပွင့်တွေ လှပဝေဆာစွာ ဖူးပွင့်နေတာကို တွေ့ရတဲ့ ဥယျာဉ်မှူးဟာ ဘယ်မှာ ဝမ်းမသာ, မကြည်နူးဘဲ ရှိမှာလဲ၊ သာမဏေကျော်လည်း ဝမ်းသာနေမှာပါလေ။

တပည့်တော်တော့ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံပြီး ပြည်တွင်း, ပြည်ပ စာသင်သားတွေရဲ့ ပညာပါရမီကို စွမ်းနိုင်သမျှ ဖြည့်ဆည်းပေးခဲ့ရတဲ့ ကုသိုလ်ထူးတွေကို တွေးမိတိုင်း ကြည်နူးကျေနပ်နေမိပါတယ်၊ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးရဲ့ "ပရိယတ်မကင်းတဲ့ ပဋိပတ်, ပဋိပတ် မကင်းတဲ့ ပရိယတ်" စီမံကိန်းဟာ အောင်မြင်နေတယ်လို့ ဆိုရမှာပေါ့၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ တည်ထောင်ခဲ့တာ (၃)နှစ်ကျော်သာ ရှိသေးပေမယ့် အဲဒီ (၃)နှစ်လုံးမှာ ပထမနှစ်၌ မစာရဒဿိနီက အစိုးရ မူလတန်းမှာ ပထမ ရခဲ့တယ်၊ ဒုတိယနှစ်ရောက်တော့ နီပေါဆရာလေး မဝိမလညာနီက အစိုးရမူလတန်းမှာ ပထမ ရခဲ့တယ်၊ တတိယနှစ် (၁၉၉၄)မှာတော့ သူတို့(၂)ပါးလုံးက ထပ်ပြီး ပထမ

ရကြပြန်တယ်၊ ဒီလိုဆိုတော့ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆိုတဲ့ ကန်သာယာသစ်ကြီးထဲမှာ ထူးခြားတဲ့ ပန်းရွှေကြာတွေ ပွင့်လန်းနေတယ်လို ဆိုနိုင်တာပေါ့။

လွန်ခဲ့တဲ့ သုံးနှစ်တာကာလမှာ ထူးခြားတဲ့ ပန်းရွှေကြာလေးတွေ ပွင့်လန်းခဲ့သလို နောက်နောင်နှစ်တွေမှာလဲ ထူးထူးခြားခြား ပွင့်လန်းလာမယ့် ပန်းရွှေကြာလေးတွေ ရှိလာလိမ့်မယ်လို့ မျှော်လင့် ယုံကြည်ထားပါတယ်၊ ဆေးဒေါက်တာဘွဲ့ ရထားတဲ့ ကလေးမလေး မချောချောထွေးတစ်ယောက် ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပြီး ပရိယတ်စာပေတွေ သင်ယူမယ်လို့ သိခဲ့ရတယ်၊ အဲဒီကလေးမလေးကော သီလရှင်ဝတ်ပြီးပြီလား၊ ဝတ်ပြီးပြီနဲ့တူပါရဲ့၊ လောကီပညာ တတ်ထားတဲ့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်လေးတွေ သဒ္ဓါတရား ဖြစ်ပြီး သာသနာတော်မှာ ဝင်ရောက်လာတာဟာ သိပ်ကောင်းပါတယ်၊ တပည့်တော်တို့ရဲ့ ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးကလည်း စိတ်ကောင်းရှိပြီး ဉာဏ်ကောင်းတဲ့ လောကီပညာတတ် ပုဂ္ဂိုလ်လေးတွေကို ပြုစုပျိုးထောင်ပေးနေတာဟာ အနာဂတ်သာသနာအတွက် အားရဖွယ်ကောင်းပါတယ်။

တပည့်တော်ရှိတုန်းကတော့ သာမဏေကျော်နဲ့ တွဲပြီး (၂)ပါး တက်ညီလက်ညီ စာသင်သားတို့အား စာဝါတွေ ပို့ချပေးခဲ့ကြတယ်၊ အခုစာသင်သားတွေက မူလတန်း, အငယ်,

အလတ်, အကြီးတန်း, ဓမ္မာစရိယတန်းဆိုတဲ့ အတန်းစုံ ရှိနေကြတယ်နော်၊ တပည့်တော် မရှိတော့ပေမယ့် အခု စာဝါပို့ချပေးနေကြတဲ့ အရှင်ပညာဒီပါဘိဝံသ (သ၊ စ၊ သ၊ အ၊ ဓမ္မာစရိယ)၊ အရှင်ဃောသိတာဘိဝံသ( စ၊ အ၊ ဓမ္မာစရိယ)၊ အရှင်ဣန္ဒဝံသာစာရ (အစိုးရဓမ္မာစရိယ)တို့ပါ ပို့ချပေးနေကြတယ် ဆိုတော့ တပည့်တော် ရှိတုန်းကထက်တောင် စာချဆရာအင်အားပိုလို့ ကောင်းနေပါတယ်၊ ဒီလို အရည်အချင်းပြည့်ဆရာတွေထံ စာပေသင်ယူခွင့်ရနေကြတဲ့ နီပေါဆရာလေးတွေ အပါအဝင် စာသင်သားတွေဟာ သိပ်ကံကောင်းကြပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အရည်အချင်းပြည့် စာချဆရာတွေ, ဉာဏ်ထက်မြက်တဲ့ စာသင်သားတွေ ရှိနေတာဟာ ကျေးဇူးရှင်ဆရာတော်ကြီးရဲ့ ဘုန်းကံကြောင့်ပဲလို့ ဆိုရမှာပါပဲ။

ကျေးဇူးရှင်ဆရာတော်ကြီးရဲ့ အနာဂတ် ဗုဒ္ဓသာသနာတော်အတွက် အမြော်အမြင်ကြီးမားစွာနဲ့ ပရိယတ်, ပဋိပတ် စွယ်စုံတပည့်တွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနေတာဟာ တပည့်တော်တို့ နောင်လာနောက်သား သာသနာ့ဝန်ထမ်းငယ်တို့အဖို့ သတိပြုစရာ, အတုယူ လိုက်နာကျင့်သုံးဖွယ်ရာပါပဲ၊ ပြည်တွင်းမှာရော ပြည်ပမှာပါ လိုအပ်လာလျှင် လိုအပ်သလိုဆောင်ရွက်နိုင်ကြစေဖို့ရာ သတိပဋ္ဌာန်တရားကို ကျေနပ်လောက်သည့်အထိ အားထုတ်ထားတဲ့ ဓမ္မာစရိယ အောင်ပြီးတဲ့ တပည့်ရဟန်းငယ်တွေကိုလည်း ဆရာတော်ကြီးက အင်္ဂလိပ်စာ သင်ယူ

စေတာ နှစ်ပေါင်း(၁၀)နှစ် မကတော့ဘူး မဟုတ်လား၊ ဆရာတော်ကြီး အဲဒီလို ပြုစုပျိုးထောင်ပေးခဲ့လို့ ဆရာတော်ကြီးရဲ့ တပည့်ရဟန်းတော်တွေဟာ ပြည်ပမှာ ပြည်ပသားတို့အား ဗုဒ္ဓဂုဏ်ရည်၊ ဓမ္မဂုဏ်ရည်၊ သံဃာဂုဏ်ရည်တို့ကို ပြသပေးနိုင်ကြတာပေါ့။

အမေရိကမှာ အရှင်ဓမ္မပိယနဲ့ အရှင်ဝိမလာစာရာဘိဝံသ၊ အရှင်ပညာဒီပါဘိဝံသ၊ အင်္ဂလန်မှာ အရှင်ပညာဒီပ၊ စင်ကာပူနဲ့ မလေးရှားမှာ အရှင်ရာဇိန္ဒ၊ နီပေါမှာ အရှင်အာသဘာစာရ (အဂ္ဂမဟာအကျော်)၊ ကနေဒါမှာ အရှင်ပညောဘာသနဲ့ တပည့်တော်၊ ဩစတြေးလျမှာ အရှင်ပညာသာမိတို့ဟာ ဘုရားရှင်ရဲ့ ဒေသနာတော်နည်းကျ၊ မဟာစည်ဆရာတော်ကြီးရဲ့ ဩဝါဒနဲ့ အညီ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ရဲ့ စီမံမှု၊ လမ်းညွှန်မှုတွေကို ခံယူကာ ရတနာသုံးပါးရဲ့ ဂုဏ်ရည်တွေကို ပြသပေးနေကြပါတယ်။

ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ကြီးဟာ သက်တော်(ရ၄)နှစ်အရွယ် ရှိနေပေမယ့် ဗုဒ္ဓသာသနာအတွက် သူ့စွမ်းအားရှိသမျှ ကြိုးစားတော်မူနေတာကတော့ အားရစရာ၊ အားကျစရာပါပဲ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ရဲ့ သာသနာစိတ်ဓာတ်နဲ့ သာသနာအတွက် ဆောင်ရွက်ပုံတွေကို အာရုံပြုမိတိုင်း သာမဏေကျော်နဲ့ တပည့်တော်တို့ရဲ့ ကျေးဇူးရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးကို သတိ

ရ၊ ရနေမိပါတယ်၊ ဆရာတော်(၂)ပါးဟာ ဥပမိတော်ချင်း ဆင်တူကြသလို သာသနာစိတ်ဓာတ် ထက်သန်ကြပုံချင်းကလည်း တူနေကြတယ်လို့ တပည့်တော် ခံစားနေမိပါတယ်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ဆောင်ရွက်ခဲ့ရတဲ့ တာဝန်တွေထဲမှာတော့ နွေရာသီကျောင်းပိတ်ချိန်မှာ ကျောင်းသား လေးတွေကို ကိုရင်ဝတ်စေပြီး ကျောင်းသူလေးတွေကို သိက္ခာရှင် (သီလရှင်) ဝတ်စေကာ ဗုဒ္ဓယဉ်ကျေးမှုတွေ စာတွေ့၊ လက်တွေ့ တစ်လတိတိ သင်ပေးပြီး ထိန်းသိမ်း စောင့်ရှောက်ပေးရတဲ့ တာဝန်ဟာ တပည့်တော်အဖို့ အလေးဆုံးပါပဲ၊ ကိုရင်(၂၀၀)ကျော် နဲ့ သိက္ခာရှင်(၂၀၀)ကျော်တို့ကို စည်းကမ်းသေဝပ်စွာ စား၊ သောက်၊ နေ၊ ထိုင်၊ သွားလာ၊ ပြောဆိုအောင် ထိန်းသိမ်းရ တာဟာ လွယ်တာ မဟုတ်ဘူးနော်၊ သာမဏေကျော်နဲ့ တပည့် တော်တို့ အဲဒီ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ အတွင်းရေး မှူးအဖြစ်နဲ့ ဆောင်ရွက်ရတော့ အစစအရာရာမှာ ကြောင့်ကြ စိုက်နေရလို့ ပိုပင်ပန်းတာပေါ့။

အနာဂတ် သာသနာတော်အရေးနဲ့ အနာဂတ် မြန်မာနိုင်ငံ အရေးကို မျှော်တွေးတော်မူတဲ့ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးကတော့ အနာဂတ် သာသနာ့ တာဝန်နဲ့ အနာဂတ် မြန်မာနိုင်ငံတာဝန်တို့ကို ပုခုံးပြောင်း တာဝန်ယူ ဆောင်ရွက်ကြမယ့် မြန်မာကလေးသူငယ်တို့ရဲ့ အရေး

ကို လေးလေးပင်ပင် တွေးဆင်ခြင်တော်မူလို့နဲ့တူပါရဲ့၊ ပင်ပန်းတယ်လို့ ယူဆပုံ မပေါ်ပါဘူး၊ ဆရာတော်ကြီးကတော့ အလွန်အကဲပဲ စိတ်ဝင်စားတယ်၊ အလွန်အကဲပဲ ထက်သန်တယ်၊ အလွန်အကဲပဲ ဒီသင်တန်းကို တန်ဖိုးထားတယ်၊ တန်ဖိုးကို သိမှလဲ တန်ဖိုးထားနိုင်ကြတာပဲ မဟုတ်လား၊ သူပြောတဲ့ စကားတစ်ခွန်းကလည်း သဘာဝကျကျပဲ။

"သစ်ပင် စိုက်ပျိုးရင် အစေ့ကစပြီး စိုက်ပျိုးမှ သီးလာတဲ့ အသီးဟာ အစေ့ သေးတယ်၊ အသား များတယ်၊ အခွံ ပါးတယ်၊ အမျှင် နည်းတယ်၊ ဒီလိုပါပဲ၊ လူတွေကိုလည်း ငယ်ရွယ်စဉ်ကတည်းက ဗုဒ္ဓယဉ်ကျေးမှုတွေကို သူတို့နှလုံးသားထဲမှာ ထည့်သွင်း စိုက်ပျိုးပေးရမယ်၊ ကြီးလာခါမှ ပေးရရင် ငယ်စဉ်ကလို ခရီး မရောက်တော့ဘူး"တဲ့။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးရဲ့ စီစဉ်ဆောင်ရွက်မှုနဲ့ ပြည်ပမှာလည်း ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွေ ဖွင့်လှစ်ကာ သင်ကြားပေးတာကို သာမဏေကျော်လည်း သိပြီးသားပဲ၊ အမေရိက၊ ဘာရီမြို့၊ ကမ္ဘောဒီးယားနှင့် ကာလီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးမြို့၊ နီပေါနိုင်ငံ၊ သြစတြေးလျနိုင်ငံတွေမှာ ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့၊ လက်တွေ့ သင်ပေးနေကြတယ်၊ အမေရိကမှာ အရှင်ဓမ္မပိယ၊ နီပေါမှာ အရှင်အာသဘာစာရ၊ သြစတြေးလျမှာ အရှင်ပညာသာမိတို့ဟာ သင်ပြပေးကြတဲ့ ဆရာတွေပေါ့၊ တပည့်တော်တို့ ကနေဒါ

နိုင်ငံမှာလည်း အရှင်ပညောဘာသက ဗန်ကူးပါးဘက်မှာ သင်ပြပေးဖို့ ကြိုးစားနေပါတယ်၊ တပည့်တော်လည်း တပည့်တော်ရဲ့ နေရာဌာနမှာ ကြိုးစားနေပါတယ်။

ယခုအခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ ပြည်တွင်းကရော ပြည်ပကပါ ယောဂီတွေဟာ ဝင်လာမစဲ တဖွဲဖွဲနေမှာပါ၊ တပည့်တော် ဒီဝါဆိုအမီ ကနေဒါ မလာသေးမီအချိန်က ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ပြည်ပယောဂီ(၂၅/၃၀) လောက်နဲ့ ပြည်တွင်းယောဂီ (၁၀၀)ကျော်လောက် လာရောက်အားထုတ်နေကြတာကို သတိပြုမိခဲ့တယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ လာရောက် တရားအားထုတ်ကြတဲ့ ပြည်ပယောဂီ (၁၅၀)ကျော် ရှိသွားပြီး ဆိုတာကိုလည်း သိခဲ့ရတယ်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ လာရောက် တရားအားထုတ်ကြတဲ့ ပြည်တွင်း, ပြည်ပယောဂီတွေမှာ အရွယ်မျိုးစုံ, အလွှာမျိုးစုံသော ရဟန်း, ရှင်, သိက္ခာရှင်, အမျိုးသား, အမျိုးသမီးယောဂီတွေ ပါကြတယ်၊ နံနက်(၃:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ မပြတ်မလပ် တရစပ် ရှုမှတ်နေကြတဲ့ ယောဂီတွေ, တရားဟော တရားပြနေတဲ့ ဆရာတော်, သံဃာတော်တွေ, သံဃာတော်တွေနဲ့ ယောဂီတွေကို အရုဏ်ဆွမ်း, နေ့ဆွမ်း ဆက်ကပ်ကြတဲ့ ကုသိုလ်ရှင်တွေ, ရွှေတောင်ကုန်း သာသနာ့ရိပ်သာ လိုအပ်ရာရာအတွက် လှူဒါန်းကြတဲ့ ကုသိုလ်ရှင်တွေ,

သံဃာ, ယောဂီတို့ သာသနာ့အလုပ်ကို ချမ်းသာစွာ အားထုတ်နိုင်အောင် ဆွမ်း, ဆေးစတဲ့ ဝေယျာဝစ္စပြုကြတဲ့ ကုသိုလ်ရှင်တွေကိုလည်း ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးနဲ့အတူ တွေးလိုက်တိုင်း မြင်နေမိပါတယ်၊ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင်းက တည်ငြိမ်အေးချမ်းတဲ့ သူတော်စင်တွေကို မြင်ယောင်လာတဲ့အခါ သူတော်စင်တို့ရဲ့ တည်ငြိမ်အေးချမ်းတဲ့ဓာတ်က တပ္ပည့်တော် နှလုံးသားမှာ ရောင်ပြန်ဟပ်လာတာကို သတိထားမိပါတယ်၊ တိတ်ဆိတ်နေတဲ့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ တောသဘာဝ, တောအရသာကို ခံစားစေတဲ့ ချိုးကူနေသံလေးကို ကြားယောင်မိတဲ့ အခါမှာလည်း စိတ် ကြည်နူးအေးမြရပါတယ်။

သုံးထပ်ဓမ္မာရုံကြီးရဲ့ အပေါ်မှာ စင်္ကြံပတ်လမ်းကနေပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးနဲ့ လေးဘက်လေးတန်မှ မြင်ကွင်းကို သာမဏေကျော်နဲ့အတူ လမ်းလျှောက်ရင်း ရှုစားရတာဟာလည်း မမေ့နိုင်စရာပါပဲ၊ နံနက်ခင်း အရုဏ်ဆွမ်းစားပြီး အဲဒီစင်္ကြံလမ်းပေါ် လမ်းလျှောက်ရင်း ဖူးတွေ့ရတဲ့, ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပါယ်လှတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးက စိတ်ကို ရွှင်လန်းစေပါတယ်၊ နံနက်ခင်း တက်သစ်စနေရောင်အောက်က စိမ်းစိုညို့မှိုင်းနေတဲ့ သစ်ပင်ကြီးငယ်တွေ ရှုကွင်းက ရင်ကို အေးမြစိုပြေစေပါတယ်၊ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်တစ်ခွင်မှာ နံနက်ချိန်ခါ အစာရှာဖို့ ပျံသန်းသွားလာနေကြတဲ့

ကျီးငှက်စတဲ့ သတ္တဝါတွေကို တိမ်ညို၊ တိမ်ဝါ၊ တိမ်ပြာစတဲ့ တိမ်သလ္လာအမျိုးမျိုးတို့ တွဲလွဲခိုနေရာ ကောင်းကင်ပြင်မှာ မြင်တွေ့ရတဲ့အခါ ဩကာသလောကကြီးအတွင်းရှိ သတ္တလောကကြီး တစ်ခုလုံးကို ဖြန့်ကျက်ကာ မေတ္တာများပို့ခဲ့ရတာဟာလည်း စိတ်ချမ်းသာမှုကို အပြည့်အဝ ပေးပါတယ်။

ညနေဆည်းဆာ ရှုကွင်းအလှကို အပြည့်အဝခံစားခွင့် မရရှာကြတဲ့ ရန်ကုန်ရွှေမြို့တော်သူ၊ ရွှေမြို့တော်သားတွေ အဲဒီ သုံးထပ်ဓမ္မာရုံပေါ် လမ်းလျှောက်ခွင့် ကြုံကြမယ်ဆိုရင် ဆည်းဆာအလှကို အားရပါးရ ရှုစားနိုင်ကြပါလိမ့်မယ်၊ အဲဒီ သုံးထပ်ဓမ္မာရုံကြီးပေါ်က ညရှုခင်းကလည်း အင်မတန်မှ အေးမြလှပါတယ်၊ အိပ်မောကျနေတဲ့ လေးဘက်လေးတန်မှ ဩကာသလောကကြီးထဲမှာ လျှပ်စစ်မီးရောင်တို့က အလင်းရောင် ပေးနေကြပါတယ်၊ စကြံလမ်းပေါ်က တောင်ဘက်ရှုးရှုးအရပ်ဆီ မျှော်ကြည့်လိုက်ရင် ဆလိုက်မီးရောင်တွေကြောင့် ပိုမိုတောက်ပနေတဲ့၊ ရွှေရောင်တွေနဲ့ ဝင်းလက်နေတဲ့ ရွှေတိဂုံစေတီတော်မြတ်က ဖူးမျှော်လိုက်ရသူတို့၏ မျက်စိကို မမိုတ်ဘဲ တဆက်တည်းဖွင့်ကာ ဖူးမျှော်လိုတဲ့ ဆန္ဒကို ပေါ်ပေါက်စေပါတယ်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ပတ်ဝန်းကျင်ရဲ့ သဘာဝအလှ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင်းက ဓမ္မအလှတွေအကြောင်းကို စာရေးခြင်းအလေ့အလာရှိတဲ့ သာမဏေကျော်တို့လို စာရေးဆရာတွေကတော့ ပိုမို မြင်တတ်၊ ရေးတတ်မှာပါ။

ဝေးတစ်မြေရပ်ခြား ရောက်နေတဲ့ တပည့်တော်အဖို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ စေတနာအလှ၊ သဒ္ဓါအလှ၊ မေတ္တာအလှ၊ ဖော်ရွေခင်မင်မှုအလှတွေဟာ တသသ အောက်မေ့ဖွယ် ဖြစ်နေပါတယ်၊ စေတနာအလှ၊ သဒ္ဓါအလှ၊ မေတ္တာအလှ၊ ဖော်ရွေခင်မင်မှုအလှတွေနဲ့ တန်ဆာဆင်ထားတဲ့ မြန်မာနိုင်ငံကို ရောက်ဖူးကြတဲ့ ပြည်ပသားတွေကလည်း မြန်မာနိုင်ငံရဲ့ အလှကို တသသနဲ့ အောက်မေ့နေကြတယ်၊ တဖွဖွလည်း ပြောဆို ချီးမွမ်းနေကြတယ်၊ တပည့်တော် ရောက်ရှိနေတဲ့ ကနေဒါလို အနောက်နိုင်ငံတွေနဲ့ အရှေ့နိုင်ငံ အတော်များများမှာ မတွေ့ရှိနိုင်တဲ့ ပရိယတ် စာသင်တိုက်ကြီးတွေ၊ စာချ၊ စာသင်အရှင်မြတ်တွေ၊ သီလရှင်တွေ၊ ပဋိပတ်သာသနာ့ရိပ်သာတွေ၊ ကမ္မဋ္ဌာန်းပြဆရာတွေ၊ ယောဂီတွေ၊ စေတီပုထိုးကျောင်းကန်တွေဟာလည်း အမိမြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ အလှအပတွေပါပဲ၊ အဲဒါတွေကို မြင်တွေ့ခွင့် မရနေတဲ့ တပည့်တော်အဖို့ အဲဒီအလှအပတွေကို ဘယ်မှာ မအောက်မေ့ဘဲ ရှိပါ့မလဲ။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးဟာလည်း လှသထက် လှပလာနိုင်ပါစေ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီး လှပလာအောင် အလှပြင်ပေးနေကြတဲ့ ကျေးဇူးရှင်ဆရာတော်ကြီးမှစ၍ ရွှေတောင်ကုန်း သာသနာ့ရိပ်သာရဲ့ အလှပြင်သူအားလုံးလည်း ကျန်းမာ ချမ်းသာကြပါစေလို့ မေတ္တာရေ သွန်းလောင်းလျက် ရှိပါတယ်ဘုရား၊ ထူးခြားတဲ့ အလှတွေ တည်ရှိရာ အမိမြန်မာ

နိုင်ငံဟာလည်း လှသထက် လှလာနိုင်ပါစေ၊ ပို၍ လှပလာအောင် ကြိုးစားနေကြတဲ့ ရဟန်း၊ ရှင်၊ လူ၊ အမိမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနဲ့ လိုရာဆန္ဒတွေ ပြည့်ဝလာနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သပေးလျက်ရှိနေပါတယ်··တဲ့။

ဤဆောင်းပါးရေးသူထံသို့ ဤစာကို ပေးပို့လိုက်သည့် အရှင်မြတ်ကား–အရှင်ဉာဏဓဇောတာဘိဝံသ ဖြစ်ပါသည်၊ ဤအရှင်မြတ်သည် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ မေတ္တာရိပ်အောက်တွင် စာရေးသူနှင့်အတူ (၁၀)နှစ်တာမျှ သာသနာ့တာဝန်တို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါသည်၊ ကျေးဇူးရှင်ဆရာတော်၏ တာဝန်ပေးချက်အရ ကနေဒါနိုင်ငံ၊ အွန်တာရီယိုမြို့ရှိ ဗုဒ္ဓသာသနာ့ရိပ်သာတွင် ဗုဒ္ဓဂုဏ်ရည်၊ ဓမ္မဂုဏ်ရည်၊ သံဃာ့ဂုဏ်ရည်တို့ကို ပြသပေးဖို့ ၁၃၅၆–ခု၊ ဝါဆိုအမီ ထိုဌာနသို့ ကြွရောက်သွားခဲ့ပါသည်၊ "နေပြည်တော် မျှော်တိုင်းဝေးနေပါပြီ"လို့ ဆိုနေသော သူ့ခမျာ တသအောက်မေ့ဖွယ်ရာ အလှအပတွေ စုဝေးတည်ရှိရာဖြစ်သည့် နေပြည်တော်နှင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီးကို မျှော်ရာပေမပေါ့၊ တသသ အောက်မေ့ဖွယ်ရာဖြစ်သည့် ဓမ္မအလှတွေဖြင့် ကနေဒါနိုင်ငံမှ လက်လှမ်းမီရာပုဂ္ဂိုလ်တို့အား ကျန်းမာချမ်းသာစွာဖြင့် အလှဆင်ပေးနိုင်ပါစေဟု အခါခါ မေတ္တာပွားပို့နေရပါသတည်း။

# ရုပ်ဝါဒသမားနှင့် တရားဘာဝနာ

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် အမေရိကနိုင်ငံ၊ မက်ဆာချူးဆက်ပြည်နယ်၊ ဘာရီမြို့ရှိ Insight Meditation Soceity တွင် (၁၀၊ ၄၊ ၈၄)မှ (၉၊ ၈၊ ၈၄)ထိ (၃)လ ကျော်ကြာမျှ (၁၀၀)ကျော်သော အနောက်တိုင်းသား ယောဂီတို့အား သတိပဋ္ဌာန်တရားကို ညွှန်ကြားပြသလျက် ဓမ္မဂုဏ်ရည်များကို ဟောကြားခဲ့ပါသည်၊ ထိုတရားများကို ထို Insight Meditation Soceity က တိတ်ခွေတို့ဖြင့် အသံသွင်းယူထားခဲ့ကြပါသည်၊ ထိုတိတ်ခွေတို့ထဲမှ တိတ်ခွေတစ်ခွေကို နာယူကြည့်ရာ စိတ်ဝင်စားဖွယ်ရာ ရုပ်ဝါဒသမားနှင့် တရားဘာဝနာအကြောင်းကို သိရှိရပါသည်၊ ထိုရုပ်ဝါဒသမားသည် ဒုတိယကမ္ဘာစစ် ဖြစ်ချိန်ရောက်လာသောအခါ ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေး တပ်မတော်)တွင် ဗိုလ်ဖြစ်ခဲ့ကာ ဗြိတိသျှတပ်များ

နှင့် တိုက်ရသော ရွှေတောင်တိုက်ပွဲတွင် နိုင်ငံလွတ်လပ်ရေး အတွက် အသက်စွန့် တိုက်ခိုက်ခဲ့သူလည်း ဖြစ်သည်ဟု သိရ ပါသည်၊ ထိုရုပ်ဝါဒသမားနှင့် တရားဘာဝနာအကြောင်းကို ရေး သား ဖော်ပြရလျှင် စာဖတ်ပရိသတ်တို့အား အကျိုးများဖွယ် ရှိ ၏ဟု ယူဆသဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

ဆရာတော်က မိန့်ကြားတော်မူသည်မှာ –

ရုပ်ဝါဒီသမားတစ်ယောက် လမ်းမှားလိုက်ရာက နေပြီး တော့ သတိပဋ္ဌာန်တရား အားထုတ်တဲ့အတွက် လမ်းမှန်ပေါ် ရောက်ပြီးတဲ့အခါ သူရဲ့ မှတ်ချက်ချပုံလေးကို ပြောပြချင်ပါ တယ်။

အဲဒီရုပ်ဝါဒီသမားဟာ မြန်မာပြည် လွတ်လပ်ရေး ရပြီး မကြာခင် ကွန်မြူနစ်လမ်းစဉ်ကို ယုံကြည်လက်ခံပြီး တောခိုသွား ပါတယ်၊ အစိုးရကို လက်နက်နဲ့ ဆန့်ကျင်ခဲ့ပါတယ်၊ သူဟာ မိရိုးဖလာ ဗုဒ္ဓသာသနာဝင်မိသားစုက ဆင်းသက်လာတဲ့ လူ တစ်ယောက်ပါပဲ၊ သူ ငယ်စဉ်က ခရစ်ယာန်သာသနာရေးကျောင်း မှာပဲ နေခဲ့ဖူးတော့ ဗုဒ္ဓသာသနာနဲ့ အင်မတန် စိမ်းခဲ့ပါတယ်၊ သူ့မှာ မိရိုးဖလာ ဗုဒ္ဓသာသနာဝင် အဆင့်လောက်ပဲ ရှိပါတယ်၊ ဗုဒ္ဓသာသနာအကြောင်း ဘာမှ နားမလည်ပါဘူး၊ နောက် သူ ကျောင်းက ထွက်ပြီး ရုပ်ဝါဒ ယုံကြည်တဲ့ ဆရာကြီးတွေထံ ကွန်မြူနစ်ဝါဒ လေ့လာရင်းက အဲဒီဝါဒကို သက်ဝင် ယုံကြည် ပြီးတော့ ကွန်မြူနစ်အဖွဲ့ဝင်တစ်ယောက် ဖြစ်သွားပါတယ်။

အဲဒီလို လေ့လာလို့ အစိုးရရဲ့ ဝါဒကို မကြိုက်ဘဲ ဖြစ်နေတဲ့အချိန်မှာ သူတို့ ကွန်မြူနစ်အဖွဲ့ဝင်တွေ တောခိုသွားကြပါတယ်၊ အဲဒီအထဲ သူလည်း ပါသွားပါတယ်၊ အရင်တုန်းက မိရိုးဖလာ ဗုဒ္ဓသာသနာဝင် ဖြစ်ခဲ့ပေမယ်လို့ ကွန်မြူနစ်ဝါဒ သက်ဝင်ယုံကြည်မိတဲ့ အချိန်က စပြီးတော့ ဗုဒ္ဓတရားတော်ကို လုံးလုံးပစ်ပယ်ကာ ဘာသာတရား, ဘာသာအယူဝါဒ အလျဉ်း မရှိသူ၊ အင်မတန် ပြင်းထန်တဲ့ ကွန်မြူနစ်တစ်ယောက် ဖြစ်သွားပါတော့တယ်၊ သူ့ဇနီးနဲ့ ကလေးတွေလည်း ပါသွားပါတယ်၊ သူက သူ့ကလေးတွေကို "ဘာသာဆိုတာ မရှိ၊ ဘာသာရေးဟာ ဘိန်းနဲ့ တူတယ်၊ မှိုင်းနဲ့ တူတယ်"စသည်ဖြင့် သင်ပြပေးတယ်၊ ကလေးတွေက မြတ်စွာဘုရားရဲ့ ဆင်းတုတော်တွေကို လည်ပင်းမှာ ကြိုးတပ်ပြီးတော့ ဆော့ကစားတဲ့အပိုင်းအထိ ရောက်သွားကြတယ်။

သူက ကွန်မြူနစ်ဝါဒ ပြင်းထန်သူတစ်ယောက် ဖြစ်ပေမယ့် သူ့ရဲ့ဇနီးကတော့ ဘာသာတရား လေးစားပါတယ်၊ ဒါပေမယ်လို့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါပဲ၊ ဗုဒ္ဓဘာသာကို မစွန့်တဲ့အပိုင်းလောက်ပဲ ရှိပါတယ်၊ အဲဒီလို အစိုးရဆန့်ကျင်ပြီးနေရင်းက မယားဖြစ်သူက အဲဒီဘဝကို ငြီးငွေ့လာပြီးတော့ သူမရဲ့ခင်ပွန်းသည်ကို သတိပေးပါတယ်၊ "ရှင်တို့ဟာ ကွန်မြူနစ်ဝါဒ ယုံကြည်ပြီးတော့ အစိုးရကို ဆန့်ကျင်နေတာ အခုထိလည်း ဘာမှ အကောင်အထည် မပေါ်သေးဘူး၊ အတည်

တကျလည်း မရှိဘူး၊ အတိုင်းအတာတော့ ရှိသင့်တယ်၊ အဲဒါတွေကို စဉ်းစားပါ”လို့ ပြောပြပါတယ်၊ အခြားနည်းနဲ့ ပြောတာတွေလည်း အများကြီး ရှိပါတယ်။

အထူးအားဖြင့် ကလေးတွေကို မအေဖြစ်သူက သူ့ဖအေကို ပူဆာခိုင်းတယ်၊ ပူဆာခိုင်းတယ် ဆိုတာက တောထဲမှာ ဆင်းဆင်းရဲရဲ နေရပြီး ကောင်းကောင်းမွန်မွန် မစားရဘူး၊ အစားအသောက် ကောင်းကောင်းမွန်မွန်လေးတွေ စားချင်တယ်လို့ ပူဆာခိုင်းတယ်၊ သူဟာ အစပိုင်းတော့ ဘယ်လောက်ပဲ အယူဝါဒ ပြင်းထန်သူ ဖြစ်ပေမယ့် သားသမီးပေါ်မှာ ချစ်ခင်တဲ့ နှလုံးခါတ်က သိမ်မွေ့တော့ တော်တော် တုန်လှုပ်သွားတယ်၊ အဲဒီလို ပူဆာပါများလာတဲ့အခါ ကလေးတွေကို ချစ်ခင်တဲ့ စိတ်ကလည်း ရှိ၊ မယားကလည်း ပြောပြောပေးတယ်ဆိုတော့ သူ့အယူဝါဒအပေါ်မှာ နည်းနည်းလေး စိတ်ကလေးတွေ ပျော့ပျောင်းလာတယ်၊ နောက်ဆုံး အစိုးရထံမှာ လက်နက်ချပြီးတော့ အလင်းဝင်လာတယ်။

လက်နက်ချပြီး အလင်းဝင်လာပေမယ့် သူ့ ကွန်မြူနစ်ဝါဒကိုတော့ သူ ဆုပ်ကိုင်ထားပါသေးတယ်၊ ဒီအခါမှာ အစိုးရက သူတို့ဇနီးမောင်နှံနှစ်ယောက်လုံးအား ထိုက်တန်တဲ့ ရာထူးပေးထားပါတယ်၊ အစိုးရဝန်ထမ်းတွေ ဖြစ်သွားပါတယ်၊ ကွန်မြူနစ်အဖွဲ့ထဲမှာ သူဟာ ကွန်မြူနစ်ပါတီရဲ့ ဒုတိယတန်းစား

ခေါင်းဆောင်လောက်တော့ ဖြစ်ပါလိမ့်မယ်၊ ကွန်မြူနစ်ပါတီရဲ့ တပ်မတော်က တိုင်းစစ်ဆင်ရေးမှူးပါပဲ၊ ပြီးတော့လဲ သူဟာ ကွန်မြူနစ်တပ်ထဲမှာ စစ်ဗိုလ်တစ်ယောက်ပဲ၊ အဲဒါတွေကိုလည်း စွန့်ခဲ့တာပါပဲ။

အဲဒီလိုနေရင်းက ဇနီးဖြစ်သူက ရုံးသွားတယ်၊ ရုံးကပြန်တယ်၊ မဟာစည် သာသနာ့ရိပ်သာ လာရောက်ပြီးတော့လည်း အချိန်ပိုင်းယောဂီ လုပ်ပါတယ်၊ အဲဒီလို ယောဂီလုပ်ရင်းက တရားသဘောလေးတွေ တွေ့တွေ့သွားတော့ သူယောကျ်ားကိုလည်း တရားနယ်ထဲ ရောက်စေချင်တဲ့ဆန္ဒတွေ သူမမှာ ပြင်းပြလာပါတယ်၊ သူယောကျ်ားကိုလည်း ကြောက်ရတာ ဖြစ်တော့ တရား အားထုတ်ဖို့ တိုက်ရိုက် မတိုက်တွန်းဝံ့ဘူး၊ ဒီတော့ သွယ်ဝိုက်တဲ့နည်းကို အသုံးပြုတယ်၊ ရုံးပိတ်ရက်မှာ အိမ်မှာ နားနေတုန်း မဟာစည်ဆရာတော်ကြီး ရေးသားထားတဲ့ တရားစာတွေ သူ့ယောကျ်ား ကြားလောက်အောင် ဖတ်ပြတယ်၊ နဂိုက ဘာသာ မရှိတဲ့သူဟာ သူ့ဇနီး တရားစာဖတ်နေတာတွေကို နည်းနည်းလေးမှ မကျေနပ်ဘူးတဲ့၊ "မင်း ဘာစာတွေ ဖတ်နေတာလဲ၊ ဘာလဲ"ဆိုပြီး မနှစ်မြို့တဲ့ အသံ, အမူအရာနဲ့ အပြော ခံရတယ်တဲ့၊ ဒါပေမယ့် အမျိုးသမီးက သတ္တိရှိရှိနဲ့ သူ့ဟာသူပဲ သူ့နေရာမှာ ဖတ်မြဲဖတ်နေတာပဲ။

လင်သားက နိုင်တော့ မယားကို ဆူပူကြိမ်းမောင်းရင်းက လင်မယား စကားများသည်အထိ ဖြစ်ပါတယ်၊ မယားကို ရိုက်ရ

မှာလည်း သူ ဝန်လေးသလား မသိပါဘူး၊ မယားကို မရိုက်ရတော့ အိမ်မှာ ရှိတဲ့ ပန်းကန်တွေ၊ ဖန်ခွက်တွေကို အကုန် ရိုက်ခွဲပစ်တယ်၊ ဆူပူကြိမ်းမောင်းတယ်၊ မကြာခဏ ရန်ဖြစ်တယ်၊ အိမ်နီးနားချင်းတွေလည်း ဘာမှ မတတ်နိုင်ဘူးတဲ့။

သူ့ရုပ်ကြည့်ရတာလည်း လူရုပ် မပေါက်ဘူး၊ အင်မတန်ကို အရုပ်ဆိုး၊ အကျည်းတန်တဲ့ သရဲရုပ်ပေါက်နေတယ်၊ အမျိုးသမီးတွေကို ကြည့်တဲ့အခါမှာလည်း တကယ့်ကို စိတ်ဆိုးနေတဲ့ပုံနဲ့ ကြည့်တယ်၊ အကြည့်ခံရတဲ့ အမျိုးသမီးတွေကလည်း "ဒီလို ကြည့်ရမလား" ဆိုပြီးတော့ သူ့ကို ရွံကြောက်ကြီး ဖြစ်နေကြတယ်။

အဲဒီလိုပဲ သူ့ဇနီးက နေ့စဉ်ရက်ဆက် မဟာစည်တရားစာတွေ ဖတ်ဖတ်ပြလေတော့ မဟာစည်ဆရာတော်ကြီးရဲ့ တရားစာပေထဲမှာ သဘာဝကျတဲ့ အချက်တွေ၊ ကြောင်းကျိုးဆက်မှုတွေ၊ ဥပမာ၊ ဥပမေယျနဲ့ ပြထားတဲ့ အချက်တွေ ကြားရတော့ တစ်လုံးကြား၊ နှစ်လုံးကြားရင်းက နည်းနည်း သူ စဉ်းစားစပြုလာတယ်၊ သူ စိတ်ဝင်စားမှန်း သိလာတော့ သူ့ဇနီးသည်က သူ့ကို ရိပ်သာပို့ပေးခိုင်းချင်တယ်၊ ဒါပေမယ့် တိုက်ရိုက်လဲ မတိုက်တွန်းချင်ဘူး၊ အဲဒီတော့ ပရိယာယ်နဲ့ ဘယ်လို လုပ်သလဲဆိုတော့ "ကျမ ရိပ်သာသွားပြီးတော့ တရားနာချင်ပါတယ်၊ မဟာစည် ဆရာတော်ကြီးကလည်း ဥပုသ်နေ့တိုင်း တရားဟော

ကြားနေပါတယ်၊ လိုက်ပို့စမ်းပါ”လို့ ပြောတယ်၊ သူတို့ မိန်းမ ပရိယာယ်လည်း ပါချင်ပါမှာပေါ့၊ လိုက်ပို့ချင်လောက်အောင် ပြောမှာပေါ့၊ နောက်ဆုံး ရိပ်သာကို လိုက်ပို့တဲ့အပိုင်းထိ ရောက် လာပါတယ်။

အမျိုးသမီးက ဓမ္မာရုံထဲဝင်ပြီး တရားနာတယ်၊ အမျိုးသား ကတော့ ဓမ္မာရုံအနီး သစ်ပင်တစ်ပင်အောက်မှာပဲ ထိုင်ပြီး စောင့် နေပါတယ်၊ အဲဒီမှာ တရားနာဖို့ ထိုင်နေတာ မဟုတ်ဘူး၊ သူ့ အမျိုးသမီးကို စောင့်နေတာ၊ အဲဒီလို စောင့်နေရင်းကပဲ အသံချဲ့ စက်နဲ့ ဟောနေတာဆိုတော့ မဟာစည်ဆရာတော်ကြီးရဲ့ တရား အသံကို နားမထောင်ချင်ပေမယ့် မဟာစည်ဆရာတော်ကြီးရဲ့ တရားအသံက သူ့နားထဲ ရောက်ရောက်နေတယ်၊ သူ့ဇနီး မဟာစည် တရားစာအုပ် ဖတ်စဉ်က နားထောင်ရတဲ့ သဘာဝ ကျတဲ့ အချက်အလက်တွေနဲ့ မဟာစည် ဆရာတော်ကြီး ကိုယ်တိုင် ဟောကြားနေတဲ့ အချက်အလက်တွေပေါ်မှာ စိတ် ဝင်စားပြီးတော့ သူ နားထောင်တယ်၊ သူ့မှာ သဒ္ဓါတရားတွေ ဖြစ်လာတယ်၊ စာအုပ်ထဲက ကြားရတဲ့ အချက်အလက်နဲ့ ဆရာတော်ကြီးကိုယ်တိုင် ဟောလို့ ကြားရတဲ့ အချက်အလက်၊ အဲဒီနှစ်မျိုး ပေါင်းစပ်လိုက်တဲ့အခါကျတော့ သူ့မှာ တော်တော် လေး အခြေအနေ ကောင်းသွားတာ တွေ့ရတယ်။

ဒီအချက်ကို သူ့ဇနီးက ကောင်းကောင်း နားလည်တော့ နွေရာသီ ရုံးပိတ်ရက်ကြုံတဲ့အခါ သာသနာ့ရိပ်သာ သွားပြီး လေး,

ငါးရက်လောက် တရားအားထုတ်ကြည့်စမ်းပါလားလို့ တစ်ဆင့် တက်ပြောပြီး တရားအားထုတ်ဖြစ်တဲ့အထိ ရောက်အောင် စီစဉ် ပေးတယ်၊ နောက်ဆုံး သာသနာ့ရိပ်သာထဲ ဘုန်းကြီးထံ ရောက် လာပါတယ်၊ အဲဒီ(၄–၅)ရက်လောက်အချိန်မှာတော့ ကမ္မဋ္ဌာန်း ဆရာတွေ ဟောတဲ့အတိုင်း တော်တော်လေး ရိုရိုသေသေနဲ့ သူ အားထုတ်ပါတယ်၊ ကြည်ညိုလေးစားမှုလည်း ရှိသွားပါတယ်၊ ရုပ်နာမ်သဘောတရားတွေကိုလည်း တော်တော်လေး ကျေနပ်တဲ့ အပိုင်း ရောက်သွားပါတယ်။

သူ ပြန်ခါနီးကျတော့ သတင်းကြားရပါတယ်၊ နောက်ကွယ် မှာ သူ့ဇနီး လုပ်ချင်တာတွေ လွတ်လွတ်လပ်လပ် လုပ်ရ အောင်လို့ ရိပ်သာပို့တယ်လို့ သူ့ဇနီးအပေါ် အထင်အမြင်လွဲခဲ့ ပါတယ်၊ သူ့ဇနီးက တကယ့် ကောင်းစေချင်တဲ့ သဘောနဲ့ ရိပ်သာပို့တယ်ဆိုတာကို နောင်အခါ တရား ကိုယ်တွေ့ကြုံမှ သူ သဘောပေါက် နားလည်သွားပါတယ်၊ တရားရဲ့ အရသာလေး (၄–၅)ရက်အတွင်းထဲမှာ ထိုက်သင့်သလောက် သိသွားတော့ ယုံကြည်ချက်ကလေး ရှိသွားတယ်၊ နောက် ရက်ရှည် ခွင့်ယူပြီး တော့ တရားအားထုတ်ဦးမယ်လို့ သူ ပြောသွားပါတယ်။

နောက်မကြာခင် လအနည်းငယ်ပိုင်းမှာပဲ တစ်လခွင့်ယူပြီး ယာယီရဟန်းအဖြစ် ခံယူကာ တရားကို ကမ္မဋ္ဌာန်းဆရာတွေ သင်ပြတဲ့အတိုင်း သူ အားထုတ်ပါတယ်၊ အဲဒီလို ကြိုးစား အား ထုတ်နေရင်းက သူ့ကိုယ်မှာ ဒုက္ခဝေဒနာ ပေါ်လာတဲ့အခါ သူ

တောထဲမှာ သူတစ်ပါးအပေါ် အလွန်အကျွံ ပြုမူခဲ့တာတွေ အကုန်လုံး ပြန်ပေါ်လာတော့တာပဲ၊ သူ ညှဉ်းဆဲခဲ့တာတွေရဲ့ မကောင်းတဲ့ တုံ့ပြန်မှုတွေကို အများကြီး တွေ့တော့တာပဲ၊ အဲဒီ ဒုက္ခဝေဒနာခန်း ရောက်လာတဲ့အခါ ရုပ်လည်းပဲ ပြောင်း သွားတာပဲ၊ လူရုပ်ကနေပြီးတော့ အင်မတန် ရုပ်ဆိုးတဲ့ ပုံတစ်မျိုး ဖြစ်သွားတာပါပဲ၊ အဲဒီအခါမှာ ဇကောသီကို ချုတ်ပြီးတော့ သူနေ တဲ့ အခန်းထဲမှာ ခန်းမအလယ်လောက် သွားပြီး တစ်ယောက် တည်း လက်ဖွေ့ထိုးတော့တာပဲ၊ တစ်ယောက်တည်း လက်ဖွေ့ထိုး လို့ မောပြီဆိုလို့ရှိရင် တစ်ယောက်ယောက်က သူ့ကို ခြေနဲ့ ကန်ကြောက်လိုက်လို့ လဲသွားတာမျိုးတွေလည်း အများကြီးပဲ၊ အဲဒီလို အကြိမ်ပေါင်းများစွာ ခံရတော့ တောထဲမှာ အစိုးရကို ဆန့်ကျင်ခဲ့စဉ်က သူ စိတ်မထိန်းနိုင်လို့ ပြုမူခဲ့တဲ့ ပြုမူချက် တွေ အကုန်လုံး ပြန်ပေါ်တာပဲ။

အဲဒီမှာ ကွန်မြူနစ်ဝါဒနဲ့ ဆန့်ကျင်တဲ့ ပုဂ္ဂိုလ်တွေကို ခေါ် ခေါ်ပြီးတော့ ညှဉ်းဆဲခဲ့တယ်၊ အဲဒီရက်စက်မှုတွေ နောက်ကြောင်း တွေဟာ တရားအားထုတ်စဉ်မှာ အကုန်လုံး ပြန်ပေါ်တာပဲ၊ မကောင်းတဲ့ ကံများဟာ နောက်ဘဝအထိ မစောင့်ဆိုင်းတော့ဘူး၊ ယခုဘဝမှာပဲ ခံနေရပြီ၊ "မကောင်းရင်တော့ မကောင်းတာပဲ ဖြစ်မှာပဲ၊ ကောင်းရင် ကောင်းတာပဲ ဖြစ်မှာ"လို့ နားလည်ကာ ကံ, ကံရဲ့ အကျိုးကိုလည်း သူ ယုံကြည်လက်ခံလာတယ်၊ သူ

ညှဉ်းဆဲခဲ့တာတွေ တော်တော်လေး ကုန်သွားတဲ့အထိ ခံရတာကို၊ အဲဒီတော့ သူ့တစ်ယောက်တည်း လွှတ်ထားလို့ မဖြစ်တာနဲ့မို့ ဘုန်းကြီးရဲ့ အနီးအပါးမှာ ခေါ်ထားရတယ်၊ သူ့ကို အမြဲတန်း သတိပေးပြီး အမှတ်ခိုင်းရပါတယ်။

သူ့မှာ ဒုက္ခဝေဒနာတွေ တက်လာပြီဆိုရင် လူရုပ် မပေါက်တော့ဘူး၊ ရုပ်တစ်မျိုး ပြောင်းပြီးတော့ ကြမ်းလာတယ်၊ ကျောတွေ, ကိုယ်တွေလည်း တစ်ခါထဲ တောင့်တင်းလာတယ်၊ အဲဒီအခါ သူ့လက်တွေကို ကိုင်ပြီး သတိပေးကာ အမှတ်ခိုင်းရတယ်၊ အဲဒီလို နည်းနဲ့ပဲ ပြုပြင်ပေးလိုက်တော့ နောက်ဆုံးမှာ တရားတွေ တော်တော် ကောင်းသွားပါတယ်၊ သူ့ကိုယ်တွေလည်း ငြိမ်သွားပါတယ်၊ မဖောက်ပြန်တော့ပါဘူး၊ ရုပ်တွေလည်း ကြည်သွားပါတယ်၊ အဲဒီလို တရားသဘောလေးတွေ တွေ့သွားတော့ ရုပ်တွေ လှသွားတယ်၊ ကြည့်ရတာကို ကျက်သရေရှိသွားတယ်။

နောက်အိမ်ပြန်သွားတဲ့အခါ သူ့ဇနီးနဲ့လည်း ရန်မဖြစ်တော့ဘူး။၊ ပန်းကန်တွေလည်း မကွဲတော့ဘူး၊ သူတို့ဇနီးမောင်နှံ ရန်ဖြစ်တဲ့ ဆူဆူညံညံအသံတွေကြောင့် အိမ်နီးနားချင်းတွေ စိတ်ဆင်းရဲခြင်းလည်း မရှိတော့ဘူး၊ တစ်ခါတည်း လူကောင်းတစ်ယောက် ဖြစ်သွားတာပဲ၊ ချက်ချင်းကို အကုန်လုံး ပြောင်းသွားတာ၊ သူ့ သူငယ်ချင်းတွေကလည်း တွေ့တိုင်းတွေ့တိုင်း "မင်း‥ဘယ်လိုလဲ၊ ရုပ်တွေ ပြောင်းသွားတယ်၊ ရုပ်တွေ လှလာတယ်"လို့ ပြောပြီး သိပ်အံ့အားသင့်သွားကြတယ်။

"သူ တရားအားထုတ်လို့ ဒီလို ပြောင်းလဲမှုတွေ ရလာတဲ့အကြောင်း၊ ဒီလို ပြောင်းလဲမှုလေးတွေဟာ သူ့ဇနီးရဲ့ လိမ္မာပါးနပ်မှုကြောင့် ဖြစ်ပေါ်လာရကြောင်းတွေကို သူက သူ့သူငယ်ချင်းတွေကို ရှင်းပြတဲ့အခါ သူ့ သူငယ်ချင်းတွေက "ဒီလိုဆိုရင် မင်းရဲ့ မိန်းမကို မင်း နေ့တိုင်း နေ့တိုင်း ရှိခိုးနေဖို့ကောင်းတာပဲ"လို့ မှတ်ချက် ချသွားကြတယ်တဲ့၊ တစ်ချိန်မှာ ဘုန်းကြီးက ကျောင်းခေါ်ပြီး သူ့ရဲ့ဘဝ ပြောင်းလဲပုံလေးတွေ ပြောပြစမ်းပါဆိုလို့ ပြောပြတဲ့အခါ တိတ်ခွေနဲ့ အသံသွင်းထားပါတယ်၊ အဲဒီအသံသွင်းပြောပြတဲ့အထဲမှာ စကားလေးတစ်လုံးကို သူ သုံးပါတယ်။

"ရုပ်ဝါဒကို ထိရောက်အောင် ချေဖျက်တဲ့နေရာမှာ လက်တွေ့ သတိပဋ္ဌာန် တရားဟာ အကောင်းဆုံးပဲ"တဲ့။

သူက အဲဒီလို ဆုံးဖြတ်ချက် ချထားပါတယ်၊ ဒီပြင် အကြောင်းအရာတွေလည်း ပါတော့ပါပါသေးတယ်၊ ဒါပေမယ့် ဘုန်းကြီးက ဒီအချက်ကို ပိုသိစေချင်တယ်။

နောက်တစ်ခု သူက ပြောသေးတယ် "သူဟာ အရင်တုန်းက အရက်အားကြီးသောက်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်၊ အမြဲတန်းသောက်တယ်၊ တရားအားထုတ်ပြီးတဲ့ အချိန်က စပြီး အရက်မသောက်တော့ဘူး၊ အလိုလို စိတ် ကုန်စင်ပြီး အရက်ပြတ်သွားတော့ သောက်လိုတဲ့ဆန္ဒကို နှိုးကြည့်တာ လုံးဝ ဆန္ဒ နိုးမလာ

တော့ဘူး၊ အဲဒီနောက်ပိုင်းမှာ နဂိုက သူရဲ့ သောက်ဖော်သောက်ဖက် အရက်သမားတွေနဲ့ သူနဲ့ ခင်မင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေကို တရားချည်း လိုက်ဟောနေတော့တာပဲတဲ့၊ သူက အရက်ရှောင်ထားတော့ သူ လာပြီဆိုရင် နဂိုက သူ့သောက်ဖော်သောက်ဖက်တွေက အရက်ပုလင်းတွေ ဝှက်ထားကြတယ်၊ သူ့ရှေ့ဆိုရင် ဘာမှ မလုပ်ဘဲနဲ့ သူ့ကို ရိုသေသွားကြတာပဲ၊ အဲဒီလောက်အထိ ဖြစ်သွားတယ်။

ဒါဟာ ကွန်မြူနစ်ဝါဒသမားတစ်ယောက် သတိပဋ္ဌာန်တရားအားထုတ်လို့ ပြောင်းလဲသွားတဲ့ ဖြစ်ရပ်တစ်ခုပါပဲတဲ့။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ဟောကြားအပ်သော ထိုရုပ်ဝါဒသမား၏ ဖြစ်ရပ်၌ ရုပ်ဝါဒသမားတို့နှင့် ပေါင်းသဖြင့် ရုပ်ဝါဒသမားတစ်ဦး ဖြစ်သွားပုံ၊ တောခိုသွားပုံ၊ တောထဲ၌ ရုပ်ဝါဒထဲသို့ သူ့ကလေးတို့ကိုပါ သိမ်းသွင်းပုံ၊ ကြောက်မက်ဖွယ်ရာကလေးများ ဖြစ်သွားပုံ၊ တောထဲ၌ ဆင်းရဲပုံတို့ကို မှန်းဆကာ မြင်ယောင်နေမိပါသည်၊ ဇနီးအလိမ္မာကြောင့် အမှောင်ထဲမှ အလင်းဝင်လာပုံ၊ တစ်ဆင့် တက်၍ ရုပ်ဝါဒအမှောင်မှ ဓမ္မဝါဒ အလင်းရောင်သို့ သက်ဝင်သွားပုံတို့ကို သိရသောအခါ ဇနီးအလိမ္မာကို များစွာ လေးစားမိပါသည်၊ "ဇနီးကောင်းတစ်ဦး ပီသပါပေစွ"ဟုလည်း စိတ်ထဲမှာ ချီးကျူးနေမိပါသည်၊ အလင်းဝင်လာသည့် သူတို့ ဇနီးမောင်နှံ(၂)ယောက်လုံးအား အစိုးရက ထိုက်တန်သောရာထူး ပေးသဖြင့် သူတို့ဘဝရပ်တည်ရေး အတွက်

သူတို့ ကြည်နူးကျေနပ်နေကြပေလိမ့်မယ်ဟုလည်း တွေးဆနေမိပါသည်၊ တရားအားထုတ်စဉ်တွင် သူ့အကုသိုလ်ဒဏ် သူခံစားရပုံကလည်း အကုသိုလ်ပြုသူတို့အား သတိတရား ရစေပါလိမ့်မည်၊ အံ့အားသင့်လောက်အောင် သူ့ဘဝကို ပြောင်းလဲသွားစေသည့် သတိပဋ္ဌာန်တရား၏ စွမ်းအားကား ကြီးမားလှပါပေစွ။

ဤရုပ်ဝါဒသမား၏ ဖြစ်ရပ်နှင့် စပ်၍ စာရေးသူ၏အတွေးတွင် ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အောက်ပါလင်္ကာလေးများ ဝင်ရောက်လာကြပါသည်။

ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော်အများ, စိတ်
ကောင်းထားလည်း, ဤကား ကုသိုလ်, အကုသိုလ်နှင့်
ထိုထိုဘုံဘဝ, မသိရ, များလှအပြစ်တွေ။
ဘုရားရှင်တော်, ပွင့်ထွန်းပေါ်၍, ဟောဖော်ညွှန်ကြား,
မြတ်တရားကြောင့်, ဤကား ကုသိုလ်, အကုသိုလ်နှင့်
ထိုထိုဘုံဘဝ, သိကြရ, များလှ ကျေးဇူးတွေ။
ကျေးဇူးတော်ရှင်, ဘုရားရှင်ကို, နေ့စဉ်မပြတ်,
ကျေးဇူးဆပ်သို့, အမြတ်ရတနာ, သာသနာ၏, နှစ်ဖြာ
ဝန်ထမ်း လွန်ကြိုးပမ်း, အစွမ်းပြကြစေ။

❀ ❀ ❀

# မွန်ပြည်နယ်မှာ သာသနာ့လင်းရောင်ဖြာ

၁၃၅၆–ခု ပြာသိုလ်လဆန်း (၁၁)ရက်နေ့ (၁၁၊ ၁၊ ၉၅) တွင် ကျေးရှူးရှင် ရွှေတောင်ကုန်း သာသာနာ့ရိပ်သာ ဆရာတော်နှင့် နာယက ဇေယျဝတီဆရာတော် အရှင်သာသနတို့သည် လေယာဉ်ဖြင့်, ကျုံမငေးဆရာတော် အရှင်ပညာဘာသ, ရွှေဘို တည်တော ဆရာတော် အရှင်နန္ဒနှင့် စာရေးသူတို့သည် ရထားဖြင့် မော်လမြိုင်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာသို့ သိမ်သမုတ်ဖို့ သွားခဲ့ကြပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိမ်း, အဖွဲ့ဝင် ဦးမြင့်သိန်းတို့အပြင် မော်လမြိုင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ကျောင်းဒကာ ရွှေသမင်မိသားစုနှင့် အခြား ဝေယျာဝစ္စ ကုသိုလ်ရှင်တို့လည်း စာရေးသူတို့နှင့်အတူ ရထားဖြင့် သွားခဲ့ကြပါသည်၊ ရထားလမ်း

ခရီးတစ်နေရာတွင် ဦးမြင့်သိန်းက စာရေးသူအား တိုင်းရင်းသားတို့၏ ဘာသာရေးရာ အခြေအနေတွေကိုပါ အခွင့်သင့်လျှင် သင့်သလို ရေးသား ဖော်ပြဖို့ ပန်ကြားလျှောက်ထားပါသည်၊ သူ ပန်ကြားလျှောက်ထားသံကို ကြားရသောအခါ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ကျေးဇူးရှင် ဆရာတော်ကြီးနှင့်အတူ လွန်ခဲ့သည့် (၂)နှစ်ခန့်က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ရှိ ဝေဠုဝန် စာသင်တိုက်တွင် မဟာစည် သာသနာ့ ရိပ်သာသစ်လေးအဖြစ် ဖွင့်လှစ်ပေးဖို့ သွားရောက်ခဲ့စဉ်က ပင်လုံမြို့မှာ ပအိုဝ်းစသော တိုင်းရင်းသားတို့၏ ဗုဒ္ဓသာသနာရေးရာ အခြေအနေတို့ကို ရေးသားဖော်ပြခဲ့သော ဆောင်းပါးများကို သတိရလာမိပါသည်။

ဤမော်လမြိုင် ခရီးစဉ်တွင်လည်း အလျဉ်းသင့်သလို ဆောင်းပါးများ ရေးသားဖော်ပြဖို့ ဆန္ဒရှိခဲ့လေရာ ဦးမြင့်သိန်းက ပန်ကြားလျှောက်ထားသောအခါ ရေးသားဖော်ပြမည်ဟူ၍ကား ကြိုတင်၍ မခန့်မှန်းနိုင်၊ မမှန်းဆနိုင်ခဲ့ပါ၊ မော်လမြိုင်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ရောက်သောအခါ ကျေးဇူးရှင်ဆရာတော်ကို လာရောက်ဖူးမျှော် ကန်တော့သော ဘုန်းကြီးတစ်ပါးကို ဖူးတွေ့ရပါသည်၊ ထိုဘုန်းတော်ကြီး၏ နောက်တော်ပါးတွင် ဒကာကြီး (၃)ဦးကိုလည်း တွေ့ရပါသည်၊ ကျေးဇူးရှင်ဆရာတော်နှင့် စကားပြောနေကြသော ထိုဘုန်းတော်ကြီးနှင့် ထိုဒကာတို့၏ အသံမှာ ဝဲတဲတဲ ဖြစ်နေပါ

သည်၊ မွန်အမျိုးသားများ ဖြစ်ကြလိမ့်မည်ဟု ခန့်မှန်းနေမိပါသည်၊ ထိုစဉ် ဆရာတော်က စာရေးသူအား "ဒီဘုန်းတော်ကြီးနဲ့ ဒီဒကာကြီးတို့ရဲ့ မွန်အမျိုးသား၊ အမျိုးသမီးတို့ သတိပဋ္ဌာန်တရား အားထုတ်ခွင့် ရအောင် ကြိုးစားကြပုံလေးတွေကို လေ့လာကြည့်ပါလား"ဟု မိန့်ကြားတော်မူပါသည်၊ ထို့ကြောင့် စာရေးသူက ထိုဘုန်းတော်ကြီးအား မေးမြန်းလျှောက်ထားကြည့်ရာ ထိုဘုန်းတော်ကြီး၏ မိန့်ကြားတော်မူချက်အရ ဤသို့ သိရပါသည်။

ထိုဘုန်းတော်ကြီးသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာရှိ သာသနဝေပုလ္လာရာမကျောင်းတိုက် ဆရာတော် ဖြစ်ပါသည်၊ ဘွဲ့တော်မှာ အရှင်ဥပါလိ ဖြစ်ပြီး သက်တော် (၅၇) နှစ်၊ ဝါတော် (၃၇)ဝါ ရှိနေလေပြီ၊ ကတိုးမြို့ မဟာရင် ပရိယတ္တိ စာသင်တိုက်နှင့် မြောင်းမြမြို့ ပဓ္ဓောတာရုံ စာသင်တိုက်တို့၌ ပရိယတ်စာပေများကို လေ့လာသင်ယူခဲ့ပေသည်၊ ဆရာတော်အရှင်ဥပါလိသည် ငယ်ရွယ်စဉ် သာမဏေဘဝကပင် တရားအားထုတ်လိုသည့်ဆန္ဒ ပြင်းပြခဲ့သည်၊ ထို့ကြောင့် အရှင်ဥပါလိသည် စာမေးပွဲတို့ကို မဖြေဆိုတော့ဘဲ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နှံ့စပ်အောင် လေ့လာဆည်းပူးခဲ့သည်၊ အရှင်ဥပါလိသည် ရဟန်း(၃)ဝါ ရသည်အထိ မြန်မာစကား မပြောတတ်သေးခဲ့၊ မြောင်းမြမြို့ ပဓ္ဓောတာရုံ စာသင်တိုက်သို့ သွားရောက်ပြီး ပရိယတ်စာပေ သင်ယူရာအခါမှစ၍ မြန်မာစကားကို စတင်ပြောတတ်ခဲ့လေသည်။

အရှင်ဥပါလိသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံတွင် သတိပဋ္ဌာန်တရားကို ပွားများ အားထုတ်ခဲ့ပါသည်၊ မော်လမြိုင် မြို့ပေါက်ဝ သတိပဋ္ဌာန်ဆရာတော်, တော်ကူးဆရာတော်, မော်လမြိုင် တောင်ဝိုင်း ဆရာတော်ထံတွင်လည်း သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့ပါသည်၊ အခြားအခြား ကမ္မဋ္ဌာန်းနည်းတို့ဖြင့်လည်း အားထုတ်ခဲ့လေသည်၊ အရှင်ဥပါလိသည် ကော့ခပုံကျေးရွာ သာသနဝေပုလ္လာ ရာမ ကျောင်းတိုက်တွင် ပရိယတ်စာပေ ပို့ချပေးသည်၊ ကော့ခပုံကျေးရွာ (၁၅) ရက် တရားစခန်းကို နှစ်စဉ်ကျင်းပကာ သတိပဋ္ဌာန်တရားကို ပြသပေးခဲ့သည်မှာ (၁၅)ကြိမ် ရှိခဲ့ပေပြီ၊ ကော့ခပုံ ကျေးရွာမှ သတိပဋ္ဌာန်တရား အားထုတ်ပြီးသည့် ယောဂီအပေါင်း (၂၃၀၀) ကျော် နေလေပြီ။

အရှင်ဥပါလိသည် မွန်စကားကိုသာ နားလည်နိုင်ကြ, ပြောနိုင်ကြသော မွန်အမျိုးသား, အမျိုးသမီးတို့ သတိပဋ္ဌာန် တရားကို အားထုတ်ရာဝယ် အခက်အခဲ တွေ့ကြုံနေကြသည်တို့ကို သိရှိမြင်တွေ့နေရလေသည်၊ မော်လမြိုင်မြို့ပေါ်တွင် တောင်ဝိုင်း မဟာစည် သာသနာ့ရိပ်သာ, မြို့ပေါက်ဝ သတိပဋ္ဌာန် သာသနာ့ရိပ်သာ, သီတာရုံ သာသနာ့ရိပ်သာနှင့် မော်လမြိုင် အနီးအနားတစ်ဝိုက်တွင် တော်ကူးရိပ်သာ, သာယာကုန်း မဟာစည်ရိပ်သာ, မုဒုံ မဟာစည် သာသနာ့ရိပ်သာ စသည်တို့၌ မြန်မာစကားဖြင့် တရားဟော, တရားပြကြသဖြင့် မွန်စကားကိုသာ နားလည်နိုင်

ကြ၊ ပြောနိုင်ကြသူတို့ မည်မျှပင် သတိပဋ္ဌာန်အားထုတ်လိုသည့် ဆန္ဒ ပြင်းပြကြသော်လည်း သူတို့ ဆန္ဒ မပြည့်ဝဘဲ ရှိနေသည်မှာ လွန်စွာပင် သနားစရာ ဖြစ်နေပါတော့သည်။

ထိုအခြေအနေကို ကောင်းစွာ သိရှိနေရသော မွန်အမျိုးသား ရဟန်းတော်ဖြစ်သည့် အရှင်ဥပါလိသည် သူ၏ ဆွေတော် မျိုးတော် မွန်အမျိုးသား၊ အမျိုးသမီး အငယ်၊ အလတ်၊ အကြီး အသီးသီးတို့ သတိပဋ္ဌာန်တရား အားထုတ်ခွင့် ရရေးအတွက် အစွမ်းကုန် ကြိုးစားပါလေတော့သည်၊ အရှင်ဥပါလိမှာ သူ့ကျောင်းတွင် နားနေရသည့်ရက် အလွန်ပင် နည်းလှပေသည်၊ ဝါတွင်းကာလမှာရော ဝါကျွတ်ကာလမှာပါ မွန်ပြည်နယ်တစ်ဝှမ်းတွင် (၁၀)ရက်စခန်းများ ဖွင့်ကာ သတိပဋ္ဌာန်တရားကို မဟာစည်ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ မွန်ဘာသာစကားဖြင့် တရားဟော၊ တရားပြပေးနေလေသည်၊ အရှင်ဥပါလိကို မွန်အမျိုးသားတို့အတွက် ဗုဒ္ဓသာသနာရေးရာ ဆောင်ရွက်ချက် အဖြာဖြာကို သိရှိရသောအခါ အရှင်ဥပါလိကို ပို၍ လေးစားကြည်ညိုမိလာပါသည်၊ စာရှုသူ သိရှိရလျှင်လည်း လေးစားကြည်ညိုလာမိမှာ သေချာပါသည်၊ စာရှုသူ လေ့လာကြည့်ပါဦး။

အရှင်ဥပါလိသည် ဖားအံမြို့နယ် ကတိုးမြို့ မဟာရင်ကျောင်း ပရိယတ္တိ စာသင်တိုက်တွင် (၁၄)နှစ်တိုင်တိုင် မွန်ရဟန်း၊ သာမဏေတို့အား ပရိယတ်စာပေများကို ပို့ချပေးခဲ့ပြီးနောက် ကော့ခပုံကျေးရွာ သာသနဝေပုလ္လာရာမကျောင်းတိုက်တွင်

ပရိယတ်စာပေများ ပို့ချပေးကာ သတိပဋ္ဌာန်တရားကိုလည်း ဟောပြော ပြသပေးနေပါသည်၊ ဖားအံမြို့နယ် ကော့ဂွန်းကျေးရွာ သမစိတ္တကျောင်းတွင် (၅)နှစ်အတွင်း (၅)ကြိမ်တိုင်တိုင်(၁၀)ရက် တရားစခန်း ဖွင့်လှစ်ကာ သတိပဋ္ဌာန်တရားကို ဟောပြောပြသ ပေးရာ လာရောက်အားထုတ်ကြသည့် ယောဂီပေါင်း (၃၀၀) ကျော် ရှိခဲ့ပါသည်၊ ကျုံပနော်ရွာ ကျုံပနော်ကျောင်းတွင်လည်း (၅)ကြိမ် (၁၀)ရက် စခန်းဖွင့်ပြီး ပြသခဲ့ရာ ယောဂီအပါး (၃၃၀)ကျော် ရှိခဲ့ပေသည်၊ ဖဲထော်ရွာ ဖဲထော်ကျောင်းတွင် (၁) ကြိမ် (၁၀)ရက် တရားပြသပေးခဲ့ရာ ယောဂီ (၃၈)ယောက် ရှိ ခဲ့ပါသည်။

ပေါင်မြို့နယ်၊ ကဒါရွာ၊ တာဝတိံသာကျောင်းတွင် (၁၀) ရက် စခန်း (၁)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၈၀)ကျော် ရှိခဲ့သည်။

ကော့ကရိတ်မြို့နယ်၊ ကန်နီကျေးရွာ၊ ကန်နီတောရကျောင်း တွင် (၁၀)ရက် စခန်း(၁)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၆၄)ယောက် ရှိခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်ရွာဆိပ်ကြီးရွာ၊ တောရ ကျောင်းတွင် (၁၀)ရက်စခန်း (၁)ကြိမ်ဖွင့်ခဲ့ရာ ယောဂီ (ရ၈) ယောက် ရှိခဲ့သည်။

ဘီလူးကျွန်း ချောင်းဆုံမြို့နယ်၊ ဒရယ်ရွာ၊ မင်္ဂလာသုခ ကျောင်းတွင် (၁၄)နှစ်အတွင်း (၁၀)ရက်စခန်း (၁၄)ကြိမ်ဖွင့်ခဲ့

ရာ ယောဂီပေါင်း (၁၅၀၀)ကျော် ရှိခဲ့သည်၊ ကွာဖိုးယိုက်ရွာ၊ အောင်ခေမာကျောင်းတွင် (၁၀)ရက်စခန်း (၃)ကြိမ် ဖွင့်ခဲ့ရာ ယောဂီပေါင်း (၂၉၀)ကျော် ရှိခဲ့သည်။

မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ၊ သာသန ဝေပုလ္လာ ရာမ ကျောင်းတွင် (၁၀)ရက်စခန်း (၁၅)ကြိမ် ဖွင့်လှစ်ခဲ့ရာ ယောဂီ ပေါင်း (၂၃၀၀)ကျော် ရှိခဲ့သည်၊ ကော့ခပုံ, တောင်ပေါ်တောရ ကျောင်းတွင် (၁၀)ရက်စခန်း (၂)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၅၀) ယောက် ရှိခဲ့သည်၊ ကွမ်းတာရွာဟောင်း၊ ကွမ်းတာကျောင်းတွင် (၁၀)ရက်စခန်း (၈)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၆၀၀)ကျော် ရှိခဲ့ သည်၊ ပိုင်ကမာရွာ, ဓမ္မရုံသီကျောင်းတွင် (၁၀)ရက်စခန်း (၅) ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၃၅၀)ကျော် ရှိခဲ့သည်၊ ကျိုက်ရဲရွာ တိုက်ကျောင်းဟောင်းတွင် (၁၀)ရက်စခန်း (၃)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၂၈၀)ကျော် ရှိခဲ့သည်၊ ကွာမ်းလှာရွာ၊ သီဟရာဇကျောင်း တွင် (၁၀)ရက်စခန်း (၃)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ(၂၃၀)ကျော် ရှိခဲ့သည်၊ ကွာမ်းလှာရွာ၊ တိုက်ကျောင်းဟောင်းတွင် (၁၀)ရက် စခန်း (၁)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၉၃)ယောက်ရှိခဲ့သည်၊ ယောင်ဒေါင်းရွာ၊ ဝါးကျောင်းတွင် (၁၀)ရက်စခန်း (၂)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၂၆၀)ကျော် ရှိခဲ့သည်။

သံဖြူဇရပ်မြို့နယ် ရတနာသစ်ကျောင်းသစ်တွင် (၁၀)ရက် စခန်း (၃)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၂၄၃)ယောက် ရှိခဲ့သည်၊

ဝါဒရှူးရွာ၊ သစ်ကျောင်းကြီးတွင် (၁၀)ရက်စခန်း (၄)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ(၃၉၀)ကျော် ရှိခဲ့သည်၊ ကြားကန့်ရွာ၊ ကင်ပွန်းကျောင်းတွင် (၁၀)ရက်စခန်း (၁)ကြိမ်ဖွင့်ခဲ့ရာ ယောဂီ (၆၀) ရှိခဲ့သည်၊ တောင်ဖုလုတ်ရွာ၊ သတိပဋ္ဌာန်ကျောင်းတွင် (၁၀)ရက်စခန်း (၂)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၁၂၀)ကျော် ရှိခဲ့သည်။

ရေးမြို့နယ် နှစ်ကရင်ကျေးရွာ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတွင် (၁၀)ရက် တရားစခန်း (၁)ကြိမ်ဖွင့်ခဲ့ရာ ယောဂီ (၂၉) ယောက် ရှိခဲ့သည်၊ ကော့ဒွတ်ရွာ၊ ရွှေကျင်တောရကျောင်းတွင် (၁၀)ရက် တရားစခန်း (၁)ကြိမ်ဖွင့်ခဲ့ရာ ယောဂီ (၂၇၇) ယောက် ရှိခဲ့သည်၊ ဒရယ်ဖြူရွာ၊ အဘယာရာမကျောင်းတွင် (၁၀)ရက် တရားစခန်း (၁)ကြိမ် ဖွင့်ခဲ့ရာ ယောဂီ (၆၉)ယောက် ရှိခဲ့သည်။

အရှင်ဥပါလိ သီတင်းသုံးရာ ကော့ခပုံရွာ သာသနဝေပုလ္လာရာမကျောင်းတွင် မွန် သတိပဋ္ဌာန်သာသနာ့ရိပ်သာသစ်တစ်ခု ဖြစ်လာအောင် အရှင်ဥပါလိနှင့် ဓမ္မာရုံကျောင်းဒကာ ဦးကင်းရှိန်၊ ဒေါ်ခင်လေးမိသားစု စသော မွန်ဒကာ၊ ဒကာမတို့ ကြိုးစားနေကြလေပြီ၊ တရားစခန်းတို့၌ အရဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့အတွက် ဓမ္မာရုံဒကာ ဦးကင်းရှိန်၊ ဒေါ်ခင်လေးစသော ဒကာ၊ ဒကာမတို့ ကြိုးစားဆောင်ရွက်ကြသဖြင့် အဆင်ပြေ၊ ပြည့်စုံလျက် ရှိပေသည်၊ ယာယီရဟန်းဘဝဖြင့် တရားအားထုတ်လိုသူ

တို့ ယာယီရဟန်းဘဝဖြင့် အားထုတ်ခွင့်ရအောင် ဦးကင်းရှိန်၊ ဒေါ်ခင်လေးမိသားစုက ပစ္စည်း(၄)ပါးဖြင့် ထောက်ပံ့ပေးလျက် ရှိလေသည်။

မွန်ရဟန်းတော် အရှင်ဥပါလိသည် မွန်အမျိုးသား၊ အမျိုးသမီး အငယ်၊ အလတ်၊ အကြီး အသီးသီးတို့အား သတိပဋ္ဌာန် တရားရေအေး တိုက်ကျွေးပေးနေသဖြင့် မွန်အမျိုးသား၊ အမျိုးသမီး အသီးသီးတို့ သတိပဋ္ဌာန် တရားရေအေးကို သောက်သုံးခွင့် ရနေကြလေပြီ၊ ဗုဒ္ဓယဉ်ကျေးမှု အသွယ်သွယ်ကို မွန်ကလေးငယ်တို့အားလည်း အရှင်ဥပါလိသည် စာတွေ့ လက်တွေ့ သင်ကြားပြသပေးလျက် ရှိနေလေပြီ၊ အရှင်ဥပါလိ ပြသပေးနေသည့် သတိပဋ္ဌာန် လင်းရောင်ခြည်နှင့် ဗုဒ္ဓယဉ်ကျေးမှု လင်းရောင်ခြည်တို့သည် မွန်ပြည်နယ်တွင် လင်းလျက် ရှိနေလေပြီ၊ ရှမ်း၊ ကရင်၊ ချင်း၊ ရခိုင်၊ ကယား၊ ကချင်စသော တိုင်းရင်းသားတို့သည်လည်း မွန်ရဟန်းတော် အရှင်ဥပါလိပမာ ကြိုးစားကြပါလျှင် ဗုဒ္ဓတရားရောင်ခြည်သည် ပြည်မြန်မာ တစ်ခွင်တွင် အလွန်ပင် လင်းလျက် ရှိနေကြမည်မှာ မလွဲပါ တည်း။

❀ ❀ ❀

# ဆရာ

သို့

ဆရာတော်လေး အရှင်နန္ဒသိရီ
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
မော်လမြိုင်မြို့။

အရှင်မြတ်သီတင်းသုံးရာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ရန်ကုန်မြို့မှ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး ကိုယ်တော်တိုင် ကြွရောက်ပြီး သိမ်နုတ်ခြင်း, သိမ်သမုတ်ခြင်း ကိစ္စတွေ ပြီးစီးသွားလို့ အရှင်မြတ်လည်း တာဝန်တွေ ပေါ့ပါးသွားကာ ပျော်ရွှင်ကြည်နူးနေရောပေါ့၊ အရှင်မြတ်တို့ရဲ့ မော်လမြိုင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေး အဖွဲ့ဝင်တွေကလည်း ကျေးဇူးရှင် ဆရာတော်ကြီးကို မော်လမြိုင်သို့ နှစ်စဉ် ကြွရောက်ချီးမြှောက်

ပေးဖို့ လျှောက်ထားလို့ ဆရာတော်ကြီးကလည်း ခွင့်ပြုတော်မူတယ် ဆိုတာကို သိရလို့ ဝမ်းသာရပါတယ်၊ နှစ်စဉ် ကြွရောက်ချီးမြှင့်ပေးဖို့ လိုအပ်ပါတယ်၊ ကြွရောက်ချီးမြှောက် ပေးရင် အကျိုးလည်း များလှပါတယ်၊ ဆရာတော်ကြီးရဲ့ ဆုံးမမှု၊ လမ်းညွှန်မှုကို ခံယူပြီး ဆောင်ရွက်လို့ အရှင်မြတ်တို့ရဲ့ ကိစ္စလေးတွေ ပြီးစီးအောင်မြင်သွားတယ် မဟုတ်လား။

ဆရာတော်ကြီး ကြွလာတဲ့အတွက် အရှင်မြတ်တို့မှာသာ ကျေးဇူးများတာ မဟုတ်ပါဘူး၊ အရှင်မြတ်တို့နဲ့ ဆက်စပ်နေတဲ့ ဆရာအတတ်သင်သိပ္ပံကျောင်းက ဆရာ၊ ဆရာမတွေမှာလည်း ကျေးဇူးများလှပါတယ်၊ အရှင်မြတ်တို့ရဲ့ သိမ်၊ ဓမ္မာရုံ၊ အမျိုးသမီးဆောင် အဆောက်အဦးတွေအတွက် မြေနေရာ သန့်ရှင်းရေးလုပ်ရာမှာ ဆရာအတတ်သင်သိပ္ပံမှ ဆရာ၊ ဆရာမတွေက အင်တိုက်အားတိုက် လုပ်အားပေးကြတယ်ဆိုတာကို သိရလို့ ဝမ်းလည်း ဝမ်းသာ၊ ကျေးဇူးလည်း လွန်စွာ တင်နေမိပါတယ်၊ ဆရာတော်ကြီး မော်လမြိုင်သို့ ရောက်နိုက် သူတို့ကလည်း ဆရာတော်ကြီးကို ဖူးတွေ့လိုကြောင်း လျှောက်ထားသည့်အခါ ဆရာအတတ်သင်သိပ္ပံကျောင်းသို့ ဆရာတော်ကြီး ကိုယ်တော်တိုင် ကြွရောက်ပြီး တရားဒေသနာ ဟောကြားမည် ဖြစ်ကြောင်းကို ဆရာတော်ကြီးက မိန့်တော်မူလို့ သူတို့တစ်တွေ ဝမ်းအသာကြီး သာသွားကြတယ် မဟုတ်လား၊ ဆရာအတတ်သင်သိပ္ပံမှာ ဆရာ၊ ဆရာမ (၅၀၀)လောက် ရှိပေမယ်လို့ ဆရာတော်ကြီး

ကြွရောက်ပြီး တရားချီးမြှင့်တဲ့ (၁၄၊ ၁၊ ၉၅) ၁၃၅၆-ခု၊ ပြာသိုလ်လဆန်း (၁၄)ရက်က စနေနေ့ ဖြစ်နေတဲ့အတွက် ကိုယ့်နေရာ ဌာနသို့ ပြန်ကြတဲ့သူတွေက ပြန်ကြလို့ (၂၀၀)ကျော်လောက်ပဲ တရားနာပရိသတ်ထဲမှာ ပါပါတယ်။

အဲဒီဆရာ, ဆရာမတွေထဲမှာ မွန်ပြည်နယ်ကသာ မကဘဲ ပဲခူးတိုင်းကတောင် ပါတယ်ဆိုပဲ၊ ဆရာ, ဆရာမတွေဆိုတော့ တပည့်ကျောင်းသူ, ကျောင်းသားများစွာရဲ့ ဦးဆောင်လမ်းပြ ပုဂ္ဂိုလ်တွေပေါ့၊ မွန်ပြည်နယ် တစ်ဝှမ်းလုံးနဲ့ ပဲခူးတိုင်းမှာ အသိပညာ အလိမ္မာတွေကို ဖြန့်ဝေကြမယ့် ပုဂ္ဂိုလ်တွေအား တရားဟောပြပေးရမှာဆိုတော့ ဆရာတော်ကြီး ဟောကြားမယ့် အဲဒီတရားဟာ သိပ်ပြီး အနှစ်သာရရှိတဲ့တရား ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားခဲ့ပါတယ်၊ တရားနာလာကြတဲ့ ဆရာ, ဆရာမတွေက လူလတ်ပိုင်းတွေပဲ များတာပဲ၊ (၃၀) (၄၀)ဝန်းကျင် အသက်အရွယ် ရှိသူတွေပဲ များပါတယ်၊ ဆရာတော်ကြီး ဟောတဲ့ တရားရဲ့အစမှ အဆုံးအထိ တိတ်ဆိတ်ငြိမ်သက် ရှုးစိုက်စွာနဲ့ ရိရိသေသေ လိုလိုချင်ချင် လေးလေးစားစားပဲ နာယူကြတယ်နော်၊ ဩကာသနဲ့ ကန်တော့ကြတဲ့အခါမှာလဲ အသံတွေက ညီညီညာညာ ရှိလှပါတယ်၊ ကန်တော့ချိုးကလည်း တစ်မူတည်း, တစ်သံတည်း ထွက်လာကြပါတယ်၊ ညီညီညာညာ ရှိလှတဲ့ ဩကာသကန်တော့သံက ဆရာအတတ်သင်သိပ္ပံမှ ဆရာ, ဆရာမ

တွေရဲ့ ညီညွတ်မှုကို ဖော်ပြနေပါတယ်၊ တန်ဖိုးရှိတဲ့ တရားတော်ကို တိတ်ဆိတ်ငြိမ်သက်စွာ နာယူကြမှုက ဆရာ, ဆရာမတို့ရဲ့ စည်းကမ်းသေဝပ်မှုကို မြင်သာစေပါတယ်၊ တရားတော်ကို စူးစိုက်စွာ နာယူကြမှုက ဆရာ, ဆရာမတို့ရဲ့ တည်ငြိမ်မှုကို သိသာစေပါတယ်၊ တရားတော်ကို ရိုရိုသေသေ လိုလိုချင်ချင် လေးလေးစားစားနဲ့ နာယူကြမှုကြောင့် ဆရာ, ဆရာမတို့ရဲ့ သဒ္ဓါအားနဲ့ ပညာအား အားကောင်းကြောင်းကို ခန့်မှန်းသိရပါတယ်။

တပည့်တော်တို့ရဲ့ ကျေးဇူးရှင် ဆရာတော်ကြီးကလည်း ပရိသတ်နဲ့ ဆီလျော်တဲ့ တရားကို ဟောကြားတတ်လေ့ရှိတဲ့အတိုင်း "ဆရာအတတ်သင်သိပ္ပံ" ဆိုတဲ့ စကားထဲမှာ "ဆရာ" ဆိုတဲ့ စကားလုံး, "အတတ်"ဆိုတဲ့ စကားလုံး, "သင်"ဆိုတဲ့ စကားလုံး, "သိပ္ပံ"ဆိုတဲ့ စကားလုံးတို့ရဲ့ အဓိပ္ပါယ်အသီးသီးကို အကျယ်တဝင့် ဖွင့်ဆိုကာ ဟောကြားသွားတယ် မဟုတ်လား၊ စကားလုံးက (၄)လုံးတည်းသာ ရှိပေမယ့် ဆရာတော်ကြီးရဲ့ ဖွင့်ဆိုရှင်းပြချက်က ကျယ်ဝန်းလေတော့ တစ်နာရီကျော်ကျော်လောက် ကြာသွားတယ်နော်၊ အရှင်မြတ်ကလည်း မြန်မာပြည်ရှိ မြို့တော်တော်များများနဲ့ မော်လမြိုင်မြို့ပေါ်မှာ ဓမ္မဒါနပြုနေတဲ့ ဓမ္မကထိကတစ်ပါးဖြစ်လို့ ဆရာတော်ကြီးရဲ့ တရားကို သေသေချာချာ မှတ်မိနေမယ်လို့ ထင်ပါတယ်၊ တပည့်တော် မှတ်မိသမျှထဲက အကျဉ်းချုပ်မျှ လျှောက်ထားပြပါမယ်။

"ဆရာဆိုတာ တပည့်တို့ကို အပြစ်ရှိတာကို ရှောင်ရှားစေပြီး အပြစ်ကင်းတာကို ဆောင်ပွားစေကာ တပည့်တို့ရဲ့ အကျိုးစီးပွားကို လွန်လွန်ကဲကဲ ပြုလုပ်ဆောင်ရွက်ပေးသူကို ခေါ်တယ်"။

"တစ်နည်းအားဖြင့် ဆရာဆိုတာ ကိုယ့်ကို မှီခိုလာတဲ့ တပည့်တို့အပေါ် မေတ္တာရေနဲ့ သွန်းလောင်းပေးတဲ့သူ, တပည့်တို့ကလည်း မေတ္တာရေနဲ့ ပြန်လည် သွန်းလောင်းခံရသူကို ခေါ်တယ်"။

"ဆရာဆိုတာ မိတ်ဆွေကောင်းအင်္ဂါခုနစ်ပါးနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်၊ ဆရာဆိုတာ (၁) အချစ်ခံရသူ ဖြစ်ရမယ်၊ (၂) လေးစားလောက်သူ ဖြစ်ရမယ်၊ (၃) အများမေတ္တာထား ခံရသူ ဖြစ်ရမယ်၊ (၄) မတော်တာ တွေ့ရင်လဲ ပြောတတ်ဆိုတတ်ရမယ်၊ (၅) သူတစ်ပါးက ကိုယ့်ချို့ယွင်းချက်ရှိလို့ ပြောလာရင်လဲ ခံနိုင်စွမ်း ရှိရမယ်၊ (၆) လေးနက်တဲ့ စကားကိုလည်း ပြောတတ်, ဆိုတတ်ရမယ်၊ (၇) မသင့်တော်တဲ့ နေရာဌာနတွေမှာ ကိုယ်ကျိုးအတွက် သူတစ်ပါးကို မစေခိုင်းတတ်သူလဲ ဖြစ်ရမယ်"။

အဲဒီ (၇)ချက် နည်းနည်း ချဲ့ပြီး ပြောရရင် –

၁။ အများအပေါ်မှာ စာနာစိတ်ထားပြီး မတရားတဲ့ ကိုယ်နှုတ်အပြုအမူတွေမှ ရှောင်ကြဉ်ရင် အဲဒီသူကို အများက

ချစ်ခင်ကြတယ်၊ ၂။ လေးလဲ လေးစားကြတယ်၊ ဒါကြောင့် အများရဲ့ ချစ်ခင်လေးစားမှုကို ခံယူလိုသူတိုင်းဟာ အများအပေါ်မှာ စာနာစိတ်ထားပြီး မတရားတဲ့ ကိုယ်နှုတ်အပြုအမူတွေမှ ရှောင်ကြဉ်ကြရမယ်၊ ၃။ အများအပေါ်မှာ ကိုယ်ယဉ်ကျေးမှု, နှုတ်ယဉ်ကျေးမှုတွေ ရှိနေရင် အများကလဲပဲ "ဒီပုဂ္ဂိုလ် ကျန်းမာပါစေ၊ ချမ်းသာပါစေ"ဆိုပြီး အလိုလို မေတ္တာရောင်ပြန် ဟပ်လာတော့တာပါပဲ၊ ဒါကြောင့် အများမေတ္တာထားခံရတဲ့ ပုဂ္ဂိုလ် ဖြစ်နိုင်ဖို့ရာ အများအပေါ်မှာ ကိုယ်ယဉ်ကျေးမှု, နှုတ်ယဉ်ကျေးမှု ရှိရပါမယ်။

၄။ ကိုယ်, နှုတ် အချိုးအစားကျလို့ အကျိုးရနေတဲ့သူဟာ ကိုယ့်ရဲ့ **နီး**စပ်ရာ ပုဂ္ဂိုလ်တွေမှာ အချိုးအစား မကျတာတွေ တွေ့တဲ့အခါ မပြောဘဲနေရင် ဝတ္တရား မကျေပွန်ပါဘူး၊ ဒါ့ကြောင့် ကိုယ့်**နီး**စပ်ရာ ပုဂ္ဂိုလ်တွေမှာ အချိုးအစား မကျတာ တွေ့ရင် ပြောရပါတယ်၊ ၅။ အချို့ပုဂ္ဂိုလ်များဟာ ကိုယ့်ကိုယ်တိုင် ကိုယ်, နှုတ် ယဉ်ကျေးပြီး သူတစ်ပါးကို ပြောဆိုဆုံးမတတ်တယ်၊ ဒါပေမယ့် သူတစ်ပါးက ကိုယ့်ရဲ့အပြစ်ကို မြင်လို့ သတိပေးတဲ့အခါမျိုးမှာ မကြိုက်တတ်ပါဘူး၊ လူငယ်တွေ, အတွေ့အကြုံမရှိသေးတဲ့ လူတွေက ပြောလာရင် "သူဟာ ငါ့လောက်မှ မတတ်ဘဲ ဒီလိုလူက လာပြောလို့ ဘယ်လက်ခံနိုင်မလဲ"လို့ မာနလေးတွေ ခံနေတတ်ကြပါတယ်၊ ခေါင်းဆောင် အကြီးအကဲဖြစ်ကြတဲ့ ဆရာ,ဆရာမတွေဟာ တပည့်တွေက ကိုယ့်လိုအပ်ချက်ကို ထောက်ပြလာရင်လဲ လက်ခံနိုင်ဖို့ အရေးကြီးပါတယ်။

၆။ လေးနက်တဲ့ စကားကိုလည်း ပြောတတ်ရမယ် ဆိုရာမှာ ဆရာ, ဆရာမတွေအနေနဲ့ဆိုရင် လေးနက် ခက်ခဲတဲ့ စာပေရေးရာ အဓိပ္ပါယ်တွေကို သိသာပေါ်လွင် ထင်ရှားအောင်, ရှင်းလင်းအောင် ပြောဆို ရှင်းပြနိုင်စွမ်း ရှိကြရပါမယ်။

၇။ ဆရာ, ဆရာမတွေဟာ တပည့်တွေကို ကိုယ်ကျိုးအတွက် မသင့်တော်တဲ့ နေရာတွေမှာ အသုံးမချရဘူး၊ မတော်တာတွေ မလုပ်ခိုင်းရဘူး၊ မတော်တာတွေ မပြောခိုင်းရဘူး၊ မတော်တဲ့ အကြံအစည်တွေ မကြံစည်ခိုင်းရဘူး၊ တော်တဲ့ သန့်ရှင်းတဲ့ အရာတွေမှာသာ တိုက်တွန်းပေးကြရတယ်။

"ဆရာ, ဆရာမတွေဟာ တပည့်တွေအဖို့ မိတ်ဆွေကောင်းအရာမှာ တည်ပါတယ်၊ ဒါကြောင့် ဆရာ, ဆရာမတို့တစ်တွေဟာ တပည့်တွေအပေါ်မှာ မိတ်ဆွေကောင်းအင်္ဂါ (၇)ပါးနဲ့ ပြည့်စုံတဲ့ ဆရာ, ဆရာမတွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ တိုက်တွန်းလိုပါတယ်"။

"အတတ်ပညာရှင်များ ဖြစ်ကြတဲ့ ဆရာ, ဆရာမတို့တစ်တွေဟာ နှစ်ဖက်မြင် မျက်စိရှိသူတွေ ဖြစ်အောင် ကြိုးစားသင့်ကြပါတယ်၊ ပစ္စုပ္ပန်စီးပွား, သံသရာစီးပွား တိုးပွားအောင် ကြိုးစားနိုင်တဲ့သူဟာ နှစ်ဖက်မြင် မျက်စိရှိသူ ဖြစ်တယ်၊ ပစ္စုပ္ပန်စီးပွား တိုးပွားအောင်သာ ကြိုးစားနိုင်ပြီး သံသရာစီးပွား တိုးပွားအောင် မကြိုးစားနိုင်သူဟာ တစ်ဖက်မြင်မျက်စိ ရှိသူ ဖြစ်တယ်၊

ပစ္စုပ္ပန်စီးပွားရော သံသရာစီးပွားပါ တိုးပွားအောင် မကြိုးစားနိုင်သူဟာ မျက်စိနှစ်ဘက်လုံး ကန်းနေသူ ဖြစ်တယ်၊ အဲဒီမှာ သံသရာစီးပွားဆိုတာကတော့ ဒါန, သီလ, ဘာဝနာစတဲ့ ကုသိုလ်ကောင်းမှု အစုစုပါပဲ၊ ယခု ဆရာ, ဆရာမတို့ တစ်တွေဟာ ပစ္စုပ္ပန်စီးပွား, သံသရာစီးပွားကို တိုးပွားအောင် ကြိုးစားနိုင်ကြတဲ့ နှစ်ဘက်မြင် မျက်စိရှိသူတွေ ဖြစ်နိုင်ကြပါစေလို့ တိုက်တွန်းလိုက်ပါတယ်”တဲ့။

အရှင်မြတ်ဘုရား・・・ အရှင်မြတ်တို့နဲ့စပ်ပြီး ဆရာအတတ်သင်သိပ္ပံမှ ဆရာ, ဆရာမတွေဟာ အလွန်ပဲ ကံကောင်းကြပါတယ်၊ ဆရာ, ဆရာမတို့တစ်တွေလဲ အားရကြည်နူးနေကြပုံ ပေါ်ပါတယ်၊ သူတို့ မျက်နှာ, သူတို့ အမူအရာလေးတွေက တရားအပေါ် အားရကြည်နူးမှုကို ဖော်ပြနေကြပါတယ်၊ တရားဟောရာပလ္လင်မှ ဆင်းကြွလာတဲ့ ဆရာတော်ကို လက်အုပ်ချီကာ အရိုအသေပြုပြီး လျှောက်ထားနေကြတဲ့ ဆရာ, ဆရာမတစ်သိုက်ရဲ့ အမူအရာတွေဟာ သဒ္ဓါ, ပီတိ ရွှမ်းစိုအိလို့ ဝမ်းဆီထိပမာ ဖြစ်နေကြပါတော့တယ်။

ဓမ္မကထိက တစ်ပါးဖြစ်တဲ့ အရှင်မြတ်လဲ ရောက်လေရာဓမ္မသဘင်တွေမှာ ဒီဓမ္မဒေသနာကို တစ်ဆင့် ဖောက်သည်ချနိုင်တာပေါ့၊ ဖောက်သည်ချနိုင်အောင်လဲ အရှင်မြတ် မှတ်မိကောင်းပါရဲ့နော်၊ အရှင်မြတ်တစ်ပါး ကျန်းမာချမ်းသာစွာနဲ့ သာသနာ့

တာဝန် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူနိုင်ပါစေလို့ ဆန္ဒပြု လိုက်ပါတယ်ဘုရား၊ ဆရာအတတ်သင်သိပ္ပံမှ ဆရာ၊ ဆရာမများ လဲ မိတ်ဆွေကောင်းအင်္ဂါ (ရ)ပါးနဲ့ ပြည့်စုံတဲ့ ဆရာ၊ ဆရာမ များ ဖြစ်အောင်၊ နှစ်ဖက်မြင် မျက်စိပိုင်ရှင်တွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့လဲ ဆန္ဒပြုလိုက်ပါတယ်ဘုရား။

❀ ❀ ❀

# ကြားယောင်ကာ ကျင့်ဆောင်နိုင်ကြပါစေ

သတင်းစာ ဖတ်ရှုမိလေတိုင်း နာရေးကြော်ငြာကို ဖတ်ရှုမိလေ့ရှိရာ ထိုနာရေးကြော်ငြာမှာ စာမျက်နှာတစ်မျက်နှာ အပြည့် လောက်ပင် နေရာယူထားသည်ကို တွေ့ရှိရပါသည်၊ ထိုနာရေး ကြော်ငြာတွင် အသက်အရွယ်အမျိုးမျိုးကို တွေ့ရပါသည်၊ (၁၀) နှစ် မတိုင်မီမှ အသက်(၁၀၀)ကျော်အထိ ပါဝင်သည်၊ အဆင့် အတန်း အမျိုးမျိုးကိုလည်း သိရှိရပါသည်၊ ဆရာဝန်တွေ, အင်ဂျင်နီယာတွေ, ကျောင်းဆရာ ဆရာမတွေ, ကျောင်းသူ ကျောင်းသားတွေ, အငြိမ်းစားအရာရှိတွေ, ဗိုလ်မှူးတွေ, ဗိုလ်ကြီး တွေ စသည်ဖြင့် စုံလှပါသည်၊ **သာသနာရေး** အနေအားဖြင့် လည်း မျိုးစုံပါဝင်လေသည်၊ ဘဝ**နတ်ထံ စံလွန်**တော်မူကြသည့် ဆရာတော်, သံဃာတွေ, **သီမ်, ကျောင်း,** ဇရပ်, ဘုရားဒကာ ဒကာမတွေ, ရဟန်းဒကာ, **ဒကာမတွေ,** မဟာစည်ယောဂီ,

မိုးကုတ်ယောဂီ၊ စွန်းလွန်းယောဂီ၊ သဲအင်းဂူယောဂီ၊ ကသစ်ဝိုင်ယောဂီ စသည်ဖြင့် ဗုဒ္ဓသာသနာဝင်တို့ဘက်မှလည်း မျိုးစုံတွေ့ရှိရပေသည်၊ ခရစ်တော်၌ အိပ်ပျော်ကြသူတွေ၊ အလ္လာဟို အရှင်မြတ်၏ အမိန့်တော်ကို ခံယူကြသူတွေကိုလည်း တွေ့ရှိရပေသည်၊ “သေခြင်းတရားသည် အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး မျက်နှာသာ မပေးဘဲ ညှင်းပန်းနှိပ်စက်ကာ အနိုင်ယူခဲ့လေပြီ၊ အနိုင်ယူနေလေပြီ၊ အနိုင်ယူပေလိမ့်အုံးမည်တကား”ဟု စဉ်းစားကာ သံဝေဂ ပွားနေမိပါသည်။

(၂၄၊ ၉၊ ၉၃) နေ့က သတင်းစာကိုလည်း ဖတ်ရှုမိလေရာ ထိုနေ့က နာရေးကြော်ငြာတွင် ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူသည့်အကြောင်းကို ဖတ်ရှုရပါသည်၊ ထိုဆရာတော်ကြီး၏ သက်တော်မှာ (၈၄)၊ ဝါတော်မှာ (၆၅)ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်၊ ထိုဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးဂန္ဓမာဘိဝံသဟူ၍ ဖြစ်ပါ၏၊ ထိုဆရာတော်ကြီး၏ နေရပ်ကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန္နရွာဟု ဖော်ပြထားပါ၏၊ ဆရာတော်ကြီး ပျံလွန်တော်မူသည့်နေ့နှင့် အချိန်မှာ ၁၃၅၅-ခု တော်သလင်းလဆန်း (၄)ရက်နေ့ (၁၉၊ ၆၊ ၉၃) ည (၁)နာရီ (၄၅)မိနစ် ဖြစ်ပါ၏၊ စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော်တို့ ကျေးရွာတွေမှာ သီတင်းသုံးကာ ဗုဒ္ဓ အဆုံးအမတွေကို ကျေးရွာရှိ ဒကာ၊ ဒကာမနှင့် ကလေးသူငယ်တို့အား ဖြန့်ဝေပေးဖို့ အလွန် လိုအပ်လျက် ရှိနေလေရာ ထိုလိုအပ်ချက် ကွက်လပ်လေးကို ဖြည့်ပေးနေသော ဆရာတော်၊

သံဃာတော်တို့တွင် ဤဆရာတော်ကြီးသည် တစ်ပါး အပါအဝင် ဖြစ်နေကြောင်းကို သတိပြုကာ လေးစားကြည်ညိုနေမိပါသည်၊ စိတ်လဲ ဝင်စားနေမိပါသည်။

ဤသတင်းကို ဖတ်ရှုပြီး နောက်တစ်နေ့တွင် စာရေးသူ နေထိုင်ရာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ နာယက ဆရာတော်တစ်ပါးဖြစ်သော ကျောက်တန်းဆရာတော် အရှင်ရစိရဉာနထံ စာရေးသူ ရောက်သွားသဖြင့် ပျံလွန်တော်မူ သွားသည့် အုန္နဲဆရာတော်ကြီး ဉူးဂန္ဓမာဘိဝံသအကြောင်းကို မေးလျှောက်မိပါသည်၊ ကျောက်တန်းဆရာတော်က အုန္နဲ ဆရာတော်ကြီး ဉူးဂန္ဓမာဘိဝံသသည် စေတိယင်္ဂဏအဘိဝံသဘွဲ့ ရထားကြောင်း၊ ကျောက်တန်းမဟာဗောဓိတောရ ဆရာတော်ကြီး ၏ထံမှ ဉပဇ္ဈာယ်ယူထားသည့် တပည့်ဖြစ်ကြောင်း၊ (၅)ပါး မြောက်သော မဟာဗောဓိတောရဂိုဏ်းချုပ် ဖြစ်ကြောင်း၊ ဝိနည်း ကို အင်မတန် လေးစားကြောင်း မိန့်ကြားတော်မူပါသည်။

ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် နာယက ကျောက်တန်းဆရာတော်တို့သည်လည်း ကျောက်တန်း မဟာဗောဓိတောရဆရာတော်ကြီး (ဉူးကေလာသ) ၏ တပည့်များ ဖြစ်ကြပါသည်၊ ဤဆရာတော် (၂)ပါးကိုလည်း မဟာဗောဓိတောရ ဆရာတော်ကြီး၏ တပည့်ကောင်းကြီးများ အဖြစ် စာရေးသူအနေဖြင့် လေးစားကြည်ညိုလျက် ရှိနေပါသည်၊

ဤဆရာတော် (၂)ပါးသည် ဝိနည်းအရာ၌ တတ်ကျွမ်းတော်မူကြသည့်အပြင် တကယ်လက်တွေ့လည်း ကျင့်သုံးလိုက်နာတော်မူကြသည်ကို စာရေးသူ မျက်မြင်ကိုယ်တွေ့ပင် ကြုံတွေ့နေရပါသည်၊ ထို့ကြောင့် ကျောက်တန်းဆရာတော်၏“အုန္နဲဆရာတော်ဟာ ဝိနည်းကို အလွန်ပင် လေးစားကြောင်း” မိန့်ကြားချက်အရနှင့်ပင် အုန္နဲဆရာတော်ကြီး၏ သီလအင်အားကို လေးစားလျက်ရှိနေပါပြီ။

ကျောက်တန်းဆရာတော်က စာရေးသူကို (၂၅၊ ၉၊ ၉၃)နေ့တွင် အုန္နဲဆရာတော်ကြီး၏ ဈာပနပွဲသို့ ခေါ်လိုသည်၊ ထို့ကြောင့် ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ စာရေးသူကို ခေါ်လိုပါကြောင်း ကျောက်တန်း ဆရာတော်က လျှောက်ထားပါသည်၊ ကျေးဇူးရှင်ဆရာတော်၏ ခွင့်ပြုချက်အရ အုန္နဲဆရာတော်ကြီး၏ ဒက္ခိဏာရုံ ရွှေကျင် ကျောင်းတိုက်သို့ ရောက်ခဲ့ရပါလေပြီ၊ ဒက္ခိဏာရုံ ရွှေကျင်ကျောင်းတိုက်၏ လေးဖက်လေးတန်မှာ အဖုံးအလုံးတို့ဖြင့် စိမ်းစိုနေသည့် စပါးခင်းတွေကို တစ်မျှော်တစ်ခေါ်ကြီး မြင်တွေ့ခဲ့ရပါသည်၊ ကျောင်းအဝင်မုခ်ပေါက်တွင် ရေးသားထားသည့် “ဒက္ခိဏာရုံ ရွှေကျင်ကျောင်းတိုက်”ဟူသော စာတန်းကို ဖတ်ရှုပြီး ရှေ့ဆက်သွားရမည့် လမ်းဆီ မှန်းမျှော်ကြည့်လိုက်ရာ ဆရာတော်ကြီး၏ တပည့်ကြီးငယ်တို့ လာသူလာ, ပြန်သူပြန်နှင့် လှုပ်ရှားနေဟန်ကို တွေ့ရပါသည်၊ ကျောင်းအဝင်မုခ်မှ စ၍ ဆွမ်းစားကျောင်း, ဓမ္မာရုံ, သိမ်

နှင့် အခြားကျောင်းအဆောင်အသီးသီးတို့သို့ သွားဖို့ရန် စောင်းတန်းရှည်ကြီးကို တည်ဆောက်ထားကာ ကောင်းမှုရှင်တွေကိုလည်း စောင်းတန်း၏ အခန်းတိုင်း၌ ရေးသားချိတ်ဆွဲပြီး ဤကောင်းမှုကို သာဓုခေါ်ဖို့ နှိုးဆော်ထားသည်ကို တွေ့ခဲ့ရသဖြင့် သာဓုခေါ်ခွင့် ရခဲ့ပါသည်။

ကျောင်းအဝင်မုခ်ပေါက်သို့ ဝင်လိုက်လျှင်ပင် ဂိတ်စောင့်နေသည့် ရဲသားများနှင့်တကွ ထိုင်နေကြသူအားလုံးက နေရာမှ ထပေးကြလေသည်၊ စောင်းတန်းရှည်ကြီး တစ်လျှောက်တွင် မြင်တွေ့ရသမျှ ယောကျ်ားကြီး၊ ယောကျ်ားလတ်၊ ယောကျ်ားငယ်တို့နှင့် မိန်းမကြီး၊ မိန်းမလတ်၊ မိန်းမငယ်တို့က လမ်းဖယ်ပေးကြသည်၊ တချို့က ရပ်ပြီး လက်အုပ်ချီနေကြသည်၊ တချို့က ထိုင်ပြီး လက်အုပ်ချီနေကြသည်၊ တချို့က ထိုင်ပြီး ကန်တော့နေကြလေသည်၊ ရဟန်း သံဃာ လမ်းမှာ ကြွလာရင် လမ်းဖယ်ပေးဖို့၊ လက်အုပ်ချီနေဖို့ အုန္နဆရာတော်ကြီးက သူ့၏တပည့်သားသမီးတို့အား ကျကျနန သင်ပေးထားတာ ဖြစ်ပေလိမ့်မည်ဟူ၍ တွေးဆနေမိပါသည်၊ အုန္နဆရာတော်ကြီးက သူ၏ တပည့်တို့အား သူ့ကျောင်းဝင်းထဲမှာ ဘာသာရေးပွဲ ဘာပွဲပဲလုပ်လုပ် တိတ်တိတ်ဆိတ်ဆိတ် ပြုလုပ်ဖို့ ဆုံးမထားပုံပေါ်ပါသည်၊ ကျောင်းဝင်းထဲမှာ လူပရိသတ်မှာ (၂၀၀၀)လောက် ရှိလိမ့်မည်ထင်ပါသည်၊ လူတွေပင် များသော်လည်း ဆူဆူညံညံ မရှိပါ၊ တိုးတိုးသာသာ ရှိလှပါသည်၊ လူတွေကို ထမင်းကျွေးသည့်နေရာတွင် အများအားဖြင့် အော်ဟစ်ဆူညံနေတတ်ကြသည်ကို တွေ့ခဲ့

ဖူးရာ ထိုဒက္ခိဏာရုံ ရွှေကျင်ကျောင်းတိုက်အတွင်း၌ကား တိတ်ဆိတ်ငြိမ်သက်လျက်ပင် ရှိနေပါသည်။

နေ့ဆွမ်းစားဖို့ တုန်းခေါက်လိုက်သည်၊ ဈာပနပွဲသို့ ကြွရောက်လာသည့် သံဃာ (၁၀၀)ကျော်တို့သည် မိမိတို့ တည်းခိုနေထိုင်ရာ အဆောင်အသီးသီးမှ သင်္ကန်းညီညီညာညာဖြင့် စောင်းတန်းရှည်ကြီးအတိုင်း ရှေ့နောက်တန်းစီကာ ဆွမ်းစားကျောင်းသို့ ကြွတော်မူကြလေပြီ၊ တစ်ဆရာတည်း၏ တပည့် သံဃာများတွေပဲလေလားဟု ထင်မှားရအောင်ပင် ညီညီညာညာ ညီညီညွတ်ညွတ် ရှိနေကြပေသည်၊ သံဃာတော်များနောက်မှ ကျောက်တန်း မဟာဗောဓိကျောင်းမှ ဖိုးသူတော်လေး (၁၅)ပါးကလည်း သင်္ကန်းညီညီညာညာဖြင့် ရှေ့နောက်တန်းစီကာ လိုက်ပါကြလေသည်၊ ဖိနပ်ချွတ်ရမည့် နေရာ၌ ဖိနပ်ကို ညီညီညာညာ ချွတ်ဖို့မည်သူကမှ မနှိုးဆော်ရ၊ မတိုက်တွန်းရ၊ ဖိနပ်တွေမှာ ညီနေသည်၊ စီနေသည်၊ ဤမြင်ကွင်းတို့ကို ရှုမြင်ရသော စာရေးသူမှာ ကျေနပ်ကြည်နူးနေမိပါသည်၊ အုန္နဆရာတော်ကြီး အမှူးရှိသော ထိုနယ်မှ သံဃာတော်အရှင်မြတ်များနှင့် မဟာဗောဓိတောရဂိုဏ်းဝင် ရွှေကျင်ဆရာတော် အရှင်မြတ်တို့ကို လေးမြတ်ရိုကျိုးနေမိပါတော့သည်၊ ဆွမ်းစားကျောင်းပေါ်တွင် ဆွမ်းဝိုင်းအသီးသီး၌ တိတ်ဆိတ်စွာ ဆွမ်းဘုဉ်းပေးတော်မူကြသည်၊ စကား မပြောကြ၊ ရွှန်းသံ, ပန်းကန်သံလည်း မကြားရပါပေ၊ ဓမ္မာရုံပေါ်မှာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အနီး ဝတ်အဖွဲ့အသီးသီးတို့

၏ သံဝေဂကဗျာ၊ လင်္ကာ၊ ဂါထာတို့ ရွတ်ဖတ်ပူဇော်နေသည့် အသံတို့ကိုသာ ကြားနေရပါသည်။

ဆွမ်းစားပြီးသည့်အခါ ဆရာတော်ကြီး ရုပ်ကလာပ်ကို ဖူးမျှော် ကန်တော့ရန် ဓမ္မာရုံပေါ်သို့ တက်သွားသောအခါ ရုပ်ကလာပ်တော်၏ ခြေရင်းပိုင်းတွင် ဆရာတော်ကြီး၏ ပုံတော်ကြီး တစ်ပုံ၊ သနပ်ခါးထင်းစည်းများ၊ အမွှေးနံ့သာတိုင်များ၊ ပန်းများဖြင့် ပူဇော်ထားသည့်အပြင် ရွှေထီး(၄)လက်၊ ထီးဖြူ(၆)လက်တို့ဖြင့် ရုပ်ကလာပ်တော်ကို မိုးထားသည်ကို တွေ့ရပါသည်၊ ရုပ်ကလာပ်တော် ခြေရင်းပိုင်းနှင့် ဘေးဘက်တို့တွင် ယောဂီဝတ်စုံ ဝတ်ထားသည့် တပည့်မများ၊ သီလရှင်ဆရာကြီးများနှင့် လူပရိသတ်များက ရုပ်ကလာပ်တော်ကို တိတ်ဆိတ် ငြိမ်သက်စွာ ဖူးမျှော်နေကြပေသည်၊ ရုပ်ကလာပ်တော်၏ ခေါင်းရင်းပိုင်းမှာ ဈာပနပွဲ အခမ်းအနား ကြွရောက်လာကြသည့် သံဃာတော်တို့ နေရာယူဖို့ နေရာထိုင်ခင်း ခင်းကျင်းပြင်ဆင်ထားလေသည်၊ မီးသီး၊ မီးလုံး၊ ပန်း၊ အမွှေးတို့ဖြင့် ကျနစွာ ပူဇော်ထားအပ်သောဘုရားခန်း၏ လက်ဝဲဖက်၌ သာသနာလောကဝယ် နာမည် ကျော်ကြားလှသော ဆရာတော်ကြီး၏ ပုံတော်ကို ဖူးတွေ့ရပါသည်၊ ထိုဆရာတော်ကြီးသည် သင်္ကန်းရုံထားသည်၊ မျက်လွှာတော်အောက်သို့ ချကာ ထိုင်နေတော်မူသည်၊ သူ့၏ လက်ယာဖက်တွင် သပိတ်အိတ် တပ်ထားသည့် သပိတ်နှင့် လက်ဝဲဖက်တွင် ယပ်တောင်ကို မြင်တွေ့ရပေသည်၊ ထိုဆရာတော်ကြီး၏ ဓာတ်ပုံ

အောက်ခြေက စာတန်းလေးကို မဖတ်ရသေးခင်ကပင် မည်သည့် ဆရာတော်ကြီး ဖြစ်ကြောင်း ဗုဒ္ဓသာသနာ့နယ်ပယ်မှ ရဟန်းရှင်လူတို့ အလွယ်အကူ သိနိုင်ကြပါသည်၊ ထိုဆရာတော်ကြီးက ရဟန္တာဟု ကျော်ကြားပြီး အလွန် ထင်ရှားလှပါသည်၊ ထို့ကြောင့် စာရေးသူလည်း အလွယ်တကူပင် သိခဲ့ပါသည်၊ ထိုစာတန်းကား "တောရဂိုဏ်းအစ ဘုန်းတော်ကြီး ဦးသီလ"ဟူ၍ ဖြစ်ပါ၏၊ "တောရဂိုဏ်းအစ" ဟူသော စာတန်းလေးကို ဖတ်ရသောအခါ ဤမဟာဗောဓိတောရဂိုဏ်းသည်လည်း ဘုန်းတော်ကြီး ဦးသီလ၏ တောရဂိုဏ်းနှင့် ဆက်နွယ်နေဟန်တူသည်ဟု ထင်မြင်မိပါသည်။

ဘုရားခန်း၏ လက်ယာဘက်တွင်မူ ကျောက်တန်း မဟာဗောဓိတောရဆရာတော်ကြီး၏ ပုံတော်ကို ဖူးတွေ့ရပါသည်၊ ပုံတော်သည် ဘုန်းတော်ကြီးဦးသီလပုံတော်လို ထိုင်တော်မူနေသည့် ပုံတော် မဟုတ်ပါ၊ ဆွမ်းခံကြွနေသည့် ပုံတော် ဖြစ်ပါသည်၊ သင်္ကန်းကို ညီနေအောင် ရုံတော်မူထားပါသည်၊ သပိတ်ကို သပိတ်အိတ်နှင့် လွယ်ထားပါသည်၊ မျက်လွှာတော်မှာ အောက်သို့ ချထားတော်မူပါသည်၊ ပုံတော်က ဆရာတော်ကြီး၏ သီလအား, သမာဓိအား, ပညာအား ကြီးမားလှကြောင်း ဖော်ပြနေပါသည်၊ မဟာဗောဓိတောရဂိုဏ်း၏ ပထမဆုံး ဂိုဏ်းချုပ်ဆရာတော်ကြီး၏ အကျင့်သီလကို ဆရာဖြစ်သည့် မန္တလေး မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကပင် လေးစား မြတ်နိုးတော်မူလေ

သည်၊ ညောင်တုန်း ရွှေဟင်္သာစံကျောင်းဆရာတော် ဦးဝါယာမ ကမူ မဟာဗောဓိတောရ ဆရာတော်ကြီးကို ကန်တော့လေတိုင်း ခြေတော်ကို နဖူးနှင့် တိုက်၍ တိုက်၍ ကန်တော့လေ့ ရှိပေ၏၊ မဟာဗောဓိတောရကျောင်းသို့ ဘုန်းတော်ကြီး ဦးသီလ, မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး, ရွှေဟင်္သာ စံကျောင်းဆရာတော်, အဘယာရာမဆရာတော် စသော သာသနာတွင် နေ, လ အသွင် ထင်ရှားတော်မူကြသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြဖူးလေသည်။

ရွှေကျင်ဂိုဏ်းဝင် မဟာဗောဓိ တောရဆရာတော်ကြီး၏ တပည့် အုန္နဆရာတော်ကြီး၏ ဈာပနပွဲသို့ ရန်ကုန်မှ ကြွလာသည့် ဆရာတော်တို့သည်ပင် မနည်းပါပေ၊ ထိုဆရာတော်တို့သည်လည်း မဟာဗောဓိတောရ ဆရာတော်ကြီး၏ တပည့်များ ဖြစ်ကြလေသည်၊ သဃ်န်းကျွန်း ကျိုက္ကဆံဆရာတော်, အင်းစိန် ဗြူးကုန်းတောရ ဆရာတော်, စော်ဘွားကြီးကုန်း အသောကာရုံ ဆရာတော်, သာကေတ ပညာလင်္ကာရဆရာတော်, ဦးညိုခြံ ကျောင်း ဆရာတော်, ရန်မျိုးအောင် ဆရာတော်, ပဲခူးမြို့ ဝိနယာရာမမှ ဦးအဂ္ဂဝံသ ဆရာတော်လည်း ကြွတော်မူလေသည်။

မဟာဗောဓိတောရ ဂိုဏ်းဝင် **ဖြစ်ကြသည့်, အနာဂတ်** သာသနာတော်ကို ဆက်လက်ထိန်းသိမ်း **စောင့်ရှောက်တော်မူကြ** မည့် ဆရာတော် သံဃာတော်တို့သည် မိမိတို့၏ ဆရာတော်

ကြီးများ၏ အဆုံးအမများအရ ပရိယတ်, ပဋိပတ် သာသနာ(၂) ရပ်ကို ထမ်းရွက်ဖို့ ငါတို့ပခုံးပေါ်သို့ ကျရောက်လာပေပြီဟု ယူဆကာ ကျရာတာဝန်ကို ကျေပြွန်အောင် ရွက်ဆောင်တော်မူကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်၊ အုန္နဲ့ဆရာတော်ကြီး၏ ဈာပနပွဲသို့ ကြွရောက်လာကြသည့် ရဟန်း ရှင် လူအများလည်း "သာသနာရေးကိစ္စ, လူမှုရေးကိစ္စတွေ ဆောင်ရွက်ရာမှာ ညီညီညွတ်ညွတ် ဆောင်ရွက်ကြဖို့, ညီရင်းအစ်ကိုတွေလို ပြုမူဆက်ဆံ ပြောဆိုနေထိုင်ကြဖို့ တစ်ဦးအပေါ်တစ်ဦး သည်းခံခွင့်လွှတ်ပြီး အလုပ်လုပ်ကြဖို့" တဖွဖွ မိန့်တော်မူလေ့ရှိသည့် အုန္နဲ့ဆရာတော်ကြီး၏ ဆုံးမစကားတော်များကို အမြဲ ကြားယောင်ကာ လိုက်နာနိုင်ကြပါစေဟု ပတ္ထနာ ပြုလိုက်ပါသည်၊ ဤအုန္နဲ့ဆရာတော်ကြီး၏ အဆုံးအမစကားတော်များကို စာရှုသူလည်း ကြားယောင်ကာ လိုက်နာကျင့်သုံးပါလျှင် ကြီးမားသော ပစ္စုပ္ပန်အကျိုး, သံသရာ အကျိုးတို့ကို ရရှိ ပိုင်ဆိုင်လာမည်မှာ မလွဲပါပေ။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို စံကျောင်းမှ မီးသင်္ဂြိုဟ်မည့် နေရာအထိ ရဟန်းရှင်လူအပေါင်းတို့က အလှည့်ကျ ထမ်းပိုးကာ ပင့်ဆောင်သွားကြလေပြီ၊ ဒက္ခိဏာရုံ ရွှေကျင်တိုက်၏ အနောက်ဖက်တွင် အတော်လေးဝေးသည့် ကုန်းမြေနေရာသို့ ထီး (၁၀)လက်မိုးကာ ထမ်းဆောင်သွားကြလေပြီ၊

ဆရာတော်ကြီးကို နောက်ဆုံးပို့ဆောင်ပူဇော်ကြသည့် တပည့်တို့သည် (၂၀၀၀)ပင် ကျော်ပေလိမ့်မည်၊ ကဝမြို့သို့ သွားသည့် ရှည်လျားသော ပေတစ်ရာလမ်းပေါ်တွင် ပြည့်ကြပ်တန်းစီကာ လိုက်ပါနေကြလေသည်။

ထို နောက်ဆုံး ပို့ဆောင်ပူဇော်ကြသည့် ရဟန်း ရှင် လူ ပရိသတ်ကြီးအားလုံးသည် ဆရာတော်ကြီး၏ အသံတိတ် ဟောကြားအပ်သော ဤတရားကိုကား ကြားမှ ကြားမိကြပါလေစ၊ သတိမှ ပြုမိကြပါလေစ။

"တပည့်တို့··· ဘယ်သူမှ မရှောင်ကွင်းနိုင်တဲ့ ဒီလမ်းကို ဖြင့် ငါတော့ မြန်းခဲ့ရလေပြီ၊ ငါ့နောက်ကို ငါ့ကျောင်းကြီးကလဲ မလိုက်လာဘဲ နေရစ်ခဲ့လေပြီ၊ ငါ့တပည့်တွေလဲ သင်္ဂြိုဟ်မည့် နေရာထိသာ အလွန်ဆုံး ငါ့နောက်သို့ လိုက်ပို့နိုင်ကြလိမ့်မယ်၊ ငါ ဆက်လျှောက်ရမယ့် ဘဝသံသရာခရီးတစ်လျှောက်ကိုတော့ ငါ ပြုလုပ်အားထုတ်ခဲ့တဲ့ ဒါန, သီလ, ဘာဝနာ ကောင်းမှုတွေကသာ ဘဝသံသရာခရီးရဲ့ အဖော်မွန် အဖော်ကောင်း အနေနဲ့ လိုက်ပါကြလိမ့်မယ်၊ သင်တပည့်တို့လည်း ဒီပုတ်ထဲက ဒီပဲတွေပဲ၊ သေမျိုးတွေချည်းပဲ၊ ငါက ရှေ့က သွား၊ သင်တို့က နောက်က လိုက်ကြရမှာပဲ၊ ရှေ့သွား နောက်လိုက်ပဲ ကွာတယ်၊ သင်တို့လဲ အလွန်ဆုံး နေကြရလှ အနှစ် (၁၀၀) ပေါ့၊ အနှစ် (၁၀၀)အတွင်း မင်းတို့အားလုံးလဲ ငါ့လိုပဲ ဒီ

လမ်းကို မြန်းကြရလိမ့်မယ်၊ မမေ့ကြနဲ့၊ မပေါ့ကြနဲ့၊ မမြန်းကြရသေးခင် ဒါန, သီလ, ဘာဝနာ ကုသိုလ်ရိက္ခာထုပ်တွေကို များများ ထုပ်ခဲ့ကြပေတော့”။

ဆရာတော်ကြီး အသံတိတ်ဟောကြားအပ်သော ဤတရားကိုလည်း တပည့်အများတို့ ကြားနိုင်ကြပါစေ၊ အမြဲကြားယောင်ကာ ကျင့်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုနေမိပါသတည်း။

❀ ❀ ❀

# သူတို့ လမ်းမှန်ပေါ် ရောက်လာနိုင်ကြပါစေ

"ရှောင်လေ ဝေးဝေး မူးယစ်ဆေး"ဟူသော အသံလေးကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ လည်းကောင်း၊ ရေဒီယိုမှ လည်းကောင်း ဤစာဖတ်ပရိသတ်တို့နားတွင် ကြားခဲ့ရသည့် အကြိမ်တွေကို ရေတွက်နိုင်အံ့ မထင်ပါ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ဆိုင်သည့် မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း၊ ရုပ်ရှင်ဇာတ်ကားတို့ကိုလည်း မြန်မာ့ရုပ်မြင်သံကြား ပရိသတ်၊ ရုပ်ရှင်ပရိသတ်တို့ ရှုစားခဲ့ရသည့် အကြိမ်တွေ များစွာ ရှိကြပေရော့မည်၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အသံလွှင့်ဇာတ်လမ်းတို့ကိုလည်း ရေဒီယိုသောတရှင်တို့ သောတဆင်ခဲ့ရသည့် အကြိမ်တွေ နည်းကြမည် မဟုတ်ပေ၊ သတင်းစာတို့မှ လည်းကောင်း၊ မဂ္ဂဇင်းအမျိုးမျိုးတို့မှ လည်းကောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အကြောင်းတို့ကို အကြိမ်ပေါင်းများစွာ ဖတ်ရှုနေကြရပါသည်၊ နိုင်ငံတော်အစိုးရကလည်း နည်းမျိုးစုံဖြင့် တိုက်ဖျက်နေသည်ကို မြင်တွေ့နေ

ကြရပါသည်၊ ကြားသိနေကြရပါသည်၊ ဤမြန်မာနိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံအသီးသီးတို့ကလည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကို အရေးတယူ ဆောင်ရွက်နေကြလေသည်။

ဤမူးယစ်ဆေးဝါးသည် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအား ဆိုးကျိုး မပေးဘဲ ကောင်းကျိုးတွေကိုသာ ပေးခဲ့ပါလျှင် မည်သည့် နိုင်ငံကမဆို ကြိုဆိုလက်ခံကြမည်သာ၊ ယခုမူ ထိုသို့မဟုတ်၍ သာ နိုင်ငံအသီးသီးတို့ အရေးတကြီး တိုက်ဖျက်နေကြပေသည်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို အညွန့်မတုံးစေလိုသည့် လူသားတိုင်း ထိုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ ပါဝင်သင့်ကြသည်၊ ဆင်နွှဲ သင့်ကြသည်၊ လူနှင့်တူသည့်လူ ဖြစ်လိုသူတိုင်း မူးယစ်ဆေးဝါး မသုံးစွဲကြဖို့ ဗုဒ္ဓကိုယ်တော်တိုင်ပင် အကြိမ်ပေါင်း မရေမတွက် နိုင်အောင် ဟောကြားတော်မူခဲ့ပါသည်။

၁။ မူးယစ်စေတတ်သော အရာတို့ကို သုံးစွဲခြင်းမှ ရှောင်ရှား ရခြင်းသည် ခါးဝတ်ပုဆိုးပမာ အမြဲလုံခြုံရမည့် ကိုယ်ကျင့်တရား (ငါးပါး)တွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

၂။ ဗုဒ္ဓ၏သားတော် ရဟန်းတော်များကလည်း မြန်မာ လူငယ်လေးတို့ကို ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံစေရန် ဟောပြောကြပြီး သေရည်သေရက်နှင့် မူးယစ်စေတတ်သော အရာ များ သုံးစွဲလျှင် သံသရာတွင် ခံစားရမည့် အပြစ်တို့ကိုလည်း ဟောကြားဆုံးမပေးနေကြပါသည်၊ သွန်သင်ပေးနေကြပါသည်။

ဗုဒ္ဓသားတော် ရဟန်းတော်တို့လည်း ဘာသာရေးနည်းလမ်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိကြရာ စာရေးသူ၏ အနီးကပ် မြင်တွေ့နေရသော မြင်ကွင်းတစ်ခုကို တင်ပြလိုပါသည်၊ ကျန်းမာရေးဦးစီးဌာနက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စိတ်ရောဂါအထူးကုဆေးရုံကြီးရှိ မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် သုတေသနဌာနတစ်ခု ဖွင့်လှစ်ကာ ကုသပေးလျက် ရှိကြပါသည်၊ စိတ်ရောဂါအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးတစ်ဦးသည် မူးယစ်ဆေးစွဲရောဂါရှင်တို့ကို သမားဆေးဖြင့် ကုသပေးသည့်အပြင် ဘုရား၏သတိပဋ္ဌာန်တရားဆေးဖြင့်လည်း ကုသပေးရန် ရည်ရွယ်၍ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကို မူးယစ်ဆေးစွဲသူတို့အား ဗုဒ္ဓ၏ သတိပဋ္ဌာန် တရားဆေး တိုက်ကျွေးပေးဖို့ ပန်ကြားလျှောက်ထားခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးသည် (၂၀၊ ၅၊ ၉၂) နေ့ကစတင် ဖွင့်လှစ်ကာ ဗုဒ္ဓ၏ သတိပဋ္ဌာန်တရားဆေးတို့ကို တိုက်ကျွေးခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်၊ ဆရာတော်ကြီး၏ တပည့်များဖြစ်သည့် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များသည် တစ်ပတ် တစ်ပတ်တွင် စနေ, တနင်္ဂနွေနေ့တို့မှ တစ်ပါး ကျန်နေ့ငါးနေ့တို့၌ မွန်းလွဲ ၁–နာရီမှ မွန်းလွဲ ၃–နာရီထိ တရားရှုမှတ်စေခဲ့ကြပါသည်။

ဗုဒ္ဓ၏သတိပဋ္ဌာန်တရားဆေး စားသုံးကြသည့် ထိုရောဂါရှင်တို့မှာ တချို့လည်း တစ်လ, နှစ်လထိ ကြာကြ၏၊ တချို့လည်း တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်စသည် ကြာကြ၏၊ ဆေးပတ်စေ့

သဖြင့် ပြန်သူတို့က ပြန်ကြ၍ နောက်ထပ်လာရောက်သူတွေက လည်း လာရောက်နေကြပေသည်။

တရားအားထုတ်ကြသူတို့မှာ ရံခါ ငါးယောက်၊ ရံခါ ကိုး ယောက်၊ ရံခါ ၁၀–ယောက်၊ ရံခါ ၂၀–ယောက်လောက် ရှိကြ ၏၊ အစပိုင်း၌ ၁၅ မိနစ် တရား ထိုင်မှတ်ချိန် နှစ်ကြိမ်၊ သုံး ကြိမ်၊ စင်္ကြံလျှောက်မှတ်ချိန် နှစ်ကြိမ်၊ သုံးကြိမ်ဖြင့် စခဲ့ရာမှ တဖြည်းဖြည်း နာရီဝက်၊ တစ်နာရီကျော် ကြာထိ ထိုင်မှတ်နိုင် လာကြပါသည်၊ သူတို့မှာ ဆဲလ်ခန်း (သော့ပိတ်ထားသောအခန်း) ထဲမှ ထွက်ခွာစဆိုလျှင် သူတို့၏ ခြေလက်တို့နှင့် ခန္ဓာကိုယ် မှာ အလွန်ပင် ကိုက်ခဲပြီး ချည့်နဲ့နေသည်ဟု ဆိုကြပါသည်၊ ခေါင်းမှာလည်း မူးနောက်ရီဝေလျက် ရှိနေကြပါသည်တဲ့၊ အာရုံ တစ်ခုအပေါ် စူးစူးစိုက်စိုက်ထားဖို့ ခက်လှသည်ဟု ဆိုကြပါ သည်၊ ၁၅–မိနစ် တရားထိုင်မှတ်ဖို့ပင် မလွယ်ကူလှသော သူတို့ သည် တစ်နာရီ, နှစ်နာရီကျော်ကြာထိ ထိုင်မှတ်နိုင်လာကြပါ သည်။

တရားရှုမှတ်တာကို စိတ်ဝင်စားလာကြသည်၊ ပျော်ရွှင် တက်ကြွလာကြသည်၊ တရားရှုမှတ်ခြင်းကြောင့် သူတို့သည် ကိုယ်ရော စိတ်ပါ ချမ်းသာကြကာ ပူပင်သောက ဖြစ်မှု, စိုးရိမ် လွန်ကဲမှု, စိတ်တိုရန်လိုမှုနှင့် စိတ်ဓာတ်ကျမှုတို့ကို သက်သာ ပျောက်ကင်းလာကြပါသည်၊ ထို့ကြောင့် တရားရှုမှတ်မှုကို

မြတ်နိုး တန်ဖိုးထားလာကြပေသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ရက်ရှည်လာရောက် တရားအားထုတ်နိုင်အောင် ကြိုးစားကြမည်ဟု အားခဲလာကြ၏၊ အားခဲထားကြောင်းကို နှုတ်မှလည်း ပွင့်အန်လာကြ၏၊ တချို့လည်း တကယ်ပင် ရက်ရှည်လာရောက်ကာ အားထုတ်နေကြလေပြီ၊ ရက်ရှည် တရား အားထုတ်ပြီး ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ရဟန်းဘောင်တက်ရောက်ခဲ့ကာ တရားအားထုတ်နေသော အရှင်ဥတ္တရာဇီဝကမှ စာရေးသူအား ဤသို့ ပြောပြလာပါတော့သည်။

"ဤသတိပဋ္ဌာန်တရားကို မူးယစ်ဆေးဝါးကုသရေး သုတေသနဌာနမှာ စတင်၍ အားထုတ်ခဲ့ပါတယ်၊ အားထုတ်ခါစပိုင်းမှာ ပျင်းပါတယ်၊ နောက်ပိုင်းမှာ စိတ်ပါလာပြီး ဒီတရားရှုမှတ်မှုနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု နွံထဲမှ ရုန်းထွက်နိုင်ကြောင်း သဘောပေါက်လာပါတယ်၊ ဒီသတိပဋ္ဌာန်တရားကို ငယ်စဉ်က အားထုတ်ခဲ့ရရင် ဒီလို လမ်းမှားသို့ ရောက်ခဲ့မှာ မဟုတ်ပါဘူး၊ တရားရှုမှတ်လို့ရတဲ့ ချမ်းသာဟာ မူးယစ်ဆေးဝါး အရသာနဲ့သာမက ဘယ်အရသာနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူး၊ အဲဒီတရားချမ်းသာကို တကယ်အားထုတ်မှလဲ ရနိုင်ပါတယ်၊ ဒါကြောင့် မူးယစ်ဆေးနွံထဲ မကျွံမိအောင် လူငယ် လူရွယ်တိုင်း သတိပဋ္ဌာန်တရား အားထုတ်ဖို့ အရေးကြီးပါတယ်၊ ဒါမှသာ ဗုဒ္ဓရဲ့ တရားအဆီအနှစ်ကို သိမြင်ခံစားရပြီး လမ်းမှားသို့ မရောက်နိုင်တော့ဘဲ

လူတော်လူကောင်းလေးများ ဖြစ်ကြပါမယ်၊ ဒါကြောင့် သတိပဋ္ဌာန်တရား ရှုမှတ်ကြရန် အကြံပေးချင်ပါတယ်”။

ဤအရှင်ဥတ္တရာဇီဝလို အမြင်မှန်ရကာ လမ်းမှန်ပေါ် လျှောက်ပြီး ကိုယ့်အကျိုး, ကိုယ့်မိသားစုအကျိုး, ကိုယ့်နိုင်ငံ, ကိုယ့်လူမျိုးအကျိုးကို သယ်ပိုးနိုင်ကြသည့် နိုင်ငံသားကောင်းလေးတွေ များစွာ ပေါ်ထွန်းလာနိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားလိုက်ပါသည်။

❀ ❀ ❀

## ရတနာသုံးပါး၊ စဉ်၍ထား၊ ကြောင်းကား ဘယ်သို့နည်း

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် "ပရိယတ် မကင်းသော ပဋိပတ်၊ ပဋိပတ် မကင်းသော ပရိယတ် ဖြစ်ရမည်"ဟူသော စီမံကိန်းကို အကောင်အထည် ဖော်နေလေရာ ဤစာရေးသူလည်း စွမ်းနိုင်ရာဘက်က စွမ်းနိုင်သမျှ ထိုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက် ရှိနေပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ကျေးဇူးရှင် ဆရာတော်သည် မိမိထံ လာရောက်အားထုတ်ကြသည့် ပြည်တွင်း၊ ပြည်ပ ယောဂီတို့အား တရားပြသပေးရေး၊ တရားဟောပေးရေးတို့တွင် နာယက ဆရာတော်များနှင့် စွမ်းနိုင်သော တပည့်အရှင်တို့အားလည်း တာဝန် ပေးတော်မူ၏၊ ပြည်တွင်း၊ ပြည်ပမှ လာရောက်ကာ ပရိယတ်စာပေ သင်ယူနေကြသည့် စာသင်သားတို့ကိုလည်း တပည့်အရှင်မြတ်တို့လိုပင် စာသင်ပြပေးစေပါ၏၊ ကျေးဇူးရှင်

ဆရာတော်၏ တာဝန်ပေးချက်အရ ဤစာရေးသူလည်း ပရိယတ်, ပဋိပတ်ဆိုင်ရာ တာဝန်လေးတို့ကို စွမ်းနိုင်သမျှ ဆောင်ရွက်ပေးနေပါ၏။

ညနေ ၄-နာရီ မိနစ်-၃၀ မှ ၅-နာရီ မိနစ်-၃၀ အထိ စာချတန်းအတွက် ပါရာဇိကဏ်စာဝါကို ပို့ချပေးနေစဉ် ကျေးရွာရှင် ဆရာတော် လာရောက်ပြီး "စာဝါပြီးရင် သူ့ထံ ခဏ လာခဲ့ဦး"ဟု မိန့်ကြားတော်မူသဖြင့် စာဝါပြီးသောအခါ ဆရာတော်ထံ သွားရပါသည်၊ စာရေးသူသည် အဖျားပျောက်စ ဖြစ်သဖြင့် အားလည်း နည်းနေသေး၏၊ မိုးကလည်း အေးနေသဖြင့် အအေးမိပြီး ပြန်မဖျားအောင်လည်း ဂရုစိုက်နေရသေး၏၊ အအေးဒဏ်နှင့် အပင်ပန်းဒဏ်ကိုလည်း သိပ်မခံနိုင်သေး၊ ထို့ကြောင့် တစ်နေ့တာ တာဝန်လေးတွေ ပြီးဆုံးသွားသောအခါ နားနားနေနေ နေလိုက်ဦးမည်"ဟု တွေးထားမိ၏၊ ထိုအတွေးသည် ထိုနေ့တွင် အကောင်အထည် ပေါ်မလာ၊ စာဝါ ပြီးသွားသောအခါ ဆရာတော် ခေါ်ရာသို့ သွားရပါ၏။

ဆရာတော်ကျောင်းသို့ ရောက်သောအခါ "သင်္ကန်းဝိကပ္ပနာပြုစရာ ရှိတယ်၊ ဝိကပ္ပနာပြုဦးမယ်"ဟု မိန့်ကြားတော်မူကာ ဝိကပ္ပနာ (မိမိပိုင်အဖြစ်မှ ကင်းကွာအောင် ပြုမှု ဝိနည်းကံ) ပြုတော်မူပါသည်၊ ဝိကပ္ပနာပြုပြီးသောအခါ ကုလားထိုင်၌ မထိုင်သေးဘဲ စာအုပ်စင်မှန်တံခါးကို ဆွဲဖွင့်နေ၏၊ ထိုသို့ မှန်တံခါး

ဆွဲဖွင့်ရင်း "အဲဒီဘာသာရေးမဂ္ဂဇင်း ရလား၊ ဖတ်ပြီးပြီလား၊ အပြုသဘောတွေပါတဲ့ မဂ္ဂဇင်းပါပဲ၊ အဲဒီထဲမှာ အမေး၊ အဖြေ ကဏ္ဍကို ဖတ်ကြည့်စမ်းပါ၊ ရတနာသုံးပါး ရှေ့နောက် စဉ်ပုံနဲ့ စပ်ပြီး ဖြေထားတာ ပါတယ်"ဟု မိန့်ကြားပြီး သူ ကြည့်လိုသည့် ပိဋကတ်စာအုပ်ကို ရှာဖွေနေလေသည်၊ သူ ကြည့်လိုသော စာအုပ်ကို တွေ့သဖြင့် ယူကာ ထိုစာအုပ်စင်အနီးရှိ ကုလားထိုင်ပေါ် ထိုင်သည်၊ ထိုင်ရင်း ထိုစာအုပ်ကို ကြည့်ရှုနေပေသည်၊ "ဖတ်ပြီးပြီလား၊ ဖြေထားတာ ဘယ်လိုနေလဲ"ဟု မေးသဖြင့် "ပိဋကစာပေအကိုးအကားနဲ့ ဖြေရင် ခိုင်လုံတိကျမှု ရှိပါမယ် ဘုရား၊ ပိဋကစာပေထဲမှာ အဲဒီအဖြေ ပါပါသလားဘုရား"ဟု စာရေးသူက လျှောက်ထားသောအခါ "ရော့… ဒီစာအုပ် စာမျက်နှာ(၁၁)မှာ ဖတ်ကြည့်စမ်း"ဟု မိန့်သဖြင့် ဆရာတော် ပေးသောစာအုပ်ကို ထပြီး ယူလိုက်ကာ ဖတ်ရှုကြည့်ပါသည်၊ စာအုပ်နာမည်ကို ရှေးဦးစွာ ကြည့်မိပါသည်၊ စာအုပ်နာမည်က ခုဒ္ဒကပါဌဋ္ဌကထာတဲ့၊ သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်တွင် ပါဝင်ပါသည်၊ ထိုခုဒ္ဒကပါဌဋ္ဌကထာကို ရေးသားသည့် ပုဂ္ဂိုလ်မှာ လူသိများလှသော အရှင်မဟာဗုဒ္ဓဃောသပင် ဖြစ်ပါသည်၊ ထို ခုဒ္ဒကပါဌဋ္ဌကထာကို "ပရမတ္ထဇောတိကာ"ဟူ၍လည်း နာမည် ပေးထားပါသေးသည်။

ထိုစာအုပ် စာမျက်နှာ (၁၁)တွင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော သရဏဂုံ

(၃)ပါးနှင့် စပ်၍ ဖွင့်ဆိုချက်များစွာတို့ထဲမှ ဘုရားကို ရှေးဦးစွာ ပြဆိုရခြင်းအကြောင်းနှင့် ထို့နောက်မှ တရား၊ ထို့နောက်မှ သံဃာကို ပြဆိုရခြင်း၏ အကြောင်းတို့ကိုလည်း ထည့်သွင်းဖော်ပြထားပါ၏၊ ထိုအကြောင်းတို့ကို ဖတ်ရှုရသောအခါ ဘာသာရေး မဂ္ဂဇင်းတစ်ခု၌ ထိုအဖြေပေးသော ပုဂ္ဂိုလ်ကိုလည်း ဖတ်ရှုမိစေချင်သည့် ဆန္ဒ စာရေးသူရင်မှာ ပေါ်လာမိပါ၏၊ အခြားအခြား သိလိုကြသည့် ပုဂ္ဂိုလ်တို့ကိုလည်း သိစေချင်ပါ၏၊

ဆရာတော်သည် စာရေးသူ၏ ဆန္ဒအခြေအနေကို ရိပ်စားမိပုံ ပေါ်ပါ၏၊ "အဲဒီအကြောင်းကို ဆောင်းပါးတစ်ပုဒ် ရေးပါလား"ဟု တိုက်တွန်းတော်မူနေပါ၏၊ "ဗုဒ္ဓသာသနာဝင် အများစုတွေမှာ ဗုဒ္ဓသာသနာ ဗဟုသုတ မများရှာကြဘူး၊ ပိဋက စာပေမှာ အသိ ပညာ, အလိမ္မာတွေ အစုံပါတယ်၊ ဒီဆောင်းပါး ဖတ်ရရင် အကျိုးများပါလိမ့်မယ်၊ ထုတ်ဖော်ရေးသားပေးလိုက်စမ်း"ဟု မိန့်ကြားတော်မူပါသည်။

"အဲဒီပါဠိတွေ ဖတ်စမ်း"ဟု အမိန့်ရှိပြီး စာရေးသူ ဖတ်မပြရသေးမီ ဆရာတော်က ရှေ့က အလွတ်ရွတ် ပြနေပါသည်၊ ဆရာတော်သည် အကြိမ်ပေါင်းများစွာ ဤပါဠိဝါကျတို့ကို ဖတ်ရှုထားပုံရပါ၏၊ ထို့နောက် စာရေးသူကို အနက်ပေးစေပြီး အဓိပ္ပါယ်ပြန်နိုင်းပါသည်၊ ထို့ကြောင့် စာရေးသူက ဤသို့ အနက် အဓိပ္ပါယ် ပြန်ပြပါသည်။

“သတ္တဝါအားလုံးတို့တွင် အမြတ်ဆုံး ဖြစ်သောကြောင့် ဘုရားရတနာကို ရှေးဦးစွာ ပြဆိုပါသည်၊ ထို့နောက်မှ တရားရတနာကို ပြဆိုရခြင်း၏ အကြောင်းတို့ကား တရားရတနာသည် ထိုဘုရားဟူသော ဖြစ်ရာ အကြောင်းရှိခြင်းနှင့် ထိုဘုရားရှင် ဟောကြားညွှန်ပြထားအပ်သော တရားဖြစ်ခြင်းတို့ ဖြစ်ပါသည်၊ ထို့နောက်မှ သံဃာရတနာကို ပြဆိုရခြင်း၏ အကြောင်းတို့ကား သံဃာရတနာသည် ထိုတရား၏ တည်ရာ ဖြစ်ခြင်းနှင့် ထိုတရားကို မှီဝဲတတ်သည့် ပုဂ္ဂိုလ်တို့ ဖြစ်ခြင်းတို့ပါတည်း”။

”ငါဟာ ဒီအကြောင်းပြချက်စာသားတို့ကို ဖတ်ဖူးတယ်လို့ ထင်တယ်၊ ဒါပေမယ့် အမှုမဲ့ အမှတ်မဲ့ ဖာသိဖာသာပဲ ဖတ်မိခဲ့တယ်၊ ဗုဒ္ဓသာသနာဝင်ဖြစ်တဲ့ ငါတို့တစ်တွေ သိသင့်တဲ့အချက်တွေပဲ၊ အမှုမဲ့ အမှတ်မဲ့ ဖာသိဖာသာ သဘောမထားသင့်တဲ့ အချက်တွေပဲ”ဟူ၍ အတွေးဝင်နေမိစဉ်• “အကြောင်းပြချက်စကားတွေကို နောက်တစ်နည်း ပြောသေးတယ်လေ၊ ဆက်ပြီး အနက်အဓိပ္ပါယ် ပြန်ပြလေ”ဟု မိန့်တော်မူလေသဖြင့် အတွေးကို ဖြတ်ကာ ဆက်လက်ပြီး အနက်အဓိပ္ပါယ် ပြန်ပြရပါသည်။

“နောက်တစ်နည်းမှာ ဘုရားရတနာသည် သတ္တဝါအားလုံးတို့ကို အကျိုးစီးပွား၌ ယှဉ်စေတတ်, တိုက်တွန်းတတ်သောကြောင့် ရှေးဦးစွာ ဘုရားရတနာကို ပြဆိုပါသည်၊ တရားရတနာသည် ထိုဘုရားရတနာဟူသော ဖြစ်ရာအကြောင်းရှိသည့်အတွက်

သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားဖြစ်သောကြောင့် ဘုရားရတနာ၏ အခြားမဲ့မှာ တရားရတနာကို ဆိုရပါသည်၊ သံဃာရတနာသည် အကျိုးစီးပွားကို ရအောင် ကျင့်၏၊ ကျင့်သဖြင့် အကျိုးစီးပွားကို ရပြီးလည်း ဖြစ်၏၊ ထို့ကြောင့် သံဃာရတနာကို နောက်ဆုံးမှာ ပြဆိုပါသည်။"

စာရေးသူ အနက်အဓိပ္ပါယ်ကို ပြန်ဆိုပြီးသောအခါ "ဒီအကြောင်းအရာလေးတွေကို တရားဟောတဲ့အခါ ထည့်ဟောရအုံးမယ်၊ ဒီခုဒ္ဒကပါဠ္ဌကထာကို ကြည့်သူ နည်းကြတယ်နဲ့ တူတယ်၊ ကျမ်းအိပ်လို ဖြစ်နေတယ်၊ ပိဋကစာပေတွေဟာ သိပ်ကောင်းတယ်၊ စာများများ ဖတ်ရတယ်၊ နံ့စပ်အောင် ဖတ်ရတယ်၊ မှတ်သားစရာ ကောင်းတာလေးတွေကို မှတ်စုထုတ်ပြီး မှတ်ထားရတယ်၊ ကဲ-အဲဒါလေးကို ဆောင်းပါးတစ်ပုဒ် ဖြစ်အောင် ကြိုးစားလိုက်စမ်းပါအုံး"ဟု ဆရာတော်က မိန့်ကြားတော်မူသဖြင့် "မှန်လှပါဘုရား"ဟု လျှောက်ထားပြီး ကန်တော့ကာ စာရေးသူ အခန်းသို့ ပြန်လာခဲ့ပါသည်။

စာရေးသူ အခန်းသို့ ပြန်လာရင်း ဘုရား, တရား, သံဃာရတနာသုံးပါးကို ရှေ့နောက် စဉ်ရခြင်းအကြောင်းတို့ကို ရေးသားပြဆိုထားသည့် ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသကိုလည်း ကျေးဇူးတင်နေမိပါသည်၊ ထိုအကြောင်းတို့ကို ကြည့်ရှုဖို့ရာ ညွှန်ပြတော်မူသော ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ဆရာတော်ကိုလည်း ကျေးဇူးတင်နေမိပါသည်၊ ထိုအကြောင်းတို့ကို စာဖတ်ပရိသတ်ထံသို့ ရောက်အောင် ပို့ပေးရန် စာရေးသူ၏ ရင်တွင်းမှ စေတနာ၊ ဆန္ဒတို့ကလည်း တွန်းအားပေးနေကြပါသည်၊ ထို့ကြောင့် ဤဆောင်းပါး အကောင်အထည် ပေါ်လာအောင် ကြိုးစားလိုက်ပါသတည်း။

❀ ❀ ❀

## ရွှေတောင်ကုန်းက ပန်းရွှေကြာ

အားကျဖွယ်၊ အတုယူဖွယ်ကောင်းသော ပုဂ္ဂိုလ်တို့နှင့် နေထိုင်၊ ပြောဆို၊ ဆက်ဆံနေရခြင်းသည် အားကျ၊ အတုယူကျင့်သုံးလိုသူတို့၏ ဘဝတိုးတက်ရေးအတွက် တွန်းအားကို များစွာ ပေးနိုင်ပေသည်၊ ထို အားကျဖွယ်၊ အတုယူဖွယ် ကောင်းသော ပုဂ္ဂိုလ်တို့နှင့်အတူ မနေထိုင်၊ မပြောဆို၊ မဆက်ဆံရစေကာမူ ထိုပုဂ္ဂိုလ်တို့အကြောင်းကို ကြားသိရခြင်းနှင့် ထိုပုဂ္ဂိုလ်တို့အကြောင်း ရေးသားထားအပ်သည့် စာပေတို့ကို ဖတ်ရှုရခြင်းသည်လည်း အားကျ၊ အတုယူကျင့်သုံးလိုသူတို့၏ ဘဝတိုးတက်ရေးအတွက် တွန်းအားကို များစွာ ပေးနိုင်ပေသည်၊ ထို့ကြောင့် အားကျ၊ အတုယူဖွယ်ကောင်းသော သီလရှင် ဆရာလေး တစ်ပါးအကြောင်းကို ရေးသားဖော်ပြလိုပါသည်။

ထိုဆရာလေးသည် ၁၉၉၂-ခုနှစ်က အစိုးရ အခြေပြု မူလတန်း စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမရကာ အောင်မြင်ခဲ့ပါ

သည်၊ ထိုဆရာလေးအကြောင်းကို ရတနာမွန်မဂ္ဂဇင်းတွင် ‘ဆရာဝန် မဖြစ်ချင်သည့် မစာရုဒဿိနီ’ ဟူသောအမည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်၊ ဆရာလေး မစာရုဒဿိနီသည် ၁၉၉၄–ခုနှစ် အစိုးရ ပထမလတ်တန်း စာမေးပွဲတွင်လည်း တစ်နိုင်ငံလုံး၌ ပထမရကာ အောင်မြင်ခဲ့ပြန်ပါသည်၊ ထို့ကြောင့် ဆရာလေး မစာရုဒဿိနီ အကြောင်းကို ထပ်မံ ရေးသားဖော်ပြလိုသည့်ဆန္ဒ စာရေးသူရင်မှာ ဖြစ်ပေါ်လာပါသည်၊ ဆရာလေး မစာရုဒဿိနီ အကြောင်း ဖတ်ရှုရသည့် စာဖတ်ပရိသတ်တို့ အဖို့လည်း အကျိုးများဖွယ် ရှိမည်ဟု ယူဆမိပါသည်၊ ထို့ကြောင့် စာရေးသူက ဆရာလေးကို မေးမြန်းထားအပ်သည့် မေးခွန်းများနှင့် ဆရာလေး မစာရုဒဿိနီက ဖြေကြားထားအပ်သော ဖြေကြားချက်များကို ရေးသားဖော်ပြလိုက်ပါသည်။

မေး။ ။ ဆရာလေး သာသနာ့ဘောင် ဝင်ရောက်ဖို့အတွက် မည်သို့သော အခက်အခဲတို့ကို ရင်ဆိုင်ခဲ့ရပါသလဲ၊ ထိုအခက်အခဲတို့ကို မည်သို့ ကျော်လွှားခဲ့ရပါသလဲ။

ဖြေ။ ။ တပည့်တော်ရဲ့ မိဘများနဲ့ အစ်မများက စက်မှုတက္ကသိုလ် ဒုတိယနှစ်ရောက်နေတဲ့ တပည့်တော်ကို တက္ကသိုလ် ဆက်တက်စေချင်ကြပါတယ်၊ ဆုံးဖြတ်ချက် မခိုင်မာလို့ လူဝတ်လဲခဲ့လို့ရှိရင် ဟိုမရောက် ဒီမရောက် တစ်ပိုင်းတစ်စ ဖြစ်မှာ စိုးရိမ်

ကြပါတယ်၊ တကယ်လို့ ကျန်းမာရေးကြောင့် လူဝတ်လဲရတယ် ဆိုရင်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်လောက်အောင် ဘွဲ့ရစေချင်ကြပါတယ်၊ မိသားစုတစ်စုလုံး တရားကို လေးစားသူတွေဖြစ်လို့ တပည့်တော်ရဲ့ ကောင်းတဲ့ဆန္ဒကို မတားမြစ်ကြပါဘူး၊ သေသေချာချာ စဉ်းစားဖို့, အချိန်ယူပြီး ဆုံးဖြတ်ချက်ချဖို့သာ တိုက်တွန်းကြပါတယ်၊ သူတို့ကို သာသနာ့ဘောင်မှာပဲ အပြီးနေမှာ ဖြစ်ကြောင်း, ဘယ်လိုပဲဖြစ်ဖြစ် လူဝတ်လဲဖို့ စိတ်မကူးချင်တော့ကြောင်း, ဗုဒ္ဓစာပေတွေကိုသာ သင်ယူတော့မှာ ဖြစ်ကြောင်းကို ပြောရပါတယ်၊ အဲဒီအခါ သူတို့အားလုံး တရားအားထုတ်ကြသူတွေဖြစ်လို့ စိတ်ကျေနပ်သွားကြပါတယ်။

မေး။ ။ သာသနာ့ဘောင်ဝင်ရောက်လာဖို့ရန် အား အကောင်းဆုံးသော တွန်းအားကား ဘာပါလဲ?

ဖြေ။ ။ သာသနာ့ဘောင်ဝင်ရောက်ဖို့ရန် အား အကောင်းဆုံးသော တွန်းအားဟာ 'သတိပဋ္ဌာန်' တရားပဲ ဖြစ်ပါတယ်၊ ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီးကို ဆည်းကပ်ခွင့်ရတဲ့ အချိန်ကစပြီး ဆရာတော်ကြီးက တပည့်တော်ကို တရား

အားထုတ်စေခဲ့ပါတယ်၊ ၁၉၈၃–မှ စပြီး ဆယ်ရက်၊ နှစ်ပတ်၊ သုံးပတ်၊ တစ်လ၊ နှစ်လ စသည်ဖြင့် တရားဝင်ခဲ့ပါတယ်၊ သတိပဋ္ဌာန်တရားဟာ အားထုတ်သူတွေရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို ယဉ်ကျေးသိမ်မွေ့စေပါတယ်။

တရားအားထုတ်ပြီးတဲ့အခါ အပြင်လောကမှာ လောကီရေးကိစ္စ၊ အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန် နေရတယ်၊ သံသရာအကျိုးထက် တစ်ဘဝ တစ်ခဏ အကျိုးအတွက်လောက်သာ အချိန်ကုန်နေရတယ်၊ ကုသိုလ်ရေး၊ လွတ်မြောက်ရေးအတွက် အချိန် မပေးနိုင်ပါ၊ အပြင်လောကမှာ ပျော်ရွှင်စရာတွေ ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် တစ်ခဏအတွက်သာ ဖြစ်တယ်၊ စိတ်အေးချမ်းမှုကို တကယ် မပေးနိုင်ဘူး၊ တရားကသာ စိတ်ချမ်းသာမှုကို အပေးနိုင်ဆုံး ဖြစ်တယ်၊ တရားအားထုတ်ခြင်းသာ အဓိပ္ပါယ်အရှိဆုံး၊ အကျိုးအရှိဆုံးအလုပ် ဖြစ်တာကို မြင်လာရပါတယ်၊ တရားအားထုတ်ပြီးမှသာ သာသနာ့ဘောင်သို့ ကူးပြောင်းဖို့ စိတ်ကူးများ ဝင်လာရပါတယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ပထမအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ သိက္ခာရှင်ဘဝနဲ့ သင်တန်းသူ သိက္ခာရှင်များကို စောင့်ရှောက်ရင်း ကျေးဇူးရှင် ဆရာတော်ကြီးရဲ့ ကျေးဇူး

ကို ဆပ်နေတဲ့ အချိန်မှာ သာသနာ့ဘောင်သို့ အပြီး ကူးပြောင်းလိုစိတ်များ ပိုပြီး ရှင်သန်ခဲ့ရပါတယ်။

မေး။ ။ ဆရာလေးဟာ မည်သည့်ရည်ရွယ်ချက်ဖြင့် သာသနာ့ဘောင် ဝင်ရောက်လာပါသလဲ?

ဖြေ။ ။ သာသနာ့ဝန်ကို မိမိစွမ်းနိုင်သလောက် ထမ်းဆောင်ဖို့, မိမိကိုယ်ကို သာသနာ့အတွက် အသုံးချဖို့ ရည်ရွယ်ချက်ဖြင့် သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့ပါတယ်။

မေး။ ။ အနာဂတ်မှာ မည်သို့သော မျှော်လင့်ချက်တွေ ထားရှိပါသလဲ။

ဖြေ။ ။ မိမိကိုယ်တိုင်လည်း ဗုဒ္ဓတရားတော်တွေကို စာတွေ့, လက်တွေ့ လေ့လာချင်ပါတယ်၊ တရားနဲ့သာ အချိန်ကို ကုန်လွန်စေပြီး တရားအားထုတ်မှု, ပါဠိတော်တွေကို ဖတ်ရှုလေ့လာမှုနဲ့ စိတ်ရဲ့ အေးချမ်းမှုကို ရယူလိုတဲ့ မျှော်လင့်ချက်များ ရှိပါတယ်၊ လူအများလည်း မြတ်စွာဘုရားဟော တရားတော်တွေကို သိရှိနိုင်ခွင့် ရအောင် လက်ဆင့်ကမ်းချင်ပါတယ်၊ သံသရာမှ လွတ်မြောက်ရေးအတွက် ကြိုးစားအားထုတ်ဖို့ အရေးတကြီး လိုအပ်နေတယ်ဆိုတာကို အများသိကြစေဖို့, တရားနဲ့ ပျော်တတ်တဲ့ လူ

တွေ ဖြစ်လာစေဖို့ တတ်အားသမျှ ကြိုးစားဖို့ မျှော်လင့်ထားပါတယ်။

မေး။ ။ တစ်နေ့တာ မည်သို့ စာကို ကြိုးစားပါသလဲ။

ဖြေ။ ။ နံနက် ၄–နာရီမှ ည ၁၀–နာရီအတွင်း စာကျက်ချိန်၊ ဘုရားဝတ်ပြုချိန်၊ စားချိန်၊ ကိုယ်ခန္ဓာ သန့်ရှင်းသုတ်သင်မှုကိစ္စ စသည့် ဆောင်ရွက်ချိန်မှတစ်ပါး ကျန်အချိန်များမှာ စာကျက်၊ စာပြန်၊ စာကြံဆပါတယ်၊ တစ်နေ့မှာ စာဝါ ၃–ဝါ တက်ပါတယ်၊ စာကျက်လို့ ပင်ပန်းနွမ်းနယ်ချိန်မှာ အပန်းဖြေချိန် အနည်းငယ်မျှ ပေးပြီး ဦးကျောက်ရှင်းရပါတယ်၊ စိမ်းလန်းစိုပြေတဲ့ သစ်ပင်ပန်းပင် ပန်းမာလ်တို့ကို ကြည့်ခြင်းဖြင့် မျက်စိ အနားပေးရပါတယ်။

မေး။ ။ ပထမရအောင် ကြိုးစားရာဝယ် မည်သို့သော အခက်အခဲများကို ရင်ဆိုင်ခဲ့ရပါသလဲ? ထိုအခက်အခဲများကို မည်သို့ ကျော်လွှားခဲ့ပါသလဲ?

ဖြေ။ ။ အသက် ၂၀–ကျော်မှ ပရိယတ္တိစာပေတွေကို စပြီးသင်ယူရတာဖြစ်လို့ ငယ်ငယ်ကတည်းကစပြီး သင်ယူရသူတွေနဲ့ မတူပါ၊ လောကီစာတွေကို သင်ယူစဉ်က အလွတ်(**by heart**) ကျက်ရတာ နည်းပါတယ်၊ ယခု ပရိယတ္တိစာပေ သင်ယူရာမှာ အလွတ်

ကျက်ရတာတွေက များတော့ တပည့်တော်အတွက် အလွတ် ကျက်ရတာ ခက်ပါတယ်၊ ဒါပေမယ့် အလွတ် ရထားရင် အကျိုးလည်း များ၊ ခရီးလည်း ပိုရောက်တာကို သိရလို့ ကျက်မှတ်နေရပါတယ်၊ မှတ်မိလွယ်အောင် သဘောနဲ့ တွဲပြီး ကျက်ပါတယ်၊ ကျန်းမာရေး သိပ်မကောင်းလို့ စာကြိုးစားရာမှာ အခက်အခဲ တွေ့ရပါတယ်၊ စာကျက်ရာမှာ များသောအားဖြင့် စိတ်နဲ့လည်း ကျက်၊ တစ်ခါတစ်ရံ အသံတိုးတိုးထွက်ပြီးလည်း ကျက်ပါတယ်။

ကျေးရှူးရှင် ပဏ္ဍိတာရာမ ဆရာတော်ကြီးက စာသင်သားတွေ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှု အနေနဲ့ တစ်နေ့မှာ အနည်းဆုံး တစ်နာရီ လမ်းလျှောက်ရင်း စာပြန်ခိုင်းတော်မူပါတယ်၊ ကျန်းမာမှသာ ခရီးရောက်နိုင်တာဖြစ်လို့ ကျန်းမာရေး ဂရုစိုက်ဖို့၊ စာကြိုးစားနိုင်ဖို့အတွက် အားရှိအောင် စားပေးဖို့ အမြဲ သတိပေးပါတယ်၊ဆရာတော်ကြီးက ပရိယတ်၊ ပဋိပတ် ဘက်စုံတဲ့ အရည်အချင်းပြည့် စာချဆရာများဖြစ်တဲ့ အရှင် ဉာဏဓဇာဘိဝံသနဲ့ အရှင် ဓမ္မိကာလင်္ကာရာဘိဝံသတို့ကို စာချစေတဲ့ အပြင် ကိုယ်တော်တိုင်လည်း အချိန် ရရင် ရသလို စာသင်ပေးပါတယ်၊ ဆရာများရဲ့ မေတ္တာ၊ စေတနာ၊

ကရုဏာ ရှေ့ထားကာ စာချပေးမှုကြောင့် စာလိုက်ရတာ အခက်အခဲ မရှိပါ။

မေး။ ။ ဒီလို ပထမရပြီး အောင်မြင်လာဖို့ရာ မည်သို့သော အကြောင်းတို့ ပြည့်စုံဖို့ လိုအပ်ပါသလဲ?

ဖြေ။ ။ ပထမရပြီး အောင်မြင်ဖို့ ကံ, ဉာဏ်, ဝီရိယတို့ ပြည့်စုံဖို့ လိုအပ်ပါတယ်၊ ဉာဏ်အကောင်းဆုံး စာရင်းထဲမှာ မပါဝင်ပေမယ့် ဉာဏ်အသင့်အတင့် ရှိသူဟာ ကြိုးစားမှု အားလည်း ကောင်း, ကံလည်း လိုက်တယ်ဆိုရင် အောင်မြင်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်လိုချင်တဲ့ ပန်းတိုင်တစ်ခုဆီကို ချီတက်နေသူဟာ 'ငါလုပ်ရင် ဖြစ်ကို ဖြစ်ရမယ်၊ ဖြစ်အောင်လည်း အစွမ်းကုန် ကြိုးစားမယ်'ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ကြိုးစားရပါတယ်၊ အတတ်နိုင်ဆုံး ကြိုးစားထားလျက်သားနဲ့ အကြောင်း မတိုက်ဆိုင်လို့ ကိုယ်မှန်းထားသလို ဖြစ်မလာတဲ့ အခါကျမှ 'ဒီတစ်ချီတော့ ကံမကောင်းလို့ ဖြစ်မလာပေမယ့် နောင် ဖြစ်လာအောင် ကြိုးစားမယ်'ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးနဲ့ ဇွဲမလျှော့ဘဲ ကြိုးစားရမှာ ဖြစ်ပါတယ်။

မေး။ ။ ဆရာလေးအား ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး ပေးအပ်သော ဩဝါဒတို့ထဲမှ

ဆရာလေး အနှစ်သက်ဆုံး ဩဝါဒကို ပြောပြပေး နိုင်ပါသလား ?

ဖြေ။ ။ ပြောပြနိုင်ပါတယ်၊ ကျေးဇူးရှင် ဆရာတော်ကြီးက အလျဉ်းသင့်တိုင်း အဖိုးမဖြတ်နိုင်တဲ့ ဩဝါဒတွေ ကို ပေးတော်မူပါတယ်၊ 'မြင့်တဲ့လူတွေအပေါ်မှာ ကိုယ်က နိမ့်ရမယ်၊ နိမ့်တဲ့လူတွေအပေါ်မှာ ကိုယ် က မြင့်ရမယ်'ဆိုတဲ့ ဩဝါဒကို တပည့်တော် နှစ်သက်မိပါတယ်။

ကြိုးစားမှုကြောင့် အောင်မြင်မှု ရလို့ ဖြစ်စေ, မိဘဆွေမျိုး တောင့်တင်းမှု, စီးပွားရေး ကောင်းမှု စတဲ့ အခြေအနေတွေကြောင့် ဖြစ်စေ ထိန်းချုပ်မှုမှ ကင်းလွတ်တဲ့ အနေနဲ့ စိတ်နေစိတ်ထား တစ်မျိုး တစ်မည် ဖောက်ပြန်နေတဲ့သူတွေ အပေါ်မှာ ကိုယ့် ကိုယ်ကို နှိမ့်ချပြီး ဆက်ဆံရပါမယ်၊ လောကသား တွေအနေနဲ့ ကြည့်မယ်ဆိုရင် ဒီလို နှိမ့်ချဆက်ဆံ တာကို အောက်ကျတယ်လို့ ထင်နိုင်ပါတယ်၊ မြတ်စွာဘုရား အလိုတော်ကျ ကြည့်မယ်ဆိုရင် တော့ ကိုယ်က နှိမ့်ချဆက်ဆံခြင်းဖြင့် အသာရလိုက် တာပါပဲ၊ ဒါကို ရည်ရွယ်ပြီး မြင့်တဲ့လူတွေ အပေါ် မှာ ကိုယ်က နိမ့်ရမယ်'လို့ ဆိုတာ ဖြစ်ပါတယ်၊ 'နိမ့်တဲ့လူတွေအပေါ်မှာ ကိုယ်က မြင့်ရမယ်'ဆိုတာ

ကတော့ သီလ, သမာဓိ, ပညာတရားတွေ နည်းပါးတဲ့အနေနဲ့ နိမ့်ကျနေသူတွေထက် ကိုယ်က သီလ, သမာဓိ, ပညာ တိုးပွားအောင် အားထုတ် ကျင့်ကြံခြင်းဖြင့် မြင့်မြတ်ရပါမယ်၊ ဒီဩဝါဒဟာ ဘဝအတွက် သိပ်အဖိုးတန်လှတဲ့ အဆုံးအမ ဖြစ်ပါတယ်၊ 'ကိုယ်ကသာ သူများကို သည်းခံလိုက်ရတယ်ဆိုတာ ဖြစ်ရမယ်၊ ကိုယ့်ကို သူများက သည်းခံလိုက်ရတယ်ဆိုတာ မဖြစ်ရဘူး'ဆိုတဲ့ အဆုံးအမဟာ သည်းခံတတ်ဖို့, အများနဲ့ ဆက်ဆံရ ထိတွေ့ရတဲ့အခါမှာ အနေတတ်ဖို့, သာသနာ့အကျိုး ဆောင်ရွက်ရာမှာလည်း အကျိုးများဖို့အတွက် ဖြစ်လို့ တပည့်တော် နှစ်သက်မိပါတယ်။

မေး။ ။ ဆရာလေးလို ဘဝတူ ဆရာလေးတို့အား ဆရာလေးလို အောင်မြင်မှု ရလာအောင် မည်သို့သော အကြံဉာဏ်များ ပေးနိုင်ပါသလဲ, ပေးလိုပါသလဲ?

ဖြေ။ ။ စာပေဘက်မှာ အောင်မြင်မှုရလာဖို့အတွက် အာဂုံရော, သဘောဉာဏ်ပါ လိုအပ်ပါတယ်၊ ပုစ္ဆာက ဘာကို ဆိုလိုတယ်၊ ဘယ်လို မေးရင် ဘယ်လိုဖြေရမယ်ဆိုတာ သေသေချာချာ စဉ်းစားဖို့ လိုပါတယ်၊ ဖြေတဲ့အခါ အသပ်ရပ်ဆုံး ဖြစ်အောင် ကြိုးစားဖြေရပါတယ်၊ စာမေးပွဲ မဝင်ခင်က မေးခွန်း

တွေကို လေ့လာပြီး လေ့ကျင့်ထားရပါတယ်၊ ပြဋ္ဌာန်းချက်နှင့် ပုစ္ဆာထုတ်စည်းမျဉ်းတွေကို လေ့လာဖို့ အထူးလိုအပ်ပါတယ်။

မေး။ ။ ဆရာလေးလို အောင်မြင်မှုရသူတစ်ဦး ဖြစ်လာရေး အတွက် အနှောင့်အယှက် ပေးတတ်သည့် အချက် အလက်တွေက ဘာတွေပါလဲ?

ဖြေ။ ။ ကျန်းမာရေး မကောင်းရင် အောင်မြင်မှုရသူ တစ်ဦး ဖြစ်ဖို့အတွက် အနှောင့်အယှက် ဖြစ်တတ်ပါတယ်၊ အပေါင်းအသင်းတွေနဲ့ အပျော်အပါးများတာ, အရေး မကြီး အကျိုးမများတဲ့ ကိစ္စတွေမှာ အချိန်ကုန်ခံတာ တွေကို အထူးရှောင်ရပါမယ်။

မေး။ ။ ဆရာလေးမှာ စာဖတ်ပရိသတ်တို့အား အခြားအခြား ပြောလိုတာများ ရှိခဲ့သေးရင် ပြောပြပေးပါလား။

ဖြေ။ ။ တစ်ဘဝ, တစ်ခဏမျှ အချိန်လောက်သာ ကြာရှည်တဲ့ ချမ်းသာငယ်လေးတွေ ရဖို့အတွက်လောက်နဲ့သာ အချိန်ကုန်မခံဘဲ ချမ်းသာတကာထဲမှာ အမြတ်ဆုံး ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ ရနိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ရန်ကင်းမြို့နယ်, ပါရမီရိပ်သာ, ၅(က) မြစပါယ်လမ်းနေ ဖခင် ဦးကျော်ကျော်, မိခင် ဒေါ်စိန်စစ်ဖြူတို့၏ သမီး၊ မြသီဂီ

ကျော်နှင့် မြမဒ္ဒီကျော်တို့၏ ညီမလေး "မြစိန်စီကျော်"ဟူသော လူနာမည်ရှိပြီး အသက် (၂၅)နှစ်ရှိသည့် ဆရာလေး မစာရဒဿိနီသည် ၃–နှစ်ကျော်မျှသာ သက်တမ်းရှိသေးသည့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဟူသော ကန်သာယာသစ်ကြီးဝယ် နှစ်ကြိမ်မြောက်အဖြစ် ထပ်ဆင့်ပွင့်လာသည့် ပန်းရွှေကြာလေး ဖြစ်ပါသည်။

ဆရာလေး မစာရဒဿိနီသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီးနှင့် စာချဆရာများဖြစ်ကြသည့် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ, အရှင်ပညာဒီပါဘိဝံသ, အရှင်ဃောသိတာဘိဝံသ, အရှင်ဣန္ဒဝံသာစာရတို့ထံ ပထမကြီးတန်းအတွက် စာဝါများကို ဆက်လက်လေ့လာကာ ပထမကြီးတန်းကို တစ်နှစ်တည်း ဖြေဆိုရုံမျှဖြင့် အောင်မြင်ပြီးပါပြီ၊ ယခုအခါ အစိုးရစာချတန်း(၃)ကျမ်းကို ဖြေထားပါသည်၊ အစိုးရစာချတန်းတွင်လည်း "အဂ္ဂမဟာအကျော်" အောင်ပန်းကို ဆွတ်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသတည်း။

❀ ❀ ❀

## "ဝတ်ကြောင်ကို လွတ်အောင် ရုန်းခဲ့သော ဆရာဝန်မလေး"

ဆေးဆရာဝန်မလေးတစ်ဦး သာသနာ့နွယ်ဝင် သီလရှင် အမြဲဝတ်မည်တဲ့၊ ကြားရသူတို့တွင် ယုံသူလည်း ရှိ၏၊ မယုံသူလည်း ရှိ၏၊ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသူတို့လည်း ရှိ၏၊ ထိုသတင်းမျိုးကို ကြားရဖူးသူ အလွန်ပင် ရှားပေလိမ့်မည်၊ တကယ် သီလရှင်ဝတ်ထားသည်ကို မြင်တွေ့ရသူကား ပို၍ပင် ရှားပေလိမ့်မည်၊ ကြားရသူ, မြင်တွေ့ရသူ ရဟန်း, ရှင်, လူတို့ အံ့သြကြသည်၊ ချီးကျူးကြသည်၊ သာသနာတော်မှာ အမြဲ ပျော်ရွှင်သွားပါစေဟုလည်း ဆန္ဒတွေ ပြုလာကြသည်၊ ဆရာဝန်ဘွဲ့ရပြီးစ အချိန်မှာ သာသနာတော်ဝင်ရောက်လာသော ထိုသီလရှင်ဆရာလေး၏ အားကောင်းလှသည့် သဒ္ဓါတရားကို ကြည်ညိုလေးစားကြလေသည်၊ "ဆရာဝန်ဆိုတဲ့ ဘွဲ့ထူးကို တော်တော်တန်တန် ဉာဏ်နဲ့ ရဖို့ လွယ်တာ မဟုတ်ဘူး၊ ရပြီးကာစ ဆရာဝန်အလုပ်ကို တကယ်ကော စွန့်လွှတ်နိုင်မှာလား၊ သူမက စွန့်လွှတ်နိုင်

တယ်ထားဦး၊ သူမရဲ့ မိဘ, ညီ အစ်ကို မောင်နှမတွေက ခွင့်ပြုနိုင်မှာတဲ့လား၊ အလကားသက်သက် လူအထင်ကြီးအောင် အဆန်းထွင်တာ နေမှာပါ၊ သီလရှင်ဝတ်ဖြစ်မှာ မဟုတ်ပါဘူး၊ ဝတ်နိုင်မှာ မဟုတ်ပါဘူး၊ စိတ်ကူးယဉ်သက်သက်နေမှာပါ” စသည် စသည်ဖြင့် သံသယဝင်သူတို့မှာလည်း သံသယတွေ လွင့်စင်သွားခဲ့ကြလေပြီ။

၁၃၅၆–ခု၊ သီတင်းကျွတ်လပြည့်နေ့ (၁၉၊ ၁၀၊ ၉၄)က ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ကျေးဇူးရှင်ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံတော်၌ သာသနာ့နွယ်ဝင် သိက္ခာရှင် (သီလရှင်) ဝတ်ခဲ့ပါလေပြီ၊ ဘွဲ့က“ကမလဉာဏီ”တဲ့၊ လူနာမည်က “မချောချောထွေး”၊ အသက်က (၂၇)နှစ်မျှသာ ရှိသေးသည်၊ တိုက်အမှတ် (၂၅၇)၊ အခန်း (၉) အရှေ့ရန်ကင်းမှာ နေသည်၊ မိဘ(၂)ပါး အသက်ထင်ရှား ရှိသေးသည်၊ ဖခင်အသက် (၇၉)၊ မိခင်အသက် (၅၂) ရှိပြီ၊ အစ်မ (၄)ယောက်၊ အစ်ကို (၆)ယောက် ရှိသည်၊ မချောချောထွေးသည် အထွေးဆုံးလေး ဖြစ်သည်၊ အစ်ကို, အစ်မတို့တွင် အိမ်ထောင်ကျသူတို့က ကျကုန်ပြီ၊ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော မိဘများက အငယ်ဆုံးလည်း ဖြစ်, ဆေးကျောင်းပြီးစ ဆရာဝန်အသစ်စက်စက်လေးဖြစ်သည့် မချောချောထွေးကို အနီးအနားမှာ ရှိစေချင်ကြသည်၊ အားကိုးချင်ကြသည်၊ မောင်နှစ်မတချို့က “အသက်ကြီးပြီဖြစ်တဲ့ မိဘ (၂)ပါးကို စွန့်သွားလို့ မိဘကျေးဇူး မသိတတ်သူ, တစ်ကိုယ်

ကောင်းဆန်သူ၊ ကိုယ်လွတ်ရုန်းသူ၊ ရှုးကြောင်ကြောင်ဆန်သူ၊ မိုက်မဲသူ၊ တစ်ဖက်စွန်းရောက်သူ” စသည်ဖြင့် ပြစ်တင်ပြောဆိုကြလေ၏၊ မချောချောထွေးသည် ပြစ်တင်ပြောဆိုသူတို့ကိုလည်း အပြစ်မမြင်၊ အပြစ်မတင်လိုပေ။

မချောချောထွေး၏ မျိုးရိုးတွင် ဘုန်းကြီးဝတ်သူ၊ သီလရှင်ဝတ်သူ မရှိခဲ့သည့်အပြင် ဆရာဝန်ပညာ (ဆေးပညာ)ကို အချိန်ကုန်၊ ငွေကုန်ခံပြီး ပြီးဆုံးအောင် သင်ပြီးခဲ့တာတွေကြောင့် ညီအစ်ကို မောင်နှမတချို့က မချောချောထွေးကို နမြောနေတာကို မချောချောထွေး သိရှိနားလည်လေသည်၊ သူတို့ အပြစ်တင်ကြသော်လည်း မချောချောထွေးကမူ သူတို့ကို ကျေးဇူးတင်မဆုံးရှိနေလေသည်၊ ဆရာဝန်အဖြစ် ရောက်အောင် သူမအတွက် အနစ်နာခံပြီး လုပ်ကျွေးခဲ့၊ ကူညီကျေးဇူးပြုခဲ့သည့် ကျေးဇူးများကို လုံးဝ မေ့ပျောက်၍ မရရှာနိုင်ပေ၊ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစုစောင့်ရှောက်ပေးခဲ့သည့် အနန္တကျေးဇူးရှင် မိခင်၊ ဖခင်ကြီးများကို စကားလုံးတို့ဖြင့် ပြောမပြနိုင်လောက်အောင်ပင် ကျေးဇူးတင်လျက်ရှိလေသည်။

မိဘ(၂)ပါးကား မချောချောထွေးလေး လောကီဘက်မှာ ကြီးပွားတိုးတက်နေတာကိုပဲ မြင်ချင်ကြ၏၊ ဘဝခြားသွားသဖြင့် နမြောဝမ်းနည်းကြ၏၊ သို့ဖြစ်၍ သမီးလေး မချောချောထွေးက မိဘ(၂)ပါး စိတ်မဆင်းရဲစေလိုသဖြင့် တတ်နိုင်သမျှ ပြောပြရလေ၏။

"မေမေနဲ့ဖေဖေ...သမီးဟာ တစ်နေ့မှာ မေမေ, ဖေဖေ တို့နဲ့ သေကွဲတောင် ကွဲရအုံးမယ်၊ ဒါဟာ မလွဲမသွေ သေချာ ပါတယ်၊ သမီးတို့ ဆရာဝန်ဘဝဆိုတာလည်း အိမ်မှာ နေရတဲ့ အချိန်က နည်းပါတယ်၊ လောကဓမ္မတာအရ အရွယ်ရောက်လို့ အိမ်ထောင်ကျသွားရင်လည်း ခွဲခွါရမှာ ဖြစ်ပါတယ်၊ နိုင်ငံခြားမှာ ဘွဲ့လွန်သွားယူဖို့ ကြိုးစားရင်လည်း ခွဲရမှာဖြစ်ပါတယ်။

မေမေနဲ့ ဖေဖေတို့ကို သမီးက တရားနဲ့ ကျေးဇူးဆပ်ပါ မယ်၊ သီလရှင်ဘဝမှာ လူ့ဘဝကလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ နေ, ပေါ့ပေါ့စား, ဟိုဟိုဒီဒီ သွားပြီး ပျော်ပါးနေမှာမှ မဟုတ်ဘဲ၊ စည်းကမ်းတကျနဲ့ သီလ, သမာဓိ, ပညာ သိက္ခာ(၃)ပါးကို ပွားများ အားထုတ်ပြီး ဘုရားစကားတော်တွေကို ကြိုးကြိုးစားစား သင်ယူမှာပါ၊ သီလရှင်ဝတ်တာ ရက်စရာ မဟုတ်ပါဘူး၊ အလွန် မြင့်မြတ်ပြီး အလွန် အထက်တန်းကျပါတယ်၊ အများကြိုက်တာ, မကြိုက်တာ မသေချာပေမယ့် ဘုရားကြိုက်တာကတော့ သေချာ ပါတယ်၊ သမီးတို့ခေတ်မှာ သမီးလို ဆရာဝန်တစ်ယောက်က သာသနာ့နွယ်ဝင် သီလရှင်ဝတ်တာဟာ အဆန်းဖြစ်နေပေမယ့် ဘုရားရှင် လက်ထက်တော်တုန်းကတော့ အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေ သာသနာတော်မှာ ဝင်ရောက်ပြီး သာသနာ့ဝန်ဆောင် ကြတာဟာ ရိုးနေတာပါ၊ ဘုရားလက်ထက်ကဆိုရင် သမီးတို့ ထက် အဆပေါင်း များစွာ သာတဲ့ မိဖုရားတွေ, မင်းသမီးတွေ, သူဌေးသမီးတွေ, အလှပဂေးလေးတွေ, ပညာတတ်တွေ

သာသနာ့နွယ်ဝင် ဘိက္ခုနီ အရှင်မတွေ လုပ်ခဲ့ကြတာ အလွန့်အလွန်ပဲ များပါတယ်၊ မေမေ, ဖေဖေတို့ . . . သမီးကို သီလရှင်ဝတ်ဖို့ ခွင့်ပြုပါနော်၊ သမီးက သီလရှင်ဝတ်ဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပါပြီ၊ မတားပါနဲ့တော့၊ တားရင်လည်း ရမှာ မဟုတ်ပါဘူး၊ မေမေနဲ့ ဖေဖေတို့ မကျန်းမမာဖြစ်ရင် ဆရာတော်ကြီးကို ခွင့်ပန်ပြီး လာရောက်ပြုစုပေးပါမယ်" စသည်ဖြင့် မိဘ(၂)ပါးအား အကြိမ်ပေါင်းများစွာ ရှင်းပြကာ ခွင့်ပန်စကား ဆိုခဲ့လေသည်၊ မိဘများနှင့် ညီအစ်ကို မောင်နှမများက မည်သို့မှ တားလို့မရတော့သဖြင့် မလိုက်လျောချင်သော်လည်း လိုက်လျောခဲ့ကြရလေတော့သည်။

မချောချောထွေး၏ တစ်သက်တွင် မေ့ပျောက်၍ မရနိုင်လောက်အောင် ကျေးဇူးကြီးမားသည့် မိတ်ဆွေ(၃)ဦး ရှိခဲ့၏၊ ဒေါက်တာ မခင်နှင်းဦး, ဆရာလေး ဒေါ်သုစရိတနှင့် မသက်သက်နှင်းတို့ ဖြစ်ပေ၏၊ သူတို့(၃)ဦးနှင့် ရင်းနှီးခင်မင်ခွင့်ရခဲ့သဖြင့် မချောချောထွေးသည် ဝတ်ကြောင်ဘဝမှ လွတ်အောင်ရုန်းနိုင်ခဲ့ပါလေ၏၊ မချောချောထွေး၏ မိသားစုမှာ မိရိုးဖလာဗုဒ္ဓသာသနာဝင်များသာ ဖြစ်ကြပါ၏၊ မချောချောထွေးသည် ၁၉၈၃-ခုနှစ်, အ.ထ.က(၂) စမ်းချောင်းမှ (၁၀)တန်း အောင်မြင်၍ ဆေးတက္ကသိုလ်(၁)သို့ ရောက်လာသည်အထိ ဗုဒ္ဓသာသနာနှင့်စပ်သည့် အသိအမြင် အလွန်ပင် နည်းခဲ့လေ၏၊ စတုတ္ထတန်းကတည်းက ရင်းနှီးခင်မင်ခဲ့သော သူငယ်ချင်း မခင်နှင်းဦး

သည် မချောချောထွေး၏ ဘဝအတွက် အလင်းရောင်ကို စတင် ပေးနိုင်တဲ့သူလေး ဖြစ်၏၊ မခင်နှင်းဦး၏ ကျေးဇူးကြောင့် မချောချောထွေးသည် ၁၉၈၄–ခုနှစ်, အောက်တိုဘာလတွင် ဆရာကြီး ဦးဘခင် တည်ထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ ရိပ်သာ (International Meditation Centre) ၌ ဝိပဿနာ တရားကို (၁၀)ရက် စတင် အားထုတ်ခွင့်ရခဲ့၏၊ မချောချောထွေး သည် ဝိပဿနာတရား အားထုတ်သည့်အချိန်မှ စ၍ ဗုဒ္ဓတရား တွေအပေါ် စိတ်ဝင်စားကာ ဗုဒ္ဓတရားစာပေတွေကို လေ့လာ ဖတ်ရှုလာ၏၊ ဝိပဿနာတရား ကြိုးကြိုးစားစား အားထုတ်ပြီး ဘဝ၏ အနှစ်အရသာကို ရနိုင်သမျှ ရအောင် ယူဖို့ ရည်မှန်းချက် ထားလာ၏၊ ကုသိုလ်ပြုတိုင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို သာ အလေးအနက်ထားပြီး ဆုတောင်းလေ့ရှိလာ၏။

အရေးအခင်းကာလ ကျောင်းတွေ ပိတ်ထားတုန်းတွင် ၁၉၉၀–ခုနှစ်, နိုဝင်ဘာလ၌ ထို ဦးဘခင်တရားရိပ်သာမှာပင် ဒုတိယအကြိမ်အဖြစ် (၁၀)ရက်ကြာ တရားအားထုတ်ခဲ့ပြန်၏၊ ထိုအချိန်အထိ သူ့ကိုယ်ကို သီလရှင်ဝတ်ဖြစ်လာလိမ့်မည် ဟူ၍ လုံးဝ မထင်ခဲ့ချေ၊ ဖြစ်ချင်သည့် ဆန္ဒလည်း မရှိခဲ့ပေ၊ သီလရှင် တွေ၏ ဘဝကိုလည်း အားကျစိတ် မပေါ်သေးပေ၊ ဘွဲ့လွန်ရ ထားသည့် ဆရာဝန်များကိုမှ အားကျပေ၏၊ သို့သော် လွတ်လပ် စွာ တရားအားထုတ်ခွင့် ရနေသူတို့ကိုကား ပို၍ အားကျနေ လေသည်။

မချောချောထွေးသည် ၁၉၉၂-ခုနှစ်၊ ဧပြီလတွင် တတိယ အကြိမ်အဖြစ် ချမ်းမြေ့ရိပ်သာ၌ (၃၇)ရက်ကြာ သတိပဋ္ဌာန် တရား အားထုတ်ခဲ့ပြီးနောက် သဒ္ဓါတရားတွေ ရှေးကထက် ပို၍ တိုးလာ၏၊ ကြားသိဉာဏ် (သုတမယဉာဏ်)၊ တွေးသိဉာဏ် (စိန္တာမယဉာဏ်)တို့ ပို၍ ရင့်သန်လာ၏၊ ပွားသိဉာဏ် (ဘာဝနာ မယဉာဏ်)လည်း အထိုက်အလျောက် တိုးတက်လာ၏၊ တရား တိတ်ခွေများ၊ ဘာသာရေး စာကောင်းပေမွန်များကို နာကြား၊ ဖတ်ရှု၊ မှတ်သားခြင်းတို့၌ မွေ့လျော်လာ၏၊ ချမ်းမြေ့ရိပ်သာ၌ တရားအားထုတ်စဉ် အလွန် ကြည်ညိုဖွယ်ရာကောင်းသည့် ပုသိမ် မြို့မှ ဒေါ်သုစရိတအမည်ရှိ ဆရာလေးနှင့် ခင်မင်ရင်းနှီးခဲ့၏၊ ဒေါ်သုစရိတာဘဝကို အားကျစိတ်တွေ ပေါ်ခဲ့၏၊ ဒေါ်သုစရိတက သာသနာတော်အရိပ်ဟာ အင်မတန် အေးမြကြောင်း၊ လူ့လောက ဟာ ကိစ္စတွေ ရှုပ်ထွေပြီး ပူပင်စရာတွေ၊ အပူတွေ များကြောင်း တို့ကို ရှင်းပြ၏၊ သာသနာတော်အရိပ်ကို မခိုလှုံချင်ဖူးလားဟု မေးသောအခါ မချောချောထွေးက ခိုလှုံချင်ပါကြောင်း ပြန်လည် လျှောက်ထားခဲ့၏၊ အကယ်၍ ခိုလှုံခဲ့လျှင် မြတ်ဗုဒ္ဓ၏ အဆုံးအမ သိက္ခာ ၃-ရပ်ကိုသာ ကြိုးစားဖြည့်ကျင့်နေပါက ပစ္စည်း၄-ပါး အတွက် ပူပင်စရာ မရှိဘဲ အလိုလို ပြည့်စုံလာမှာဖြစ်ကြောင်း ကိုလည်း ဒေါ်သုစရိတက ပြောပြလေ၏။

မချောချောထွေးသည် အိမ်ထောင်သည် အစ်ကို၊ အစ်မတွေ သား၊ သမီးတွေအတွက် များစွာ ပူပန်ကြရဟာတွေ၊ ရန်းကန်

လုပ်ရှားနေကြရတာတွေ, တရားလုပ်ငန်းအတွက် ဘာမျှ မလုပ်နိုင်ကြတာတွေကို ကြည့်ကာ သံဝေဂ ယူမိနေလေ၏၊ ဆင်းရဲခြင်း၏ အကြောင်းအရင်းဖြစ်သည့် သံယောဇဉ်၏ အပြစ်တို့ကို မြင်လာ၏၊ "သံယောဇဉ်တွေကို စွမ်းနိုင်သမျှ ဖြတ်နိုင်မှသာ ဘဝချမ်းသာအစစ်ကို ရနိုင်မည်" ဟူသော ဗုဒ္ဓ၏စကားနှင့်အညီ သံယောဇဉ်တွေ စွမ်းနိုင်သမျှ ဖြတ်ကာ ချမ်းသာအစစ်ရကြောင်းကောင်းမှုများနှင့်သာ ပျော်မွေ့လို့လာ၏၊ ရတနာသုံးပါးအပေါ် စိတ်ညွတ်သည့် အချိန်တွေ များလေလေ, စိတ်ထဲမှာ အေးမြချမ်းသာလေလေ ဖြစ်နေတာကို ကိုယ်တွေ့ ခံစား သိမြင်လာ၏၊ အစမထင်နိုင်သည့် သံသရာခရီးရှည်ကြီးမှာ တစ်ဘဝပြီး တစ်ဘဝ ဝဋ်ဆင်းရဲ ခံနေရတာ, ဂဂ်္ါဝါဠု သဲစုမကအောင် ဘုရားရှင်တွေ အဆူဆူ ပွင့်ထွန်းခဲ့ပြီးပေမယ့် မလွတ်မြောက်နိုင်သေးတာတွေဟာ စဉ်းစားဆင်ခြင်သလောက် ကြောက်စရာ, သံဝေဂ ရစရာတွေအဖြစ် မြင်လာ၏၊ ချမ်းမြေ့ဆရာတော်၏ ရှင်းလင်း, ပြတ်သားကာ အနှစ်သာရ ပြည့်ဝသော တရားလက်ာများနှင့် တရားတော်များကို အကြိမ်ကြိမ် နာခွင့်ရခြင်းသည်လည်း သူမအတွက် ကြီးမားသော အထောက်အပံ့တစ်ခု ဖြစ်ခဲ့ပါ၏။

၁၉၉၂-ခုနှစ်၊ ဒီဇင်ဘာ, ဇန်နဝါရီလတွေမှာ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါ၏၊ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ) စာမေးပွဲ ဖြေဖို့ (၆)လ အလိုလောက်တွင် ဖြစ်၏၊ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ပြီး မကြာခင်မှာ မသက်သက်နှင်းနှင့်

ဆုံတွေ့ကာ ရင်းနှီးခင်မင်ခဲ့၏၊ မသက်သက်နှင်း၏ ကျေးဇူးပြု မှုဖြင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ရောက်ရှိ ပြီး ဆရာတော်ကြီးကိုလည်း ဖူးတွေ့၊ ကြည်ညိုခွင့်ရခဲ့လေ၏၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ သီလရှင် အမြဲဝတ်လိုကြောင်း ကို မသက်သက်နှင်းက ဆရာတော်ကြီးအား လျှောက်ထားပေး သောအခါ ဆရာတော်ကြီးက မချောချောထွေးအား စိတ်ဓာတ်ကို ခိုင်မာစေသည့်၊ တန်ဖိုးရှိလှသည့် အဆုံးအမစကားများကို မိန့် ကြားတော်မူလိုက်လေ၏၊ ပရိယတ္တိစာပေတွေ ကြိုးကြိုးစားစား သင်ယူနေကြသည့် နီပေါ်ဆရာလေးများနှင့် ဆရာလေး မစာရ ဒဿိနီတို့ကို အားကျခဲ့၏၊ မချောချောထွေးသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို သူမ နေသင့်သည့် နေရာတို့တွင် အကောင်း ဆုံး နေရာအဖြစ် ရွေးချယ်လိုက်လေ၏။

မချောချောထွေးသည် သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက် မလွဲမသွေ ဖြစ်မြောက်အောင်မြင်အောင် မသက် သက်နှင်း၏ အကူအညီဖြင့် ရွှေတိဂုံစေတီတော်ကြီးမှာ အောင် မြေ (၉)နေရာ နင်းပြီး ဘုရားရှိခိုးကာ ဆုတောင်းခဲ့လေ၏၊ သီလရှင်ဝတ်မှ ဝတ်ဖြစ်ပါမလားဟု စိုးရိမ်သော စိတ်တွေ ပျောက်သွားလေတော့၏၊ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ခဲ့သည့်အချိန် နှင့် တကယ်သီလရှင် ဝတ်ရမည့်အချိန် (House Surgeon ဆင်းပြီးချိန်)မှာ ကွာဝေးနေသေးသည့်အတွက် သီလရှင်ဝတ်ဖြစ်မှ ဖြစ်ပါ့မလားဟူသော စိုးရိမ်စိတ်တွေ ဖြစ်ပေါ်ခဲ့လေ၏၊ မချော

ချောထွေး သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ခါစမှာ ဆုံးဖြတ်ချက် သိပ်ပြီး အခြေ မခိုင်သေးသော်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ အောင်မြေနင်းကာ ဆုတောင်းပြီးချိန်မှစ၍ ဆုံးဖြတ်ချက်သည် တစ်နေ့တခြား ပို၍ပို၍ ခိုင်မာလာလေ၏၊ ဘယ်လို အကြောင်းကြောင့်သော်မှ ယိမ်းယိုင်ခြင်း မရှိတော့ပေ၊ သီလရှင် ဝတ်ဖို့ အားခဲလာသည့် (၂)နှစ်နီးပါးကာလအတွင်းမှာ လုံးဝ မယိမ်းယိုင်ဘဲ အလွန် အားကောင်းခိုင်မာသည့် သူမ၏ စိတ်ဓာတ်ကို သူမတွေးမိတိုင်း အားရနေမိလေ၏၊ မချောချောထွေးသည် အပြောသမားသက်သက် မဟုတ်ပါချေ၊ လောကကြီးကို စိတ်နာလို့, စိတ်နာစရာ, စိတ်ဆင်းရဲစရာတွေကို ကြုံတွေ့ခဲ့ရလို့ သီလရှင်ဝတ်လိုသည့် ဆန္ဒ ဖြစ်ပေါ်လာသည်လည်း မဟုတ်ပါပေ၊ မချောချောထွေးမှာ အမြဲတမ်း ပျော်ရွှင်နေသူ, စိတ် မညစ်တတ်သူ, စိတ်ဓာတ် လုံးဝ မကျတတ်သူ, ပေါင်းသင်းဆက်ဆံရေး အဆင်ပြေသူ, ဗြဟ္မစိုရ်တရားနှင့်အညီ ကျင့်သုံးနေထိုင်တတ်သူလေး ဖြစ်သဖြင့် အမြဲ စိတ်ချမ်းသာနေတတ်ပေ၏၊ ပျော်ပျော်နေတတ်သည့် မချောချောထွေးမှာ ဗုဒ္ဓတရားတော်များ၏ ကျေးဇူးကြောင့် စစ်မှန်သည့် သဒ္ဓါတရားနှင့် သံဝေဂဉာဏ်တွေ ဖြစ်ပွားလာသဖြင့် သူမကိုသူမ အလွန်တရာ ကံကောင်းသည်ဟု ယူဆထားလေ၏။

(၁၀)နှစ်ကျော်ကြာ (၈)ပါးသီလကို အမြဲ ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့် မသက်သက်နှင်းကို အားကျသဖြင့် မချောချော

ထွေးသည် သူမ၏ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ချက် အောင်မြင်ဖို့ အထောက်အကူ ဖြစ်စေရန် ရည်သန်ကာ တစ်ပတ်တွင် စနေ, သို့မဟုတ် တနင်္ဂနွေရက်တို့တွင် (၈)ပါးသီလ စောင့်ထိန်းခဲ့လေ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ အဆုံးအမကို ခံယူခွင့်ရသည့် သီလရှင် (သိက္ခာရှင်) ဘဝသို့ အဆင်ပြေလျင်မြန်စွာ ရောက်ရှိရေး၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လွယ်ကူလျင်မြန်စွာ မျက်မှောက်ပြုနိုင်ရေး၊ ပရိယတ္တိစာပေများကိုလည်း လွယ်ကူ ထူးချွန်စွာ သင်ကြားတတ်မြောက်နိုင်ရေး၊ ကျေးဇူးကြီးမားလှသည့်, အိုမင်းနေပြီဖြစ်သည့် မိခင်, ဖခင်များကို အဓိကထားပြီး ကျေးဇူးရှင်အစ်ကို, အစ်မများကိုလည်း တရားဖြင့် ကျေးဇူးဆပ်နိုင်ရေး၊ သူငယ်ချင်းများအားလုံး, ဆွေမျိုးမိတ်သင်္ဂဟများနှင့် လက်လှမ်းမီရာ ပုဂ္ဂိုလ်တို့အား တရားဖြင့် အကူအညီပေးနိုင်ရေးနှင့် တတ်ထားသည့် ဆေးပညာကိုလည်း အသုံးချနိုင်ရေးတို့အတွက် မချောချောထွေး ကုသိုလ်တွေ ပြုတိုင်း ပြုတိုင်း လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ဆန္ဒပြင်းပြစွာဖြင့် အကြိမ်ကြိမ်အဖန်ဖန် ဆုတောင်းခဲ့လေ၏။

မချောချောထွေးသည် စာကျက်ပျင်းသူ ဖြစ်သဖြင့် ပရိယတ္တိစာပေများကို သင်ယူလိုစိတ် မရှိခဲ့သော်လည်း သီလရှင် ဝတ်ချင်လာသည့်အခါ ထက်သန်သည့် သဒ္ဓါတရားကြောင့် ဗုဒ္ဓတရားတော်တွေကို ကြိုးစားသင်ယူ ကျက်မှတ်ချင်စိတ်တွေ ဖြစ်ပေါ်လာ

လေ၏၊ ပရိယတ်ရော၊ ပဋိပတ်ပါ ပြည့်စုံပါမှ သာသနာကိစ္စတွေ ဆောင်ရွက်ရာမှာ ပိုမို ထိရောက်နိုင်မည်ကို နားလည်သဘောပေါက်လာလေ၏၊ မချောချောထွေးသည် ပရိယတ် မကင်းသော ပဋိပတ်၊ ပဋိပတ် မကင်းသော ပရိယတ်သာသနာကို ဆောင်ရွက်သူ အဖြစ်ဖြင့် အရိုးထုတ်သွားဖို့ အခိုင်အမာ ဆုံးဖြတ်ကာ သီလရှင် ဝတ်ပြီးပါလေပြီ၊ ယခုအခါ သတိပဋ္ဌာန်တရားအားထုတ်နေဆဲ ဖြစ်ပါသည်။

ရေကန်သည် ကြာရှိမှ တင့်တယ်သည်၊ "ကမလဉာဏီ"ဘွဲ့အမည်၏ အဓိပ္ပါယ်မှာ "ကြာနှင့်တူသော ဉာဏ်ရှိသူ"ဟူ၍ ဖြစ်လေရာ ဗုဒ္ဓသာသနာ အသရေ တင့်တယ်နိုင်စေသည့် ဉာဏ်ရှိသူ ဖြစ်လာစေရန် ရည်သန်ကာ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က ထိုဘွဲ့ကို ပေးတော်မူခဲ့ပေသည်၊ ဗုဒ္ဓသာသနာတော်တည်းဟူသော ရေကန်ကြီးကို ကြာပန်းကဲ့သို့ တင့်တယ်စေမည့် ဉာဏ်တွေ ဆရာလေး ကမလဉာဏီမှာ ပို၍ပို၍ တိုးလာနိုင်ပါစေဟု ဆန္ဒပြုနေမိပါသတည်း။

❀ ❀ ❀

## (၁၀) မိုင်ကုန်းအနီးက ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီး

ဘုရားရှင်သည် တော၏ အရသာကို လွန်စွာ သိတော်မူ၏၊ တော၏ တန်ဖိုးကို အလွန်ပင် နားလည်တော်မူ၏၊ ထိုကြောင့်ပင် တောအရပ်သို့ အခါခါ ကပ်ဝင်တော်မူခဲ့၏၊ ဘုရားရှင်သည် ဖွားစဉ်ကလည်း တောအရပ်တွင် ဖွားမြင်တော်မူခဲ့၏၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ၌လည်း တောအရပ်မှာပင် ရောက်တော်မူခဲ့၏၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ၌လည်း တောအရပ်မှာပင် ဝင်စံတော်မူခဲ့၏၊ တောအရပ်သည် အဖော်မမှီး တစ်ကိုယ်တည်း နေလိုသူတို့အတွက် သင့်လျော်သောအရပ် ဖြစ်၏၊ ကိလေသာအဖော်ကင်းကာ စိတ်စင်ကြယ်စွာ နေလိုသူတို့အတွက်လည်း သင့်လျော်လှ၏၊ သင်္ခါရအဖော်ကင်းကာ နိဗ္ဗာန်ချမ်းသာကို ခံစားပြီးနေလိုသူတို့အတွက်လည်း သင့်လျော်လှပေ၏၊ ထို့ကြောင့်ပင် ရဟန္တာအရှင်မြတ်တို့သည် တောအရပ်တွင်

အလွန်ပင် မွေ့လျော်ကြလေသည်၊ ရဟန္တာအဖြစ်ကို ရည်မျှော်ကာ တရားရှုမှတ်နေကြသော ယောဂီသူတော်စင်တို့အဖို့လည်း တော အရပ်သည် အလွန်ပင် ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းလှပေ သည်။

ဤတောအရပ်သည် ဘုရားရှင်လက်ထက်တော်က ဘုရားရှင် နှင့် ဘုရားရှင်တပည့်တို့ သီတင်းသုံး နေထိုင်ခဲ့ကြရာ တောအရပ် များစွာကို အောက်မေ့စေပါသည်၊ ဝေဠုဝန်ကျောင်းတော်သည် တောဖြစ်ကြောင်း ဖတ်ရှုခဲ့ရသည်ကို ဤတောကျောင်းက ပြန် ပြောင်း သတိရစေပါသည်၊ မှန်ပါသည်၊ ဤတောကျောင်းသည် ဝါးရုံပေါင်းများစွာတို့ဖြင့် ပိတ်သည်းနေသည့် တောကျောင်း ဖြစ် ပါသည်၊ ဤတောကျောင်း၏ ဧရိယာသည် ယခုအခါ ဧက(၆၀) ကျော် ရှိနေလေရာ ဝါးရုံပေါင်း (၃)ထောင်ထက် မနည်း ရှိအံ့ဟု ထင်မိပါသည်၊ ဤတောကျောင်း ပေါ်ပေါက်လာသည်မှာ (၂)နှစ် ကျော်မျှသာ ရှိသေးသည်၊ သို့သော် အဆောက်အဦကား (၂၀) ကျော် ရှိနေလေပြီ၊ မီးစက်လည်း ရှိနေသဖြင့် ညအခါတွင် အမှောင်ခွင်းသည့် မီးရောင်တို့လည်း လင်းလျက် ရှိနေလေပြီ၊ လအနည်းငယ်အတွင်းတွင် လျှပ်စစ်မီးရောင်တို့ပင် ထွန်းပြောင် လာပေတော့မည်၊ ဤတောကျောင်းတွင် လျှိုမြောင်တွေအကြား ဝယ် စမ်းချောင်းလေးတွေကလည်း ကြည်လင်အေးမြသော ရေ အလျင်ကို တသွင်သွင် စီးဆင်းနေစေပါသည်၊ သန့်ရှင်းလတ် ဆတ်သော လေကို နေ့ရော ညပါ အားရပါးရ ရှူရှိုက်ခွင့် ရပါ

သည်၊ ပတ်ဝန်းကျင်ကို ရှုမျှော်ကြည့်လိုက်လျှင်လည်း တောတန်း၊ တောင်တန်းတို့ကို တစ်မျှော်တစ်ခေါ်ကြီး မြင်တွေ့နေရပါသည်၊ တိတ်ဆိတ်ငြိမ်သက်မှု၏ အရသာကို အပြည့်အဝ ခံစားရပါသည်၊ တကျူကျူးကျူဟု ဆင့်ကာဆင့်ကာ ကူနေသော ချိုးငှက်စသော ကျေးငှက်သာရကာလေးတို့၏ အသံလေးတို့ကလည်း တော၏သဘာဝကို ပို၍ ပီပြင်စေပါတော့သည်။

ဤတောကျောင်း၏ ဂုဏ်သတင်းသည် ပြည်ပနိုင်ငံများစွာတို့သို့ပင် ပျံ့သင်းလျက် ရှိနေလေပြီ၊ ထို့ကြောင့် ဤတောကျောင်းအတွက် ရက်ရောစွာပင် ပြည်ပမှ ကုသိုလ်ရှင်တို့ ကုသိုလ်ပါဝင်နေကြလေပြီ၊ အမေရိက၊ ဂျာမဏီ၊ ပြင်သစ်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ကနေဒါ၊ နီပေါ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ သီရိလင်္ကာ စသောနိုင်ငံတို့မှ ကုသိုလ်ရှင်တို့တွင် အမေရိကကုသိုလ်ရှင်တို့ အထူးပင် စိတ်ဝင်စားနေကြပေပြီ၊ အမေရိကမှ ကုသိုလ်ရှင်တို့က ရေလုံလောက်စွာ ရရှိရေးအတွက် ဆည်ကြီးပြုလုပ်ကြမည်၊ ရေတွင်းတွေ များစွာ တူးပေးကြမည်၊ ကျောင်းအဆောက်အဦတွေလည်း ဆောက်ကြမည်၊ ပြီးသင့်သလောက်လည်း ပြီးနေပေပြီ၊ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ ပန်းခြံ၊ စိုက်ပျိုးရေးစသည့် လိုအပ်ရာရာတို့အတွက်လည်း အဖွဲ့ဖွဲ့ကာ အင်တိုက်အားတိုက် ဆောင်ရွက်နေကြလေပြီ။

အမေရိက၊ ဂျာမဏီ၊ ဩစတြီးယား၊ မလေးရှား၊ ထိုင်းစသော နိုင်ငံတို့မှ ယောဂီတို့ ဤတောကျောင်းသို့ လာရောက်

ကာ တရားရှုမှတ်နေကြလေပြီ၊ နောင်သောအခါတွင် ပြည်ပ ယောဂီတို့ ဤတောကျောင်းသို့ ဝင်လာမစဲ တစ်ဖွဲဖွဲ ဖြစ်နေကြ ပေလိမ့်မည်၊ ပြည်တွင်းယောဂီတို့မှာမူ အထူးပင် ပြောစရာလိုအံ့ မထင်ပါ၊ ဤတောကျောင်းကား ပဲခူးတိုင်း၊ အင်းတကော်မြို့နယ်၊ သဲဖြူချောင်းရွာအနီးတွင် တည်ရှိပါသည်၊ ပဲခူးမြို့မှ ရန်ကုန်မြို့ သို့ ကားဖြင့် လာလျှင် (၁၀)မိုင်အရောက်တွင် (၁၀)မိုင်ကုန်းဟု အမည်ရှိသည့်ရွာ တည်ရှိ၏၊ ထို(၁၀)မိုင်ကုန်းမှ အရှေ့ဘက် တွင် တစ်မိုင်ခွဲခန့် အကွာအဝေး၌ တည်ရှိ၏ ရထားဘူတာရုံရှိ သည့် ကျောက်တန်းရွာ၏ အနောက်မြောက်ဘက် (၆)မိုင်အကွာ တွင် တည်ရှိ၏၊ ဤတောကျောင်း၏ ဝန်းကျင်တွင် ရာဘာခြံ၊ သီဟိုဠ်ခြံ၊ သရက်ခြံ၊ ကင်ပွန်းခြံစသော ခြံကြီးတွေ များစွာ ရှိပါသည်။

ထိုတောကျောင်း၏အမည်မှာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဟူ၍ ဖြစ်ပါသည်၊ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် ကျောက် တန်းရွာ မဟာဗောဓိတောရကျောင်းတွင် သာမဏေဘဝနှင့် ရဟန်းငယ်ဘဝတုန်းက သီတင်းသုံးခဲ့ပါသည်၊ မဟာဗောဓိတောရ ဆရာတော်ကြီး အရှင်ကေလာသသည် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ပါသည်၊ ရွှေတောင် ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် အနှစ်(၂၀)ကျော် ကြာ ခဲ့သည်အထိ (၁၀)ရက် တရားစခန်းကို ထိုမဟာဗောဓိတောရ

ကျောင်းတွင် ဖွင့်လှစ်ကာ ကိုယ်တိုင်သော် လည်းကောင်း၊ တပည့်တို့ကို စေလွှတ်၍သော် လည်းကောင်း တရားပြသပေးခဲ့ပါသည်၊ ကျောက်တန်းရွာ၊ သပြုရွာ၊ အုန္နဲ့ရွာတို့၌ တစ်လှည့်စီကျင်းပမြဲ ဖြစ်သော ဝိနည်းစာပြန်ပွဲသို့လည်း ကြွရောက်ကာ လှူဒါန်းဖွယ် အသွယ်သွယ်တို့ကို လှူလေ့ရှိပေသည်။

ထိုတရားစခန်းနှင့် ဝိနည်းစာပြန်ပွဲတို့မှ ကားဖြင့် ရန်ကုန်သို့ အပြန်တွင် ဉာဏ်ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာနေရာ၌ ရိပ်သာတစ်ခု ပေါ်ပေါက်လာအောင် ဆောင်ရွက်လိုသည့် ဆန္ဒတွေ အခါခါ ပေါ်ခဲ့ပေသည်၊ ထို့ကြောင့် ဉာဏ်ရွှေတောင်ကုန်း သာသနာ့ရိပ်သာဖြစ်မည့် မြေနေရာပိုင်ရှင်ကို ဒကာ၊ ဒကာမတို့က စုံစမ်းကြည့်ရာ သဃ်န်းကျွန်း၊ သီရိရတနာရိပ်သာ၊ ခေမာလမ်း၊ အမှတ်(ရ)နေ မြေပိုင်ရှင် ဦးထွန်းသန်း+ဒေါ်ခင်မြစိန်မိသားစုက ဧက(၁၄)ရှိ မြေနေရာကို ရွှေတောင်ကုန်းရိပ်သာဆရာတော်အား လှူဒါန်းခဲ့ပါသည်၊ နေရာတိုးချဲ့ရန် လိုအပ်နေသေးသဖြင့် နောက်ထပ် (၂၈)ဧကကို ဒကာ၊ ဒကာမအများ၏ကောင်းမှုဖြင့် တိုးချဲ့ခဲ့ပြန်သည်၊ အမေရိကမှ ကင်နှင့်ဘာဘရာတို့ဇနီးမောင်နှံ ဦးဆောင်သောအဖွဲ့က ရိပ်သာမြေနေရာကို ထပ်မံတိုးချဲ့ကာ လှူဒါန်းလိုသဖြင့် အနီးရှိ မြေပိုင်ရှင်ဖြစ်သည့် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ တပင်ရွှေထီးလမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၁၆)နေ ဒုဗိုလ်မှူးကြီးမင်းဆွေ+ဒေါ်မြမြတို့၏ ဧက(၂၀•၅)ကို ဝယ်ယူလို

သဖြင့် သွားရောက်စုံစမ်းကြရာ ဒုဗိုလ်မှူးကြီးမင်းဆွေ+ဒေါ်မြမြ မိသားစုက သဒ္ဓါပေါက်ကာ ဧက(၂၀ • ၅)ကို ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်အား လှူဒါန်းကြပြန်ပါသည်၊ ထို့ကြောင့် ရွှေတောင်ကုန်းသာသနာ့ရိပ်သာသည် ယခုအခါ ဧက (၆၀)ကျော် ရှိလာပါတော့သည်။

ပြည်တွင်း စေတနာရှင်တို့သာမက ပြည်ပစေတနာရှင်တို့ကပါ ဝိုင်းဝန်းထောက်ပံ့လျက် ရှိနေသော ဤပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသည် ရေ, မီး, အဆောက်အအုံ, စားစရာတို့ဖြင့် ပြည့်စုံလာတော့မည် ဖြစ်သဖြင့် တရားလိုလား ပြည်တွင်း, ပြည်ပယောဂီ သူတော်စင်များအတွက် အားရကျေနပ်ဖွယ် ကောင်းလှပါပေသည်၊ ပရိယတ်, ပဋိပတ်သာသနာ့အလုပ်တို့ကို ကျယ်ပြန့်သည်ထက် ပို၍ ကျယ်ပြန့်လာအောင် ဆောင်ရွက်နေနိုင်သော ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ စွမ်းအားကို အားကျနေမိပါ၏၊ ဆရာတော်သည် ရန်ကုန် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာအပြင် ဤရိပ်သာအပါအဝင် မော်လမြိုင်, ပြင်ဦးလွင်မြို့, လုမ္ဗိနီတို့၌လည်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ အမည်ဖြင့် ရိပ်သာခွဲတွေ ရှိနေလေပြီ။

ပြည်ပတွင်လည်း အမေရိက, ကနေဒါ, အင်္ဂလန်, ဩစတြေးလျ, စင်ကာပူ, မလေးရှား, နီပေါနိုင်ငံတို့၌ ပရိယတ်,

ပဋ္ဌိပတ်စွယ်စုံ တပည့်ရဟန်းတို့ကို တာဝန်ပေးကာ ဆောင်ရွက်နေစေပါသည်၊ ထိုနိုင်ငံတို့မှ တပည့်အရှင်မြတ်တို့ထံ လာရောက်တရားရှုမှတ်ကြသည့် ယောဂီတို့လည်း ဤတောအရပ်မှ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ ဂုဏ်သတင်းကို ကြားသိထားကြလို့ ဖြစ်ပါလိမ့်မည်၊ သူတို့လည်း စိတ်ဝင်စားနေကြပါသည်။

ပြည်တွင်း ပြည်ပ မည်သူမဆို တိတ်ဆိတ်ငြိမ်သက်စွာ တရားရှုမှတ်လိုကြသူအားလုံး ဤတောအရပ်မှ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာလို နေရာမျိုးကို နှစ်ခြိုက်ကြမည်မှာ မလွဲပါပေ။

ယောဂီဘဝဖြင့် တောအရပ်၏ အရသာကို ခံစားလိုသူတိုင်း, တော၏ တန်ဖိုးကို နားလည်ကြသူတိုင်း တောပျော်ဘုရားရှင်၏ တပည့်များပီပီ ဤပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာလို နေရာများတွင် ရွှင်ကြည် ပျော်မွေ့မည်သာ ဖြစ်ပါသတည်း။

❀ ❀ ❀

# ဖြည့်စွက်စရာ ကွက်လပ်တစ်ခု

သာသနာတော်တည်းဟူသော ဥယျာဉ်ကြီး အမြဲတစေ ရှင်သန်ကြီးထွား စိမ်းလန်းစိုပြေစေရေးအတွက် သာသနာတော် အကျိုးစီးပွားကို လေးလေးနက်နက် တွေးဆမိသူတိုင်း ဥယျာဉ်မှူး ကောင်းတစ်ယောက် အနေဖြင့် ပါဝင်ကာ အဖိုးတန် မျိုးကောင်း မျိုးသန့် သစ်ပင်များ စိုက်ပျိုး ပြုစုပေးဖို့ လိုအပ်နေပါသည်၊ သာသနာ့ဥယျာဉ်ကြီးဝယ် ဥယျာဉ်မှူးကြီးတို့သည် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်, တိပိဋကနိကာယ စသည်မှ စာသင်သားများကဲ့သို့သော သစ်ပင်ကြီးများကို သိန်းပေါင်း များစွာသော ငွေကြေးတို့ကို ကုန်ကျခံကာ စိုက်ပျိုးပေးနေကြပါသည်၊ သရက်ပင် စသည်ကဲ့သို့သော သစ်ပင်ကြီးတစ်ပင် ကြီးထွား စည်ပင်ကာ ဖူး, ပွင့်, သီးလာလျှင် လူအများ စားသုံးနိုင်ကြ ပေလိမ့်မည် ဟူသော အမြော်အမြင်မျိုးဖြင့် စိုက်ပျိုးပေးနေကြ ခြင်း ဖြစ်ပါလိမ့်မည်၊ စပါးပင်, ဂျုံပင် စသည်ကဲ့သို့သော လူတို့

အတွက် လွှန်စွာ အကျိုးများ၊ အရေးပါလှသော အပင်ငယ်လေးများကိုလည်း သိန်းပေါင်းများစွာသော ငွေကြေးတို့ကို ကုန်ကျခံကာ စိုက်ပျိုးပြုစုပေးကြဖို့ အရေးတကြီး လိုအပ်နေပါသည်၊ ထိုအပင်ငယ်လေးများကား အခြားမဟုတ်ပါ၊ ယနေ့ မြန်မာနိုင်ငံမှ ကလေးသူငယ်များပင် ဖြစ်ပါသည်။

စိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်ကြီးထွား စိမ်းလန်းစိုပြေခွင့် ရလာစေရန် ပကတိ စိုက်ပျိုးရေးဥယျာဉ်မှူးသည် -

(၁) စည်းရိုး ကာပေးရမည်၊ (၂) ရေလောင်းပေးရမည်၊ (၃) ပင်ဖျက်ပိုးများကို ဖယ်ရှားပေးရမည်၊ (၄) မြေတောင်မြှောက်ပေးရမည်၊ (၅) ပင့်ကူမျှင်စသော အနှောက်အယှက်လေးများကို ဖယ်ရှားပေးရမည်။

ထို့အတူ သစ်ပင်ငယ်နှင့်တူသော ကလေးငယ်များကို ဗုဒ္ဓယဉ်ကျေးမှု ရှင်သန်ကြီးထွား စိမ်းလန်းစိုပြေခွင့် ရလာစေရန် သာသနာ့ဥယျာဉ်မှူးသည်လည်း -

(၁) ကလေးငယ်များအား ဗုဒ္ဓ ယဉ်ကျေးမှု အလေ့အထကောင်း များပေးရမည်၊ (၂) စာတွေနှင့် လက်တွေ့ ပေါင်းစပ်သင်ကြားပေးရမည်၊ (၃) ဆွေးနွေးပေးရမည်၊ (၄) အကြမ်းစားအန္တရာယ်များကို ဖယ်ရှားပေးရမည်၊ (၅) အနုစား အန္တရာယ်များကို ဖယ်ရှားပေးရမည်။

ထိုဥပမာနှင့် ဥပမေယျစကားကို အကျယ်ချဲ့ပြပါဦးမည်။

(၁) စိုက်ပျိုးရေး ဥယျာဉ်မှူးသည် စိုက်ပျိုးထားသော သစ်ပင်များကို ကြွက်, ဝက်စသည်တို့ ဝင်ရောက်ဖျက်ဆီးခွင့် မရရှိစေရန် စည်းရိုး ကာပေးရမည်။

ထို့အတူ သာသနာ့ဥယျာဉ်မှူးသည်လည်း ကလေးငယ်များ ရတနာသုံးပါးအပေါ် အခြေခံကျသော အယူအမြင် ဖြောင့်မှန်စေရန်နှင့် ကိုယ်နှုတ်အမူအရာ သန့်ရှင်းယဉ်ကျေးစေရန် ဗုဒ္ဓယဉ်ကျေးမှု အလေ့အထကောင်းများ ပေးရပေမည်။

(၂) သစ်ပင်များသည် နုငယ်စဉ် ရေသောက်မြစ် မခိုင်မာသေးပေ၊ ရေလို၍လည်း သေတတ်၏၊ ရေပို၍လည်း သေတတ်၏၊ ရေလိုလည်း မလို, ပိုလည်း မပိုစေဘဲ ညီမျှစွာ (အလောတော်) လောင်းပေးလျှင် အစဉ် စိမ်းလန်းစိုပြေလာ၏၊ တိုးတက်ကြီးပွားလာ၏။

ထို့အတူ ကလေးငယ်များသည် (ခွင်ကျ)ယုံကြည်ချက် မခိုင်မာသေးပေ၊ ဗုဒ္ဓယဉ်ကျေးမှုကို စာတွေနှင့် လက်တွေ့ ပေါင်းစပ်ပေးရန် လိုအပ်နေ၏၊ ဗုဒ္ဓယဉ်ကျေးမှု ရေစင်ကောင်းများ ခြောက်ခန်း မနေစေရ၊ သို့မှသာ ခရော နောင်ပါ ရှင်သန်ကြီးထွားပေမည်။

(၃) ဥယျာဉ်မှူးသည် သစ်ပင်ရင်း၌ မြေဖို့ပေးတန် ဖို့ပေးရ၏၊ ဆွပေးတန် ဆွပေးရ၏။

ထို့အတူ သာသနာ့ဥယျာဉ်မှူးသည် ဗုဒ္ဓယဉ်ကျေးမှုကို စာတွေ့ လက်တွေ့ သင်ကြားပေးစဉ် အကြောင်းအားလျော်စွာ ကလေးတို့မှာ အခက်ကြုံလာလျှင် ရှေ့တိုးသာအောင် ဆွေးနွေးဖြေရှင်းပေးရမည်၊ ကလေးတွေကို တကယ့်လူကြီးလေးတွေလို ဆက်ဆံ ဆွေးနွေးပေးခြင်းဖြင့် ကလေးများ၏ ဗုဒ္ဓယဉ်ကျေးမှုကို မြှင့်တင်ပေးရမည်။

(၄) ဖြစ်ထွန်းစ သစ်ပင်ငယ်လေးများ၌ ပင်ဖျက်ပိုးဟူသမျှ မကျရောက်စေရန် နည်းမှန်လမ်းမှန် ကာကွယ်ပေးရမည်၊ ကျရောက်ခဲ့သော် သင့်သောနည်းဖြင့် ဖယ်ရှားပေးရမည်။

ထို့အတူ ကလေးများအတွက် ဗုဒ္ဓယဉ်ကျေးမှု အသိစိတ်ဓာတ်စွမ်းအား ဆုတ်ယုတ်စေနိုင်၊ ဖျက်ဆီးပစ်နိုင်သည့် အဟန့်အတားမှန်သမျှ မကျရောက်စေရန် ကြိုတင်ကာကွယ်ပေးရမည်၊ ကျရောက် ရှုပ်ထွေးလာသော အဟန့်အတားတို့ကို လက်မနှေးဘဲ အမြန်ဖယ်ရှားပေးရမည်။

တစ်နည်းအားဖြင့်ပြောရလျှင် ...

ကျွန်းပင်ငယ်ပျိုများ ကြီးထွားဖွံ့ဖြိုးရန်အတွက် မြေ၊ ရေ၊ လေ၊ အလင်းရောင်တို့ လိုအပ်၏၊ အုပ်၊ မိုး၊ ကာ၊ ဆိုင်းထားသော ပေါင်းပင်၊ နွယ်ပင် (ပေါင်းပင်မျိုးစုံ)ကို ခုတ်လှဲပေးရ၏၊

(ပေါင်းသင်ပေးရ၏)၊ (အုပ်, မိုး, ကာ, ဆိုင်း, ခုတ်လှဲခြင်းဟူသော သစ်တောသိပ္ပံပညာရပ် နည်းလမ်းအတိုင်း ဖြစ်၏။)

ကြီးထွား ရင့်သန်လာလျှင် သဘာဝဒဏ်တွေကို ခံနိုင်လာ၏၊ ထိုအခါ အဖိုးတန် လူသုံးကုန်ပစ္စည်း ဖြစ်လာ၏၊ လူအသုံးတွင်ကျယ်လာ၏၊ အရေးပါလာ၏။

ထို့အတူ ကလေးများ၏ ဗုဒ္ဓယဉ်ကျေးမှု အခြေခံစိတ်ဓာတ် ရှင်သန်ကြီးထွား ခိုင်မာစေရန် သမားရိုးကျ ရတနာသုံးပါး ယုံကြည်မှုမှ ပေါက်ဖွားလာသော လှဲမှားသည့် အယူစွဲကလေးများကအစ ကြောက်ဖွယ်ကောင်းသည့် သူတစိမ်းပြင်ပ အယူဝါဒမျိုးစုံ၏ အန္တရာယ်ကို လက်တွေ့ကျသော ဗုဒ္ဓယဉ်ကျေးမှုအဆင့်ဆင့် အုပ်, မိုး, ကာ, ဆိုင်းမှု လက်နက်ဖြင့် ခုတ်ပိုင်းသုတ်သင်ရမည်၊ အချိန်မီ, အချိန်ကိုက် စီမံကိန်း ချရမည်၊ အံ့ဝင်ခွင်ကျ တက်ကြွစွာ စုစည်းညီညာရမည်၊ ယင်းအန္တရာယ်တို့၏ ဆိုးဝါးပုံကို လေးလေးနက်နက် နားလည်ရမည်၊ ထိထိရောက်ရောက် ဆောင်ရွက်ရမည်။

(၅) သစ်ပင်ငယ်များ ကြီးထွားလာပြီး ဖူးချိန် ဖူး, ပွင့်ချိန် ပွင့်, သီးချိန် သီး၍ ရင့်မှည့်လာသော သစ်သီးချိုများကို မြိန်ယှက်စွာ စားသုံးနိုင်ရန်နှင့် ရင့်မှည့်အသီး၏ အောင်မြင်သော မျိုးစေ့မှတစ်ဆင့် မျိုးကောင်းသစ်ပင် ဆက်ပွားစေရန်အတွက် သစ်ပင်

များတွင် ငြိတွယ်နေသည့် ပင့်ကူမျှင်လေးတွေမှအစ အနုစား အနောက်အယှက်များကိုလည်း သုတ်သင် ဖယ်ရှားပေးရမည်။

ထို့အတူ ကလေးများ၌ လက်တွေ့ ဗုဒ္ဓယဉ်ကျေးမှု အဆင့်ဆင့်ကြောင့် ဖြစ်ထွန်းလာသည့် ယဉ်ကျေးမှုရလဒ်ကို "နေရာကျပြီ, ပြည့်စုံ လုံလောက်ပြီ"ဟု အထင်ကြီး စွဲငြိမှုလေးတွေကို တစ်ဆင့် ဖယ်ရှားပေးရဦးမည်၊ တစ်ဆင့်တိုး၍ ဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်ပေးရဦးမည်။

ဗုဒ္ဓယဉ်ကျေးမှု အပြည့်အဝ ရရှိထားသော ကလေးများသည် အရွယ်ရောက်၍ အိမ်ထောင်ကျကာ သားလေး သမီးလေးတွေ ရလာပြန်လျှင် မိဘဖြစ်လာသော သူတို့က သူတို့၏ သားလေး သမီးလေးတို့အား ဗုဒ္ဓယဉ်ကျေးမှု အငွေ့ဓာတ်, အလေ့ဓာတ်, အတွေ့ဓာတ်တွေကို လက်ဆင့်ကမ်းပေးကြပေလိမ့်မည်၊ ဤနည်းဖြင့် မျိုးဆက်ကောင်းလေးတွေ အဆက်မပြတ်အောင် ဆင့်ပွားဆင့်ပွား ထားခဲ့ပါလျှင် မြန်မာပြည် အနာဂတ်သာသနာအတွက် အားရစရာကောင်းသော အခြေအနေ ရှိနေပါလိမ့်မည်၊ ထိုသို့ မဟုတ်ပါလျှင် မြန်မာနှင့်သာသနာ, သာသနာနှင့်မြန်မာ မကြာခင် လမ်းခွဲကြရပါလိမ့်မည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံး တောရော မြို့ပါမကျန် နေရာမလပ် ကလေးသူငယ် ပျိုးပင်ငယ်လေးများကိုလည်း သိန်းပေါင်းများစွာ အကုန်အကျခံကာ စိုက်ပျိုးပြုစုပေးမည့် **စီမံကိန်း**ကို

အကောင်အထည်ဖော်ပေးရန် လွန်စွာပင် အရေးတကြီး လိုအပ်နေပါသည်၊ စွမ်းအားကြီးမားသည့် သာသနာ့ဥယျာဉ်မှူးကြီးများ ထိုကွက်လပ်ကို ဖြည့်တင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်၊ ဖြည့်တင်းနိုင်ပါစေဟုလည်း ဆန္ဒပြုပါသတည်း။

# "ပိုမို ကာ အောင်မြင်လိုပါလျှင် . . . . "

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ ဂုဏ်သတင်းသည် ပြည်တွင်း၌လည်း ပျံ့သင်းနေ၏၊ ပြည်ပ၌လည်း ပျံ့သင်းနေ၏၊ မြန်မာ့ရုပ်မြင်သံကြားပရိသတ်တို့သည် ရုပ်မြင်သံကြားမှ ရွှေတောင်ကုန်း သာသနာ့ရိပ်သာအကြောင်းကို သိကြ၏၊ သတင်းစာဖတ်သူတို့သည် သတင်းစာမှ သိကြ၏၊ ဘာသာရေးမဂ္ဂဇင်းတို့ကို ဖတ်ရှုသူတို့သည် ဘာသာရေးမဂ္ဂဇင်းတို့မှ သိကြ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာရောက်ကာ တရားအားထုတ်သွားကြသည့် ယောဂီတို့၏ ပြောပြချက်အရလည်း သိကြရသူတွေ ရှိကြ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ ပရိယတ်, ပဋိပတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်အဖြာဖြာကို စိတ်ဝင်စားကြသူတို့သည် ပို၍ ပို၍ များလာသည်ကို တွေ့ရပါ၏၊ စိတ်ဝင်စားကြသူတို့တွင် ရှင်, ရဟန်းတို့လည်း ပါဝင်၏၊ ဒကာ, ဒကာမတို့လည်း ပါဝင်၏ ပြည်တွင်းကလည်း ပါဝင်၏၊ ပြည်ပကလည်း ပါဝင်၏။

ပြည်တွင်း၌ ရွှေတောင်ကုန်းသာသနာ့ရိပ်သာခွဲ (၃) နေရာရှိပါသည်။ မော်လမြိုင်မြို့၊ ပြင်ဦးလွင်မြို့တို့နှင့် ပဲခူးဆယ်မိုင်ကုန်းအနီးတို့၌ ဖြစ်၏။ ပြည်ပ၌လည်း ရှိနေပါ၏။ နီပေါနိုင်ငံ၊ လုမ္ဗိနီဥယျာဉ်တော်၌ဖြစ် ပါသည်။ ဤ (၃) ဌာနတို့၌ "ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ" ဟူသော အမည်ဖြင့်ပင် မှည့်ခေါ်ထားပါသည်။ ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ ဩဝါဒကို ခံယူကာ ဓမ္မဂုဏ်ရည်ပြနေကြသည့် အရှင်မြတ်တို့သည် ပြည်ပနိုင်ငံတို့၌လည်း ရှိနေပါသည်။ အမေရိက၌ အရှင်ဓမ္မပိယ၊ အရှင်ပညာဒီပါဘိဝံသ၊ အရှင်ဃောသိတာ ဘိဝံသ၊ ဩစတြေးလျနှင့် စင်ကာပူ၌ အရှင်ပညာသာမိ၊ စင်ကာပူ၌ အရှင်ရာဇိန္ဒ၊ နီပေါ၌ အရှင်အာသဘာစာရနှင့် အရှင်သုဇနပ္ပိယ၊ ကနေဒါ၌ အရှင်ပညောဘာသနှင့် အရှင်ဉာဏ္ဍောတာဘိဝံသ၊ အင်္ဂလန်၌ အရှင် ဘာသနတို့ ရှိနေကြပါသည်။

ကျေးဇူးရှင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်သည် ပြည်တွင်း၌ ပြည်တွင်း၊ပြည်ပမှလာရောက်ပြီး သူ့မေတ္တာရိပ်အောက်တွင် ခိုလှုံကြသည့် ယောဂီတို့အား တရားရေအေးကို တပည့်နာယကဆရာတော်များ၊ ဝန်ဆောင်အရှင်မြတ်များနှင့်အတူ တိုက်ကျွေးပေးနေပါသည်။ "ပရိယတ်သည် ပဋိပတ် နှင့်ကင်း၍မဖြစ်၊ ပဋိပတ်သည်လည်း ပရိယတ်နှင့် ကင်း၍မဖြစ်" ဟူ၍ ခိုင်မြဲစွာယူဆထားသည့်အလျောက် ပရိယတ်စီမံကိန်း ကိုလည်း အကောင်အထည်

ဖော်ခဲ့ပါသည်။ ဖော်နေပါသည်။ နောင်လည်း ဆက်လက်ဖော်သွားပါမည်။ ပရိယတ်စာသင်သားတို့သည် ပြည်တွင်းကသာမက ပြည်ပနိုင်ငံတို့ပါ ပါဝင်ပါသည်။ နီပေါ၊ မလေးရှား၊ အမေရိက၊ ဂျာမနီ၊ သီရိလင်္ကာ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဖြစ်ပါသည်။ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ စာချတန်းအားဖြင့် အတန်းစုံသင်ယူနေကြပါသည်။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသက်တမ်း (၅) နှစ်တွင် နှစ်စဉ် တနိုင်ငံလုံးပထမရကာအောင်မြင်ကြသူတို့ပါဝင်ပါသည်။ မစာရုဒဿိနီ၊ မဝိလဉာဏီ (နီပေါ)၊ မရုစိမတီတို့ဖြစ်ပါသည်။

ကျေးဇူးရှင်ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်သည် "လူကောင်းမှတိုင်းပြည်ကောင်းမည်" ဟူသောခိုင်မာသော ခံယူချက်ဖြင့် လူတွေကောင်းအောင် တရားဟော၍လည်းကောင်း၊ တရားပြသပေး၍လည်းကောင်း၊ အဆုံးအမဩဝါဒပေး၍လည်းကောင်း၊ နှစ်စဉ်ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း တစ်လဖွင့်လှစ်ကာ သင်ပြပေး၍လည်းကောင်း၊ ကြိုးစားပေးနေပါသည်။ ဗုဒ္ဓယဉ်ကျေးမှု အငွေ့ခါတ်၊ ဗုဒ္ဓယဉ်ကျေးမှုအလေ့ခါတ်၊ ဗုဒ္ဓယဉ်ကျေးမှုအတွေ့ခါတ်ပါသော မျိုးဆက်သစ်ကောင်းလေးတွေ ဖြစ်ပေါ်လာစေရန် ခိုင်မာသောစိတ်ဓါတ်ဖြင့် ဆောင်ရွက်နေပါသည်။ မြန်မာနှင့် ကမ္ဘာ့၌ ဗုဒ္ဓသာသနာ အသက်ဆက်လက်ရှင်သန်နေစေရန် လွန်စွာပင်ဆန္ဒပြင်းပြ

တော်မူပါသည်၊ ဆန္ဒပြင်းပြသည်နှင့်အမျှ သက်တော် (၇၅)နှစ် အရွယ်နှင့် မမျှအောင်ပင် ဝီရိယ ကြီးမားတော်မူလှပါသည်၊ ဆန္ဒ, ဝီရိယတို့ အားကြီးသဖြင့် ပရိယတ်, ပဋိပတ်ဆိုင်ရာ လုပ်ငန်းအဖြာဖြာသည် တစ်စ တစ်စ ပို၍ ပို၍ ကျယ်ပြန့်လာ နေပါသည်။

ကျယ်ပြန့် တိုးတက်နေသော ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ၏ သာသနာလုပ်ငန်း အရပ်ရပ်ကို ကြည့်ကာ ဤသို့ တိုးတက် ကျယ်ပြန့်လာရခြင်း၏ အကြောင်းကို စာရေးသူ ရှာဖွေ စဉ်းစားနေမိပါသည်၊ ရှာဖွေ စဉ်းစားပြီး "ကျေးဇူးရှင် ဆရာတော် အား မေးမြန်းခွင့်သာလျှင် မေးကြည့်ဦးမည်"ဟုလည်း စဉ်းစား မိပါသည်၊ တစ်နေ့တွင် မေးမြန်းခွင့် သာလာပါသည်၊ ထို့ ကြောင့် ဆရာတော်အား ဤသို့ လျှောက်ထားကြည့်ပါသည်။

"ဆရာတော်ဘုရား. . .ဆရာတော်ဘုရားရဲ့ သာသနာရေးရာ လုပ်ငန်းတွေ ဒီလို အောင်မြင်လာရာမှာ အောင်မြင်ခြင်းရဲ့ အကြောင်းတွေကတော့ များစွာ ရှိပါလိမ့်မယ်ဘုရား၊ ဆရာတော် ရဲ့ ရှေးကံလည်း ပါပါမယ်ဘုရား၊ ယခု ဆရာတော်ရဲ့ သီလ, သမာဓိ, ပညာစွမ်းအားတွေလည်း ပါပါမယ်ဘုရား၊ ဆရာတော်ရဲ့ သာသနာ့စိတ်ဓာတ်, အများအကျိုးဆောင်လိုတဲ့, ဖြူစင်မွန်မြတ် တဲ့ စိတ်ဓာတ်တွေလည်း ပါပါမယ်ဘုရား၊ အဲဒီလို အကြောင်း တွေထဲမှာ ဘယ်အကြောင်းဟာ အားအကောင်းဆုံး အကြောင်း ပါလဲ ဘုရား"။

ကျေးဇူးရှင်ဆရာတော်သည် စဉ်းစားကာ ေတွေဝေနေခြင်း မရှိ၊ ထိုမေးခွန်း၏ အဖြေကို ချက်ချင်းပင် ပေးတော်မူပါသည်။

"အင်း••• ရိုးရိုးသားသားနဲ့ အများအကျိုးကို ဆောင်ရွက်လို့ပါပဲ"။

"ဒီလို အောင်မြင်လာတာဟာ ဘုန်းကြီးတစ်ပါးတည်းရဲ့ အစွမ်းကြောင့် မဟုတ်ပါဘူး၊ နာယကဆရာတော်တွေ၊ ဝန်ဆောင်အရှင်မြတ်တွေရဲ့ စွမ်းဆောင်မှုတွေလည်း ပါပါတယ်၊ လှူဒါန်းထောက်ပံ့နေကြတဲ့ ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးတွေလည်း ပါပါတယ်။"

"အလုပ်လုပ်လို့ အောင်မြင်လာတာကို ဂုဏ်ယူကျေနပ်နေမယ့်အစား လုပ်ငန်းမှာ ဟာတာကို ဖြည့်၊ လိုတာကို စွက်၊ လွဲတာကို တည့်ပေးရင် ပိုမိုအောင်မြင်ပါတယ်"တဲ့။

# ပြည်တွင်းပြည်ပ သာသနာရောင်ခြည်

မဇ္ဈိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့

တ်-၈၀(က)၊ သိလွှင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၃၀၄၄